www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မျက်ဝန်းမှ ရွာတဲ့မိုး

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

ပထမအကြိမ်–၁၉၈၀ခုနှစ်၊ အောက်တိုဘာလ
ဒုတိယအကြိမ်–၂၀၀၅ခုနှစ်၊ မေလ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၁၂၇၄ / ၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၇၂၀၅၀၁

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ် ၂၀၀၅ ခုနှစ် မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သည်ရိပ်သာသို့ 'ညို' ရောက်လာမည် ဆိုသောသတင်း ရောက်ချိန်မှစ၍ မည်သူမျှ မရွှင်ပျနိုင်ကြတော့။

တစ်စုံတစ်ခုသော အန္တရာယ်သည် ညိုနှင့်အတူ ပါရှိလာပေလိမ့်မည်ဟု အားလုံးက သိထားနှင့်ကြပြီးသား။

အန္တရာယ် ရောက်ရှိမလာမီ...သောကသည် အားလုံး၏ ရင်ဆီသို့ အရင်ဦး ရောက်နှင့်နေခဲ့လေပြီ။

"တို့တော့ ခက်ပြီ"

"ဘာလုပ်ကြမလဲ"

ဟူသော...ကြောက်ရွံ့စိတ်များထက်...

"ဘာတွေဖြစ်ဦးမလဲ"

ဆိုသည့် သောကနိဒါန်းက လူတွေကို ပိုမို၍ ချောက်ချားစေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ညို့ လာမည်"

"ညို့ လာတော့မည်"

ဆိုသော သတင်းသည် အဆက်မပြတ် ရောက်ရှိနေသော်လည်း ကာလအတော်ကြာသည်အထိ တကယ်တမ်း ညို့ရောက်မလာဖြ သေး။

"ညို့က ဒီကို အပြီးပြန်လာတာ"

"မဟုတ်ပါဘူး၊ ရုပ်ရှင်လာရိုက်တာ၊ ပြီးရင် ပြန်မှာ"

ဆိုသော အငြင်းပွားစရာ သတင်းစကားများသည်လည်း အချင်းချင်းကြားမှာ ပြန့်နှံ့နေပါ၏။

ညို့နှင့်အတူ ရက်စက်မှု၊ အကြင်နာမဲ့မှုများ ပါရှိလာမည်ကို သိကြပါလျက်နှင့် ညို့ကို ကြည့်ချင် မြင်ချင်စိတ်ကလည်း ရှိနေကြ သည်။

ညို့သည် ရက်ရက်စက်စက်လှသည်။

ပြီးတော့...

ညို့သည် အကယ်ဒမီဆုကို ပိုင်ဆိုင်ထားသည့် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး...

မြန်မာပြည်တစ်ဝန်း လျှမ်းလျှမ်းတောက် ကျော်ကြားနေဆဲ... အောင်မြင်နေဆဲပါ။

ညို့ကို ကြောက်လည်း ကြောက်ကြသည်။ စိတ်လည်း ဝင်စား ကြသည်။ သူမကို မရင်ဆိုင်ရဲသော်လည်း မျက်နှာလွှဲသွားကြချင်





သည်တော့မဟုတ်။ ကြည့်ချင် မြင်ချင် ဆုံတွေ့ကြချင်သူတွေချည်း သာ...

ဤ 'ပုန်းညက်မြိုင်တည်းခိုရိပ်သာမှာ'မှာ ဟိုလူက ညို့၊ သည်လူက ညို့၊ ဧည့်သည်တွေက ညို့နှင့် ညို့၏ အလာလမ်းကို... ကြောက်ရွံ့ခြင်းနှင့် တွေ့မြင်လိုခြင်းတို့ ရောယှက်လျက် မျှော်လင့် စောင့်စားနေကြချိန်တွင်...

တကယ်ရောက်လာသူက ညို့မဟုတ်။

'ပုန်းညက်ဖြူ'သာ ဖြစ်ချေပါသတည်း။

ပုန်းညက်ဖြူသည် ရန်ကုန်မြို့ လသာ အထက–၂ ဘော်ဒါ ဆောင်မှာ သူမ၏ အသက်နှင့်အမျှနီးပါး နေခဲ့ရပြီးသူပါ။

ယခု သူ အခြေခံပညာရေးအထက်တန်းစာမေးပွဲကို ဖြေဆို ပြီး ရှေ့ပညာခရီးကို ဆက်လက် သင်ယူခွင့် မရရှာတော့သူ၊ ဒေသ ကောလိပ်နှင့် တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့် မရရှိပါဘဲ သူမ၏ အုပ်ထိန်းသူများ ညွှန်ကြားချက်အတိုင်း...

ပုန်းညက်ဖြူ မိဘတို့ ဇာတိမြို့ကို အပြီးတိုင် ပြန်လာရရှာ သူပါ။

ပြီးတော့ သူမ၏ အရွယ်လေးနှင့် မအပ်စပ်လှန်းပါသော ဤ တည်းခိုရိပ်သာတွင် ထာဝရ နေထိုင်သွားရန် ရောက်ရှိလာခဲ့ရပါပြီ။

မျှော်လင့်စောင့်စားနေကြသည်က မာန်အပြည့်နှင့်ရောက်ရှိ လာမည့် ညို့။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းရောက်ရှိလာသူက မျက်ရည်စက်လက်နှင့် ပုန်းညက်ဖြူသာတည်း။

ပုန်းညက်ပွင့်လေးလို နုညက်ဖြူဖွေးသော အပြစ်မဲ့ အလှပိုင်ရှင်မလေး ပုန်းညက်ဖြူမှာ တခြားသူမဟုတ်။

အကယ်ဒမီ ရုပ်ရှင်မင်းသမီး ညို့၏ သမီးလေးသာတည်း။

✻



# အခန်း (၂)

BURMESE CLASSIC .com

"ကျောင်းမတက်ရဘူးဆိုပေမယ့် ပညာတော့ ဆက်ပြီး သင်ယူပါ။ ဖြေထားတဲ့ စာမေးပွဲအောင်ရင် စာပေးစာယူသင်တန်းတွေ တက်ပြီး ဘွဲ့တစ်ခုကိုတော့ ပုန်းညက်ဖြူ ရယူနိုင်ခွင့် ရှိပါတယ်"

"ဘွဲ့ရပြီးရင်ရော ပုန်းညက် ဘာလုပ်ရမှာလဲ"

"ဘာလုပ်ချင်လို့လဲ"

"အလုပ်တစ်ခု လုပ်ချင်တာပေါ့။ ဥပမာ 'လော'ယူခွင့် ရရင် ရှေ့နေမတစ်ယောက်အဖြစ်နဲ့ အသက်မွေးမှာပေါ့။ ဦးလေးကောင်းဖဲ့"

ပုန်းညက်ဖြူ၏ အုပ်ထိန်းသူ 'ဦးကောင်းဖုံ' က ရယ်စရာတစ်ခုကို တွေ့လိုက်ရသလို လှိုက်လှဲစွာ ပြုံးရင်း...

"အသက်မွေးမယ်ဆို ပုန်းညက်ဖြူအတွက် စားဖို့ ဝတ်ဖို့ နေဖို့ ငွေရှာရမယ်လို့ ဆိုလိုတာလား"

"အင်းပေါ့...သိပ်ဟုတ်တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"နေဖို့က 'သူဌေးကုန်း'မှာ တိုက်အကြီးကြီး ရှိနေပြီ။ စားဖို့ဝတ်ဖို့အတွက် ငွေက ဒီရိပ်သာက ရသမျှ ပုန်းညက်ဖြူပိုင် ငွေတွေချည်းပဲ။ ပြီးတော့ အို…ပုန်းညက်ဖြူအတွက် သုံးသက်စာ ထိုင်ဖြုန်းဦး၊ မကုန်နိုင်တော့မယ့် ငွေတွေကို မကြာခင်မှာပဲ ပုန်းညက်ဖြူပိုင်ဆိုင်ရတော့မှာပါ"

"အို…ဒီအမွေတွေ ငွေတွေဆိုတာကို ပုန်းညက်စိတ် မဝင်စားပါဘူး"

"ငယ်သေးလို့ပါကွယ်။ ငွေဆိုတာ လူသားတွေ အကြိုက်နှစ်သက်ဆုံး၊ အမက်မောဆုံး အာဟာရပါ"

"ပုန်းညက်တော့ ငွေထက် လွတ်လပ်မှုကကို ပိုပြီး မက်မောပါတယ် ဦးလေးကောင်း"

"အဲဒီလို လွတ်လွတ်လပ်လပ် နေရမှာကို စိုးရိမ်ကြလို့ ပုန်းညက်ဖြူကို ဒီရိပ်သာပို့ထားခဲ့ကြတာပေါ့"

"အဲဒီအစီအစဉ်ကို ဖေဖေချမှတ်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်… ပုန်းညက်ဖြူ။ 'ဦးမြင့်ထိုက်'မသေခင်က စီစဉ်ပေးခဲ့တာပါ"

"မေမေဟာ ဖေဖေ့လို စည်းကမ်းမကြီးဘူး၊ ဘောင်မရှိပါဘူး။ သူလည်း နေချင်သလို နေနေလျက်နဲ့များ ပုန်းညက်ကိုကျတော့ ဖေဖေပန္နက်ရိုက်သွားတဲ့ ဘောင်ထဲက ဘာလို့များ ဆွဲထုတ်မပေးနိုင်တာလဲ ဦးလေးကောင်းရယ်"

"အင်း… ဒီကိစ္စမှာတော့ သူကိုယ်တိုင်လည်း ဘာမှ လှုပ်ရှားလို့ မရလို့ပေါ့"





"ပုန်းညက်ထင်တာတော့ မေမေမလုပ်နိုင်တဲ့အရာဆိုတာ မရှိပါဘူး"

"ဟုတ်တယ်၊ သူ မလုပ်နိုင်တဲ့ကိစ္စ၊ သူမရယူနိုင်တဲ့ အရာဆိုတာ ဘာမှ မရှိပါဘူး။ ဒါပေမယ့် 'ဦးလွန်းဘော်'ကျတော့ ညှို့ ကျော်လို့ မရတော့ဘူး"

"ဦးလွန်းဘော်ဆိုတာ ပုန်းညက်ရဲ့ အမွေကိစ္စတွေကို ဖေဖေနဲ့ အနိုင်အမာ စာချုပ်ထားကြတယ်ဆိုတဲ့ ဝတ်လုံကြီးကို ပြောတာလား"

"ဟုတ်တယ်၊ ဦးလွန်းဘော်ဟာအင်္ဂလန်နိုင်ငံက ဥပဒေပါရဂူဘွဲ့ရလာသူပဲ။ အငြိမ်းစားတရားသူကြီးလည်း ဖြစ်တယ်။ သူ့ အမှုသည်ရဲ့ ဆန္ဒကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပေးတဲ့ ဝတ်လုံတော်ရကြီးလည်း ဖြစ်ပါတယ် ပုန်းညက်ဖြူ"

"ဒါဖြင့် ပုန်းညက်အခုရောက်လာရတာ အဲဒီ ဦးလွန်းဘော် ခေါ်လို့ပေါ့နော်…"

"ဦးလွန်းဘော် ခေါ်တယ်ဆိုပေမယ့် ပုန်းညက်ဖြူရဲ့ ဖေဖေ့ဆန္ဒအရ သူလုပ်ဆောင်ရတာပါ"

"အင်း"

"ပြီးတော့လာမယ့် တစ်နှစ်ခွဲကာလ၊ ပုန်းညက်ဖြူ 'ဆယ့်ရှစ်နှစ်' ပြည့်မယ့်အချိန်မှာလည်း ဒီရိပ်သာနဲ့ သူဌေးကုန်းက တိုက်ကြီးအပြင် ဘဏ်မှာထားရှိနေတဲ့ အတွင်းပစ္စည်းတွေ၊ ငွေသား တွေကိုပါ ပုန်းညက်ဖြူကို အပြီးအပိုင်လွှဲပေးဖို့ တာဝန်ယူထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငွေတို့ အတွင်းပစ္စည်းတို့ ဆိုတာက ဘယ်လောက်များလဲ ဟင်..."

"အဲဒါကိုတော့ ဦးလေးမပြောနဲ့၊ ဦးလွန်းဘော် ကိုယ်တိုင်တောင် အတိအကျသိမယ်မထင်ပါဘူး"

"ဟင်"

"ဘာဖြစ်လို့လဲဆိုတော့ (Unknown-Box) အန်နုန်း ဘောက်(က်)(စ်)နဲ့ အပ်ထားတဲ့ ပစ္စည်းတွေ ဘဏ်မှာ ရှိနေသေးလို့ပဲ"

"အမှန်တော့ ဒါတွေဟာ မေမေရထိုက်တာပေါ့။ ယောကျ်ားသေရင် မိန်းမ ရရမှာပေါ့နော်...ဖေဖေဟာ မေမေ့ကို ဘာမှ မပေးခဲ့ဘဲ ပုန်းညက်ကိုမှ ဘာလို့ ပေးခဲ့တာလဲ"

"သြော်... ပုန်းညက်ဖြူရယ်... ညို့ဆိုတာကလည်း သိတဲ့အတိုင်း"

"တော်ပါ ဦးလေးကောင်း။ မေမေဟာ ဖေဖေ့ကို ကိုယ်တိုင်သေနတ်နဲ့ ပစ်သတ်ခဲ့လို့ အားလုံးက မုန်းနေပေမယ့် ပုန်းညက်ရဲ့ မေမေကိုတော့ ပုန်းညက်က မမုန်းနိုင်ပါဘူး"

"ဒါကတော့..."

"မမုန်းဘူးဆိုတာထက် ပုန်းညက်က မေမေ့ကို သိပ်ချစ်ပါတယ်။ ဒီကိစ္စမှာ မေမေသာ မပစ်မိရင် ဝတ်ရုံနက်ကြီး ဝတ်ထားတဲ့ ဖေဖေ့ရဲ့ လက်ထဲက ဓားနဲ့ ခုလောက်ရှိ မေမေ သေပြီ"

"အင်း...သိပ်ပြီး ရှုပ်ထွေးနက်ရှိုင်းခဲ့တဲ့ ကိစ္စပါပဲလေ"

"အို...အရှင်းကြီးပါ၊ ဖေဖေဟာ သူ့ကို မမှတ်မိရအောင် ဝတ်ရုံနက်ကြီးခြုံပြီးမေမေ့ကို ဓားနဲ့ထိုးခါနီးမှာ မေမေ့သေနတ်နဲ့ ဦးအောင်ပစ်လိုက်လို့ ဖေဖေသေသွားရတယ်။ ခေါင်းစွပ်ဝတ်ရုံနက်ကြီး ခြုံလျက်က သေသွားရတယ်။ အားလုံး ပြေးလာပြီး အဝတ်ကြီး ချွတ်လိုက်မှ ဖေဖေမှန်း သိကြရတယ်လေ"

"ဟုတ်တော့ ဟုတ်ပါတယ် ပုန်းညက်ဖြူ"

"ဒါကြောင့် ရုံးတော်က မေမေ့ကို တရားရှင်နဲ့ လွှတ်ပစ်လိုက်တာပဲ"

"ဒါတွေ ဦးလေးနဲ့အတူ မြန်မာတစ်ပြည်လုံး သိပါတယ်လေ"

"အို...ပုန်းညက်တော့ ဖေဖေ့အစီအစဉ်အတိုင်း ဒီမှာလာနေရမယ်ဆိုတာကို နည်းနည်းမှ မကျေနပ်မိဘူး။ ဒီနေရာမှာ ပျော်မှာလည်း မဟုတ်ဘူး"

"ညို့လည်း မကြာခင် လိုက်လာမှာဆို"

"အို... မေမေက ပြောလို့ မရဘူး။ ကားရိုက်လက်စတွေက အများကြီး။ ပြီးတော့ အလုပ်ကလည်း သိပ်များတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ပုန်းညက်ဖြူကို ဒီမှာ... ပျော်ရွှင်အောင်၊ အန္တရာယ်ကင်းအောင် နေထိုင်နိုင်ဖို့က ဦးလေးတို့ တာဝန်ပါလေ"

ပုန်းညက်ဖြူ ဘာမှမပြောဖြစ်၊ ရှေ့တည့်တည့်တွင် စီးဆင်းနေသော ချောင်းကိုသာ ငေးကြည့်နေမိသည်။

မန္တလေးဘူတာမှ ကြိုဆိုလာသော ကားသည် မှန်မှန် မောင်းလျက်ပါ။ မကြာခင်မှာပင် "ပုန်းညက်မြိုင်ရိပ်သာ" သို့ ရောက်ခဲ့ကြပါပြီ။







www.burmeseclassic.com

www.burmeseclassic.com





"ပုန်းညက်ဖြူကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ပုန်းညက်ဖြူရဲ့ ကိစ္စအားလုံးကို လုပ်ကိုင်ပေးဖို့ ဦးလေးတို့ ခေါ်ထားတဲ့အဘွားကြီး လည်း ရောက်နေပြီ။ သူနဲ့လည်း တွေ့ကြရတော့မှာပါ"

"ဟုတ်ကဲ့"

"ပုန်းညက်ဖြူအတွက် အဖော်အဖြစ်နဲ့နေဖို့ရယ်၊ ပုန်းညက်ဖြူခိုင်းစေဖို့ရယ်အတွက် ဦးလွန်းဘော်ကိုယ်တိုင် မိန်းမနှစ်ဆယ်ကျော်ကို ခေါ်တွေ့ပြီး ရွေးချယ်ပေးခဲ့တာ"

"ဩော်"

"နောက်ဆုံး သူ့စိတ်ကြိုက် ရွေးပေးလိုက်တာကတော့ အင်မတန်မှ အရုပ်ဆိုးတဲ့ အဘွားကြီးပဲ"

"ဟင်..."

"ဒါပေမယ့် သိပ်ပြီး သဘောကောင်းတယ်။ သစ္စာရှိတယ်။ ကြင်နာတတ်တယ်။ စိတ်ချရတယ်လို့ ဦးလွန်းဘော်က မှတ်ချက်ချထားတယ်။ သူ့နာမည်က ဒေါ်အိုဇာတဲ့..."

"ဟင်...ဒေါ်အိုဇာ"

"ဟုတ်တယ်"

"စုန်းမကြီးနာမည်လိုပဲ"

"ကိုဗျတ်ဝိရဲ့ ချစ်သူနာမည်လည်း မအိုဇာပါပဲ"

"ဗျတ်ဝိဗျတ္တဆိုတဲ့ ပုဂံရာဇဝင်ထဲကလား"

"ဟုတ်ပါတယ်"

"ပုန်းညက်နဲ့ ရွယ်တူမဟုတ်တောင် ခေတ်မီတဲ့ အမျိုးသမီး တစ်ယောက်ဆိုရင် အဖော်ကောင်းဖြစ်နိုင်မှာ၊ ခုတော့ အောက်လိုက်တာ ဦးလေးရာ"

"ဘာပဲဖြစ်ဖြစ် ဒေါ်အိုဇာနဲ့တော့ အဆင်ပြေအောင် နေစေချင်တယ်။ ဦးလွန်းဘော်ဟာ ဒေါ်အိုဇာကလွဲပြီး ပုန်းညက်ဖြူအတွက် ဘယ်သူ့ကိုမှ ပြောင်းပေးမှာမဟုတ်လို့ပဲ"

"စိတ်များ ညစ်ပါရဲ့"

ဦးကောင်းဇံကို အဖော်ပြုရင်း ကားတွင်းမှ လေးကန်စွာ ဆင်းသာရပါ၏။

ပုန်းညက်ဖြူ၏ ရှေ့မှာ...

ဒေါ်အိုဇာရောက်ရှိနေပြီဆိုသော... ရိပ်သာ... တည်းခိုရိပ်သာ...

'ပုန်းညက်မြိုင်...တည်းခိုရိပ်သာ...'

*



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခဏတာ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည် များ ပုန်းညက်မြိုင်၏ အောက်ဆုံးထပ်တွင် ထားရှိသည်။ အခန်းက မများ လှ။ ၁၂ ခန်း၊ လူ ၂၄ ယောက်စာသာ ထားရှိပါ၏။

အလယ်ထပ်တွင်မူ အနည်းဆုံး နှစ်ပတ်နေမည့်သူများ၊ အနေ ယူမည့်သူများအတွက်သာ ထားရှိသည်။ တစ်ရက်နှစ်ရက်နှင့် လိုက်ထွက်လိုက် လုပ်နေလျှင် ပုန်းညက်ဖြူ မျက်စိရှုပ်မည်စိုး၍ ဦး လွန်းဘော်က ကြိုတင်စီမံထားခြင်းပါ ဟုလည်း...

ဦးကောင်းဇံက ပုန်းညက်ဖြူကို ပြောပြလာသည်။

"ဒီအလယ်ထပ်ကတော့ အခန်းတွေ ကျယ်တယ်။ တစ်ယော စီ သီးသန့် ၁၂ ခန်းသာ ထားရှိလို့ အားလုံး လူပြည့်မှ ဆယ့် ယောက်သာ ရှိမယ်ပေါ့"

"ဟုတ်ကဲ့..."

"အဲ... အပေါ်ဆုံးထပ်ကတော့ ပုန်းညက်ဖြူအတွက် သန့်ရှင်းထားတယ်။ ဘယ်လူစိမ်းမှ တက်ခွင့်မရှိဘူး"





"ဘယ်သူမှ မတက်ရတာတော့ ဟုတ်ပါပြီ၊ ပုန်းညက်ကျတော့ရော အောက်ဆင်းခွင့် မရှိဘူးလား"

"အာ...ရှိတာပေါ့။ ရှိရမှာပေါ့။ ပုန်းညက်ကို ပိတ်လှောင်ထားကြတဲ့ သဘောမှ မဟုတ်တာပဲ"

"ဒါဆို တော်သေးတာပေါ့"

"ဒါပေမယ့်...တစ်ခုတော့ ရှိတယ်ပေါ့ ပုန်းညက်ဖြူ"

"ဘာလဲ ဦးလေးကောင်း"

"ပုန်းညက်ဖြူနားမှာတော့ ဒေါ်အိုဇာ အမြဲရှိနေလိမ့်မယ်"

"ဟာ...ဒါဆို ဘယ်မှာ လွတ်လပ်ခွင့် ဟုတ်လို့လဲ"

"ဦးလွန်းဘော်ရဲ့ အစီအစဉ်ပါကွယ်"

ပုန်းညက်ဖြူ ဘာမှ မပြောဖြစ်တော့ပါဘဲ ကျွန်းပွတ်လုံးတိုင် လှေကားကြီးများမှတစ်ဆင့် ဖြည်းညင်းစွာ နင်းတက်လာသည်။

ဤပုန်းညက်မြိုင်သည် အင်းဝခေတ်ကပင် ဆောက်လုပ်ထားသော ရှေးအဆောက်အဦကြီးဟု ဆိုပါ၏။

အောက်ခြေတွင် အုတ်များနှင့် အင်္ဂတေများ အခိုင်အမာ ကိုင်ထားပါ၍ မယိုင်လဲသော်လည်း သစ်သားများသည် အိုဟောင်းလှချေပြီ။

ထုထည်ကြီးမားသော အကောင်းစား ကျွန်းသစ်များကြောင့်သာ ဆွေးမြေ့ခြင်း မရှိပါ။

နောင်အဆက်ဆက် ပိုင်ဆိုင်သူများသည် ဤပုန်းညက်မြိုင် အိမ်ကြီးကို တယုတယ ပြင်ဆင်မွမ်းမံခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ပုန်းညက်ဖြူ၏ ဘိုးဘွားမှသည် ပုန်းညက်ဖြူ ၏ ဖခင် ဦးမြင့်ထိုက် ပိုင်ဆိုင်ခွင့်ရသည့်အခါကျမှ…

"ပုန်းညက်မြိုင် တည်းခိုရိပ်သာ"

ဟူသော အမည်နှင့် တည်းခိုခန်း ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါ၏။

မျက်စိနှင့် မြင်နိုင်သမျှ အရာအားလုံးကို ဆေးရောင့်စုံများ ပေါလစ်(ရှ်)များနှင့် လိမ်းခြယ်ထားပါသော်လည်း ပုန်းညက်ဖြူ၏ မျက်စိထဲတွင်ဖြင့်…

ပါးရေတွန့်နေသော မိန်းမကြီးတစ်ယောက်ကို ဘယ်လို အကောင်းစား မိတ်ကပ်များနှင့် ချယ်လှယ်ထား၍မျှ မကာကွယ် မဖုံးအပ်နိုင်သလိုပင် မြင်နေမိသည်။

- ပုန်းညက်မြိုင်၏ ဧရာသည် ရပ်လုံးကြွ၍ နေပေသည်။

ဤအဆောက်အဦသည် စစ်ကိုင်း၊ တံတားဦးနှင့် အင်း–မြို့ ဟောင်းတို့နှင့် မလှမ်းမကမ်းတွင် သီးခြားတည်ရှိနေသော ရှေးခေတ် ထီးဟန်၊ နန်းဟန် အဆောင်ကြီးတစ်ခုသာ ဖြစ်ပါချေ၏။

"ဘုရင်မြတ်နိုးတဲ့ မိဖုရားငယ်တစ်ပါးအတွက် ဆောက်ပေး ထားတဲ့ အဆောင်ပဲ။ ဘေးမှာလည်း ပုန်းညက်ပင်တွေ အပြည့် စိုက်ပေးပြီး သီးခြားနန်းမဆောင်တစ်ခုလို ထားရှိခဲ့တယ်။ ဒါပေမယ့် အင်းဝခေတ် ဘုရားစုနှစ် နန်းမတော်မယ်နုတို့ လျှမ်းလျှမ်းတောက် အာဏာစက် တက်နေချိန်မှာ…

နန်းတွင်း နန်းပြင် ရှင်းတမ်းတွေ ထုတ်တဲ့အထဲမှာ ဒီစံအိမ် ပိုင်မိဖုရားငယ်လေးဟာ ဒီစံအိမ်ကြီးရှေ့မှာပဲ လည်စင်းပေးပြီး ခေါင်းဖြတ် အသတ်ခံလိုက်ရရှာတယ်"





ပုန်းညက်မြိုင်နှင့် ပတ်သက်သော ဇာတ်လမ်း၏ ပဏာမ ဇာတ်ဖွင့်အကြောင်းအရာကို သည်မလာခင်ကပင် ပုန်းညက်ဖြူ ကြားသိခဲ့ပြီး ဖြစ်ပါ၏။

"ဟိုရှေ့တည့်တည့်က ပုန်းညက်ပင် အကြီးကြီးရှေ့မှာ အဲဒီ မိဖုရားငယ် ခေါင်းဖြတ် အသတ်ခံခဲ့ရတာလား"

"သေခါနီး သူ ဘာဆုတွေ ပန်သွားပါလိမ့်"

"နောင်နောင် ဘဝမှာ ဒီအိမ် ဒီနေရာရဲ့အရှင်သခင်မ ထပ်မံ ဖြစ်ရပါစေလို့များ ဆုတောင်းသွားခဲ့ရင်…"

"ပုန်းညက်မြိုင်ကို ပိုင်ဆိုင်ရတော့မယ့် ငါဟာ အဲဒီ မိဖုရား ငယ်များလား…"

"ဘုရား…ဘုရား…မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး"

ပုန်းညက်ဖြူမှာ မတ်စောက်သော လှေကားထစ်ကျဲကျဲကြီး များကို မောဟိုက်စွာ တက်လာရင်းက ချောက်ချားစေသော အတွေး များကို ဖယ်ထုတ်ပစ်နေရသည်။

"အရှေ့ဘက်မှာ ဧည့်ခန်းနဲ့ ဘုရားခန်း၊ အနောက်ဘက်မှာ ထမင်းစားဆောင်၊ ဒီလက်ယာဘက်က အခန်းတွေကတော့ အသေ ပိတ်ထားတယ်၊ လက်ဝဲဘက်က ခန်းမကျယ်ကြီးဟာ ပုန်းညက်ဖြူ အတွက်ပဲ"

"ဟုတ်ကဲ့…"

"ကဲ…လာ အခန်းထဲမှာ ဒေါ်အိုဇာ စောင့်နေလိမ့်မယ်"

အချိန်က ဆည်းဆာယွန်းယွန်းမို့ အလင်းရောင်က အားပျော့



www.burmeseclassic.com

www.burmeseclassic.com



လှပြီ။ အခန်းတွင်းမှာ အလင်းအားနည်းသော လျှပ်စစ်မီး ပြာဖြ… လေးကို ထွန်းထားသည်။

ခုံတစ်ခုတွင် ထိုင်နေရာမှ ရုတ်ခြည်းထပြီး ကိုယ်ကို ကိုင်းညွ… ၍ ကြိုဆိုနေရှာသူမှာ ဒေါ်အိုဇာပင် ဖြစ်ရပါမည်။

“ရောက်လာပြီကို၊ ပစ္စည်းတွေရော”

အသံက တိုးတိတ်လွန်းသည်။ ဖြစ်သလို ပြောလိုက်ခြင်း မဟု… ပါဘဲ ဂရုစိုက်၍ ကျင့်ထားပြီးမှ ပြောသံလို ဖြစ်နေပါ၏။

“ကားထဲမှာ၊ လာပို့လိမ့်မယ်၊ ဒါနဲ့ ပုန်းညက်ဖြူရဲ့ ည… အတွက်…”

ဦးကောင်းဇံ၏ စကားသံ မဆုံးမီ…

“ကျွန်မ အားလုံးစီစဉ်ပြီးပါပြီ”

သူ့အသံက တုန်နေသည်။ ယင်းစကားစုကို မောဟိုက် ပင်ပ… စွာ ပြောလိုက်ရသည်သို့ ရှိပါ၏။

“ချောက်”

ဆိုသော အသံနှင့်အတူ ဦးကောင်းဇံ ဖွင့်လိုက်သော ဖဝ အ… မီးလုံးက ထင်းခနဲ လင်းလာသည်။ ပုန်းညက်ဖြူမှာ မီးလင်းသ… နေရာသို့ ကြည့်ပြီးပြီးချင်း ဒေါ်အိုဇာကို လှမ်းကြည့် လိုက်မိသ… နှင့်…

“အမယ်လေး”

ဦးကောင်းဇံက ဆီးဖမ်း၍ ဖက်ထားရသည်။ ဦးကောင်းဇံ… ရင်ခွင်မှာ ကလေးငယ်တစ်ယောက်လို မျက်နှာအပ်ထားရှာသည်…





ဒေါ်အိုဇာသည်လည်း သူ့မျက်နှာကို အမြန်ငုံ့လျက် ဝှက်ပါ …သားသည်။ အချိန်က မမီတော့။

“ဟင်… ကြောက်တယ်၊ ဒီမိန်းမကြီးကို ပုန်းညက် မကြည့် …ဘူး”

“ဪ…ကလေးရယ်”

ဒေါ်အိုဇာ့အသံကဖြင့် ကြင်နာမှုများစွာနှင့် ဖွဲ့စည်းထားသလို …ငြင်သာသာ ရှိလှပါဘိသည်။

ပုန်းညက်ဖြူမှာ ဦးကောင်းဇံ၏ ရင်ခွင်ထဲမှနေ၍ မျက်လုံးလေး …ဖွေပြီး တိတ်တခိုး ကြည့်မိသည်။

မျက်နှာက အဖြူတစ်ခြမ်း အမည်းတစ်ခြမ်းလို ကွက်တိ …ကျား ဖြစ်နေသည်။ နှုတ်ခမ်းတစ်ပိုက်က အင်္ဂလိပ် လူရွှင် …တ်(Clown) များလို ဖြူဖြူကွက်ကွက်ကြီး ဖြစ်နေပြီ။ မျက်လုံး …စ်ဖက်ကွဲ၍ တွဲကျနေပါ၏။

လက်ရှည်ဝတ်ထားသော လက်ယာဘက် လက်ခုံမှာလည်း …တစ်ကွက်၊ ညိုတစ်ကွက်…ဆံပင်နက်နှင့် ဆံပင်ဖြူက ဆတူလို …နှောနေသည်။ ထိုမိန်းမကြီး၏ တစ်ကိုယ်လုံး အသားရောင်နှင့် …ဖြူကွက်များက… ရောယှက်ရက်ဖောက်ထားသည့် နှုတ်ခမ်းနှင့် …က်လုံးရွှဲကြီးများကလည်း ကြောက်စရာ ကောင်းလွန်းပါ၍…

“ဦးလေးကောင်း…ဒီမိန်းမကြီးနဲ့တော့ မဖြစ်ပါဘူး”

“ဟင်…”

“ပြီးတော့ ပုန်းညက်က ခရုသင်းစွဲတာကို သိပ်ရွံတာ…”



www.burmeseclassic.com

www.burmeseclassic.com



"ခရုသင်း မဟုတ်ပါဘူးကလေးရယ်၊ ခပ်ငယ်ငယ်တုန်းက ခေ
လောင်ခဲ့ဖူးတဲ့ ဒဏ်ရာတွေပါ"

"အို... ဘာပဲဖြစ်ဖြစ်၊ ဒီမိန်းမကြီးနဲ့ ဒီညတူတူ အိပ်ရင်တော့
ပုန်းညက်သေမှာပဲ"

ပုန်းညက်ဖြူမှာ ဦးကောင်းဓံ၏ ရင်ခွင်မှ ခွာပြီး အနီးရှိ ကုလား
ထိုင်တွင် ဆောင့်၍ ထိုင်ချလိုက်သည်။

စောစောဆီက ကြောက်စိတ်များတွင် ဒေါသလေးများ
ရောစွက်လာ၍ ပုန်းညက်ဖြူ၏ အမူအရာနှင့် လေသံမှာ ခက်ထ
မာကြောနေပါ၏။

"ခက်တော့တာပဲ"

ဦးကောင်းဓံက စိတ်ညစ်ညူးသော လေသံနှင့် ညည်းညူလို
ပြီးမှ...

"ဒီလိုဆိုရင်တော့ ဦးလွန်းဘော်ဆီကိုပဲ ဖုန်းဆက်ရမှာပဲ"

"ဆက်စမ်းပါ...မေမေသာ သိရင် သူ့သမီးကို ဒီလိုမိန်းမကြီး
မျိုးနဲ့ထားမှာမဟုတ်ဘူး၊ မေမေက မလှရင် သိပ်မုန်းတာ..."

ပုန်းညက်ဖြူ၏စကားဆုံးမီ၊ ဦးကောင်းဓံက တယ်လီဖုန်း
ဆက်ရန် အသင့်ဖြစ်နေပြီ၊ သူကိုယ်တိုင်လည်း စိတ်ရှုပ်နေပုံရပါ၏
ရှုံးနိမ့်သော ရန်ဘက်တစ်ယောက်သည် အောင်နိုင်သူ၏ ရှေ့
မှောက်တွင် ရောက်နေရသည်သို့ပင် ဒေါ်အိုဇာ၏ သွင်ပြင်မှာ နှိမ့်
ညိုးလျော့လွန်းနေသည်။ သူ့မျက်လုံးရွဲကြီးမှာ မျက်ရည်တွေ ဝဲနေ
ပါ၏။





ဦးကောင်းဓံ၏အသံမှာ ရှိသေလေးစားဟန် ရှိနေသည်။ တိုးတိုး
သာသာ ပြောနေပါ၏။ အကြောင်းကတော့ ပုန်းညက်ဖြူက ဒေါ်
အိုဇာနှင့် အတူနေဖို့ ငြင်းနေသည်ဆိုသော အကြောင်းများသာ။

"ဟုတ်ကဲ့...ဟုတ်ကဲ့...ကောင်းပါပြီဗျာ"

ဟူသော စကားနိဂုံးဖြင့် တယ်လီဖုန်းကို ပြန်ချပြီး ပုန်းညက်
ဖြူတို့ဆီသို့ ပြန်လာပြီး...

"ဦးလွန်းဘော် ကိုယ်တိုင် ခုပဲ လိုက်လာမယ်တဲ့"

ဒေါ်အိုဇာမှာ စိုးရွံ့အားငယ်ဟန်များဖြင့် ဦးကောင်းဓံကို အကူ
အညီတောင်းသလို ကြည့်လိုက်သည်။

သူ့နှုတ်ခမ်းကဖြင့် ဘာမှ မပြောပါ။

နောက် သူ ပြတင်းဝနားမှာ သွားရပ်နေသည်။

ဒေါ်အိုဇာမှာ လက်ပြင်ကုန်းသည်လား... အသက်ကြီးရင့်
လွန်း၍ ကုန်းနေသည်လား မပြောတတ်ပါ၊ သူ့ဟန်ပန်က ကုန်းကုန်း
ကိုင်းကိုင်း နေးနေးကွေးကွေးနှင့် စိတ်ပျက်စရာကြီးပါ။

အောက်ဆုံးထပ်ဆီမှ စတီရီယို တေးသံများနှင့် စကား ပြော
သံများသည် အပေါ်သို့ တစ်ခါတစ်ရံ လွင့်ပြန့်လာသည်။

ပုန်းညက်ဖြူတို့ လူသားသုံးဦးမှာ အခန်းတွင်းရှိ သက်မဲ့ ပစ္စည်း
များလိုပင် အားလုံး ငြိမ်သက်နေကြပါ၏။

ပုန်းညက်ဖြူမှာ ကျယ်ဝန်းသန့်ရှင်းသော အခန်းနှင့် ခေတ်မီ
အသုံးအဆောင်ပစ္စည်းများစွာတို့ကို ထိုင်နေရင်းက ဝဲလှည့်ဝေ့ကြည့်
နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း၏ တစ်ဖက်ထောင့်တွင် ဖော်မိုက်ကာကပ် ခုတင်နှင့် ဖုန်းမှေ့ရာအကောင်းဆုံးနှင့် အသစ်လွင်ဆုံး ခြင်ထောင်၊ စောင်များ စာကြည့်စားပွဲ၊ အလှပြင် မှန်တင်ခုံနှင့် ဗီရိုတစ်လုံး။

အခန်းသို့ ဝင်သည့် အလယ်ပေါက်တွင် ကုလားထိုင်တစ်ရုံ ရှိပါ၏။ ဟိုဘက်ထောင့်တွင် သားနားသော ခုတင်ကြီးနှင့် ဟိုဘက် ထိပ် သည်ထိပ်တွင် ခုတင်ငယ်တစ်လုံး၊ သန့်ပြန့်သော်လည်း ဖဟောင်း နွမ်းသော ပစ္စည်းများနှင့်မို့။

ဟိုဘက်က ပုန်းညက်ဖြူအတွက်၊ သည်ဘက်က ဒေါ်အိုဇာ အတွက်ဆိုသည်မှာ မပြောရပါပဲ သိသာလှပါ၏။

ဒေါ်အိုဇာဘက် အခြမ်းတွင် အိမ်အသုံးအဆောင်ပစ္စည်း အစုံ ရှိသည်။ လျှပ်စစ်မီးဖိုနှင့် ထမင်းအိုး၊ သစ်သီးဖျော်စက်၊ အသား ကင်စက်၊ ပေါင်မုန့်ကင် ကိရိယာမှအစ ရေခဲသေတ္တာငယ် တစ်လုံး၊ မှန်ဗီရိုထဲတွင် အိုဗာတင်း၊ ဒရင်းကင်းချောကလက်၊ ဇာဂျီးနား၊ ကိုကိုး မှုန့်ဘူးနှင့် စန်းကွစ်၊ ကိုကာကိုလာ၊ စဲဗဲန် အပ်(ပ်)များနှင့် မြန်မာ ပြည်ဖြစ် လီမွန်ဇာလီ၊ ဇီး နာနတ် ဖျော်ရည်များ။

ကြောင်အိမ်၏ အတွင်းတွင် ဇွန်းခက်ရင်းမှအစ စားအရွယ် အစားမျိုးစုံအထိ…

ပစ္စည်းမျိုးစုံက အိမ်ထောင်စုငယ်တစ်ခုအတွက် လိုလေသေး မရှိပါ။

အားလုံး အကောင်းဆုံးဖြစ်အောင် စီစဉ်မွမ်းမံထားမှန်း သိသာ နေပါသော်လည်း…





ပုန်းညက်ဖြူမှာ လူသူတိတ်ဆိတ်ရာ ဤတည်းခိုရိပ်သာ ကြီး၏ အပေါ်ထပ်မှာ နေရမည်ကိုလည်း မရွှင်ပျနိုင်။

စုန်းမကြီးတစ်ယောက်ပမာ ကြောက်စရာကောင်းလွန်းသော ဒေါ်အိုဇာလို အနီးဒွာရုံ မျက်နှာနှင့် နေရမှာကိုလည်း ဘယ်လိုမှ နှစ်မြို့နိုင်ပါ။

“ဟော…ကားသံကြားပြီ”

“ဦးလွန်းဘော် ရောက်လာပြီ”

ဦးကောင်းဖုံမှာ သူထွက်ပေါက်ရသွားသည်သို့ပင် ဦးလွန်း ဘော်ကို ကြိုဆိုရန် အပေါက်ဝဆီသို့ သွက်လက်စွာ ခြေလှမ်းလိုက် သည်။

“ဦးလေးကောင်း၊ ပုန်းညက်လည်း လိုက်မယ်”

အခန်းထဲတွင် မနေရဲ၊ မနေခဲ့ချင်၍ ပြောမိသည်။

“အာ… ပုန်းညက် အောက်ဆင်းလို့ မဖြစ်ဘူး။ ဦးလွန်းဘော် က စည်းကမ်းကြီးတယ်၊ ကြိုက်ချင်မှ ကြိုက်မှာ”

“ဒါဆို ဦးလေးကောင်းလည်း မသွားနဲ့”

“အေး…အေးပါကွယ်၊ မသွားပါဘူး”

မကြာမီ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ် လူကြီး တစ်ဦး ဖျတ်လတ်စွာ လှမ်းဝင်လာသည်။

ဦးလွန်းဘော်မှာ ဦးကောင်းဖုံလို ညိုညိုပိန်ပိန်နှင့် ရုတ်တရက် ဒေါ်းဖြတ်ရဲသော သတ္တိမျိုး မရှိသူ ဟုတ်ပုံမရ။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ အသားအရေ ပြည့်ပြည့်နှင့် တော့ြောင့်မတ်သော ကိုယ်ခန္ဓာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို လမ်းမှန်သည့်ဘက်က ရပ်တည်ပေးရဲသူ၊ ဆုံး ဖြတ်ပေးရဲသူ၊ သူကိုယ်တိုင်က မှန်သည်ယင်လျှင် ဘာမဆို လုပ်ရဲ သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း သူ့အသွင်သဏ္ဌာန်များနှင့် တည်ငြိမ်သော မျက်နှာကပင် ဖော်ပြနေပါ၏။

"ကျွန်တော်ဆင်းလာဖို့ပါ။ ပုန်းညက်ဖြူက မနေရဲဘူး ဆိုလို့"

"ကိစ္စမရှိပါဘူး ကိုကောင်းခံ"

အသံဩဇာကလည်း အပြည့်ပါ။ ဦးကောင်းခံသို့ ပြန်ကြားပြီး သည်နှင့် ပုန်းညက်ဖြူဘက်သို့ လှည့်ပြီး...

"ကဲ...ပုန်းညက်ဖြူ၊ ဒီမှာ လာထိုင်၊ ဦးဟာ ပုန်းညက်ဖြူရဲ့ ကိစ္စအားလုံးကို ဆောင်ရွက်ပေးရမယ့် တာဝန်အရှိဆုံးပုဂ္ဂိုလ် ဦးလွှမ်း ဘော်ပဲ"

"ဟုတ်...ကဲ့"

"ဦးနဲ့ ပုန်းညက်ဖြူဟာ ခုမှ မြင်ဖူးကြပေမယ့် အလုပ်သဘော အရတော့ အရင်းနှီးဆုံး လူတွေပဲ"

"ဟုတ်ကဲ့ရှင့်"

"ဦးကိုယ်တိုင် မန္တလေးဘူတာမှာ လာမကြိုတာကတော့ မအားတာလည်းတစ်ကြောင်း၊ မလိုအပ်တာလည်း တစ်ကြောင်းမို့ ပါ။ အဲဒီကိစ္စတွေက ကိုကောင်းခံ ဆောင်ရွက်မယ့် ကိစ္စတွေလည်း ဖြစ်လို့ ဦး ပုန်းညက်ဖြူကို လာမကြိုတာတော့ ခွင့်လွှတ်ပါ"

"ဟုတ်ကဲ့၊ ရပါတယ်ရှင့်"

"ကဲ...ဒါဆိုရင် ပုန်းညက်ဖြူဘက်က ဘယ်လို အခက်အခဲတွေ ရှိနေသလဲ။ ဘယ်လို ဆန္ဒရှိသလဲ"





"အဲ...အဲ... ဒါ ခုန တယ်လီဖုန်းနဲ့ ဦးလေးကောင်း ပြောပြီးပြီ လေ"

"ပုန်းညက်ဖြူ ကိုယ်တိုင် ပြောတာ နားထောင်ရအောင် ဦး ရောက်လာခဲ့တာ"

ပုန်းညက်ဖြူမှာ ဦးကောင်းခံကို မကြာသေးခင်ကမှ တွေ့ရ သော်လည်း သူနှင့်မှ ပြောရဲဆိုရဲသည်။ ဦးကောင်းခံ မန္တလေး လိုက် သွားရန်နှင့် ပုန်းညက်ဖြူအတွက် အစစကူညီဆောင်ရွက်ရန် ညို့ ကိုယ်တိုင် ငှားရမ်း၍ ထည့်ပေးလိုက်သောသူပါ။

ဦးလွှမ်းဘော်ကိုမူ အလိုလိုနေရင်း လန့်နေသလို ဖြစ်နေရပါ၏။ သို့ပါသော်လည်း ကိုယ့်ဆန္ဒကိုဖြင့် ပြတ်သားစွာ တင်ပြမှ ဖြစ်ရတော့ မည်မို့...'

"ဦးလေးတို့ စီစဉ်ပေးတာလည်း ကြည့်ပါဦး၊ ဒီအဘွားကြီးနဲ့ ပုန်းညက်ဖြူ ဘယ်လိုလုပ် နေရမှာလဲလို့"

ဦးလွှမ်းဘော်မှာ ပြောနေသော ပုန်းညက်ဖြူကို မကြည့်ပါပဲ ဒေါ်အိုဇာသို့ လှမ်း၍ ကြည့်လိုက်သည်။ ဒေါ်အိုဇာကလည်း ဦးလွှမ်း ဘော်ကို ကြည့်နေလျက်...

သူတို့နှစ်ဦး၏ ဆုံသွားသော အကြည့်များ နောက်ကွယ်တွင် အဓိပ္ပာယ်များစွာဖြင့် ကျယ်ဝန်းနေကြောင်းကိုမူ ပုန်းညက်ဖြူ မသိရှိ နိုင်ပါ။

"ဒါဖြင့် ဒီလိုလုပ်ပါ"

"အင်း...ဘယ်လိုလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညတော့ ပုန်းညက်ဖြူနဲ့ ရွယ်တူလောက်ရှိမယ့် ဦးရဲ့ တူမလေးတစ်ယောက်ကို လွှတ်ပေးမယ်"

"ဟုတ်ကဲ့..."

"ဒါပေမယ့်...ပုန်းညက်ဖြူ သိထားရမှာက ပုန်းညက်ဖြူနဲ့ အမြဲနေရမယ့်သူဟာ ဒီဒေါ်အိုဇာပဲ"

ဦးလွန်းဘော်က တရားခွင်မှ စီရင်ချက် ချမှတ်သလို ပြော်လိုက်သည်။

"မနေနိုင်ဘူး ဆိုရင်ရော"

"ဒီမှာ မနေလို့ ဘယ်မှာ သွားနေလို့ ရမှာလဲ"

"အိုး... ပုန်းညက် မေမေဟာ မြန်မာပြည်မှာ အအောင်မြင်ဆုံး မိန်းမတစ်ယောက်ပါ။ မေမေ့တိုက်မှာ နေမှာပေါ့"

ဦးလွန်းဘော်က ရင့်ကျက်တည်ငြိမ်သော အပြုံးများဖြင့် ပြုံးလိုက်ရင်း...

"ပုန်းညက်ဖြူ ဒီမြို့ဟောင်းနယ်မြေတစ်ဝိုက်က ပုန်းညက်မြိုင်မှာ နေစေရမယ်ဆိုတာ ညို့ရဲ့ ဆန္ဒပဲ"

"အို...မေမေက ဒီလို မပြောပါဘူး"

"ညို့ဟာ ပုန်းညက်ဖြူကို နတ်ပြည်ခြောက်ထပ်မှာ ထားခွင့်ရရင်တောင် မထားပါဘူး။ ဒီမှာပဲ နေခိုင်းမှာပါ"

ဦးလွန်းဘော်၏ အသံက ညင်သာသော်လည်း တိတိကျကျရှိလှပါ၏။ သူ့စကားအတိုင်း မဟုတ်နိုင်ပါဟု ပုန်းညက်ဖြူ ငြင်းချက်မထုတ်နိုင်၍ ငိုင်သွားမိ၏။





"ပြီးတော့လည်း..."

ဦးလွန်းဘော် စကားဆက်လာ၍ ပုန်းညက်ဖြူ သူ့မျက်နှာကို ငေးကြည့်နေရသည်။

"ဒီဘက်ကလည်း ပုန်းညက်ဖြူကို ဒီမှာပဲ နေစေရမယ်၊ ဒေါ်အိုဇာ စောင့်ရှောက်စေရမယ်လို့..."

"ဒီ...ဒီဘက်ကဆိုတာ ဘာလဲ..."

ဦးလွန်းဘော်၏ စကားဆုံးနိုင်မီ ပုန်းညက်ဖြူက အဆောတလျင် မေးမိသည်။

"ဒီဘက်ဆိုတာ ပုန်းညက်ဖြူရဲ့ ဖေဖေ့ဘက်က ပုန်းညက်ဖြူကို အမွေတွေ အပြီးအပိုင် လွှဲပေးမယ့်သူပေါ့"

"အဲဒါ ဘယ်သူလဲ"

"ပုန်းညက်ဖြူရဲ့ အရင်းဆုံးဆွေမျိုး"

"သူက ဘယ်မှာလဲ"

"ရှိတော့ ရှိတယ်၊ ဒါပေမယ့် သူ ပုန်းညက်ဖြူကို ဘယ်တော့မှ အတွေ့ခံမှာ မဟုတ်ဘူး"

"အို...ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့..."

ဦးလွန်းဘော်သည် တရားခွင်မှာ လျှောက်လဲချက် ပေးနေသည့် ပုံစံလို စကားကို လုံးဝမမှားစေရအောင် ချင့်ချိန် စဉ်းစားဟန်ဖြင့် မှန်မှန်လေးလေး ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့...သူဟာ ပုန်းညက်ဖြူရဲ့ မေမေနဲ့မဆုံချင်လို့၊ မရင်ဆိုင်ချင်လို့ နောက်ကွယ်က နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သူ့ဆန္ဒတွေကို ဦးကတစ်ဆင့် ညွှန်ကြားနေတယ်။ နောင်လည်း ညွှန်ကြားလိမ့်မယ်"

"ဒါဖြင့် ဒီမိန်းမကြီးဟာ..."

ကြောက်ရွံ့အားငယ်စွာ ကြည့်နေသော ဒေါ်အိုဇာကို ပုန်းညက်ဖြူက စက်ဆုပ်သော အကြည့်နှင့် လက်ညှိုးညွှန်၍ ပြော နေဆဲ ဦးလွန်းဘော်က...

"ဟုတ်တယ်၊ သူ့ကိုလည်း အဲဒီလူ့ရဲ့ ဆန္ဒအရ ထားစေတာပဲ"

"ဟင်"

"ဒေါ်အိုဇာဟာ ရုပ်ဆိုးသလောက် သစ္စာရှိတာ တွေ့ရလိမ့်မယ်။ ညို့ ဘယ်လိုမှ စည်းရုံးလို့ မရနိုင်တဲ့လူကို ရွေးထားခဲ့တာပဲ"

"မေမေက ဘာကို...ဘာလို့ စည်းရုံးရမှာလဲ"

"ဒါတွေ ဦးမှာ ပြောခွင့်မရှိပါဘူး၊ ပုန်းညက်ဖြူရဲ့ မေမေလည်း ရောက်လာတော့မှာပဲ မဟုတ်လား"

"အင်း...တစ်ပတ်လောက် နေပြီး လိုက်လာမယ် ပြောတာပဲ"

"ဒီမှာ ဦးပြောချင်တာက ညို့ကိုယ်တိုင် ဦးစီစဉ်ပေးတာကို လက်ခံရမှာပါ။ အမွေလွှဲပေးမယ့် 'ပုန်းညက်ဖြူ'ရဲ့ ဖေဖေ့ဘက်က လူရဲ့ ညွှန်ကြားချက်ကို သူလည်း မလွန်ဆန်ရဲလို့ပါပဲ"

"မေမေဟာ ဘယ်သူ့မှ မကြောက်ပါဘူး"

"မကြောက်ပေမယ့် သူက အမွေတွေ ရချင်တယ်လေ။ ပုန်းညက်ဖြူရရင် သူရတာနဲ့ တူတူလိုနေမှာပေါ့"





ပုန်းညက်ဖြူ၏စိတ်မှာ ရှုပ်ထွေးလာသည်။ 'အမွေ'ဆိုသော အရာများ၊ စည်းစိမ်ဥစ္စာများကို ခုံမင်တပ်မက်တတ်သည့် အရွယ်လည်း မဟုတ်သေး...

လွတ်လပ်ခြင်းဖြင့် လွင့်မြောမှုကို ဆန္ဒအပြင်းဆုံး တောင့်တတတ်သော အရွယ်မှာ...

ဤရိပ်သာအကြီးအတွင်း၊ ဤအရုပ်ဆိုးသော အဘွားအိုကြီးနှင့် နေရမည့်အရေးကို တွေးလေ စိတ်ညစ်လေပါ။

"ကဲ...ဒီလိုလုပ်ပါ ပုန်းညက်ဖြူ၊ ဦးမှာ အချိန်သိပ်မရဘူး"

"အင်း...ပြောပါ"

"ဒီညအတွက် ဦးရဲ့တူမလေးတစ်ယောက်ကို လွှတ်ပေးမယ်။ ပုန်းညက်ဖြူနဲ့ အတူအိပ်ဖို့၊ ကိုကောင်းဇံကတော့ ခဏစောင့်နေလိုက်ပါဦး"

"ကောင်းပါပြီ ဦးလွန်းဘော်"

"ပုန်းညက်ဖြူဟာ ဒေါ်အိုဇာနဲ့ပဲ ဖြစ်အောင်နေမယ်ဆိုတဲ့ စိတ်ကို မွေးပါ။ အဖော်က ခဏပဲ ရနိုင်မယ်။ ကဲ...ဦးသွားမယ်"

ဦးလွန်းဘော်မှာ ပြတ်သားစွာ ဆုံးဖြတ်ပြီး လျှင်မြန်စွာပင် ခန်းတွင်းမှ ထွက်ခွာသွားပါတော့သည်။

ဦးကောင်းဇံမှာ ပုန်းညက်ဖြူကို ကြည့်လိုက် ဒေါ်အိုဇာကို ကြည့်လိုက်နှင့် သူ ဘယ်သူ့ကို ဘာကစ၍ ပြောရမှန်း မသိနိုင်အောင် ရှိနေသည်။

ဦးကောင်းဇံ၏ တာဝန်က ပုန်းညက်ဖြူကို အန္တရာယ်ကင်းအောင် စိတ်ချမ်းသာစေရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



“သမီးလေး တစ်ခုခုဖြစ်ရင်တော့ ဦးကောင်းဇံ တာဝန်ပဲနော်”

“ညို့ရောက်လာရင် သမီးပျော်နေတာပဲ မြင်ချင်တယ်”

ဟူသော အမှာစကားများသည် ဦးကောင်းဇံ၏ ရှေ့မှာ လာ ပြောနေသည်သို့ပါ...

“ဒေါ်အိုဇာ”

“အမိန့်ရှိပါ”

ဦးကောင်းဇံက နာခံနေသော ဒေါ်အိုဇာသို့ စကားပြောဆို သည်။ အကောင်းဆုံးနှင့် အလှပဆုံးဖြစ်အောင် သူ့ရင်ထဲ၌ အ စီစဉ်နေပုံရပါ၏။

ပုန်းညက်ဖြူကမူ စိတ်ပျက်လက်ပျက်ပုံစံနှင့်...

“ဟုတ်ကဲ့”

“ဒီတော့ သူ့ဆန္ဒရှိတာကိုပဲ လုပ်ပေးချင်တယ်။ ဒီဆန္ဒ ဒေါ်အိုဇာပဲ ဝိုင်းပြီး ဖြည့်ဆည်းပါလားဗျာ”

“ကျွန်မက ဘာလုပ်ပေးရမလဲ”

“ဘာမှ လုပ်မပေးစေချင်ဘူး”

“ရှင်”

“ခင်ဗျားရဲ့ဆန္ဒနဲ့ အလုပ်က ထွက်လို့ မရဘူးလား။ နစ် မယ်ဆိုရင် ကျွန်တော်တို့ လျော်ပါ့မယ်။ ညို့ကလည်း ဒီအတိုင်း ဖြစ်စေချင်မှာပါ”

ဦးကောင်းဇံ၏ စကားကြောင့် ပုန်းညက်ဖြူ တက်ကြွ သည်။ ပျော့ခွေစွာ ထိုင်နေရာမှ တောင့်မတ်လာသည်။

ဦးကောင်းဇံကို ကျေးဇူးတင်သည်။





ဒေါ်အိုဇာက လိုက်လျောလိုက်စေချင်သည်။

ဒေါ်အိုဇာသည် ပြတင်းဝမှ ဖြည်းညင်းစွာ လျှောက်လာသည်။ က်ပြင်ကုန်းကုန်းနှင့် သူ့အမူအရာက နေးကွေးနေသည်။ ပြီးတော့ ပ်လှမ်းလှမ်းမှ ကုလားထိုင်တွင် သူထိုင်ပြီးမှ...

“ကျွန်မဟာကျွန်မ အင်းဝက တရားကျောင်းမှာ အေးအေး ငြိမ်းငြိမ်း နေနေတာပါ။ ဦးလွန်းဘော်က ဒီကို လာရမယ်။ ဒီလိုနေ ရမယ်။ ဒီကလေးကို ကြည့်ပေးရမယ်ဆိုလို့ ကျွန်မ ဆန္ဒမပါဘဲ ရောက်လာရတာပါ ဦးကောင်းဇံ”

“ဒါဖြင့်လည်း...”

“ကျွန်မ ဆက်ပြောပါရစေ၊ ကျွန်မ ဆန္ဒမပါဘူးဆိုပေမယ့် ကျွန်မဟာ ဦးလွန်းဘော်ကို မလွန်ဆန်နိုင်ပါဘူး၊ မလွန်ဆန်နိုင်တဲ့ အကြောင်းလည်း ရှိပါတယ်။ ပြောမပြနိုင်တာ ခွင့်လွှတ်ပါ။ ကျွန်မမှာ ငွေကြေး မလိုပါဘူးရှင်။ ဒီကလေးနားမှာ မနေလို့ မဖြစ်ပါဘူး။ ဒါကြောင့် ကျွန်မကို မနှင်ကြပါနဲ့လို့ တောင်းပန်ပါတယ်”

ဒေါ်အိုဇာ၏ အသံက တိမ်ဝင်သွားသည်။ မျက်ရည်များ ရစ်ဝဲ လာသည်။ သည့်ထက် စကားဆက်လာလျှင် သူငိုရှာပေရော့မည်။

“ဒီအဘွားကြီး ဘဝက သနားစရာများ ဖြစ်နေလား မသိဘူး”

ဒေါ်အိုဇာနှင့် ပတ်သက်၍ ပုန်းညက်ဖြူ၏ ရင်မှာ ပထမဆုံး ဝင်လာသော နိဒါန်းကရုဏာ။

ထိုသို့ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဘော်၏ တူမ 'စုစုထွေး'ဆိုသော မိန်းကလေး ရောက်လာပြီးသည်နှင့် နားဖို့ စားဖို့ အိပ်ဖို့များကို ဒေါ်အိုဇာပင် စီစဉ်သတည်း။

❋



## အခန်း (၄)

မြန်မာသက္ကရာဇ် ၁၂၀၀ ဝန်းကျင်လောက်ဆီက လျှမ်းလျှမ်းတောက်ခဲ့သော မင်းနေပြည်တော် အင်းဝသည် ယခုအခါတွင် အရာရာ၌ သိမ်နုပ်ခြင်းများဖြင့်သာ ဝန်းရံနေပေသည်။

ရောဝတီသည်...သူ့ကို အားကိုးတကြီးနှင့် ပေါင်းဆုံ ရောနှောဝင်လာသော မြစ်ငယ်မြစ်၏ ရေကြောကိုပါ ဆီးပွေ့ သယ်ပိုးရင်း ကြေဘက်သို့ ခရီးဆက်သွားနေသည်။

သပြေတန်းခံတပ်သည် ကြီးမားထည်ဝါ၍ ဝင့်ကြွားစရာ ခံကိုင်းတံတားကြီးနှင့် မနီးမဝေးတွင် ကြံ့ကြံ့ခံနေဆဲပါ။

မင်းဝံတောင်တန်းများဆီမှ ရွှေစေတီများ၊ ဖြူဖွေးသော စေတီများစွာတို့သည် ရောဝတီ၏ အထက်စီးမှာ ကြည်ညိုဖွယ်ရာ ဖူးတွေ့နေရသည်။

ရွှေကြက်ယက်သည်မှ အငူစွန်းလို ရောဝတီ၏ လက်တစ်ဖက်မှာ ဖူးမြော်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းဘေး သည်နေရာနှင့် ခပ်ဝေးဝေးဆီမှာ ကော မှုတော်သည် ကြီးကျယ်လွန်းသော ထုထည်ဖြင့် တန်ခိုးကြီးစွာ ထ ရှိနေပါ၏။

ဤဝန်းကျင်များနှင့် မလှမ်းမကမ်း မနီးမဝေးတွင်...

'ပုန်းညက်မြိုင်' မည်သော အဆောက်အဦဟောင်းကြီးသ မည်သို့ပင် လှပအောင် ပြင်ဆင်စေကာမူ ကျက်သရေမဲ့စွာ ထ ထည်းကြီး တည်ရှိနေပါသတည်း။

“စုထွေးတို့အညာကို စိတ်ပျက်နေပြီလား ပုန်းညက်ဖြူ”

“အညာကိုတော့ စိတ်ပျက်တာ မဟုတ်ပါဘူး၊ ပုန်းညက်မြိုင် ကို စိတ်ပျက်တာ”

“အို...ပုန်းညက်မြိုင်ဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်”

“ဟင်... ပုန်းညက်တော့ စိတ်ပျက်တယ် စုထွေးရယ်...။ တတ် နိုင်ရင် ပုန်းညက်နားမှာ နေပေးပါ။ ဒေါ်အိုဇာကြီးကို မသတီဘူး”

“အဘွားကြီးက သနားစရာပါကွယ်”

“ဟုတ်ပါတယ်...တွေ့ခါစတုန်းကလို မုန်းလို့တော့ မရတော့ ဘူး။ ဒါပေမယ့် သူ့ကိုယ်က ဒဏ်ရာကွက်ကြီးတွေနဲ့ ပုန်းညက်ထ စားစရာလုပ်ပေးတာ ရွံသလိုပဲ”

“အနာရွတ်တွေပါ။ ကူးစက်တတ်တဲ့ ရောဂါမှ မဟုတ်ပဲ။ ဘာ ရွံစရာရှိလဲ”

“မီးလောင်တာဆို”

“ဟုတ်တယ်”





“စုထွေး သိလို့လား”

“ဘဘတို့ ပြောတာပဲ။ အစက မမြင်ဖူးဘူး။ နောက်မှ ဘဘ ွန်းဘော်ဆီကို မကြာခဏလာပြီး...သူတို့ စကားပြောရင် စုထွေး မကြားရတဲ့ နေရာမှာ အခန်းတံခါးပိတ်ပြီး ပြောကြတယ်”

“ဟင်...”

“ဒီအဘွားကြီးကို ပုန်းညက်နားမှာ ရှိနေစေတာ အကောင်းဆုံး လို့ ဘဘက ပြောတယ်”

“ဘာဖြစ်လို့လဲဟင်”

“အဲဒါတော့ မသိဘူး၊ စုထွေးသိတာတော့ ပုန်းညက်ဟာ ပုန်း ညက်အဖေဘက်က အမွေတွေ အများကြီးရမယ်။ ဒါကို မလိုတဲ့လူ၊ ပေးချင်တဲ့လူ ရှိလိမ့်မယ်။ ဒီအကြောင်းတွေကို ဒီ အဘွားကြီးဟာ စ်နည်းနည်းနဲ့ သိနေလိမ့်မယ်၊ ပတ်သက်နေလိမ့်မယ်ထင်တယ် န်းညက်ရဲ့”

“ဟင်...”

“ဒါပေမယ့် အဘွားကြီးဟာ သူတော်ကောင်းကြီးပါ။ အိမ်မှာ န်းညက်မလာခင်က သူ့အမြဲလို ဘုရားရှေ့မှာ ရှိနေတတ်ပါတယ်”

“ပုန်းညက်တော့ စိတ်ညစ်တယ်။ မေမေ မြန်မြန်လာပါစေ ကောင်းတယ်။ မေမေလာပြီး ရန်ကုန်ပြန်ရင် ပုန်းညက်လည်း က်သွားတော့မယ်”

“အို...ဘယ်ဖြစ်မလဲ၊ ပုန်းညက်ဟာ သိပ်အရေးကြီးတဲ့ လူပဲ”

“ဟင်...ဘာပဲဖြစ်ဖြစ်...”



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက် မေမေကလည်း ဘယ်လို စီစဉ်မယ်ဆိုတာ ကြည့်ပြီး ပေါ့"

"မေမေလာရင် ဒီကနေ အမြန်ဆုံး ပြန်ခေါ်သွားပါပဲ ဖြေ မယ်"

"ပုန်းညက်မေမေက သိပ်လှတယ်နော်...။ အမူအရာလည်း သိပ်ကောင်းတာပဲ"

စိတ်ညစ်ညူးစရာ အလေးအနက် အကြောင်းအရာများမှ လမ်း ခွဲထွက်သွားသော စုစုထွေး၏ စကားကို ပုန်းညက်ဖြူ မထောက်ခံ

"စုထွေးတို့က...ကြည့်ချင်လှပြီ။ ညို့ရောက်လာရင် တစ်ခု ဖြစ်တော့မှာပဲဆိုပြီး လန့်နေကြသလိုပါပဲ"

"သက်သက် တို့မေမေကို အပုပ်ချတာပါ။ ဖေဖေ့ကို ဖေဖေ မှန်း မသိဘဲ သတ်ပစ်မိတဲ့ ကိစ္စက မေမေ့ကို သိက္ခာမဲ့စေတယ် သတင်းကြီးစေခဲ့တာပါ။ စုထွေးရယ်"

"သူဘယ်တော့ လာမလဲဟင်"

"ဒီတစ်ပတ်အတွင်းတဲ့"

စုစုထွေးနှင့် ပုန်းညက်ဖြူတို့မှာ ရောဝတီမြစ်ကမ်းဘေး၊ ပုန်း ညက်မြိုင်နှင့် မနီးမဝေး၊ နေရာတွင် ထိုင်ရင်း စကားပြောနေကြ သည်။

သူတို့ရှေ့မှာ ဝါးဖောင်များ များစွာ စီတန်းနေပါ၏။

ဝါးဖောင်ပေါ်မှ ချက်ပြုတ် လျှော်ဖွပ်နေကြသော ဖောင်စီး မိသားစုများကို ငေးကြည့်နေမိသည်။





"ဟော...ကိုကိုပါလား"

ရေကို ကျင်လည်စွာ ကူးခတ်ပြီး ကမ်းစပ်မှ ဝါးဖောင်ပေါ်သို့ တက်လာသော သူတစ်ယောက်ကို ကြည့်ပြီး စုစုထွေးက အားပါးတရ ပြောလိုက်သည်။

"ကိုကိုက အားကစားသမားလေ၊ ဘော်ဒီလှတယ်နော်"

စုစုထွေး ညွှန်းသည့်အတိုင်းပင် အင်္ကျီတာနေရှင်နယ် ဘော် ဒီနှင့်လူ၊ ညိုညိုကျစ်ကျစ်...ကြွက်သားမာမာ...အရပ်ရှည်ရှည်။

"သူက မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က တတိယနှစ်၊ စုထွေး ရဲ့ အစ်ကို တစ်ဝမ်းကွဲလေ၊ ဘာဘာဦးလွန်းဘော်ရဲ့သားပေါ့"

"သြော်..."

ပုန်းညက်ဖြူတို့ သည်နေရာမှာ ရှိနေကြောင်း သူက ကြိုတင် မြင်ထားပုံရသည်။ မျက်နှာသုတ်ပဝါ ကွက်ကျားကြီးကို ခြုံပြီး သူတို့ ရှိရာသို့ တန်းတန်းမတ်မတ် လာနေပါ၏။

မျက်နှာမှာ ရေစက်များနှင့် ဆံပင်စိုများက ဖရိုဖရဲ၊ အပြုံး ကမူ နံနက်ဦး နေခြည်နှင့်အပြိုင် တောက်ပလွန်းလှသည်။

"သူ့နာမည်က ဘယ်သူတဲ့လဲဟင်"

အနားသို့ ရောက်မလာမီ မိတ်ဆက်ပေး မခံရမီကပင် ပုန်း ညက်ဖြူ သိချင်နေလေပြီ။

"မြတ်မင်းမောင်"

"မြတ်မင်းမောင်"

စုစုထွေး၏ စကားသံကို ရင်ထဲမှ လိုက်ဆိုကြည့်မိသည်။ ပြီးတော့ သူ့ကို ခပ်ရဲရဲပင် စောင့်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စုထွေး အိမ်မပြန်သေးဘူးလား"

"ပုန်းညက်ဖြူက ဆွဲထားလို့"

"အေး...ဒါပေမယ့် ဖေဖေက ညည်းကို မိုးလင်းရင် ပြန်ခဲ့ရမယ်လို့ မှာလိုက်တယ် မဟုတ်လား"

မြတ်မင်းမောင်ကို စိတ်ဝင်စားနေသည့် စိတ်များကြားသို့ မလိုလား မနှစ်မြို့က်နိုင်စရာများက ထိုးဖောက်လာသည်။

"စုထွေး အစ်ကို မကျေနပ်ရင် ပြန်လိုက်သွားပါ၊ ပုန်းညက်တို့က သူများ အငြိုငြင်ခံပြီး အကူအညီမတောင်းတတ်ပါဘူး"

စုစုထွေးသို့ ပြောခြင်းပါဟု ဆိုသော်လည်း ပုန်းညက်ဖြူ၏ မျက်စောင်းလေးက မြတ်မင်းမောင်၏ ကိုယ်ပေါ်မှာ ဝဲပျံလာသည်။

"ဟာ...ဟ...ရန်မတွေ့ပါနဲ့ကွာ၊ မိစုထွေးက စပ်စုမို့၊ ပုန်းညက်ဖြူကို မလိုအပ်တာတွေ ပြောမိမှာစိုးလို့ပါ"

မြတ်မင်းမောင်က လွင်လွင်ကြီး ပြုံးပြီး ရွှင်ရွှင်လေး ပြောလိုက်သည်။

ပုန်းညက်ဖြူကမူ နှုတ်ခမ်းစူလျက်...။

"ဘယ့်နှယ်လဲ၊ ညက အိပ်လို့ ရရဲ့လား ပုန်းညက်ဖြူ"

"ရသားပဲ"

မကြေလည်သော ခပ်ကောကောစကားကို မြတ်မင်းမောင်က အပြုံးနှင့်ပင် လက်ခံပါ၏။

"စုထွေးကတော့ အိပ်ရာပြောင်းလို့ ကောင်းကောင်း အိပ်လို့မရဘူး၊ ဒေါ်အိုဇာကို ကြောက်လို့ ဆိုတဲ့သူက အိပ်လိုက်တာ တစ်ညလုံး တုံး"





သည်တော့လည်း ပုန်းညက်ဖြူ၏ မျက်နှာတစ်ပြင်လုံး အရက်အပြုံးလေးများ ဖုံးဝေသွားပြီ။

"သြော်...ပုန်းညက်ဖြူက ရန်ကုန်ကနေ ဒီနေရာထိ လာခဲ့ရတော့ ခရီးပန်းလာမှာပေါ့"

ကိုယ့်ဘက်က ဖေးဖေးမမ ပြောလာပြန်တော့လည်း ပုန်းညက်ဖြူ၏စိတ်မှာ ချက်ချင်း ကြည်လာရသည်။

"အစ်ကို ရိပ်သာမှာ အဝတ်သွားလဲလိုက်ဦးမယ်"

မြတ်မင်းမောင်က ပုန်းညက်မြိုင် တည်းခိုရိပ်သာနှင့်လည်း ကျွမ်းဝင်ရင်းနှီးပြီးသားပါလား။

ညက စုစုထွေး ရောက်လာပြီးနောက် စိတ်ချလက်ချ ပုန်းညက်ဖြူ အိပ်ပျော်သွားမိသည်။ ဘာစကားမှ မပြောလိုက်ရ။

ယနေ့မနက် ဒေါ်အိုဇာ ပြင်ကျွေးသော နန်းကြီးသုပ်နှင့် ဟင်းခါး၊ ကော်ဖီနှင့် မုန့်များ၊ အဝစားပြီး ဧရာဝတီကမ်းခြေသို့ ဆင်းလာခဲ့ကြခြင်း ဖြစ်ပါ၏။ စုစုထွေးမှာ ညို့ဆိုသော နာမည်ကျော်ရှုပ်ရှင်မင်းသမီး၏ သမီးလေး၊ လှပလွန်းသော ရန်ကုန်သူလေး ပုန်းညက်ဖြူကို စိတ်ဝင်စားစိတ်၊ ကူညီချင်စိတ်များ ရှိနေရှာသည်။

"စုထွေး"

"ဟင်..."

"စုထွေးအစ်ကိုက ပုန်းညက်ကို ဘာမှ မပြောပြစေချင်သလိုပဲနော်"

"ဘာအကြောင်းကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစုံပဲပေါ့။ ဒေါ်အိုဇာ့အကြောင်း၊ ပုန်းညက်မြိုင်အကြောင်း နဲ့ ပုန်းညက်ရဲ့ ဖေဖေ့ဘက်က ရရှိမယ့် အမွေအကြောင်းတွေပေါ့"

"စုထွေးသိရင် ပြောပြပါတယ်။ ဒါပေမယ့် စုထွေးတို့ကို ကလေး ဆိုပြီး ဘာကိုမှ သိခွင့်မပေးဘူး"

"ပုန်းညက်စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဟုတ်တယ်၊ ပုန်းညက်မလာခင်က ပုန်းညက်အတွက် ဦးလေး တို့ အကြီးအကျယ် စီစဉ်နေကြတယ်။ သူဌေးကုန်း တိုက်ကြီးက ဦးကုသလည်း ပါတယ်"

"ဦးကုသဆိုတာ ဘယ်သူလဲ"

"ပုန်းညက်မြိုင်တို့ ဘိုးဘွားလက်ထက်ပိုင် တိုက်ကြီးအကြီး ကြီးကို စောင့်နေတဲ့ အဘိုးကြီးလေ"

"သြော်"

"အဘိုးကြီးကတော့ ခြံစောင့်ကြီးလို့ ပြောတာပဲ။ ဒါပေမယ့် ဒီအဘိုးကြီးနဲ့ ဘဘဦးလွန်းဘော်တို့မှာ လျှို့လျှို့ဝှက်ဝှက် လုပ်စရာ တွေ ရှိတယ်ထင်တယ်။ သူတို့စကားပြောရင် ဘယ်သူမှ မကြားစေ ရဘူး"

"ဟင်..."

"ပုန်းညက်ဖြူဘက်မှာ ပုန်းလက်ဖြူအတွက် အမွေပေးဖို့ နေ ထိုင်ဖို့ကအစ စီစဉ်ညွှန်ကြားနေတဲ့ လူတစ်ဦးရှိတယ်လို့ ပြောမပြဘူး လား"

"အင်း...အင်း ပြောတယ် စုထွေး။ ညကပဲ ဦးလွန်းဘော်က





ပြောသွားတယ်။ သူက ရှေ့နေဆိုတော့ အမှုအပ်တဲ့သဘောနဲ့ တာဝန်ပေးထားတာလိုလို ပြောတယ်။ တကယ် တာဝန်ရှိတဲ့ ပုဂ္ဂိုလ် က တစ်ယောက်တဲ့။ ဘယ်သူမှန်းလဲ၊ ပုန်းညက်ဖြူ မသိရဘူး"

"အဲဒီ ဦးကုသများလား"

"ဟုတ်လား"

"ပြောသာပြောရတာပါ။ သူဌေးဆိုရင် ဘယ်ခြံစောင့် နေပါ့ မလဲနော်"

"အင်းနော်"

ဆယ်ကျော်သက်လေးများ၏ အတွေးတို့သည် လှိုင်းလေးများ လို ပြေးလာလိုက်၊ ပြန်သွားလိုက်နှင့် အတည်တကျ မတည်ငြိမ် လှပါ။

"သြော်...စုထွေး သိပြီ"

"ပြောပါဦး စုထွေးရဲ့"

"အဲဒီလို စီစဉ်နိုင်းတာ တခြားလူ ဘယ်ဖြစ်နိုင်မှာလဲ။ ပုန်း ညက် မေမေကိုယ်တိုင်ပဲပေါ့"

"ဟင်"

"ဟုတ်တယ်... ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ညို့ဟာ ဘဘ ဦးလွန်းဘော်ဆီ သုံးခေါက်တောင် လာတယ်"

"မေမေ သုံးခေါက်တောင် လာတယ်လား၊ ရုပ်ရှင်ရိုက်ရင်းများ ဝင်လာတာလား"

"ဘယ်ဟုတ်လိမ့်မလဲ။ ဘဘနဲ့ အရေးတကြီး ဆွေးနွေးကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေမှန်းသာ မသိတာ။ ညို့ကလေ မျက်စိပျက်မျက်နှာပျက်နဲ့ ရန်တွေ့သလိုပဲ ပြောတယ်။ ဘာဘာကတော့ ခပ်တည်တည် ခပ်တင်းတင်းပဲ"

"စုထွေးပြောသလို ဒီဘက်က စီစဉ်ပေးနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ မေမေဘယ်ဖြစ်နိုင်မှာလဲ"

"ဘာဖြစ်လို့လဲ"

"အမွေပေးရမယ့်လူပဲ ဖြစ်မှာပေါ့။မေမေနဲ့ စုထွေးက ရထိုက်တဲ့ လူတွေပဲဟာ"

"အင်းနော်...ဒါလည်း ဟုတ်တာပဲ"

မရေရာအတွေးများများနှင့် မသေချာသေးသော စကားလေးများ မဆုံးနိုင်ကြမီ မြတ်မင်းမောင် ပြန်လည်ရောက်ရှိလာသည်။

"ပုန်းညက်ဖြူကို နှုတ်ဆက်လေ စုထွေး"

သူ့စကားက သူ့ညီမကို အပြီးတိုင် ခေါ်ယူသွားတော့မည် ဖြစ်ကြောင်း ထင်ရှားလွန်းနေသည်မို့...

"ပြန်ပါ...ပြန်ပါ၊ ပုန်းညက်ကို နှုတ်ဆက်ရင် အချိန်ကြာနေပါ့မယ်"

ပြန်ကြမယ်ဆိုသူများထက် ဦးနှင့်အောင် ပုန်းညက်ဖြူက ခြေလှမ်းစသည်။

"အို... နေပါဦးလေ၊ စိတ်ဆိုတာ မဆတ်ကောင်းဘူး၊ ကျူးတတ်တယ်"

မြတ်မင်းမောင်၏ ပြုံးသွဲ့သွဲ့မျက်နှာဆီသို့ ပုန်းညက်ဖြူ၏ မျက်ဝန်းထဲမှ မျက်စောင်းမြားလေး နှစ်စင်းက စူးစိုက်လာသည်။





"စုထွေး"

"ကိုကိုကလည်း ဘာမှန်းလဲ မသိဘူး"

စုစုထွေးက ပုန်းညက်ဖြူကို အားနာနေသည်။

မြတ်မင်းမောင်က ပုန်းညက်ဖြူ နှုတ်ခမ်းစူနေသည်ကို နှစ်ခြိုက်စွာ ပြုံးရင်း...

"ညက စောင့်အိပ်ပေးခဲ့အတွက် တို့မောင်နှမကို ဒီမနက်စာ ပြုစုမယ်တဲ့လား"

"ကိုကိုနော်"

"ငါ ရေကူးထားလို့ တကယ်ဆာနေတာ"

သူ့နှမသို့ ဗိုက်ပွတ်ပြပြီး ပြောသော်လည်း မြတ်မင်းမောင်၏ အကြည့်က ပုန်းညက်ဖြူထံမှာ၊ သူ့မျက်နှာပြုံးပြုံးကြီးကို မျက်စောင်း ထပ်ထိုးရင်း ပုန်းညက်ဖြူက...

"ဆာရင်သေလိုက်"

"ဟာ...အရွယ်လေးကောင်းတုန်း ရှိပါသေးတယ်ဗျာ"

စုစုထွေးက မျက်နှာပျက်နေရာမှ အားပါးတရ ရယ်လေသည်။

ပုန်းညက်ဖြူက ရယ်ရကောင်းမလား၊ မျက်နှာဆက်တင်းထားရကောင်းမလား မသိတော့ပါဘဲ သူ့မျက်နှာကို မော့ကြည့်နေမိသည်။

"တကယ်ပြောတာပါ၊ ဒီဟိုတယ်က စားကောင်းသောက်ဖွယ်တွေ မစားဖူးလို့ပါ၊ ကျွေးမယ်လို့ စိတ်ကူးရင်လည်း မပြန်ပါဘူး။ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သူ့ဖေဖေက ခေါ်တယ်ဆို"

"သူ့သားလေး ကောင်းစားနေတယ်ဆိုရင် ပြန်ခိုင်းမှာ မဟုတ်ပါဘူး"

"ဘယ်လိုလူမှန်းလဲ မသိဘူး"

"ရိုးရိုးလူပါပဲ။ အဲ...အခုချိန်မှာတော့ ဆာနေတဲ့လူပေါ့ဗျာ"

"ဆာ...ဆာ... ကိုယ့်ဟာကိုယ်တောင် ဘယ်လိုနေလို့ ဘယ်လိုစားရမှန်း မသိသေးဘူး"

"စုထွေးရေ...ဟန်ပုံမပေါ်ဘူး၊ ပြန်ကြစို့"

"ပြန်...ပြန်"

"ပြန်ပါ့မယ်ဗျာ၊ ဒါပေမယ့် ခေါ်အိုဇာဆိုတဲ့ စုန်းမကြီးကိုတော့ သတိထားနော်"

"ဘာ..."

"သူက ကောင်မလေး လှလှလေးတွေဆိုရင် ဖိုက်ဖောက်စားတတ်တယ်"

"အို..."

တမင်ပြောနေမှန်းသိပါလျက်နှင့် ပုန်းညက်ဖြူ ကျောထဲမှ စိမ့်တက်လာသည်။

သို့ပေမယ့် မခံချင်စိတ်ကလေးနှင့်...

"မကြောက်သေးဘူး၊ လှမှစားမယ်ဆိုရင် ပုန်းညက်က လှမှ မလှပဲ"

"အောင်မယ်လေးဗျာ... သူများတွေ လှစရာမကျန်အောင် တစ်ယောက်တည်း လှနေပြီးတော့များ"





"သွားပါ"

"သွားပါ့မယ်၊ ကဲ စုထွေးရေ...ဘယ်လိုနည်းနဲ့မှ စားရပုံ မပေါ်ဘာ သေချာပြီ၊ ပြန်ကြစို့"

စုထွေးက အားနာဟန်၊ စိတ်ညစ်ဟန်ဖြင့် ပုန်းညက်ဖြူ၏ လက်ကို ဆွဲလျက် နှုတ်ဆက်သည်။

"ဒီည ဘဘက အိပ်ခိုင်းရင် စုထွေး လာအိပ်ပေးပါဦးမယ်နော်"

တကယ်ပြန်ခါနီးလေမှ မြတ်မင်းမောင်က လိပ်စာကတ်ပြားလေးတစ်ခုကို လှမ်းပေးရင်း...

"အရေးအကြောင်း ရှိရင် ဒီတယ်လီဖုန်းနံပါတ်ကို ဆက်ပါနော်... အော်တိုရနေပါပြီ"

"မဆက်ပါဘူး"

"ဪ... ယူထားပါ။ ဒါဖေဖေ့ ဗီဇစ်တင်းကတ်လေးပါ။ ဒီမှာ ပုန်းညက်ဖြူ"

"ဘာလဲ"

"ပုန်းညက်ဖြူ အမြင်ကတ်အောင် လုပ်ခဲ့တဲ့ မြတ်မင်းမောင်ဟာ ပုန်းညက်ဖြူအတွက် တကယ် ထိုက်ထိုက်တန်တန် ကူညီမယ့်သူဆိုတာ မှတ်ယူရစ်ပါနော်...။ အစ်ကိုက ချာတိတ်မလှလှလေးတွေကို နှုတ်ခမ်းစုံအောင် စတတ်တဲ့ ဝါသနာ ရှိလို့ပါ။ အဟဲ...ဟဲ... သွားမယ်နော်...၊ ညကျရင် စုထွေးကို လွှတ်ပေးပါ့မယ်။ စိတ်ချပါ"

ကြင်နာခြင်းနှင့် ကူညီလိုခြင်းတို့ ပေါင်းစပ်ရာမှ ဖြစ်ထွန်းလာ



www.burmeseclassic.com

www.burmeseclassic.com



သော တည်ငြိမ်သည့် အပြုံးများနှင့် ပြောကြားပြီး…သူတို့ နှုတ်ဆ
လျက် ထွက်ခွာသွားကြသည်။

ပုန်းညက်ဖြူ၏ ရင်ထဲတွင် မြတ်မင်းမောင်နှင့် ပတ်သက်
များစွာ ကျန်နေရစ်သည်။

အမြင်ကတ်သည်။

မုန်းသယောင်ယောင် ရှိသည်။

ပြီးတော့…

သူ့ကူညီမှုကို ရယူချင်မိသည်။

အားကိုးရာတစ်ခုဖြစ်လာဖို့ မျှော်လင့်မိသည်။

သူ ကွယ်ပျောက်သွားသည့်တိုင် သူ့သွင်ပြင်က ပုန်းညက်ဖြူ
မျက်ဝန်းမှာ ထင်၍ ကျန်ရစ်ခဲ့သည်။

ဤခံစားမှုများကို သယ်ပိုးရင်း ရောဝတီကို ကျောခိုင်း
မသတီစရာဟု မြင်နေမိသော ပုန်းညက်မြို့တွင်းသို့ ပုန်းညက်
ပြန်လည်၍ ဝင်ရောက်ခဲ့ရပါပြီတည်း။

✱



✱

အခန်း (၅)

"စားကောင်းရဲ့လားကွယ်၊ ကလေး စားချင်တာ ပြောပါ၊
နောက်ရက်တွေမှာ ချက်ပေးပါ့မယ်"

"အို…ဘာမှ မစားချင်ဘူး၊ ပုန်းညက်နားမှာ မနေပါနဲ့"

ရုပ်ဆိုးလွန်းသော ဒေါ်အိုဇာ၏ မျက်နှာမှာ ပျက်သွားသည်
ကို မြင်လိုက်ရသည့်အတွက် ချက်ချင်း မျက်နှာလွှဲပစ်ရသည်။

အိုမင်းနေပြီဖြစ်သော ဒေါ်အိုဇာမှာ ပုန်းညက်ဖြူ၏ အနား
မှ ဖြည်းညင်းစွာ ထွက်ခွာသွားရှာသည်။

ခပ်လှမ်းလှမ်းတွင် တစ်ဖက်ခန်းမှ ပြတင်းပေါက်မှာ သူ နွမ်း
လျစွာ သွား၍ ရပ်နေသည်။

အပြင်သို့ ငေးနေသော သူ့မျက်နှာတွင် ဝမ်းနည်းကြေကွဲ
ခြင်းများစွာ ဖြစ်နေရှာကြောင်း ပုန်းညက်ဖြူ လှမ်းမြင်နေရသည်။

"ဩော်…ငါ့အဘွား…ငါ့မေမေ ညို့ရဲ့ အမေ သေဆုံးသွား
တုန်းက ဒီအရွယ်ပဲ။ ငါ့ဘွားအေအရွယ်ကြီးကို ငါသိပ် ရိုင်းရိုင်းစိုင်းစိုင်း
ဆက်ဆံနေမိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဒီအဘွားကြီးနဲ့မှ ဘာလို့များ ရွေးထားကြတာလဲ။ မေမေလာရင် မနေချင်ဘူးလို့ အပြတ်ပြောမယ်"

စဉ်းစားရင်း ထမင်းစားနေမိသည်။ ဟင်းများက ဖွယ်ရာ စုံလင်လွန်းသည်။ ဒေါ်အိုဇာ၏ လက်ရာလား၊ စီမံမှုလားပင်။ သူ့ကို ရွံ့နေမိသော်လည်း သူလုပ်ပေးထားသည်များက သူ့ စေတနာကို ပေါ်လွင်နေစေသည်။

"ဟော...ပုန်းညက်ဖြူ...စားကောင်းရဲ့လား"

"ဩော်...ဦးလေးကောင်းပါလား၊ စားကောင်းပါတယ်"

"အဘွားကြီးလက်ရာက မဆိုးဘူးပဲ"

"အင်း... သူ့အနားကပ်နေတာ ရွံ့လို့ ဟောက်ထုတ်ထားတယ်။ ဟိုနားမှာ သွားရပ်နေတယ်လေ"

"သနားပါတယ်ကွယ်...သူ့ခမျာ ခိုကိုးရာမဲ့ပါ။ အင်းဝက မယ်သီလရှင်ကျောင်းမှာ ကပ်နေရှာတာ...။ ရောက်စ ညက သူ့အဆင်ပြေအောင် ပြောရှာတာပါ"

"ဟုတ်လား"

"ပုန်းညက်ဖြူနဲ့ အဆင်ပြေမယ်၊ ပုန်းညက်ဖြူက လက်ခံ ခွင့်ပြုမယ်ဆိုရင်တော့ သူ့အတွက် နေဖို့ရော စားဖို့ရော ရမှာပဲ"

"ဟင်..."

"သူ့ဘဝ ရပ်တည်ရေးဟာ ပုန်းညက်ဖြူပေါ်မှာ တည်နေလို့ သူ့အစွမ်းကုန် ပြုစုပေးနေရှာတာပါ။ ပုန်းညက်ဖြူနဲ့ နေခွင့်မရရင် သူ့ ဇရပ်ကိုပဲ ပြန်သွားရမှာ။ အငတ်ငတ် အပြတ်ပြတ် နေရှာမှာ"





ပုန်းညက်ဖြူ၏ ရင်ဆီသို့ ကရုဏာတရားများ ဆင့်ကဲ ကျရောက်လာသည်။

ဒေါ်အိုဇာသည် အလှမ်းဝေးသော ပြတင်းပေါက်ဆီမှ မရွံ့မရဲ လုံ့မလဲ လှမ်းကြည့်လိုက်၊ မျက်လွှာချ၍ မျက်နှာလွှဲလိုက် လုပ်နေပါ၏။

"လာ...ဝင်လေ၊ မောင်လွင်ထွန်း"

"နေပါ...နေပါ၊ ထမင်းပြီးအောင် စားပါစေဦး"

ဦးကောင်းဇံနှင့်အတူ မျက်နှာသစ်တစ်ယောက် ပါရှိလာပါလား။

ခက်ရင်းနှင့် ဇွန်းကို ချပြီး ထမင်းစားမှ လက်စသတ်လိုက်ရင်း ထိုမျက်နှာသစ်ကို ကြည့်မိသည်။

အသက်သုံးဆယ်နှင့် သုံးဆယ့်ငါးနှစ်ခန့်အရွယ် ဖြူဖြူ ချောချော လူတစ်ယောက်၊ ပုန်းညက်ဖြူနှင့်ဆိုပါလျှင် ဦးလေးအရွယ်လောက်။

သူ့ကိုယ်သူလည်း လူချောတစ်ဦးဟု ခံယူအထင်ကြီးထားပုံရသည်။ ဆံပင်၊ အဝတ်အစား၊ ဖိနပ်ကအစ သပ်ရပ်လှပ ခေတ်မီစွာ ဆင်ယင်ထားပါ၏။

သူသည် ပုန်းညက်ဖြူလို တူမလေး သမီးလေး အရွယ်ကို လိုအပ်သည်ထက် ပိုမို၍ ဂရုတစိုက် တလေးတစားနှင့် အရေးထားလွန်းသော အကြည့်များနှင့်အတူ အခန်းတွင်းသို့ သူဝင်လာသည်။ ဧည့်ခံစားပွဲတွင် ထိုင်မိကြပြီးမှ ဦးကောင်းဇံက...



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ဖြူနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့ရတာ။ သူက ဒီ ပုန်းညက်မြိုင်ရဲ့ မန်နေဂျာပဲ၊ ဦးလွင်ထွန်းလို့ မှတ်ထားပါ"

"သြော်..."

"ဒီတည်းခိုရိပ်သာနဲ့ ပတ်သက်တဲ့ စာရင်းဇယားတွေလည်း အဆင်သင့် ရှိနေပါတယ်။ ပုန်းညက်ဖြူ စစ်ဆေးချင်တယ်ဆိုရင် ကျွန်တော်ယူလာပြပါ့မယ်"

အော်ဂဲနစ်သင်ခန်းစာမှာ ပါဠိဘာသာတွေ လာရှုတ်ပြနေသလို၊ ဘာဆို ဘာမှ မဆိုင်။

ဆယ့်ခုနစ်နှစ်အရွယ် ပုန်းညက်ဖြူက ဒီရိပ်သာကြီးရဲ့ စာရင်းဇယား ဆိုသည်များကို စိတ်မဝင်စား၊ နားမလည်။ မကြည့်ချင်။

"ဒီလိုပါ ပုန်းညက်ဖြူ"

လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကို မြင်ရုံနှင့် သူ့အတွင်း စိတ်ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက် သိနိုင်စွမ်း ရှိပုံရသော ဦးလွင်ထွန်းက စကားစသည်။ အထူးသဖြင့် ပုန်းညက်ဖြူလို သူငယ်နုပ်စား အရွယ်လေး၏ စိတ်ကို သူက ပိုမိုထွင်းဖောက် မြင်နိုင်စွမ်း ရှိပုံရပါ၏။

"ပုန်းညက်ဖြူဟာ မကြာခင်မှာပဲ ဒီရိပ်သာကြီးကို လွှဲအပ် ယူရတော့မယ့် သူဌေးမလေး ဖြစ်လာတော့မှာ မဟုတ်လား။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တာဝန်ကျေကျေ ထမ်းဆောင်ထားပါတယ် ဆိုတာ သိထားနှင့်ရအောင်ပါ"

"မလိုပါဘူး၊ အဲဒါတွေက မေမေလာမှ မေမေနဲ့ ဦးလေးနဲ့ ပြောကြပေါ့"





"အင်း..."

သူ အောင့်သွားပုံရသည်။ ဦးလေးဟု သူ အခေါ်မခံချင်။ လူချင်းသူများသည် အမြဲတမ်း အရွယ်ငယ်လိုကြသည်။ ကြီးမြင့်၍ ခေါ်သည်ကို မလိုလားကြ။ ဦးကောင်းဇံက ကြားဝင်သည်။

"ဒီလိုလေ ပုန်းညက်ဖြူ၊ ပုန်းညက်ဖြူကို အမွေပေးမယ့် သူက ညို့ ဝင်ပါမှာကို နည်းနည်းလေးမှ မလိုလားဘူးတဲ့။ ညို့ ဝင်မပါဘဲ ပုန်းညက်ဖြူ တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရစေရအောင် ဦးလေးတို့ ဦးလွန်းဘော်တို့က ဆောင်ရွက်ပေးကြရမှာပါ"

"လူတွေက မေမေ့ကို ဘာလို့ မုန်းနေကြတာလဲ မသိဘူး၊ မေမေ့ကို မုန်းတဲ့လူတွေကို ပုန်းညက်ကလည်း ပြန်မုန်းမှာပဲ"

"ဒီနေရာမှာ ချစ်ဖို့ မုန်းဖို့က အဓိက မဟုတ်ပါဘူးလေ၊ ပေးမယ့်သူရဲ့ အကြိုက်လိုက်ပြီး ဆောင်ရွက်နေထိုင်ဖို့သာ အဓိကပါ"

"ဘာတွေမုန်းလဲ မသိဘူး"

"ပေးမယ့်သူက ပုန်းညက်ဖြူရဲ့ ဖေဖေ့ဘက်က အကြီးအကဲ ဆွေမျိုးလေ၊ ညို့ကို မလိုလားနိုင်ဘူးဆိုတော့ ပုန်းညက်ဖြူ နားလည်ပါကွယ်"

"အို...ဘာပဲဖြစ်ဖြစ် ပုန်းညက်ကတော့ ကိုယ့်အမေပဲ ကိုယ်ချစ်တာပေါ့"

ဦးကောင်းဇံမှာ ပန်းကန်များကို သိမ်းဆည်းရင်း နားနှင့် နေဟန်ဖြင့် သည်ဝိုင်းသို့ အာရုံရောက်နေသော ဒေါ်အိုဇာကို ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သိမ်းစရာရှိတာ သိမ်းပြီး ဒေါ်အိုဇာ သွားလေ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ပုန်းညက်ဖြူရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး ဆွေးနွေး နေရင် အနားမှာ မနေရဘူးလို့ ဦးလွန်းဘော်ကလည်း ပြောထား တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ သွား...သွားပါ့မယ်"

ဒေါ်အိုဇာ ထွက်သွားလေမှ ဦးလွင်ထွန်းက...

"ဒီအဘွားကြီးဟာ နည်းနည်း စပ်စု မှတ်သားချင်ပုံရတယ်။ ကျွန်တော် တယ်လီဖုန်းပြောမယ်၊ အရေးကြီးတဲ့ ဧည့်သည်နဲ့ စကား ပြောမယ်ဆိုရင် သူ မယောင်မလည် ရှိနေတတ်တာ ကျွန်တော်သတိ ထားမိတယ် ဦးကောင်းဇံ"

"အင်း... ဦးလွန်းဘော်ဟာ တစ်စုံတစ်ရာသော အကြောင်းနဲ့ ဒီအဘွားကြီးကို လွှတ်ထားတယ်ဆိုတာ ကျွန်တော်လည်း သိပါတယ်။ ဒါပေမယ့် ပုန်းညက်ဖြူနဲ့ ပတ်သက်ပြီး သူက ပထမ တာဝန်ရှိသူ လေ။ ကျွန်တော် ပုန်းညက်ဖြူရဲ့ ကိုယ်ရေးအရာရှိသဘောလောက် ရှိသူဆိုတော့ သူတို့ စီမံပေးတာ ဆောင်ရွက်ရုံပဲ ဖြစ်နေရတယ်"

"တော်ပါတော့လေ...၊ ဦးလေးကောင်းရဲ့ စကားတွေကို ပုန်း ညက်ဖြူ စိတ်ညစ်သွားပြီထင်တယ်"

"ဟုတ်ပါတယ်၊ ပုန်းညက်တော့ ဒီရောက်ကတည်းက စိတ် ညစ်နေတာပဲ"





ဦးလွင်ထွန်းက ပါးနပ်လွန်းသူ ဖြစ်ပါ၏။ ပုန်းညက်မြင်နှင့် ပတ်သက်သော၊ ပုန်းညက်ဖြူ စိတ်မဝင်စားသည့်အကြောင်းအရာ များမှ လွှဲဖယ်လျက် တခြားစကားများဆီသို့ ဦးတည်သည်။

ပုန်းညက်ဖြူ ဖြေခဲ့သော အခြေခံပညာရေး အထက်တန်း စာ မေးပွဲအကြောင်း၊ ရန်ကုန်မြို့အကြောင်း၊ ရုပ်ရှင်နှင့် ဂီတလောက ဘွင်းမှ အထင်ကရ ပုဂ္ဂိုလ်များအကြောင်းကို ပြောကြားပြီးမှ ညို့ အကြောင်းကို မေးသည်။

ဦးလွင်ထွန်းသည် 'ညို့' ဆိုသော ပုန်းညက်ဖြူ၏ မေမေကို ရှော်လင့်ကြီးမှာ စောင့်စားနေပါကြောင်း သူ့စကားများက ဖော်ပြ နေသည်။

"ဒါဖြင့် ညို့မေမေလာတော့မှာပေါ့နော်"

ဟူသော စကားဖြင့် နိဂုံးချုပ်သည်။

"ဟုတ်တယ်... မနေ့ညကပဲ မေမေ့ဆီ ဖုန်းဆက်လို့ ရတယ်၊ ပုန်းညက် စိတ်ညစ်နေတယ်ဆိုလို့ မေမေက စောပြီးလာခဲ့တော့မယ် တဲ့။ ဒီလို စောပြီး လာရတဲ့အတွက် ရိုက်လက်စ ရုပ်ရှင်အဖွဲ့ ဒီကို လိုက်လာပြီး ဆက်ရိုက်မယ်လို့ ပြောပါတယ်"

"ဟာ... ဒါဆို ဟန်ကျတာပေါ့၊ ညို့ရဲ့ သရုပ်ဆောင်မှုကို ပိတ် ကားပေါ် မရောက်ခင် လူကိုယ်တိုင် မြင်ရမယ်ဆိုတာ ကုသိုလ်ထူး တာပဲ။ ဒါဖြင့် ဘယ်တော့ ရောက်လာမှာတဲ့လဲ ပုန်းညက်ဖြူ"

"စနေနေ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒါဆို ကြားသုံးရက်ပဲ လိုတော့တာပေါ့"

"အင်းပေါ့"

"ညို့ရောက်လာရင်သာ အားလုံး အဆင်ပြေပါစေလို့ တို့ တော ဆုတောင်းနေတာပဲ မောင်လွင်ထွန်းရေ…၊ ကဲ… ပုန်းညက် နား ပါစေဦး… တို့ အောက်ဆင်းကြစို့ကွယ်"

*



အခန်း (၆)

"ကုန်းအတက်ကို ကြည့်မောင်းနော်… လိမ့်ဆင်းပြီး ကျသွားနိုင်တယ်၊ အောက်မှာ ချောက်ကြီး…"

"စိတ်ချပါဖေဖေ"

မြတ်မင်းမောင်က သူ့ဝီလီဂျစ်ကားကို စပါယ်ရှယ်(လ်) ဂီယာသွင်း၍ ကုန်းကို အရှိန်နှင့်တင်လိုက်သည်။

နောက်ခန်းမှ ပုန်းညက်ဖြူနှင့် စုစုထွေးတို့မှာ အသည်း တအေးအေးနှင့် စီးကြရရင်း ခဏလေးအတွင်းမှာ ကုန်းထိပ်ပေါ်သို့ ရောက်လာရသည်။

ကြီးမားကျယ်ဝန်းသော နှစ်ထပ်တိုက်အိမ်နီနီကြီး၏ ရှေ့မှာ ကားရပ်သွားသည်။

"ကဲ…ဆင်း ပုန်းညက်ဖြူ၊ ဒါ မင်းမကြာခင်မှာ ပိုင်ဆိုင်ရတော့မယ့် မင်းရဲ့ ဘိုးဘွားပိုင်တိုက်အိမ်ကြီးပဲ"

ပုန်းညက်ဖြူနှင့် စုစုထွေးတို့ ကားပေါ်မှ ဆင်းသက်ကြပြီး လှျင်ပင် ဦးလွန်းဘော်က…



www.burmeseclassic.com

www.burmeseclassic.com



"ခြံကျည်း လေးဧကေ ကျယ်တယ်။ တိုက်ကြီးကတော့ မြင်တဲ့ အတိုင်းပဲ။ ဒီသူဌေးကုန်းမှာ အကြီးကျယ် ခမ်းနားဆုံး ဂေဟာကြီး ပေါ့၊ ကာလတန်ဖိုး ရှစ်သိန်းလောက် ရှိတယ်"

ဦးလွန်းဘော် ရှင်းပြအပြီးတွင် မြတ်မင်းမောင်က...

"ဒါတောင် နယ်မှာမို့၊ ရန်ကုန်မှာသာ ဒီမြေမျိုး၊ ဒီတိုက်မျိုး ဆိုရင် ဒီ နှစ်ဆမက တန်မှာ"

ပုန်းညက်ဖြူမှာ ရှစ်သိန်း...ဆယ့်ခြောက်သိန်း ဆိုသော သိန်း ဂဏန်းများကို စိတ်မဝင်စားမိပါ။ ဤငွေများသည် မိမိလို အရွယ် လေးအတွက် အဘယ်သို့သော နည်းများဖြင့် သုံးစွဲရမည်ကို မတွေးတတ်ခဲ့။

ဒီလောက် ကြီးမားကျယ်ဝန်းသော ရှေးရိုးတိုက်ကြီးကိုလည်း ပုန်းညက်ဖြူ စိတ်မဝင်စားပါ၊ မနေချင်ပါ၊ မပိုင်ဆိုင်လိုပါ။

ပုန်းညက်ဖြူ ဆိုသော အဖြူရောင်အရွယ်လေးတွင် "လောဘ" ဆိုသော ညစ်ညမ်းမှုများ မတွယ်ကပ် မညိပေသေး။ ဖြူစင် လတ် ဆတ် သန့်ရှင်းလွန်းသော အရိုးခံမလေးအတွက် အမွေများ ငွေများ ဆိုသည်မှာ စိတ်ဝင်စားစရာအရာဟု လောဘ မတက်တတ်သေး ချေ။

"ပုန်းညက်ဖြူ"

ဦးလွန်းဘော် အိမ်ကြီးထဲ ဝင်သွားလျှင်ပင် မြတ်မင်းမောင်က စကား စလာသည်။

"ဒီတိုက်ကြီးရှင်ဖြစ်ရင် အစ်ကို့ကို မာလီခန့်ပါလား"





"သွားစမ်းပါ"

"ထမင်းချက်ရော"

"လောင်မနေနဲ့နော်"

"တကယ်ပြောတာ၊ ခြံထွက်ပစ္စည်းတွေ ကောင်းကောင်း ချက် ကျွေးမယ်"

"မယုံပါဘူး"

"ကြက်ကောင်လုံးကင်၊ ဖားပြုတ်ဥ ဟတ်ဘွိုင်၊ တီကောင်ကို ဆီပြန်ချက်..."

"ဝေါ့"

စုစုထွေးက တကယ် ပျို့တက်လာသည်။ ခြံထွက် ပစ္စည်း ဆို သည်များကိုလည်း သူသဘောပေါက်သွား၍ သူ့ကိုကိုကို ထုနေဆဲ ပုန်းညက်ဖြူက အိမ်တွင်းသို့ ဝင်လာခဲ့သည်။

"လာ...ပုန်းညက်ဖြူ၊ ဒါ ဦးကုသပဲ"

"အင်"

"ဒီခြံကြီးနဲ့ အိမ်ကြီးကို သူတစ်ယောက်တည်း ထိန်းသိမ်းပေး သွားတာ"

ဦးကုသမှာ အသက်ခြောက်ဆယ်ရွယ် ဒေါ်အိုဇာတို့လို အရွယ် မျိုးပါ။ ဒေါ်အိုဇာလို အရုပ်မဆိုးသော်လည်း ဦးလွန်းဘော်တို့ လို ကျက်သရေရှိသော လူကြီးလူကောင်းတို့၏ အင်္ဂါရုပ်မျိုးတော့ ...တ်။

တုတ်တုတ်ခိုင်ခိုင်နှင့် အသားမဲမဲပုပု ဖြစ်သည်။ ပုန်းညက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဆန်းဆုံးဖြစ်သော ဦးကုသ၏ ရုပ်လက္ခဏာမှာ သေ့
တစောင်းထိုးထားခြင်း ဖြစ်၏။

မျက်ခုံးကောင်းကောင်း၊ မေးရိုးခိုင်ခိုင်နှင့် ဖြစ်ပါ၏။ တိ
ပြတ်သားသွာ တာဝန်ကျေပွန်စွာ ထမ်းဆောင်မည့် သွင်ပြင်မျိုး

"အောက်ထပ်က အခန်းတွေ အရင်ကြည့်မလား၊ အပေါ်ထ
အရင်ကြည့်မလား"

"ဘယ်ဟာမှ မကြည့်ချင်ဘူး၊ ပုန်းညက်ကို အမွေပေးခဲ့တ
ဆိုတဲ့ ပုန်းညက်ရဲ့ အဘိုးအဘွားဆိုတာကိုပဲ ကြည့်ချင်တယ်"

"ဒါဖြင့် အပေါ်ကို လာပါ"

ဦးကုသ ဦးဆောင်သည့်နောက်က လိုက်ခဲ့ကြရသည်။

ကျွန်းလှေကားကြီးမှာ မြင့်မားမတ်စောင်၍ အထစ်များ
သဖြင့် မနည်းလှမ်းတက်ကြရပါ၏။ ထုထည် ခိုင်မာသော်လည်း
တည်ဆောက်ပုံက စနစ်မကျလှ။

အပေါ်ထပ်၏ အခန်းဖွဲ့စည်းပုံများသည်လည်း တိကျ ရှ
လင်းခြင်း မရှိပါ။ အလင်းရောင်ကလည်း ပြည့်ဝစွာ ဝင်ခွင့်မရ၍
တိုက်ဟောင်းကြီးမှာ စိတ်ကျဉ်းကျပ်စရာလို ဖြစ်နေရပေသည်။

ဦးကုသက သူ့ခါးမှာ အချောင်းပေါင်းများစွာ တွဲချိတ်ထား
သော သော့တွဲကြီးကို ဖြုတ်ယူလိုက်သည်။ ကျင်လည်စွာ ရွေးချယ်၍
ဖွင့်လိုက်ပြီးသည်နှင့်...

"ကဲ...ဟိုမှာပဲ၊ မင်းရဲ့ အဘိုးနဲ့အဘွား"

ဦးကုသ ညွှန်ပြရာသို့ ရှေ့မှ ရောက်နေနှင့်ကြသော ပုန်းညက်





နှင့် စုထွေးတို့က ကြည့်လိုက်ကြပြီးသည်နှင့်...

"ဟိုက်...အမယ်လေး"

"အို...ငုတ်တုတ်ကြီး"

"ဒါနဲ့ သေပြီဆို"

နှစ်ယောက်သား အလန့်လန့် အဖျပ်ဖျပ်ဖြင့် အော်ဟစ်ရင်း
က်သို့ ဆုတ်လိုက်ကြသည်။ ဦးကုသက အောင်မြင်မှု ရသွား
လို အားပါးတရ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား ရုပ်တုတွေပါ ကလေးမတို့ရဲ့"

"အို..."

"သူတို့တွေ သက်ရှိထင်ရှား ရှိစဉ်ကတည်းက အဘကိုယ်တိုင်
တ်တိုင်းကျ ထုထွင်းထားခဲ့တာပါ"

"ဦးကုသက ပန်းပုဆရာကြီးလေ"

သူ့အနုပညာသည် လူစင်စစ်နှင့် ယိုးမှားသွားရခြင်းအတွက်
ကုသက ဝင့်ကြွားဟန်နှင့် ပြုံးရယ်ပြီးမှ...

"ဒါက သူဌေးကြီး ဦးအောင်သာ"

"ဒီဘက်က သူ့ဇနီး ဒေါ်ခွန်းအိမ်"

သူ ဝင့်ကြွားလောက်အောင်ပင်၊ အရုပ်များက နံရံမှ ဓာတ်ပုံ
းနှင့် တထေရာတည်း တူနေပါတော့သည်။

"သူတို့တွေမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလွန်းပေမယ့် သား
မီး ရတနာများများ မထွန်းကားခဲ့ဘူး၊ မိန်းကလေးရဲ့ ဖခင်
ခင်မြင့်ထိုက်တစ်ယောက်သာ ရှိခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..."

"တစ်ခါ... မောင်မြင့်ထိုက်ကလည်း သမီးမိန်းကလေး တစ် ယောက်တည်းသာ ထွန်းကားပြန်တယ်။ အဘဆုတောင်းပါတယ်။ ပုန်းညက်ဖြူဟာ ဒီအမွေတွေကို ထိုက်ထိုက်တန်တန် ခံစားရပါစေ... လို့"

ဦးကုသ၏ စကားကို ဦးလွန်းဘော်က မနှစ်မြို့က်ဟန်နှင့် မျက်နှာ တင်းမာစွာ ကြည့်လိုက်သည်။

ဦးကုသက ယင်းစကားမျိုး ထပ်ဆင့် ပြောကြားမလာပါသော် လည်း ဦးလွန်းဘော်သို့ ရှံ့ကြောက်ခြင်း အမူအရာမပြပါ။

ဦးကုသသည် ဦးကောင်းဇံတို့လို ဦးလွင်ထွန်းတို့လို ဦးလွန်း ဘော်ကို လေးစားရိုကျိုးဟန် မပြပါ။ ဦးလွန်းဘော် အပ်နှင်းထား သော တာဝန်များကို ထမ်းဆောင်နေရသူ မဟုတ်ကြောင်း သိသာ ပေါ်လွင်နေပေသည်။

ဦးကုသည် ဤတိုက်ကြီးကို ပိုင်ဆိုင်ရတော့မည့် သူဌေး အသစ် မလေးကို ခပ်တည်တည်ပင် ကြိုဆိုသည်။ အရေးတကြီး ပုဂ္ဂိုလ် တစ်ယောက်လို သဘောထားပုံမရ။

ဦးကောင်းဇံတို့ ဦးလွင်ထွန်းတို့လို ဟလေးတစား မဆက်ဆံ

သူနှင့် ရင်းနှီးပြီးသားသူတစ်ယောက်ကို ပြန်လည်တွေ့ရ သလို ဘာလှုပ်ရှားမှုမျိုးမှ မတွေ့ရ။

ဦးကုသသည် ပုန်းညက်ဖြူနှင့် ပတ်သက်၍လည်းကောင်း၊ ညို့နှင့်ပတ်သက်၍လည်းကောင်း၊ ဦးလွန်းဘော်တို့နှင့် ပတ်သက်၍





လည်းကောင်း၊ တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ အားလုံးကို သော်လည်းကောင်း၊ သိနှင့်ထားပြီးသူ တစ်ယောက်လို မြင်ကြရလေ သည်တကား။

"အခန်းစုံအောင် ကြည့်မလား"

"ဟင့်အင်း...ဟင့်အင်း...တော်ပါပြီ"

ပုန်းညက်ဖြူမှာ ဤအိမ်ကြီးကို ပိုင်ဆိုင်ရပြီးနောက်တွင် အိမ် ကြီးရှင်အဖြစ်နှင့် သည်မှာ အမြဲတမ်းနေထိုင်ရမည် ဆိုပါလျှင်... ရှိပါစေတော့။

သည်အိမ်မှာလည်း မနေချင်ပါ။ သည်အိမ်ကိုလည်း မရယူ ချင်ပါ။

ငယ်ရွယ်၍ မည်သည့်ကိစ္စမှုမရှိသော ပုန်းညက်ဖြူအတွက် သည်အိမ်ကြီးမှာ မက်မောဖွယ်ရာ မရှိရုံမက ချောက်ချားစရာများ နှင့် ပြည့်စုံနေပေလိမ့်မည်သာ။

ဒါနဲ့များ မေမေက ပြောတော့...

"သူဌေးကုန်းက သမီးရဲ့ အဘိုးအဘွားပိုင် တိုက်ကြီးသာ ရ လိုက်ရင်တော့ တို့သားအမိအတွက် တစ်သက် ပူစရာမရှိတော့ဘူး။ တိုက်ကြီးဟာ အဖိုးတန်တဲ့ ရတနာတွေ၊ ထူးခြားတဲ့ လျှို့ဝှက်ချက် တွေနဲ့ ပြည့်နေတာ ပုန်းညက်ရဲ့"တဲ့။

ညို့၏စကားကို ကြားယောင်လာမိ၍ ပုန်းညက်ဖြူ မဲ့လိုက် သည်။ ရှေ့မှ ဦးဆောင် ဆင်းသွားသော ဦးကုသ၏ နောက်မှ ဦးလွန်းဘော်နှင့် မြတ်မင်းမောင်၊ နောက်မှ စုစုထွေးနှင့်အတူ ယှဉ်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရင်း ပုန်းညက်ဖြူက…

"မေမေကဖြင့် ဒီတိုက်ကြီးကို ချီးမွမ်းလိုက်တာ၊ ဟင်း…"

"ဘာဖြစ်လို့လဲ၊ မကြိုက်ဘူးလား"

"ကြောက်စရာကြီးနော်"

"အို…ပုန်းညက်ဖြူကလည်း၊ လူမနေလို့ပါ"

"မေမေ့ကို ပြောလိုက်မယ်။ မေမေကြိုက်တဲ့တိုက် မေမေပဲ နေ၊ သမီးတော့ မနေဘူးလို့"

"ဘယ်လို…ဘယ်လို"

ပုန်းညက်ဖြူ၏ အသံက ကျယ်လောင်သွားသည်မို့ ဦးကုသက လည်ပြန်လှည့်ကြည့်ရင်း မေးလိုက်သည်။

အားလုံး အောက်ထပ်သို့ ရောက်ခဲ့ကြပြီ။

ဦးကုသ၏ မကျေနပ်သံနှင့် မေးခွန်းကို ပုန်းညက်ဖြူက ခပ်ပြတ်ပြတ်ပင် ပြန်ဖြေပစ်လိုက်မိသည်။

"ဒီတိုက်ကြီးကို မကြိုက်လို့ ပုန်းညက်မနေဘူး၊ မေမေ့ပဲ နေနိုင်မယ်"

"ညို့ဆိုတဲ့ မင်းအမေကို နေခိုင်းမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဟင်း…ဟင်း…ဒါဆိုရင် သူဌေးဦးအောင်သာနဲ့ ဒေါ်ဒွန်းအိ ကျိန်ဆဲထားသမျှတွေ မင်းအမေ မရွှေညို့ ခါးစည်းခံဖို့ပဲ"

"ဘာ…"

"မင်းအမေနဲ့ သူတို့သားနဲ့ကို နှမ်းတစ်စေ့စာမှ မကျေနပ် တာ မင်းအသိပဲ ဖြစ်မှာပါ"





ပုန်းညက်ဖြူမှာ ဒေါသများနှင့် ပိတ်ဆို့နေခြင်းကြောင့် သူ့နှုတ်က ဘာစကားမှ မပြောဖြစ်ခင်…

"ဦးကုသ…ကလေးကို ဘာကြောင့် ဒါတွေ ပြောနေရတာလဲ။ ဒီအိမ်ကြီးကို သူစိတ်ပျက်သွားလည်း သူပဲ ပိုင်ဆိုင်ရမှာပဲ"

ဦးလွန်းဘော်က ဦးကုသကို သတိပေးသလို ပြောဆိုလိုက်ပါ၏။

"ဘာပဲဖြစ်ဖြစ် ပုန်းညက်ဖြူဟာ ကျွန်တော်တို့ရဲ့ ညွှန့်သည်ပါ။ အဘကုသ။ သူစိတ်ညစ်ညူးသွားစေမယ့် စကားမျိုးတွေ မပြောကြားပဲ အေးအေးဆေးဆေး ဆွေးနွေးရအောင်လား အဘရယ်"

သည်လိုတော့လည်း မြတ်မင်းမောင်က တည်ကြည်လေးနက်သော စကားများကို ဆိုတတ်သူပါလား။

ပုန်းညက်ဖြူတို့ မမွေးဖွားမီက ပုံစံသစ်ဖြစ်ခဲ့သော သပြေညိုရောင် ကုလားထိုင်ဟောင်းကြီးများ ထိုင်မိကြသည်။

ဦးကုသက အလယ်ခန်းဆီမှ ဆီချေးကွက်များ ပိတ်ဖုံးနေသော ကြောင်အိမ်ဟောင်းတွင်းမှ သံပန်းကန်ပြားတစ်ချပ်ကို ယူထုတ်လာသည်။ ဖြစ်သလို လှီးထား၍ အရည်စက်လက်ဖြစ်နေသော သဘော်သီးစိတ်များကို စားပွဲပေါ် တင်ပြီး…

"လာကြမယ်ဆိုလို့ ခြံထဲက သဘော်သီးလှီးထားတယ်။ စားကြ"

ဘယ်သူမှ နှိုက်မစားဖြစ်ကြပါ။

"ဒီလို… ပုန်းညက်ဖြူ၊ ဒီနယ်တစ်ဝိုက်မှာ ဒီအဘိုးကြီး ဒီအသွားကြီးဟာ အချမ်းသာဆုံး၊ သူတို့မှာက သားလေး တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားတယ်။ ပြီးတော့ သားက ဘီအေတွဲ့ရပြီးသားဆိုတော့ ဘယ်လို မိန်းကလေးနဲ့မှ တူတန်တယ်လို့ မထင်ခဲ့ကြလို့ပါ”

ဦးလွန်းဘော်က စောစောဆီမှ ဦးကုသ၏စကားကို ဖြေရှင်း ပြောရှာသည်။

“ဒါနဲ့...ပုန်းညက်ဖြူ ဖေဖေနဲ့ မေမေနဲ့က ပုန်းညက်ဖြူ ကြီးမှ ပြန်ပေါင်းကြတာဆို”

စုစုထွေး၏ စကားက သာမန်မျှဖြစ်ပါသော်လည်း ဦးလွန်းဘော်နှင့် ဦးကုသတို့ တစ်ယောက်မျက်နှာ တစ်ယောက် အလဲတကြားလို ကြည့်လိုက်ကြသည်။

ထို အဘိုးကြီးနှစ်ဦးတွင် ပုန်းညက်ဖြူ မသိစေလိုသော အကြောင်းအရာ ရှိနေကြသည်။

ပုန်းညက်ဖြူ မသိစေလိုသော တစ်စုံတစ်ရာကို သူတို့နှစ်ဦးသည် လျှို့ဝှက်နက်နဲစွာ သိထားပြီးသား ဖြစ်နေရပေလိမ့်မည်ဟု အကင်းပါးသော မြတ်မင်းမောင်က သိလိုက်ရပေသည်။

ဤအကြောင်းအရာ ဘာလဲဆိုသည်ကို သူလည်း မသိသေး သိချင်သူပါ။

မြတ်မင်းမောင် ရိပ်မိသလို မရိပ်မိသော ပုန်းညက်ဖြူက စုစုထွေးသို့ ပြန်ကြားသည်။

“ဟုတ်တယ်... ပုန်းညက် ဆယ်နှစ်ကျော်အရွယ်ကျမှ ပြန်ပေါင်းကြတာတဲ့။ အဲဒီတော့ မေမေက ရုပ်ရှင်မင်းသမီး ဖြစ်ပြီလေ အကယ်ဒမီတော့ မရသေးဘူး”

“အင်းပေါ့။ ညို့ အကယ်ဒမီရတာ သုံးနှစ်ပဲ ရှိသေးတာပဲ”





“ဖေဖေက ပုန်းညက်ကို သနားလို့ မိသားစုနေချင်လို့ ပြန်ပေါင်းတယ်ဆိုပေမယ့် မနေရရှာပါဘူး။ ပုန်းညက်က ဘော်ဒါနေရတယ်။ မေမေက ရုပ်ရှင်ရိုက်ဖို့ နယ်တွေ ခရီးထွက်နေရတယ်”

စကားစက ပြတ်သွားကြသည်။ ဘယ်သူမှစ၍ မပြောဝံ့ကြသလို့ ဆိတ်ငြိမ်နေဆဲ ပုန်းညက်ဖြူက...

“ပုန်းညက် သိချင်တာလေး မေးပါရစေ”

“မေးပါ”

ဦးလွန်းဘော်က ပြောကြားသည်။

“ပုန်းညက် ဖေဖေနဲ့ မေမေနဲ့ နှစ်ဦးသဘောတူ ခိုးပြေးကြတယ်။ ပုန်းညက်ကို မွေးပြီးမှ ဒီအိမ်က အဘိုးနဲ့ အဘွားက လိုက်ပြီး အတင်းခွဲပစ်ကြတယ်။ ဖေဖေ့ကို ပြန်ခေါ်သွားတယ်။ ပုန်းညက်က မေမေနဲ့ ကျန်ရစ်ခဲ့ရတယ်။ ဒါတွေအထိ ပုန်းညက် သိပါတယ်”

“ဖေဖေဟာ ပုန်းညက်တို့ သားအမိဆီက ထွက်သွားပြီးနောက် ပြန်လည်ရောက်လာတဲ့ ကြားကာလ ဆယ်နှစ်အတွင်းမှာ ဖေဖေ ဘာတွေ လုပ်နေလဲ၊ ဒီအိမ်ကြီးထဲမှာ ဘာတွေ ဖြစ်နေလဲဆိုတာ ပုန်းညက်သိပါရစေ”

“သူမိန်းမတစ်ယောက်ရတယ်လေ”

“ဟင်...”

သွက်လက်သော ဦးကုသ၏ အဖြေကြောင့် ပုန်းညက်ဖြူ လန့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမ မသိဘူးလား"

"ဖေဖေနဲ့ ကွဲကွာနေတဲ့ အပိုင်းဟာ ပုန်းညက်အတွက် ကွက်လပ်ဖြစ်နေခဲ့ပါတယ်။ ဘာမှ မသိခဲ့ရတဲ့ အကြောင်းအရာတွေမို့ သိပါရစေလားရှင်"

"ဘယ်နှယ့်လဲ ဦးလွန်းဘော်၊ သူမေးတာ ကျွန်တော် ပြောလိုက်ရမလား"

"ရပါတယ်၊ ပြောလိုက်ပါ"

"မောင်မြင့်ထိုက်ကို ဒီပြန်ခေါ်လာပြီး ဒေါ်ဒွန်းအိမ်သဘော တဲ့ မိန်းကလေးတစ်ယောက်နဲ့ ပေးစားခဲ့တယ်"

"သြော်..."

"သူကတော့ မင်းအမေမှ မင်းအမေပါပဲ။ သိပ်စွဲလမ်းရှာတယ် ဒါပေမယ့် မိဘကို မလွန်ဆန်ဝံ့လို့ ယူရရှာတယ်။ မိန်းကလေး မိုးကုတ်ဘက်က သိပ်ချမ်းသာတယ်။ တစ်ကိုယ်စာ ရတနာပေါင်း ပါလာတယ်လေ"

"သြော်..."

"လှလည်း သိပ်လှတယ်။ ဒါပေမယ့် ကံဆိုးရှာပါတယ်ကွယ် ပထမဆုံး သားဦးလေးကို မွေးဖွားပြီးပြီးချင်း ဒီအိမ်ကြီးပေါ်မှာ သေဆုံးသွားခဲ့တယ်။ မီးနေသယ် သေတယ်ဆိုတော့ အစိမ်းသေ"

"ဟင်"

နှစ်ပေါင်းများစွာက သေလွန်ပြီးခဲ့သောကိစ္စ ဖြစ်ပါသော်လည်း 'အစိမ်းသေ'ဆိုသော ဦးကုသ၏ စကားကြောင့် စုစုတွေးနှင့် ပုန်းညက်ဖြူတို့ ကြက်သီးများ ဖြန်းခနဲ ထသွားအောင် ကြောက်သွားကြသည်။





ပုန်းညက်ဖြူကမူ သူ့မိသားစု အရေးအခင်းမို့ အားတင်းရင်း...

"အဲဒီ မွေးတဲ့ကလေးပါ သေသွားရောလား"

"သြော်...အဲဒါလည်း မသိဘူးလား"

"ဟင့်အင်း"

"ကလေးက မသေဘူး၊ ယောကျာ်းလေးလေ၊ ဦးအောင်သာဆို ချစ်လိုက်တာမှ တုန်လို့။ ဒါပေမယ့် မိုးကုတ်က ခင်နန်းမြင့်ရဲ့ မိဘနှစ်ပါး လိုက်လာကြပြီး..."

"ခင်နန်းမြင့်ဆိုတာ ဖေဖေ့နောက်မိန်းမလား"

"အင်းပေါ့"

"ပြောပါဦး အဘကုသ"

"အဲ...လိုက်လာကြပြီး သူတို့ရဲ့ တစ်ဦးတည်း သမီးလေးကို ဆရာသမားကောင်းနဲ့ မအပ်လို့၊ ဒီက ဂရုမစိုက်လို့ သေရတာ ဆိုပြီး စွပ်စွဲလိုက်ကြတာ"

"အို..."

"ပြီးတော့ သူ့သမီးကိုယ်စား ဒီမြေးလေးကို မွေးမယ်ဆိုပြီး အတင်း မိုးကုတ်ကို ခေါ်သွားကြတယ်"

"ဟာ...ဒါဆိုရင် မိုးကုတ်မှာ ပုန်းညက်ရဲ့ အဖေတူအမေကွဲ မောင်လေး ရှိနေသေးတယ်ပေါ့ ဟုတ်လားဟင်"

"အတိအကျတော့ မသိဘူးကွဲ့၊ နောက်ဆုံး အဘတို့ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာကတော့ အဘိုးအဘွားမြှောက်စားလွန်းလို့ ကလေး ပျက်စီးသွားတယ်။ နောက် သူ့အဘိုးအဘွားဆုံးတော့ ဘိန်းဖြူ သေပြီလိုလို သတင်းကြားရတယ်"

"ဒီအိမ်က အဘိုးအဘွားနဲ့ အဆက်အသွယ် မလုပ်ဘူးလား"

"ဆယ်နှစ်သားအရွယ်က တစ်ခေါက်တည်း လာဖူးပြီး ပျော သွားလိုက်တာ ဒီနေ့ထိပါပဲ"

"အဲဒီမောင်လေး အသက်ရှင်လျက် ရှိနေသေးရင် ကော မှာပဲနော်"

"ပုန်းညက်ဖြူကတော့ မောင်နှမဆိုတဲ့ သွေးစိတ်နဲ့ ဒီစ ပြောတာပေါ့။ ညို့ကတော့ သူအသက်ရှင်တာ ဘယ်ကြိုက်ပါ့ မ

"အို...ဘာဖြစ်လို့လဲ အဘကုသရဲ့"

"သူရှိရင် အမွေမှုက ရှုပ်လာဦးမှာ မစဉ်းစားမိဘူးလား"

"အို...ပုန်းညက်ရဲ့ မောင်လေးဆိုရင် သူလည်း ရထိုက် ပေါ့"

"ညို့က ပေးချင်မှာ မဟုတ်ပါဘူး"

"လူတွေက မေမေ့ကို ဘာလို့များ အကောင်းမမြင်ကြတာ မသိပါဘူး"

ပုန်းညက်ဖြူသို့ ဘယ်သူမှ... ဘာစကားမှ မပြန်ကြား ပုန်းညက်ဖြူကသာ...

"ဒါနဲ့ အဘကုသ"

"အင်း"





"အဲဒီ မောင်လေးရဲ့ နာမည်က ဘယ်သူလဲဟင်"

"မောင်ထွန်းထိုက်"

"မောင်ထွန်းထိုက်"

"ဟုတ်တယ်။ မောင်မြင့်ထိုက်ရဲ့ သားနာမည်က မောင်ထွန်းထိုက်တဲ့"

မိဘတို့နှင့် တကွဲတပြားစီ နေခဲ့ရသော တစ်ဦးတည်း သမီးလေးပုန်းညက်ဖြူမှာ မောင်လေးတစ်ယောက် ရှိနေသေးသည် ဆိုသော အသိဖြင့် မတွေ့ရခင်ကပင် ချစ်ခင်စိတ် ဝင်လာမိသည်။

"ဖေဖေဟာ အဲဒီနောက်မှာ မေမေ့ကို ပြန်ပေါင်းတော့ ဒီအိမ်က အဘိုးအဘွားက စွန့်ပစ်ထားလိုက်တယ်ဆို"

"ဟုတ်တယ် ပုန်းညက်ဖြူ"

"ဖေဖေနဲ့ ဒီက အဘိုးအဘွားတွေနဲ့ ပြန်ပြီး ပြေလည်သွားကြတယ်။ အမွေတွေအားလုံး ဖေဖေ့ကို ပုံပြီး ပေးခဲ့တယ် ဆိုတာတွေ အစက ပုန်းညက် ဘာမှ မသိခဲ့ရဘူး၊ ဖေဖေဆုံးပြီးမှပဲ သိရတာပါ"

"ဟုတ်မယ်လေ၊ ကိုမြင့်ထိုက်ဟာ အင်မတန်မှ သိသိပ် ကျစ်လျစ်တဲ့ လူပဲ။ သူရရှိသမျှ အမွေတွေကိုလည်း သူသေရင် သူ့သမီးလေး တစ်ယောက်တည်းသာ ခံစားရစေဖို့ ဘာဘာနဲ့ စာချုပ်စာတမ်းတွေ တိတ်တဆိတ် လုပ်ထားခဲ့ကြတယ်"

ဝတ်လုံတော်ရကြီး ဦးလွန်းဘော်က ဝင်၍ ပြောကြားသည်။

"နေပါဦး။ ဒီက အဘွားနဲ့ အဘိုးက ဖေဖေ့ကို စွန့်ပစ်ပြီးမှ ဘာလို့ ပြန်ခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုလေ"

ဦးကုသက စတင်ရှင်းပြရန် နိဒါန်းခံသည်။

"ဦးအောင်သာ သေဆုံးသွားတော့မှ ဒေါ်ဒွန်းအိမ်ဟာ သိပ် အားငယ်သွားပြီး သူ့သားကို ပြန်ခေါ်တာ။ အမွေတွေ လွှဲပေးခဲ့တာ။ အဲဒါတွေလည်း ဆောင်ရွက်ပြီးရော မကြာခင်မှာပဲ သူ အနိစ္စ ရောက် သွားရှာတယ်"

"သြော်..."

"အင်း...ဒေါ်ဒွန်းအိမ်ဟာ သူသေပြီး မကြာခင်မှာ သူ့သားလေး အခုလို အသေဆိုးနဲ့ သေရမယ်မှန်းသိရင် ဒီအမွေတွေ တစ်ပြားမှ ပေးသွားမှာတောင် မဟုတ်ဘူး။ အကုန် လှူပစ်ခဲ့မှာ"

"အို...အဘကုသကလည်း၊ ပုန်းညက်ဖြူက သူ့မြေးအရင်းပဲ ရထိုက်လို့ ရတာပေါ့"

မြတ်မင်းမောင်က ပုန်းညက်ဖြူဘက် မခံချင်စကားဖြင့် ဆီး ကာ၍ ပြောရှာသည်။

"အေး...မြေးကတော့ ရထိုက်တာ မှန်တယ်။ သူက ကလေးပဲ၊ သူ့အမေက သုံးတော့မှာပေါ့။ ညို့သာ ဒီအမွေတွေ သုံးမယ်ဆိုရင် ဒေါ်ဒွန်းအိမ်လား...ဟင်... သင်္ချိုင်းကုန်းကတောင် ထလာပြီး..."

"တော်ပါ ဦးကုသ"

ဦးလွန်းဘော်က ဟန့်လိုက်သည်။ ပုန်းညက်ဖြူက ထိုင်ရာမှ ထပြီး...

"ပုန်းညက်မေမေကလည်း ဒေါ်အိုဇာတို့လို လူရုပ်မပေါ်တဲ့





စေခံမကြီးမျိုး မဟုတ်ပါဘူး၊ ရုပ်ရှင်လောကရဲ့ ထိပ်ဖျားမှာ၊ ငွေပုံ တွေရဲ့ကြားမှာ ရှိနေတဲ့ လျှမ်းလျှမ်းတောက် မိန်းမတစ်ယောက်ပါ"

"မင်းအမေကို ဘာ့ကြောင့် မအိုဇာနဲ့ နှိုင်းပြီး ပြောနေရတာလဲ ကွဲ့"

"ကဲ...ဦးကုသ၊ ပုန်းညက်ဖြူနဲ့ ပတ်သက်ပြီး ဘာမှ အငြင်းပွား နေနဲ့တော့။ ကျွန်တော်တို့လည်း ပြန်တော့မယ်"

"ကောင်းပါပြီဗျာ"

"ဒီမှာ ဘဘ ဦးလွန်းဘော်"

"ဟင်..."

"ပုန်းညက် ဆယ့်ရှစ်နှစ် ပြည့်တဲ့နေ့မှာ ဒီတိုက်ကြီးကို ဘဘ က ပုန်းညက်ကို အပြီးလွှဲပေးရမယ် မဟုတ်လား"

"ဟုတ်တယ်။ လွှဲပေးရမှာပဲ"

"ဒါဆိုရင် မေမေ့ကို မကောင်းပြောတဲ့သူတွေ၊ မလိုလားတဲ့ သူတွေ ဒီမှာ မရှိစေရဘူး၊ အကုန် အလုပ်ဖြုတ်ပစ်မယ်။ လာ စုထွေး၊ ပြန်ကြမယ်၊ နောက်လည်း ဒီလို ကျက်သရေမင်္ဂလာ မရှိတဲ့ တိုက်ကြီး ကို ဘယ်တော့မှ မလာပါဘူး"

ဆယ်ကျော်သက် ဇတ်ဇတ်ကျဲမလေး ပုန်းညက်ဖြူက အပြတ် ပြောပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားတော့သည်။

စုစုထွေးက ပြေးလိုက်လာသည်။ မြတ်မင်းမောင်လည်း အပြင် ရောက်လာပြီ။

အိမ်တွင်းမှာ ဦးလွန်းဘော် ကျန်ရစ်သည်။ ဦးကုသ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်ကို လုံးဝမမြင်ရတော့။ ဦးလွန်းဘော်၏ ဆက်တိုက် စကား များကိုသာ ဦးကုသက ခေါင်းညိတ်ရင်း နားထောင်နေသည်။

သူ့အမှား စကားများအကြောင်းကို ပြောကြားနေပေလိမ့်မည် ဟု ထင်မြင်ယူဆကြရသည်။

ဦးကုသက ခေါင်းသာညိတ်နေရသော်လည်း သူ့မျက်နှာမှ ပြောင်းလဲခြင်းမရှိ။ တည်ငြိမ်တင်းမာဆဲပါပင်။

ဦးကုသ၏ နောက်ကွယ်တွင် ပုန်းညက်ဖြူတို့ မသိနိုင်သော အရာများစွာတို့ ရှိနေပေလိမ့်မည်သာ။

သူသည် ညို့နှင့် ပတ်သက်၍လည်း နာကြည်းမှုများစွာ ရှိနေ သူလားပင်။

ညို့၏ ဘဝအကြောင်းကို ဆောင်းပါးရေးပါရစေ ပြောကြား သူတိုင်းကို လုံးခွင့်မပေးခဲ့တဲ ဓာတ်ဖြုပ်ထားခဲ့သော ညို့၏အတ္ထုပ္ပတ္တိ နှင့် နောက်ကြောင်း ရာဇဝင်များစွာကို ယင်း ဦးကုသသည် ခရေ တွင်းကျ သိနှင့်ထားလေသူလား။

ဦးလွန်းဘော် အပြင်သို့ ရောက်လာပြီးသည်နှင့် ကားပေါ်သို့ တက်ကြပြီး ကားထွက်လာခဲ့သည်။

"ပုန်းညက်ဖြူ"

"ဟုတ်ကဲ့...ဘဘ"

"ဦးကုသနဲ့ ပတ်သက်ပြီး ဘာကိုမှ အလေးအနက် မထားပါ နဲ့နော်"

"မေမေ့ကို ပြောတော့ ဘယ်ခံချင်ပါ့မလဲ"





"ပြောပါစေ၊ သူက ခြံစောင့်ပဲ၊ ပုန်းညက်ဖြူရဲ့ အလုပ်သမား ပဲ၊ သူ့စကားကို အရေးမထားပါနဲ့"

"သူ့ကို အလုပ်ဖြုတ်ပစ်မယ်"

ဦးလွန်းဘော်က ပြုံးသည်။

"ဒါနဲ့ ဒီစနေမှာ ညို့လာဖြစ်မယ်တဲ့လား"

"လာဖြစ်မှာပါ။ ပုန်းညက် ဖုန်းဆက်တော့ နေ့အမြန် ရထားနဲ့ လာခဲ့မယ်တဲ့"

"ပုန်းညက်ကြိုချင်သလား"

"ကြိုချင်တာပေါ့"

"ဒါဖြင့် သားနဲ့ ကားလွှတ်ပေးမယ်။ မန္တလေး ဘူတာထိ သွား ကြိုကြပေါ့"

"ဟုတ်ကဲ့..."

"စုစုထွေးပါ ထည့်လိုက်မယ်"

"ဟုတ်ကဲ့..."

"ပုန်းညက်ဖြူ"

မြတ်မင်းမောင်က ကားမောင်းရင်း ခေါ်လိုက်ပြီး...

"ဖေဖေပြောသလိုပဲ ဦးကုသနဲ့ ပတ်သက်လို့ ဘာမှ စိတ် အနှောင့်အယှက်မဖြစ်နဲ့နော်"

"ဒီအဘိုးကြီးကို မုန်းပါတယ်"

"သြော်...သူ့ဘဝမှာက တစ်ခုလိုအပ်နေလို့ပါ"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အလိုကျ မရလို့ ခုလို ဖြစ်နေတာပါ"

"ဘာလဲလို့"

"ပပဝတီလေ"

ဦးလွန်းဘော်ပင် ပြုံးသွားသည်။

"ဪ...ဟုတ်သားပဲ။ သူက ဦးကုသဆိုတော့ မင်းကုသနဲ့ ပပဝတီပေါ့။ တကယ်ပဲ ရသင့်တယ်။ ပပဝတီဆိုတာက ခုနစ်ဆောင် တိုက်ခန်း မီးမထွန်းဘဲနဲ့ လင်းတာဆို။ ဒါမှ မှောင်နေတဲ့ သူ့အိမ်ကြီး လည်း လင်းသွားမှာပေါ့"

စုစုထွေး၏ စကားဆုံးပြီးသွားချိန်တွင် ပုန်းညက်ဖြူ၏ ပုန်း ညက်မြိုင်ရိပ်သာ ဝင်းအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြပါပြီတည်း။

*



## အခန်း (၇)

ယနေ့ ညို့ ရောက်ရှိလာမည့်နေ့...

ညို့နှင့်အတူ အဖွဲ့ဝင် ဆယ်ဦး ပါရှိလာမည်ဟု ကြိုတင် သတင်း ပို့ထားခဲ့သည်။

ညို့က သူ၏ ရုပ်ရှင်အဖွဲ့သားများကို ဤပုန်းညက်မြိုင်တွင်ပင် တည်းခိုမည်ဟု ဆိုသည်။ ယင်းကိစ္စကို ဦးလွန်းဘော်က ကန့်ကွက်ခဲ့ သည်။

သူနဲ့ သူ့အတွင်းရေးမှူးကိုသာ အခွင့်ပြုနိုင်မည်။ တခြားသော ချက်နှာစိမ်းများကို တည်းခိုခွင့် မပြုနိုင်ဟု တားဖြစ်သည်။

ကိုလွင်ထွန်းက လက်ခံချင်သည်။

"ကျွန်တော်ကတော့ ပုန်းညက်ဖြူရဲ့မေမေ့ဆန္ဒအတိုင်း ဖြစ် ချင်လို့ ဧည့်သည်သစ်တွေကို လက်မခံဘဲ အခန်းတွေတော် ရှင် ထားပါတယ်"

ကိုလွင်ထွန်းကပင်...



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်မေမေ ရောက်လာတဲ့အခါ သူ့အဖွဲ့သားတွေနဲ့ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေနိုင်စေဖို့ ကျွန်တော်က အစွမ်းကုန် လုပ်ထားပေမယ့် ဦးလွန်းဘော်က ဒီအစီအစဉ်ကို ကန့်ကွက်နေတယ်။ ပုန်းညက်ဖြူပဲ ကြည့်ပြောပါဦး"

မန်နေဂျာ ကိုလွင်ထွန်းမှာ ညို့ကို အလွန်စိတ်ဝင်စားသူ ဖြစ်သည်။

ဤတည်းခိုရိပ်သာကြီးကို ညို့၏သမီးလေး ပိုင်ဆိုင်လာမည်။ ဤရိပ်သာကြီးနှင့် ညို့တို့ ပတ်သက်လာမည်ဟု မသိရခင်ကပင် သူ ညို့ကို စိတ်ဝင်စားနေခဲ့ခြင်း ဖြစ်ပါ၏။

ညို့၏ သရုပ်ဆောင်မှုကိုလား၊ ညို့၏ အနုပညာကိုလား၊ ညို့၏ အလှအပကိုလား မခွဲခြားတတ်၊ ညို့ကို သူစွဲလမ်းနေသည်ကတော့ အမှန်ပါ။

ညို့၏ ရုပ်ရှင်ကားတိုင်းကို သူလက်လွှတ်မခံ၊ တစ်ခါတစ်ရံ နှစ်ခါပြန်၍ ကြည့်ဖြစ်သည်။

မန္တလေးသို့ ညို့၏ ရုပ်ရှင်ကားများ သွားသွားကြည့်ရသည်ကလည်း မကြာခဏပါ။

"ပုန်းညက် ညို့ကို သွားကြိုပြီးတာနဲ့ ကျွန်တော့်ရဲ့ အစီအစဉ်ကို ပြောပြပေးပါနော်"

အလုပ်ရှင်နှင့် အလုပ်သမားဟူသော အရေးထားစိတ်နှင့် သူ့ထက်များစွာ ငယ်သော ပုန်းညက်ဖြူကို 'ကျွန်တော်'နှင့် ကိုလွင်ထွန်းက စကားပြောပါ၏။





"ပြောပြပေးပါ့မယ် ဦးလွင်ထွန်း"

"ပြီးတော့ သူ့အဖွဲ့သားတွေ ဒီမှာ တည်းခိုခွင့်မရဘူးဆိုခဲ့ရင်လည်း ကျွန်တော့်အပြစ် မဟုတ်ပါဘူးဆိုတာ ညို့သိပါစေနော်"

"ဟုတ်ကဲ့...ပါ"

"ကျွန်တော် ဘာဆောင်ရွက်ပေးရဦးမလဲ"

"မရှိပါဘူး"

"ဒါဖြင့် ကျွန်တော် အောက်ဆင်းတော့မယ်နော်"

"ဟုတ်ကဲ့...ဟုတ်ကဲ့...စိတ်ချပါ။ မေမေဟာ သူများစီစဉ်ပေးတာကို ဘယ်တော့မှ မနာခံဘဲ သူစီစဉ်ပေးတာကိုသာ အားလုံး လိုက်နာကြရတာပါ"

"သြော်...ဟုတ်မှာပဲ"

"သူတွေက မေမေ့နောက်ကွယ်မှာသာ မေမေ့ကို ဘယ်လိုပဲ အတင်းတွေ၊ အဖျင်းတွေ ပြောကြပေမယ့်၊ မေမေ့ရှေ့ကျရင် ဝပ်နေကြတာပဲ။ မေမေဟာ အားလုံးကို ကျော်ဖြတ်ပြီး သူလုပ်ချင်ရာ လုပ်နိုင်တဲ့ မိန်းမပါ"

ကိုလွင်ထွန်းမှာ ပုန်းညက်ဖြူထံမှ ညို့၏ အတိမ္မာများကို ကြားနာပြီး အောက်သို့ ဆင်းသွားတော့သည်။

ပုန်းညက်ဖြူမှာ နံနက်စာအတွက် ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ထမင်းစားတော့မလား ကလေး"

ဒေါ်အိုဇာက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ရေလေး အရင်ချိုးလိုက်ပါဦးလား၊ လန်းသွားတာပေါ့"

"ဟာ...ဆာနေပြီ"

"အင်း...အင်း...စားပါ၊ ဒါဖြင့်လည်း စားပါ"

ဒေါ်အိုဇာက ပလတ်စတစ် ဆန်ခါအုပ်ဆောင်းကို ဖွင့်လို သည်။ ဟင်း လေးမျိုးလုံးက ပုန်းညက်ဖြူ အကြိုက်တွေချည်း။

"ထမင်းစားပြီးရင် စားဖို့ လက်ဖက်လည်း အဆင်သင့် နေပါပြီ"

ဒေါ်အိုဇာက ယွန်းလက်ဖက်အုပ်လေးကို ဖွင့်လှန်ပြသည်။

ပုန်းညက်ဖြူက ကလေးပေမယ့် လက်ဖက်သုပ် သိပ်ကြိုက် သည်။ ဒေါ်အိုဇာက ပုန်းညက်ဖြူအကြိုက်၊ လက်ဖက်ကို ရေ သီးစိမ်း၊ ကြက်သွန်ဖြူ အချဉ်တို့ဖြင့် နယ်ထားပေးတတ်သည်။ အကြော်စုံနှင့် ပုစွန်ခြောက်နှင့်...

"စားကောင်းလား ကလေး"

"အင်း..."

"ငါးဖယ်နဲ့ အုန်းနို့နဲ့ ဟင်းလည်း စားဦးလေ"

"စားမယ် သိပ်ကြိုက်တယ်"

ဤဟင်းကို စားရင်းမှ စဉ်းစားမိသည်။ မနက်တုန်းဆီ အုန်းသီးကို ပင်ပင်ပန်းပန်း ခြစ်နေရှာသော ဒေါ်အိုဇာကို မြင်ယော လာမိသည်။ ဘာအတွက်ဆိုသည်ကိုပင် မစဉ်းစားခဲ့မိ...

ယခု သည်ဟင်းတစ်ပွဲဖြစ်ဖို့အတွက် သူ့အရွယ် အိုကြီးအိုမ





ပင်ပန်းခံ၍ လုပ်ပေးရှာသည်ဟု ပုန်းညက်ဖြူ သိလာသည်။

ဒေါ်အိုဇာ၏ လုပ်ရပ်တိုင်းတွင် စေတနာပါသည်။

ဒေါ်အိုဇာ့စေတနာအတွက် ပုန်းညက်ဖြူ တုံ့ပြန်မိသော အရာ ကရုဏာ...

"နေပါစေ...မအိုက်ပါဘူး"

"မအိုက်ဖူးသာဆိုတယ်၊ ကလေးမျက်နှာလေးမှာ ချွေးတွေ လို့..."

ဒေါ်အိုဇာက ယပ်တောင်ကို ဆက်လက် ခပ်ရင်း ပြောကြား သည်။

"နေပါစေ ပုန်းညက်အားနာတယ်"

"အားမနာပါနဲ့။ အိုက်နေတော့ ထမင်းစားရတာ ကသိ အောက် ဖြစ်နေမှာစိုးလို့ပါ၊ စားကောင်းစေချင်လွန်းလို့ပါ"

"ဟုတ်ပါရဲ့၊ ခုန ကြီးကြီးပြောသလို ရေအရင် ချိုးလိုက်ရင် ကောင်းမှာနော်"

ဒေါ်အိုဇာက ပြုံးသည်။ ကြောက်စရာကောင်းလောက်အောင် ရုပ်ဆိုးနေပါသော်လည်း သူ၏ ခွင့်လွှတ်ကျေနပ်သော အပြုံးများ မှ ကြည်လင်အေးမြနေပေသည်။

ပုန်းညက်ဖြူမှာ အနေနီး၍ အမြင်များလာသည့်အခါ ဒေါ် ဇာ၏ ကြောက်စရာ ရုပ်သွင်မှာ ရိုးသွားခဲ့ရပြီ။

သူ့ထံမှ ရရှိခဲ့သော စေတနာနှင့် ပြုစုယုယမှုများကြောင့် ဒေါ်အိုဇာ့ပေါ်တွင် သနားကြင်နာစိတ်များ၊ ဆင့်ကာဆင့်ကာ ကျ ရောက်ရပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး"

"ဟင်..."

"ကြီးကြီးမှာ သားသမီး မရှိဘူးလားဟင်"

"မရှိပါဘူးကွယ်"

"အပျိုကြီးလား"

"အပျိုကြီးတော့လည်း မဟုတ်ပါဘူး"

"ကြီးကြီး ယောကျ်ားရော"

"ဆုံးသွားပါပြီ"

"ကြီးကြီး ဒဏ်ရာတွေက ဘယ်က ရတာလဲ"

"ကားမီးလောင်ရာက မသေလို့ လွတ်လာပြီး ကျန်တဲ့ ဒဏ်ရာတွေပါ"

"ဘယ်မှာ လောင်တာလဲ ဟင်"

"ပြင်ဦးလွင် အနီးနွှခန်းမှာပါ"

"ခရီးသည်တင် ကားလား"

"မဟုတ်ဘူး၊ ကိုယ်ပိုင်ကားပါ"

"ကားပေါ်မှာ ဘယ်နှယောက်ပါလဲ ဟင်"

"ကြီးကြီး တစ်ယောက်တည်း"

"ဟင်...ဒါဖြင့် ကြီးကြီးက မောင်းလာတာပေါ့နော်"

"အို...အင်...မ...မဟုတ်ပါဘူး၊ ဒရိုင်ဘာနဲ့ပါ"

"အဲဒီ ဒရိုင်ဘာရော"

"သူ...သူက ခုန်ချ ကျန်ရစ်ခဲ့တယ်"





"ဒါဖြင့် ကြီးကြီးနဲ့ ကားနဲ့ ချောက်ထဲကျပြီး မီးလောင်တာပေါ့နော်"

"ဟုတ်ပါတယ်"

ဒေါ်အိုဇာမှာ တုန်လာသော အသံကို မနည်း ထိန်း၍ ထမင်းပွဲကို သိမ်းပြီး နောက်ဘက်ခန်းသို့ ဝင်သွားပါတော့သည်။

ဒေါ်အိုဇာ၏ နောက်ကွယ်တွင် ထိန်ချန်မြှုပ်ကွယ်ထားသော နောက်ကြောင်း ရာဇဝင်တစ်ခုများ ရှိနေလေသည်လားဟု ပုန်းညက်က တွေး၍ ကျန်ရစ်သည်။

အဘွားကြီး၏ အသက်က ခြောက်ဆယ်လောက် ရှိနေပြီ။

ပုန်းညက်ဖြူပေါ်တွင်လည်း ကိုယ်သမီးလေး ကိုယ့်မြေးလေးလို ဂရုစိုက်ရှာလွန်းသည်။ စေတနာထားနိုင်လွန်းသည်။ တပင်တပန်း ပြုစုရှာသည်။

"ဒီအဘွားကြီးဟာ ငါ့အမျိုးထဲကများလား၊ မေမေ့အမေ သေသွားတာတော့ ငါ့မျက်စိရှေ့မှာပဲ"

"ဖေဖေ့ အမေလား"

"အို...ဒါလည်း မဖြစ်နိုင်ဘူး။ အဘွား ဒေါ်ခွန်းအိမ်ရဲ့ ရုပ်ပုံကြီးမြင်ခဲ့ရတာပဲ၊ ရုပ်က ပျက်သွားတယ်ထား၊ ဟိုက အရပ်ပုတယ်၊ ဒေါ်အိုဇာက အရပ်ရှည်တယ်။ ဒါလည်း မဖြစ်နိုင်ပါဘူး"

"ငါ့ ဆွေမျိုး၊ ငါ့ အသိုက်ဝိုင်းထဲက တစ်ယောက်ယောက် များလား"

"ငါ့ကို ဘာကြောင့် အနီးကပ်ပြုစုခွင့်ရအောင် ကြိုးစား ကြံစည်သွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို...ဒေါ်အိုဇာဟာ ဘယ်သူလဲကွယ်"

*

ဒေါ်အိုဇာ၏ ဘဝနှင့် မိမိပေါ်တွင် ပတ်သက်လာမှုများကို တွေးရင်း သံသယဖြစ်နေရသည်မှန်သော်လည်း...

ဒေါ်အိုဇာကို ပုန်းညက်ဖြူ ယုံကြည်လာမိသည်။ ဒေါ်အိုဇာသည် မိမိအတွက် ဆိုးကျိုးတစ်စုံတစ်ရာကို ယူဆောင်လာမည့် သူမဟုတ်ပါဟု ပုန်းညက်ဖြူ ခံယူပါသည်။

ကျရောက်လာမည့် အန္တရာယ်ကိုပင် သူ့ရှေ့မှ ရင်ဆိုင်ပေးလိမ့်မည်လားဟုပါ အားထားစိတ်နှင့် ယုံကြည်နေမိသည်။

"ဒီညနေ ရထားဆင်းရမှာနော်"

ထမင်းဗိုင်းကို သိမ်းဆည်းပြီး ဒေါ်အိုဇာက မေးလာသည်။

"ဟုတ်ကဲ့"

"ဒါဖြင့်လည်း တစ်ရေးအိပ်လိုက်ပါဦးလား၊ နိုးမှပဲ ရေချိုးပြီးသွားပေါ့။ ဒီကတော့ ကြို့ကြို့တင်တင် ဆင်းရမှာပဲ"

ဒေါ်အိုဇာက ပြောပြောဆိုဆိုနှင့် အိပ်ရာဖုံးကို လှစ်ခွာလိုက်သည်။ ပုန်းညက်ဖြူအိပ်ရန် ပြင်ဆင်ပေးပါ၏။

လက်ဖက်စားပြီး ပုန်းညက်ဖြူမှာ ဘာတာဝန်မှ မရှိပါ၍ ဒေါ်အိုဇာ ပြင်ပေးသော အိပ်ရာပေါ်သို့ အားပါးတရ ပစ်လှဲချလိုက်သည်။





ပုန်းညက်ဖြူ အိပ်မပျော်မီ အချိန်အထိ ဒေါ်အိုဇာ ယပ်တောင်လေး ခပ်လျက် အနားမှ ထိုင်စောင့်နေကြောင်း သိရှိပြီးနောက် သောက ကင်းမဲ့စွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မန္တလေး ဘူတာကြီး၏ သံဆန်ခါရှေ့မှာ လူများ ပြွတ်သိ တိုးကြိတ်နေကြသည်။

အဆန်အမြန်ရထားကြီးသည် အချိန်မှန်စွာပင် မန္တလေးဘူတာ သို့ ဆိုက်ရောက်လာခဲ့ပါပြီ။

"ဟာ...ဟိုမှာ ညို့"

"ဟော...အထက်တန်းတွဲက ဆင်းလာပြီ"

"လာဟေ့၊ ညို့ပါလာတယ်။ သွားကြည့်ရအောင်"

"ဟယ်...ညို့က လှလိုက်တာ"

"ရုပ်ရှင်ထဲမှာထက် အပြင်က ပိုလှတယ်"

ညို့၏ ပရိသတ်များက ပုန်းညက်ဖြူကို ကျော်ဖြတ်တွန်းတိုး ပြီး ညို့လာရာလမ်းမှ ပိတ်ဆီး စောင့်ကြည့်နေကြသည်။

"ညို့"





အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။

ဝါလွင်သော ခေါင်းစည်းပဝါပါးလေးကို ဆံပင်တိုပေါ်မှ အုပ်စည်း၍ အနားစလေး နှစ်ဖက်က ဝဲဘက်ပခုံးပေါ်တွင် လွင့်နေသည်။ ငွေရောင် ဆန္ဒင်းမကောင်းကွက် နားကွင်းကြီးနှင့် မိတ်ကပ်ပါးပါး လှလှလေးနှင့် မျက်တောင်တုနှင့်။

အဝါရောင် တောက်တောက် စလင်းဘက်(က်)နှင့် မြင့်လွန်းသော မလေးရှား ဒေါက်ဖိနပ်ကလည်း အဝါရောင်...

ညို့၏ အင်္ကျီပါးပါးလေးအတွင်းမှ ဓာဘရာစီယာက ပြည့်တင်းမို့မောက်လွန်းသော ရင်သားများကို မလုံမလဲ အုပ်မိုးထားသည်။

ထဘီနှင့် အင်္ကျီအနက်တို့ကြားမှ လှစ်ခနဲလှစ်ခနဲ ပေါ်သွားသော ခါးသားဝင်းဝင်းလေးက သေးသေးသိမ်သိမ်...

ဒေါက်နှင့် ချုပ်ထားသော ဖောင်ကောင်ပိုးသား ထဘီ နက်အောက်မှ တင်သားက ပြည့်တင်း ဝန်းဝိုက်နေသည်။

ညို့၏ ကိုယ်လုံးမှာ မြင်ရသူ စိတ်ပင်ပန်းလောက်အောင်ပင် လှပလွန်းနေသည်။

ယင်းအလှများကိုလည်း သူက ပေါ်ပေါ်လွင်လွင် ဖြစ်အောင် ဖော်ကြူးထား၏။

အပြစ်ဆိုစရာမရှိအောင်လည်း လှသည်။

ခြယ်သမှုကလည်း လိုက်ဖက်သည်။

မိတ်ကပ်လိမ်းခြယ်ခြင်းမှာလည်း ဝါရင့်နေပေပြီ။

သို့ပါသော်လည်း ညို့၏ မျက်နှာမှာ တင်းမာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နက်ဝန်းက စူးရှလွန်းသဲ့သည်။

နှုတ်ခမ်းကို တင်းတင်းတည်တည် စေ့ထားသည်။ အပြုံး
သည်များ အရိပ်အယောင်လေးမှ နားခို ကပ်ညိမနေပါပေ...

"မေမေရေ...ဒီမှာ ပုန်းညက်"

ပုန်းညက်ဖြူက လူကြားထဲမှ အော်၍ ခုန်ပေါက်ပြီး လ
မြှောက်ပြရသည်။

မဟုတ်လျှင် သည်လူအုပ်ကြားမှာ မလွယ်...

ညို့မှာ သူ့ကို မြတ်နိုးစွာ ကြည့်နေကြသော လူကြားထဲ
အတင်းတိုးဖောက်ထွက်လာပြီး ပုန်းညက်ဖြူ၏ လက်ကို လှမ်း
ဆွဲဆုပ်လိုက်သည်။

"ကားပါတယ် မဟုတ်လား၊ သွားကြစို့"

လူကြားထဲမှ သားအမိနှစ်ယောက် လက်တွဲလျက် ထွက်
သည်။

သားအမိသာ ဆိုပါသည်။ သားအမိအရွယ် မဟုတ်သလို
အထက်တန်းကျောင်းသူ ပုန်းညက်ဖြူနှင့် ညီအစ်မလား ထင်မှ
ရအောင် ညို့က နုပျိုလှပလွန်းနေပါ၏။

အပြင်တွင် မြတ်မင်းမောင်က သူ့ဂျစ်ကားနှင့် အဆင်သ
စောင့်နေပါ၏။

"ပုန်းညက် တက်"

ညို့က လောဆော်၍ အရင်တက်ခိုင်းသဖြင့် ပုန်းညက်ဖြူ
အရင်တက်ပြီး မြတ်မင်းမောင်၏ ဘေးတွင် ထိုင်လိုက်မိလျှင်ပင်





"နောက်ကိုသွား သမီး...လာ မောင်လွှမ်းနိုင်"

ညို့စကား ကြားလေမှ ညို့၏ နောက်တွင် အတူကပ်လျက်
ပါလာသော လူချောတစ်ဦးကို မြတ်မင်းမောင်ရော ပုန်းညက်ဖြူပါ
ကြည့်မိကြသည်။

"ကိုလွှမ်းနိုင်"

သူက တေးရေးသူ၊ ဇာတ်ညွှန်းရေးသူ၊ ရုပ်ရှင်သရုပ်ဆောင်
ဖြစ်ရန် ကြိုးပမ်းနေသူ။

ပြီးတော့ ညို့၏ အတွင်းရေးမှူး။

"ညို့ ကျွန်တော်တို့ ဘယ်လာတွေ့ရမလဲ"

ကားစက်နှိုးလေမှ တိုက်ပုံအင်္ကျီအနက်နှင့် အမျိုးသား ခပ်
ဝဝကြီးတစ်ဦး အူယားဖားယား ပြေးလျက် ရောက်လာသည်။

"ဦးအောင်ကြီးက 'ထွန်းလှ'မှာ တည်းမှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ညို့လာတွေ့မယ်လေ"

"ဟိုကား ရိုက်ဖို့က ဘယ်တော့လောက် စ..."

"အို...ညို့ လာတွေ့ပါ့မယ်ဆိုမှ"

"ကောင်းပါပြီ...ကောင်းပါပြီ"

"စက်အဖွဲ့သားတွေက ဦးစောငြိမ်း စတူဒီယိုမှာ တည်းကြမှာ
မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်နဲ့ အမြဲ အဆက်အသွယ်ရှိနေ
မှာပါ။ ကားရိုက်ဖို့ အဆင်သင့် စောင့်..."



www.burmeseclassic.com

www.burmeseclassic.com



"ညို့ လာခဲ့ပါမယ်လေ၊ ကဲ...မြတ်မင်းမောင်၊ မောင်း"

စကားစ မပြတ်ပဲ ကားကို ငေးလျက် မျက်နှာပျက်ပြီး ထွ... ရစ်သော လူကြီးကို ပုန်းညက်ဖြူ မြင်နေရသည်။

နောက်ခန်းမှာ ပုန်းညက်ဖြူနှင့် စုစုထွေး။

ရှေ့မှာ မြတ်မင်းမောင်ဘေးက ညို့၊ ညို့နှင့် ကပ်လျက်... ကိုလွှမ်းနိုင်။

ပုန်းညက်ဖြူမှာ ဝမ်းနည်းလာသလို ခံစားရသည်။

အားကိုးတကြီးနှင့် မျှော်လင့်စောင့်စားနေခဲ့ရသော ကိုယ့် မိခ... ဘေးတွင် ကိုယ်ကပ်ခွင့် မရှိရသည့်အဖြစ်ကို ဝမ်းလည်း နည်းသည်... မိတ်ဆွေသစ်များဖြစ်သော စုစုထွေးနှင့် မြတ်မင်းမောင်တို့ အပေါ်... တွင်လည်း ရှက်နေမိပါ၏။

"ပရိုဂျူဆာဆိုတာ သူတို့စီးပွားပဲ ကြည့်တယ်။ ဒီမှာ ခရီး မ... လာရတဲ့အထဲ"

"အင်းလေ"

"မညို့ အနားယူပါဦး။ စိတ်ရောလူပါ အပန်းပြေမှ အလုပ်... ပါ။ အလကား သူတို့ ငဲ့မနေနဲ့"

"မငဲ့ပါဘူး။ အကယ်ဒမီ မင်းသမီးမို့ ငမ်းငမ်းတက် လိုက်နေ... တာ သိသားပဲ။ ဦးအောင်ကြီးဆိုတာက ဦးဖျံကြီးလေ။ ဟင်း... ဟင်း... မညို့နဲ့ကျမှ ကျွတ်နေတာ။ ပညာအပြတ်ပြပစ်လိုက်ဦး... မယ်"

"ဟုတ်တယ်။ သူတို့ကို လုပ်ပေးမှ"





ညို့၏ နောက်တွင် တစ်ဦးတည်းသော သမီးလေး ရှိနေပါလားဟုများ သတိမထားနိုင်လောက်အောင် ဖြစ်နေလေပြီလား...

ညို့နှင့် ပုန်းညက်ဖြူ၏ ကြားတွင် ချိတ်ဆက်လက်တွဲဖို့ မမီကမ်းဖြစ်နေရလေအောင် ကိုလွှမ်းနိုင်သည် ကြားဝင်၍ ခြားထားလေသလား။

"မြတ်မင်းမောင်ရဲ့ ဖေဖေ့ဆန္ဒအတိုင်း မညို့နဲ့ မညို့ရဲ့ အတွင်းရေးမှူးပဲ လိုက်လာပါတယ်။ အားလုံး ကျန်ခဲ့တာ အမြင်ပဲနော်"

"ဟုတ်ကဲ့ပါမင်ဗျ"

"ဦးလွန်းဘော်ရဲ့ ဆန္ဒကို မညို့ ဘာမှ မဆန့်ကျင်ပါဘူး မြတ်မင်းမောင်"

ပုန်းညက်ဖြူ အံ့သြရပါပြီ။

ကိုလွှင်ထွန်း ပြောကြားစဉ်က မေမေသည် ဦးလွန်းဘော်၏ ဆန္ဒကို ဆန့်ကျင်ပြီး သူ့အဖွဲ့သားများနှင့်အတူ ပုန်းညက်မြို့သို့ ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်ထားခဲ့သည်။

ယခုတော့...

အားလုံးပေါ်မှ ကျော်မည်ဟူသော မေမေ၏ ဝါဒသည် ဦးလွန်းဘော်၏ ဆန္ဒအောက်တွင် မှုန်ဝါး ပြယ်လွင့်ရပါပြီကော။

"ပုန်းညက်ဖြူ"

ညို့က နောက်သို့ မကြည့်ဘဲ ခေါ်လိုက်သည်။

"ရှင်...မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်အိုဇာဆိုတာ ဘယ်လိုမိန်းမကြီးမျိုးလဲ"

"သရဲမကြီး၊ စုန်းမကြီးလိုပဲ"

"ဟင်…"

ညို့က အံ့သြဟန်ပြုပြီးမှ…

"ဦးလွန်းဘော်က ကလေးအတွက် ဘာကြောင့် ဒါမျိုးကြီး ရွေးထားရတာလဲ။ မေမေထည့်ပေးတဲ့ ဦးကောင်းဖိက ဘာမှ မပြော ဘူးလား"

"ပြောပေမယ့် မရပါဘူး"

"သမီး သိပ်ကြောက်နေရင်တော့ ဦးလွန်းဘော်နဲ့ မေမေ ဆွေးနွေး ယူပါ့မယ်"

"ခုတော့လည်း မကြောက်တော့ပါဘူး"

"ဟင်…"

"သမီးကို သိပ်ပြုစုလို့ သနားတောင် သနားလာပါပြီ"

"ဟင်… အပြောင်းအလဲကလည်း မြန်လှချည်လား ပုန်းညက် ရယ်။ ဒီမိန်းမကြီးနဲ့ မနေချင်ဘူး၊ ရန်ကုန်ပြန်တော့မယ်၊ လာခေါ် ပါဆိုလို့ မေမေ့မှာ အလုပ်တွေ ကြားက လာခဲ့ရတာ"

ညို့က စိတ်ညစ်သွားသလို ဆိုပါ၏။

"အဘွားကြီးနဲ့ ပြေလည်မှု ရပြီဆိုပေမယ့် ပုန်းညက်မြိုင် သာကြီးမှာ မနေချင်ပါဘူး၊ သိပ်အောက်တာပဲ"

"ဒါတော့ ဘယ်ဖြစ်မလဲ။ ညည်းအဖေက ညည်းဖို့ ပေးခဲ့တာ ရအောင် ယူထားမှ ဖြစ်မှာပေါ့"





ညို့၏ အသံက မာလာသည်။ ကွယ်လွန်သူ ခင်ပွန်းသည် အပေါ်တွင်လည်း မကျေနပ်သံလေးများ ရောယှက်နေသည်။

ဇနီးသည်အတွက် ဘာတစ်ခုမျှ မထားခဲ့ပါဘဲ သမီးလေး အတွက်ချည်းသာ စီစဉ်ခဲ့သော ဦးမြင့်ထိုက်။

စုစုထွေးနှင့် မြတ်မင်းမောင်ထံမှ စကားသံ တစ်လုံးမျှ ထွက် လာကြပါသော်လည်း၊ သူတို့နှစ်ဦးလုံး အခွင့်သင့်တိုင်း ညို့ကို လှမ်း ကြည့်ကြည့်နေကြသည်။

ညို့၏ စကားများကြောင့် သူတို့ပါ ညို့ကို ကြောက်လာကြ သလို ရှိပါ၏။

သူတို့၏ မျက်စိထဲတွင် ညို့၏ အလှများသည် မှေးမှိန် လာ သည်။ မာန်တင်းလွန်းသော မျက်ဝန်းများနှင့်၊ မာကြော ပြတ် တောင်းသော စကားသံများသည် ညို့၏ အလှကို ခြေဖျက်ပစ်နေ သည်ဟု သူတို့ ထင်မြင်လာမိကြသည်။

"ငါ့အမေနဲ့ တိုင်ပြောမယ်"

"ငါ့အမေ လာမှ နင်တို့ သိမယ်"

ဟူသော မိခင်အားကိုးစိတ်နှင့် အပေါင်းအသင်းတို့ အလယ်တွင် ကြွားဝါဝင့်ကြွားတတ်သော ကလေးငယ်တစ်ယောက်လို…

ပုန်းညက်ဖြူမှာ သည်ရိပ်သာကြီးနှင့် သည်ဒေါ်အိုဇာကို မနှစ် မြို့စိတ်နှင့် မိခင်ဖြစ်သူကို အမြန်မှာပြီး ဖြေရှင်းခိုင်းမည်ဟု ကြုံးဝါး ထားရာမှ…

"ဟင်း…"



www.burmeseclassic.com

www.burmeseclassic.com



အားလျော့ သက်ပြင်းများ ချရပါပြီ။

မြတ်မင်းမောင်ကို ပုန်းညက်ဖြူထက် အရင်သိနှင့်သည်ဟု ထားပါတော့။

ယခုမှ လိုက်လာသော စုစုထွေးနှင့်မှ မိတ်ဆက်ပေးခွင့်မရ။

သူတို့ကို အားနာခြင်းနှင့်အတူ အားငယ်စိတ်ပါဝင်လာ သည်။

ညို့သည် ကိုလွှမ်းနိုင်ဆိုသော သူ့အတွင်းရေးမှူးနှင့်သာ ဘော ချင်းကပ်ထိုင်ရင်း တစ်လမ်းလုံး စကားတွေ မနားတမ်း ပြောလာ လိုက်သည်မှာ ပုန်းညက်မြိုင် တည်းခိုရိပ်သာသို့ ရောက်သည် အထိ...။

❋



## အခန်း (၉)

ပုန်းညက်မြိုင်သို့ ညို့တို့ လှမ်းဝင်မိသည်နှင့် Cliff Richard ၏ Devil Woman တေးသံက ဆီးကြိုနေနှင့်သည်။

She's just a devil woman...
with evil on her mind...
Beware the devil woman...
She's gonna get you...
She's just a devil wowan...
with evil on her mind...
Beware the devil woman...
with evil on her mind...
Beware the devil woman...
Beware the devil woman...



www.burmeseclassic.com

www.burmeseclassic.com



တေးသွားက ဤနေရာတွင်သာ ထပ်ကျော့ ထပ်ဆိုဖြစ်နေသည်။

အားလုံး အမှတ်တမဲ့ဖြစ်နေချိန်မှာ ညို့က ပခုံးနှစ်ဖက် တွန့်လိုက်ပြီး နှုတ်ခမ်းကို ရွဲ့၍ ပြုံးလိုက်သည်။

"ဟင်း... ဟင်း... 'Beware the Devil Woman' တဲ့လား။ ဟား...ဟား..."

သည်တော့မှ ကိုလွင်ထွန်း မျက်လုံးပြူးသွားသည်။

သူသည် ညို့၏ အငြိုငြင်ခံချင်သူမဟုတ်။ ညို့ထံမှ ရင်းနှီးမှုကို မျှော်လင့်ကြီးစွာ စောင့်စားနေခဲ့သူပါ

ဤ မိန္ဒာမ...

ဟု အမည်ရသော အဆိုတော် Cliff Richard ၏ တေးသီချင်း တိပ်ခွေမှာ သည်နေရာတွင်ပင် ထပ်၍ ထပ်၍ ကျော့နေသည်။

ဤမိန်းမဟာ...မိန္ဒာမ

မကောင်း ဆိုးရွား ဝိညာဉ်ပူးကပ်နေသော စိတ်နှင့် မိန်းမ

ဤမိန္ဒာမကို သတိထား

မိန္ဒာ လာပြီ သတိထား

ဟူသော အဓိပ္ပာယ်ဆောင်သည့် သီချင်းကို ထပ်မံ မကြားရစေအောင် ကိုလွင်ထွန်း ထ၍ ပိတ်လိုက်ရသည်။

"ဒါ ဘယ်သူ ဖွင့်ထားတာလဲ"

"ဟို...ကျွန်တော်...ကျွန်တော် မဖွင့်ပါဘူး၊ ဘယ်သူက ဒီနေရာချည်း အသံသွင်းပြီး ဖွင့်ထားတာပါလိမ့်။ ဒုက္ခပါပဲ"





ညို့ကို အားလုံးက မကောင်းဆိုးရွား မိန္ဒာမလို ခံယူ ကြောက်ရွံ့နေကြသဖြင့် ကိုလွင်ထွန်းက သူမဖွင့်ရပါကြောင်း မျက်စိပျက်မျက်နှာပျက်နှင့် တောင်းပန်နေဆဲ ညို့က...

"ဘာလို့ ပိတ်လိုက်ရတာလဲ"

"ခင်ဗျာ..."

"နားထောင်လို့က ကောင်းနဲ့များ"

ညို့က ညို့ယူဖမ်းစားခါနီး အပြုံးများဖြင့် ပြုံးရင်း ပြောလိုက်သ၍ ကိုလွင်ထွန်းမှာ ဘာဆက်လုပ်၍ ဘာထပ်ပြောရမှန်း မသိနိုင်တော့လောက်အောင် ကြောင်သွားရပါပြီ။

"မမေ"

ပုန်းညက်ဖြူက ညို့၏ လက်မောင်းကို ဆုပ်ကိုင်လှုပ်ခေါ်ပြီး...

"အစ်ကိုမောင်နဲ့ စုထွေးတို့ ပြန်တော့မယ်တဲ့"

"သြော်...ဟုတ်လား။ ပြန်ကြတော့မလို့လား"

ညို့က ခြေချိတ်ထိုင်ရင်း သည်မျှသာ ပြောပြီးမှ...

"သြော်...မြတ်မင်းမောင်"

"ခင်ဗျာ"

"ဒီညတော့ လာမတွေ့ပါရစေနဲ့။ မနက်မှပဲ လာခဲ့ပါရစေတော့ ဦးလွန်းဘော်ကို ပြောလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျ"

ပုန်းညက်မြိုင်ရိပ်သာ၏ ပြင်ပသို့တိုင် ပုန်းညက်ဖြူ လိုက်ပို့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်၊ အစ်ကိုမောင်တို့အတွက် ဘာကိုမှ အားမနာပ
နဲ့ ညီမရယ်။ ပုန်းညက်ရဲ့ မေမေကို ကြိုပေးခွင့်ရတဲ့အတွက်သ
ဝမ်းသာပါတယ်။ ညီမလည်း ဝမ်းသာနိုင်ပါစေ"

ဟူသော စကားကို ကြင်နာခြင်းများနှင့် ညင်သာစွာ ပြော
လာ၍ ပုန်းညက်ဖြူ မျက်ရည် ဝိုင်းသွားမိသည်။

"အို...ငါ့ရင်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ အစ်ကို
မောင် ဘယ်လိုလုပ် သိသွားပါလိမ့်"

"သွားမယ်နော်၊ ပုန်းညက်လိုရင် ဖုန်းဆက်လိုက်နော့်"

"ကောင်းပါပြီ စုတွေးရယ်"

ပုန်းညက်ဖြူ၏ အားနာဟန်နှင့် မဲ့နေသော မျက်နှာလေး
သူတို့၏ ကြင်နာခြင်းအပြည့် ပါရှိသော အပြုံးလိုက်လိုက်များဖြ
နှုတ်ဆက် ချေဖျက်ပေးသွားရှာသည်။

"အို...မေမေဟာ..."

ဖျော့ရည်ဖန်ခွက်ကိုင်ရင်း ကိုလွှမ်းနိုင်နှင့်အတူ သောက်
နေသော ညို့...

"ပုန်းညက် အပေါ်တက်နှင့်။ ဒေါ်အိုဇာဆိုတာနဲ့ မေမေ လာ
တွေ့မယ်"

"ဟုတ်ကဲ့"

ပုန်းညက်ဖြူမှာ မိခင်စကားကို နာခံစွာဖြင့် အပေါ်သို့ နှ
လျှစွာ တက်လာရတော့သည်။

"ဟဲလို...မန်နေဂျာကြီး"





လက်ဆန့်တန်း၍ ခေါ်ယူလိုက်သော ညို့၏ နားသို့ ...

ကိုလွင်ထွန်း ရောက်လျှင်ပင်။

"ညို့အတွက် သီးသန့်ခန်းလေး လုပ်ပေးမါ"

"ခင်ဗျာ...ဪ...ဟုတ်ကဲ့...ဟုတ်ကဲ့၊ အဆင်... အဆင်
သင့်ပါ"

ပုန်းညက်ဖြူမှာ အပေါ်သို့ ရင်ဆို့ မောဟိုက်စွာ ပြေးတက်ခဲ့ရ
ပါပြီတည်း။

"အို...ကလေး...ကလေး"

ငိုရင်း ပြေးဝင်လာသော ပုန်းညက်ဖြူကို ဒေါ်အိုဇာက အလန့်
သန့် အထိတ်ထိတ်ဖြင့် ဆီးပွေ့လိုက်သည်။

ခါတိုင်း မထိတွေ့ဖူးကြ။

ဒေါ်အိုဇာကို ရှုံလှပါသည်ဆိုသော ပုန်းညက်ဖြူမှာ ဒေါ်အို
ဇာ၏ ရင်ခွင်မှာ မျက်နှာအပ်လျက် အားကိုးတကြီး ဖက်တွယ် ငိုရှိုက်
နေပါတော့သည်။

"ဟင်...ဘာဖြစ်လာလဲ၊ ဘာဖြစ်လို့လဲကွယ်၊ သမီးလေး မေမေ
ရောက်လာဘူးလားဟင်"

ဒေါ်အိုဇာ၏ အသံက တုန်နေသော်လည်း အရင်လို မထုံထိုင်း။
အထိတ်ထိတ်အလန့်လန့်ဖြင့် မြန်မြန်ဆန်ဆန် မေးလိုက်သည်။

"ပါ...လာ...ပါတယ်"

"ဟင်...ဒါနဲ့၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လာလဲ ပြောပါဦး ငိုပါနဲ့
ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက…မေမေက"

ပုန်းညက်ဖြူမှာ ရှိုက်လိုက်ပြီးမှ…

"ပုန်းညက်ကို အရေးမလုပ်ဘူး ကြီးကြီးရဲ့"

ထိတ်လန့်လွန်းခြင်းကြောင့် ကြောက်စရာကောင်းသည်ထက် ကောင်းနေသော ဒေါ်အိုဇာ၏ မျက်နှာမှာ သိသာစွာ ပြန်လည် ကြည်လင်လာသည်။

"သြော်…ကလေးဆန်လိုက်ပါဘိ ကလေးလေးရယ်"

ဒေါ်အိုဇာက ပုန်းညက်ဖြူကို ပွေ့တွဲပြီး အိပ်ရာပေါ်တွင် ထိုင်စေသည်။ တန်းမှ စတုရန်းပုံ မျက်နှာသုတ်ပဝါငယ်လေးကို ယူ၍ မျက်နှာနုနုလေးမှ မျက်ရည်ဥများကို ကြင်နာယုယစွာ သုတ်ပေးနေရှာသည်။

ယနေ့သည် ဒေါ်အိုဇာနှင့် ပုန်းညက်ဖြူတို့ နှစ်ယောက်၏ ရင်တွင်းမှ အကြင်နာများကို စင်တင်ခွင့်ရသလို ပြသထိတွေ့ရသော နေ့…"

"ကဲ…တိတ်ပါကွယ်၊ တော်ကြာ ပုန်းညက်မေမေ တက်လာရင် ငိုနေတာ တွေ့သွားပါဦးမယ်"

"တွေ့ပစေ"

"အို…ဒီလို မဆိုးနဲ့လေကွယ်၊ ကိုယ့်မေမေများ ခရီးပန်းလာရှာတယ်"

"အမယ်လေး…ဟိုမှာ အပန်းဖြေနေပါတယ်"

"ဟင်… အို… ဘာပဲဖြစ်ဖြစ် ကိုယ့်မိခင်ကို အပြစ်မမြင်ကောင်းဘူးကလေး"





ဒေါ်အိုဇာက စိတ်မသက်သာလွန်းသော လေသံနှင့် ပြောဆို သက်ပြင်းချပြီး ပုန်းညက်ဖြူအတွက် ညနေစာကို ပြင်ဆင်နေရှာပါ၏။

ခဏအကြာတွင်…

"ပုန်းညက်…ပုန်းညက်"

လှေကားထိပ်လောက်ဆီမှစ၍ ခေါ်တက်လာသောညို့။

"အမယ်လေးဟဲ့၊ အပေါ်ထပ်ကြီးကလည်း ရဲတိုက်ကြီး ကျနေတာပဲ။ ကျက်သရေ တုံးလိုက်တာ"

ပုန်းညက်မှာ ပြေးထွက်၍ ကြိုချင်သော အင်အားများ ကုန်ခမ်းနေရလေပြီ။

ညို့က သူ့ဘာသာသူ ဝင်လာပါ၏။

"အိုး…ဘာလို့ ငိုနေလဲ"

ညို့က ဟန်မပျက်ပါ။

"မေမေ့ကို စိတ်ဆိုးနေလား၊ ဟတ်လား။ ထစမ်းပါဦး သူဌေးရဲ့"

ညို့က ပုန်းညက်ဖြူ၏ ဘေးတွင် ဝင်ထိုင်သည်။ သမီးငယ်၏ တင်ပါးကို ရိုက်ပြီး ချစ်စနိုးဟန်နှင့် စသည်။

"မေမေ့ပစ္စည်းသေတ္တာတွေက စောစောကမှ ရောက်လာတယ်လေ၊ ရော့…သမီးဖို့ မုန့်တွေ"

လက်ဆွဲ ပလတ်စတစ်အိတ်ကြီးတစ်လုံးနှင့်အပြည့်၊ ဘီစကစ်၊ တိတ်နှင့် ပန်းသီး၊ ချောကလက်လို အကောင်းစားမုန့်များသာမက



www.burmeseclassic.com

www.burmeseclassic.com



ငါးမတ်တန် အချဉ်ထုပ်၊ အချိုထုပ်မျိုးစုံ။

သည်တော့လည်း မျက်ရည်စက်လက်နှင့် ပုန်းညက်ဖြူ ဖြ
လာရသည်။

"ကဲ…ပြောစမ်း၊ မေမေ့ကို ဘာတွေ အပြစ်တင်ချင်သလဲ ဟင်
ပြီးတော့ ဘယ်လို ညာဦးမလဲ၊ ချွဲဦးမှာလဲသမီးလေးရဲ့ ဟင်း…
ဟင်း…"

ပြုံးပြုံးလေးနှင့် ပုန်းညက်ဖြူကို နှစ်သိမ့်နေပါသော်လည်း ညို့
၏ မျက်လုံးများက တစ်ချိန်လုံး ဒေါ်အိုဇာ့ထံမှာ။

"ကဲ…သမီး မေမေ့ကို ဒေါ်အိုဇာနဲ့ မိတ်ဆက်ပေးပါဦး"

ဒေါ်အိုဇာကလည်း တစ်ချိန်လုံး ညို့ကို အကဲခတ်နေကြောင်း
ပါးနပ်လည်ပတ်လွန်းသော ညို့က သိရှိပါသည်။

"ကြီးကြီး…လာပါဦး"

ဒေါ်အိုဇာက လက်ပြင်ကုန်းသည်။ လေးစားဟန်နှင့် ဖြည်း
ညင်းစွာ လျှောက်လာ၍ သူ့ပုံစံက ကုန်းကုန်းကိုင်းကိုင်းကြီး။ သူ့
မျက်နှာပြင်မှာ မီးရောင်က အလင်းနှင့်အမှောင် ရောယှက် ထူ
ရောက်နေပါ၍…ကြောက်စရာမျက်နှာကြီးမှာ ပိုမို၍ ချောက်ချား
စရာ ဖြစ်နေတော့သည်။

ညို့သည် ထိတ်လန့်စက်ဆုပ်ဟန်ဖြင့် ဒေါ်အိုဇာကို ကြည့်နေပ
၏။

"ကြီးကြီး၊ ဒါ…ပုန်းညက်ရဲ့ မေမေ ညို့ပါ။ ဒီကြီးကြီးရဲ့ နာမည်
က ဒေါ်အိုဇာတဲ့…"





ဒေါ်အိုဇာက လက်နှစ်ဖက်ကို ဘေးသို့ သည်အတိုင်း ချရင်း
ညို့၏ ရှေ့တည့်မှာ ရပ်နေသည်။ မျက်လုံးကြီး ရွဲနေသည့်ဘက်ခြမ်း
မှာ ပေါ်ပေါ်ထင်ထင် ဖြစ်နေသည်။

ညို့မှာ ဒေါ်အိုဇာ၏ ဒဏ်ရာမရသော မျက်နှာတစ်ခြမ်းနှင့်
ဘက်တစ်ဖက်ကို အသေအချာကြည့်လိုက်ပြီး…

"အသက်ဘယ်လောက် ရှိပြီလဲ ဒေါ်အိုဇာ"

"ခြောက်ဆယ့်နှစ်နှစ်ပါ"

"အလုပ်လုပ်နိုင်သေးရဲ့လား…ကြီးလှပြီပဲ"

"ဒီလိုပဲ ဝမ်းစာအတွက်ဆိုတော့ လုပ်ရတာပေါ့ ကလေးမ
ရယ်"

"ရှင့်တာဝန်က ဘာတွေလဲ"

ညို့က ဒေါ်အိုဇာ၏ နွေးထွေးသော ဖြေသံကို မကျေနပ်ဟန်
နှင့် ခပ်ဆတ်ဆတ်မြန်မြန်မေးလိုက်သည်။

"ဒီကလေးရဲ့ စားရေးသောက်ရေးနဲ့ သူ့ခိုင်းသမျှ လုပ်ပေး
ပြီပါ"

ညို့က ဒေါ်အိုဇာကို ရဲရဲရူးရူးကြီး စိုက်ကြည့်နေသည်။ဒေါ်အို
ဇာမှာ အားငယ် ကြောက်ရွံ့စိတ်များကြောင့်လားမသိ။ စိတ်လှုပ်
ရှားစွာဖြင့် မျက်နှာကို ငုံ့ထားရှာပါ၏။

"လခ ဘယ်လောက်ရသလဲ"

"တစ်ရာနဲ့ ထမင်းကျွေးပါ"

"ရှင့်ကို ဘယ်သူက ခန့်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလွန်းဘော်"

"အစကတည်းက သိတာလား"

"မသိပါဘူး"

"ဘယ်သူက ဆက်သွယ်ပေးတာလဲ"

"ဦးကုသ"

"ဘာ. ဘယ်သူ"

"ဦးကုသပါ"

"အို...ဒီအဘိုးကြီးစုတ် မသေသေးဘဲကိုး"

ပုန်းညက်ဖြူ စိတ်ပျက်ခဲ့သော ဦးကုသသည် ညို့နှင့်လည်း သိနေနှင့်ပါလား။ ညို့ကလည်း မုန်းတီးစက်ဆုပ်နေသူပါလား။

"ဒေါ်အိုဇာ"

"ဟုတ်ကဲ့ရှင့်"

"ရှင်နဲ့ ဦးကုသက ဘယ်တုန်းက သိတာလဲ"

ဒေါ်အိုဇာသည် စိတ်တည်ငြိမ်အောင် ကြိုးစားရင်း သက်ပြင်း ချလိုက်သည်။ သူ့အသံက တုန်ယင်နေလေပြီ။

"အင်းဝ ဘုန်းကြီးကျောင်းမှာ ဆုံကြတာပါ။ သူက သနား ဆိုပြီး ဦးလွန်းဘော်ဆီ ပို့ပေးတာပါ"

"ဦးကုသအကြောင်း ဘာတွေ သိသလဲ ဟင် အဘွားကြီး"

"သူဟာ သူဌေးကုန်းက ဦးအောင်သာတို့ရဲ့ ခြံကြီး စောင့် ပေးနေရတဲ့ အဘိုးကြီးတစ်ယောက်ဆိုတာပဲ သိပါတယ်"

"ဟင်း...ဟင်း...ဦးကုသ ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေ ရှုပ် တယ်ဆိုတာ ရှင်သိမှာပါ"





"မသိရပါဘူးကွယ်"

"မညာနဲ့၊ ဦးကုသနဲ့ ရှင်နဲ့ ဘယ်လို ပတ်သက်သလဲ မှန်မှန် ပြောစမ်း"

"အို...မေမေ"

ညို့က ဒေါသနှင့် ထလိုက်ပြီး ဒေါ်အိုဇာ၏ ပခုံးကို ကိုင်လှုပ်ရင်း မေးလိုက်သည်။

ပုန်းညက်ဖြူက သူ့မေမေကို ဆွဲယူပြီး ခုတင်ဖေါ်မှာ ပြန်လည် ထိုင်စေသည်။

ဒေါ်အိုဇာ၏ မျက်နှာဆီမှ မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ဆင်းလာသည်။

ပုန်းညက်ဖြူ၏ ရင်မှ အကြင်နာစိတ်များသည် ညို့၏ ဘေးမှ ဖြတ်သန်းလျက် ဒေါ်အိုဇာ၏ထံမှာ ကျရောက် လွှမ်းခြုံသွားရသည်။

"ဒီမှာ ဒေါ်အိုဇာ"

"ရှင်"

"ဦးကုသရယ်...ရှင်ရယ်...ဦးလွန်းဘော်တို့ရယ် ပူးပေါင်းပြီး ညို့တို့သားအမိကို တစ်ခုခုလုပ်ဖို့ ကြံစည်ထားကြတယ် မဟုတ်လား..."

"အို...အို...မ...မဟုတ်ရပါဘူးရှင်"

"ဒီကိစ္စမှာ ဦးကုသပါလာတယ်ဆိုကတည်းက ဇာတ်လ ရှုပ်တော့မယ်။ ကျုပ်သိတယ်"

"အို...မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်…နင် ဘာမှ မသိဘူးနော်"

"ဘာဖြစ်လို့လဲ မေမေ"

"ဟောဒီမိန်းမကြီးဟာ အင်မတန်မှ မသင်္ကာစရာကောင်းတဲ့ မိန်းမကြီး သမီး"

"ဟင်…"

"ဒီမှာ ဒေါ်အိုဇာ…ရှင်တို့ အကြံပဲ ဦးနိုင်ပါ့မလား၊ ညို့ကို ကျော်လို့ရမလားဆိုတာ စောင့်ကြည့်ကြဦးပေါ့။ ကဲ…အခု သမီး အခန်းထဲက ထွက်သွားစမ်း။ အောက်ထပ်ကို ဆင်း၊ ချောင်းပြီး နားထောင်မနေနဲ့၊ သွား…"

ဒေါ်အိုဇာမှာ မျက်ရည်များ သုတ်လျက် အခန်းတွင်းမှ ထွက်ပြီး လှေကားထက်မှ ဆင်းသက်သွားရှာသည်။

"ပုန်းညက်"

"မေမေ"

"ဟိုဟာမကြီးကို သနားနေလားဟင်"

"အစတုန်းကတော့ မုန်းတယ်၊ ကြောက်တယ်၊ ခုတော့လည်း သမီးအပေါ်မှာ…"

"တော်စမ်း…သူ ဘယ်သူလဲ၊ သိရဲ့လား"

"ဒေါ်အိုဇာလေ"

"ဒါ…ဦးကုသရဲ့ မိန်းမ။ သေဆုံးသွားပြီလို့ ကြော်ငြာထားတဲ့ ဦးကုသရဲ့ ခက်ထန်လွန်းတဲ့ မိန်းမ၊ 'ဒေါ်မဲဇာ'ဆိုတာ သူပဲ ဖြစ်ရ မယ်၊ ကျိန်းသေတယ်"





"ဟင်"

"ဦးကုသဆိုတာရော ဘယ်သူလဲဆိုတာ သိရဲ့လား မိပုန်းညက် …နဲ့"

"ဟို…ဟို…အိမ်က"

"ညည်းအဘိုး…ညည်းအဘိုး"

"ရှင်…ဘာ…ဘာ မေမေ"

"အေး…ညည်း အဘိုးပါလို့ ပြောရင်လည်း ရတယ်။ ဒါပေ မယ့်… သွေးမစပ်ဘူး"

"ရှင်…"

"ဘာဖြစ်လို့လဲဆိုတော့ ငါ့အမေရဲ့ နောက်ယောက်ျားမို့ ငါတို့ တွေးမို့…"

"အို…"

"ဒီမှာ ပုန်းညက်၊ သမီးကို မမွေးဖွားခင်ကတည်းက ဟောဒီ …သာကြီးနဲ့ သူ့ဌေးကုန်းက တိုက်ကြီးအတွင်းမှာ လျှို့ဝှက်ထားတဲ့ ပြဿနာတွေ အများကြီး ရှိခဲ့ဖူးတယ်"

"ဒါတွေအားလုံးဟာ ပြီးဆုံး ဓာတ်သိမ်းသွားပြီလို့ ယူဆလို့ မရဘူး"

"သမီး ဖေဖေ သေဆုံးသွားပြီးမှ ပြန်လည်ရှင်သန်လှုပ်ရှား …တော့မယ်ဆိုတာ မေမေကြိုတင်သိရှိပြီးသား…"

"အားလုံးနဲ့ မေမေတစ်ယောက်တည်းနဲ့ တိုက်ပြီး ရှင်းပေး သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတိထား၊ သမီးလည်း အစစအရာရာကို အားလုံးကို သ
ထား"

"အထူးသဖြင့် ဒေါ်အိုဇာဆိုတာကို သတိထားပါ"

❋



## အခန်း (၁၀)

အောက်ထပ်တွင် အားလုံး အဆင်သင့် စောင့်နေကြသည်။

ရိပ်သာပိုင် ကားနှင့်သာ သွားရပါလျှင် ကိုလွင်ထွန်းက သူ ဆိုက်ပို့ခွင့်ရမည်။ ကားမောင်း၍ ပို့ရခြင်းဖြင့် ညို့နှင့် နီးစပ်ခွင့် ရသည်။ ညို့၏ ခင်မင်မှုကို သူရယူချင်လွန်းသူပါ။

ယင်းမျှော်လင့်ချက်များဖြင့် သူ့ဂျစ်ကားကို ထုတ်ထားသည်။ သန့်ရှင်းထားသည်။ သူကိုယ်တိုင်မှာလည်း သပ်ရပ် လှပသော အဝတ် အစားများကို ဝတ်ထားပါ၏။ စပို့ရှပ် အဖြူနှင့် ဘောင်းဘီ နီးခိုးရောင်နှင့်။ သူ့အကြည့်များက ကိုလွှမ်းနိုင်နားတွင် ထိုင်နေသော ညို့ထံမှာချည်းသာ။

ကိုလွင်ထွန်းသည် ညို့၏ အလှမှိုင်းနှင့် ညို့၏ အနုပညာ မှိုင်း ကို့အလယ်တွင် ရီဝေယိမ်းထိုးနေလေသူ။

ယနေ့ ဦးလွန်းဘော်အိမ်သို့ သွားရောက် တွေ့ဆုံကြမည်။

ပုန်းညက်ကလည်း လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညို့ကမူ ပုန်းညက်ဖြူကို မခေါ်လို။

ဒေါ်အိုဇာ လိုက်ခဲ့ရမည်ဟု ဆိုပါသဖြင့် ယခု ဒေါ်အိုဇာလည်း အောက်ထပ်မှာ ရောက်နေရသည်။ ယောဂီရောင်လုံချည်နှင့်၊ ပင်နီ ရင်ဖုံးအကျီပွကြီးနှင့် ဒေါ်အိုဇာမှာ ဆံပင်ဖြူတစ်ဝက် အနက် တစ်ဝက်မျှ ရောယှက်နေသော ဆံပင်များကို ဝါးဘီးကြီးနှင့် ပတ် ထားပြီး အခန်းထောင့်မှာ ကုပ်ကုပ်လေး ထိုင်နေသည်။

"မေမေရော ကြီးကြီးရော သွားမှာဆိုတော့ သမီး မနေခဲ့ရဲ ဘူး။ လူကြီးတွေ စကားဝိုင်းမှာ သမီးမပါပါဘူး၊ မေမေရယ်။ စုရှေ့ တို့ အစ်ကိုမောင်တို့နဲ့ နေမှာပါ။ လိုက်ခဲ့ပါရစေနော် မေမေ"

ပုန်းညက်ဖြူ၏ တင်ပြချက်ကို ညို့မငြင်းနိုင်၍ ယခု ပုန်းညက် ဖြူလည်း သွားရန်အသင့်။

အတွင်းရေးမှူးဟု သတ်မှတ်ထားသဖြင့် ညို့သွားလေရာ ပါရ မည့် ကိုလွှမ်းနိုင်ကလည်း ဖောရင်းဂျင်းရှပ် နှင့် ဖလဲနှင့် အဆင်သင့်

"ကလင်...ကလင်"

တယ်လီဖုန်းကို တာဝန်ရှိသူ ကိုလွင်ထွန်းက ပြန်ကြားရသည်။

"အမိန့်ရှိပါခင်ဗျ၊ ပုန်းညက်မြိုင် တည်းခိုရိပ်သာကပါ"

"သြော်...ဟုတ်ကဲ့...ဟုတ်ကဲ့၊ ရှိပါတယ်ခင်ဗျာ၊ စောင့်နေကြ ပါတယ်"

ကိုလွင်ထွန်းက တယ်လီဖုန်းကို လက်နှင့်အုပ်ပြီး...

"ညို့နဲ့ စကားပြောချင်လို့ပါတဲ့"

"ဘယ်သူလဲ"





"ဦးလွန်းဘော်"

ညို့က ထိုင်ရာမှ ဖျတ်လတ်စွာ ထလိုက်သည်။

ပိုးသားပျော့ပျော့ အစိမ်းရောင်တောက်တောက် ဖြောင်ကို ခါးမ်းဆက် ဝတ်ထားသည်။ လက်ပြတ်လည်ဟိုက် အကျီပါသည် ဆိုရုံ လေး၊ အသားဝင်းဝင်းများက အထင်းသား။

ညို့ အပြေးလေး လျှောက်သွားပုံက သူ့အလှများ လွင့်စဉ် ပြုတ်ကျသွားတော့မည်လားဟု မြင်ရသူများ ရင်မနေကြရသည်။

"ညို့ပါ"

"......................"

"အင်..."

"........................."

"ဒီမှာ အားလုံး အဆင်သင့် စောင့်နေကြတယ်"

"......................"

"ပုန်းညက်၊ ဒေါ်အိုဇာ၊ ညို့နဲ့ ညို့ရဲ့ အတွင်းရေးမှူး၊ အဲဒီ အုပ်စုက ကိုလွင်ထွန်းက လိုက်ပို့မလို့"

"......................"

"ဟင်... အို... ဘာဖြစ်လို့လဲ"

"......................"

"အင်းပေါ့လေ ဦးလွန်းဘော်တို့ စီစဉ်တိုင်း ညို့က လိုက်နာရ မယ့် အချိန်ကိုးရှင့်"

"......................"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ကောင်းပါပြီ။ လွှတ်လိုက်ပါ။ စောင့်နေပါတယ်"

ညို့မျက်နှာက တင်းမာသွားသည်။ တယ်လီဖုန်း လက်ကိုင်ကို ဆောင့်ချလိုက်ပြီး စောစောကထက် လှုပ်ခါစွာ ပြန်လျှောက်လာပြီး နေရာတွင် ခြေချိတ်ထိုင်လိုက်သည်။ လက်တစ်ဖက်က ကိုလွှမ်းနိုင် ထိုင်နေသည့် ကုလားထိုင်၏ နောက်မှီဆီသို့ ဆန့်တင်ထားပါ၏။

"မ...ဆေးလိပ်"

ကိုလွှမ်းနိုင်က ရေသမ် စီးကရက်ဘူးကို ပြ၍ မေးသည်။ ညို့က ခေါင်းညိတ်ခြင်း မဟုတ်ဘဲ ခေါင်းငုံ့၍ အဖြေပေးလိုက်သည်။

ကိုလွှမ်းနိုင်က ညို့၏ နှုတ်ခမ်းမှာ ဆေးလိပ်တင်ပေးပြီး ဂက်(စ်)လိုက်တာ၏ မီးညွန့်ပြာများကို ဖွင့်၍ ညှိပေးလိုက်သည်။

အားလုံး၏ အကြည့်များက သူတို့နှစ်ယောက်ထံမှာ။ ပုန်းညက်မှာ ရှက်ရှက်နှင့် အော်မေးလိုက်သည်။

"ဘာဘာ ဦးလွန်းဘော်က ဘာတဲ့လဲ"

ညို့က စီးကရက်ကို တပ်မက်စွာ ဖွာရှိုက်ပြီးမှ...

"ဘယ်သူမှ မလိုက်ရဘူးတဲ့။ ပြီးတော့ သူ့သားကားနဲ့ လာမယ်တဲ့"

"ဟင်...သမီးရော"

"သူဌေးမတော့ မပါလို့ ဘယ်ရမလဲ ရှင့်"

"မေမေရော"

"အေး...တို့ နှစ်ယောက်တည်းတဲ့"





ညို့က ဦးလွန်းဘော်ကို မကျေနပ်၍ လေသံက မာကြမ်းနေသည်။

ပုန်းညက်ဖြူကဖြင့် ပျော်သွားမိသည်။ သူတို့သားအမိ ချည်းသား။ အစ်ကိုမောင့်ကားနှင့် စုထွေးရှိရာအိမ်သို့ သွားရမည် ဆို၍ပါ။

"ဟင်း...ဟင်း...ကြောက်နေရပါလား။ ဒီနေရာမှာ ဥပဒေတွေက တယ်များပါလား။ ကဲ...အဘွားကြီး လိုက်ဖို့မလိုတော့ဘူး။ ပြန်တက်တော့"

ဒေါ်အိုဇာက တုန့်နှေးလေးကန်စွာ ထပြီး ပုန်းညက်ဖြူသို့ တစုံတစ်ခု ပြောလိုဟန်ဖြင့် ကြည့်လိုက်ပြီးမှ အခွင့်မသာမှန်း သိသွားသလို ခေါင်းလေး ငုံ့ပြီး ဖြည်းလေးစွာ ဧည့်ခန်းတွင်းမှ ထွက်သွားပါတော့သည်။

မြတ်မင်းမောင်၏ကား ရောက်လာသည့်အခါ ညို့က အရင် ထသည်။

"မ...သိပ်မကြာဘူး မဟုတ်လား"

ညို့က အဖြေမပေး။ ညှိုးမျက်စောင်းလေးသာ ကိုလွှမ်းနိုင်ထံမှာ ချန်ထားခဲ့ပြီး...

"ညို့ လိုက်သွားဦးမယ်နော် ကိုလွင်ထွန်း"

"အင်...ဟုတ်...ဟုတ်ကဲ့ခင်ဗျ"

"ကိုလွင်ထွန်းက ဒီနေရာမှာ အနေကြာသူမို့ ညို့ရိုက်ကွင်းအတွက် စင်း(န်)ရွေးချင်တယ်။ လိုက်ပို့ပေးနော်"

"ခင်ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားတစ်ဝိုက်မှာ ကိုလွင်ထွန်းနဲ့ ညို့နဲ့ စင်း(န) ရွေး ထွေ... ရအောင်။ လိုက်ပို့ပါလို့နော်"

"အာ...လိုက်...လိုက်မှာပေါ့"

ကိုလွင်ထွန်း၏ အမူအရာက ရယ်စရာကြီး။

ပုန်းညက်ဖြူ ပြုံးလျက်နှင့် ပြင်ပသို့ ထွက်ခဲ့ရသည်။ မြတ်... မောင်၏ ဘေးမှာ ဝင်ထိုင်ပါ၏။ အစွန်က ညို့။

သူတို့သုံးယောက်စီးလာသော ကားသည် စစ်ကိုင်းမြို့နှင့် ... ဝတီမြစ်ဘက်သို့ မျက်နှာမူထားသော ဦးလွန်းဘော်၏ ခြံကြီး... သို့ ဦးတည်မောင်နှင်လာပါသတည်း။

✱



## အခန်း (၁၁)

"အားလုံးသိကြတဲ့အတိုင်း ပုန်းညက်ဟာ ကျွန်မ သမီး မဟုတ်ဘူး"

"ဟုတ်ပါတယ်"

"သူ့အမွေရရေးကိစ္စအတွက် ဦးလွန်းဘော်တို့ တာဝန်ရှိသလို ဆောင်ရွက်ကြပေါ့။ ဒါပေမယ့် ညို့ရဲ့သမီး နေထိုင်ဖို့ အတွက် ညို့ပဲ စီစဉ်ပါရစေ"

"ဒီပစ္စည်းတွေ တရားဝင်လွှဲပေးဖို့ အချိန်မရောက်မချင်း ပုန်းညက်ကို ဒီမှာပဲ ထားရမှာပဲ"

"ထားတာတော့ ထားမှာပါ။ ညို့ပြောတာက ဒေါ်အိုဇာနဲ့ ထားနိုင်ဘူး။ မထားချင်ဘူး။ သမီးအတွက် တစ်ယောက်ယောက်ကို ညို့ကိုယ်တိုင် ရှာပါရစေ"

ဦးလွန်းဘော်က ပြုံးပြီး ခေါင်းရမ်းသည်။

"ဒါ မောင်မြင့်ထိုက်ရဲ့ ဆန္ဒအရပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို...ဒေါ်အိုဇာကိုထားတာ ကိုမြင့်ထိုက်ရဲ့ ဆန္ဒအ
ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဒေါ်အိုဇာကို ကိုမြင့်ထိုက် မသေခင်ကတည်းက မြင်
တွေ့ဖူးကြတယ်ပေါ့။ ဟုတ်လား"

"ဟုတ်တယ်"

"ဒေါ်အိုဇာဟာ ဘယ်သူလဲ ဦးလွန်းဘော်"

"ဒေါ်အိုဇာဟာ ဒေါ်အိုဇာပေါ့"

"ညို့ မယုံဘူး"

"မညို့က ဘယ်လိုထင်လို့လဲ"

"ဒေါ်အိုဇာဟာ အသွင်ပြောင်းထားတဲ့ တစ်စုံတစ်ယောက်
ဖြစ်ရမယ်"

ဥပဒေပညာရှင် ဦးလွန်းဘော်မှာ ညို့ကို ထူးဆန်း စူးရှသော
အကြည့်များဖြင့် စိုက်ကြည့်လိုက်သည်။

ခဏမျှ တိတ်ဆိတ်သွားကြသေးသည်။

"ဒါဖြင့်လည်း စုံစမ်းကြည့်ပေါ့။ ဒေါ်အိုဇာဟာ ဘယ်သူ
ဆိုတာ"

"ဦးလွန်းဘော် တကယ် မသိဘူးလား"

"ဒီကိစ္စတွေက ဦးနဲ့ မဆိုင်ဘူး မညို့၊ မောင်မြင့်ထိုက် ရော
လာတယ်။ သူ့သမီးလေး ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ဒီအမွေ
အားလုံး လွှဲပေးနိုင်ဖို့ စီစဉ်သွားတယ်"





"ဒေါ်အိုဇာကိစ္စ သိချင်တယ်"

"အဲ... သူ့သမီး ဆယ့်ရှစ်နှစ်မပြည့်ခင်များ သူသေသွားရင်
ဒေါ်အိုဇာနဲ့ အတူထားပါလို့ မှာသွားတယ်"

"ဒေါ်အိုဇာနဲ့ သူနဲ့ ဘယ်လို ဆက်သွယ်မိကြတာလဲ"

"အဲဒါတော့ မသိဘူး။ သူတို့ရဲ့ ဘဏ္ဍာစိုးကြီး ဦးကုသက ခေါ်
လာတာပဲ"

"ဦးလေး..."

ညို့က ဦးလွန်းဘော်ဟု ခေါ်နေရာမှ ယခင်ကလို ဦးလေး ဟု
အလန့်တကြား ခေါ်လိုက်ပြီး...

"ဒေါ်အိုဇာဟာ ဒေါ်မဲဇာပဲ မဟုတ်လား ဟင်"

"အို...ဦးကုသမိန်းမ ဒေါ်မဲဇာက သေပြီပဲ"

"သေရာက ထလာမယ်ရှင်"

"မဖြစ်နိုင်တာ လျှောက်တွေးမနေစမ်းပါနဲ့လား အမာတင်
ရယ်"

ညို့၏ ယခုနာမည် မူလနာမည်ကို ဦးလွန်းဘော်က ခေါ်
လိုက်သည်။

သူတို့သည် ရှေးယခင် 'ညို့'ဟူ၍ မဖြစ်မီကပင် ခင်မင် သိ
ကျွမ်းခဲ့သော အတွင်းသိ၊ အစင်းသိများပါတကား။

"ဦးကုသ ဆက်သွယ်ပေးသူနဲ့မှ သမီးကို ဘာလို့ အတူထား
ရမယ်လို့ ကိုမြင့်ထိုက်က စီစဉ်သွားရတာတဲ့လဲ ဦးလေးရဲ့"

"သူကိုယ်သူ သေလိမ့်မယ်လို့ ထင်လို့ နေမှာပေါ့ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဘော်က တည်ငြိမ်၍ ကျယ်လောင်သော အသံနှင့်ပြော ရင်း ညို့ကို ရူးရူးရဲရဲကြီး ကြည့်နေသည်။

"ရှင်းရှင်းပဲ ပြောကြစမ်းပါ။ ဦးလွန်းဘော်တို့က ကိုမြင့်ထိုက် ကို ညို့ တမင်သတ်ပစ်လိုက်တယ် ထင်နေကြသလား"

"မင်း ပစ်လိုက်တဲ့ ကျည်ဆန်နဲ့ မောင်မြင့်ထိုက် သေသွားရတာ တော့ အမှန်ပဲ"

"ဒါပေမယ့် ညို့မပစ်ရင် ညို့ ခုလောက်ရှိ... ကြံတောသင်္ချိုင်း မှာ ပြာဖြစ်နေပြီဆိုတာတော့ မတွက်မိကြဘူးလား"

"မောင်မြင့်ထိုက် လူမသတ်ရဲပါဘူးကွယ်"

"ဒီလို တစ်ဖက်သတ် မပြောပါနဲ့ ဦးလေးရဲ့။ သူဟာ ဝတ်ရုံ နက်ကြီး ခြုံပြီး ထက်လှတဲ ဓားကြီးကို ဆုပ်ရင်း သေသွားတာ အား လုံး ရှေ့မှာပါ။ ညို့ မကြည့်ရဲပါဘူး၊ လူတွေက ဖွင့်ကြည့်မှ 'ဟယ်'ခနဲ ဖြစ်ပြီး သူမှန်းသိကြရတာ ဦးလေးလည်း အသိပါ"

"အင်း..."

"ဒီကိစ္စတွေ ဘာမှ ထည့်ပြောနေစရာ မလိုပါဘူး၊ ညို့ အဖမ်း ခံခဲ့ရပြီးပြီ၊ တရားရုံးမှာ ရင်ဆိုင်ခဲ့ရပြီးပြီ၊ ညို့ ကွင်းလုံးကျွတ် လွတ် ခဲ့ပြီးပြီ"

"တရားဥပဒေသဘောဆိုတာကလည်း ခက်သားကွဲ့"

"ဘာကိုလဲ"

"တစ်ခါတလေ နှစ်ယောက်ကြိုစည်ထားကြပြီး တစ်ယောက် ယောက် သေသွားခဲ့ရင် ကျန်တဲ့တစ်ယောက် ပြောသမျှ ဖြစ်ရတယ်။



သူပေါ် အပြစ်ပုံချသမျှ ခံလိုက်ရတယ်။ သူက သေပြီကိုး..."

"ဦးလွန်းဘော်ရဲ့ တာဝန်ထဲမှာ ညို့ရဲ့ လူသတ်မှုကို ဖော်ထုတ် ...း ပါနေသလား"

"ညို့ရဲ့ လူသတ်မှုတဲ့လား၊ အိုး...မပါဘူး၊ ဥပဒေ ဆိုတဲ့ နေရာ ... သက်သေဆိုတာ အဓိကသော့ချက်ပဲ။ ဒီအမှုမှာ သတ်သူလည်း ...၊ သက်သေလည်း ညို့ပဲမို့ ဥပဒေနဲ့ ကင်းလွတ်သွားတာ ဦး ...နေနဲ့ ဘာမှ စွက်ဖက်စရာ မရှိပါဘူး အမာတင်"

"ဒါဖြင့်လည်း ဒီကိစ္စရပ်ပြီး သမီးအကြောင်းပဲ ဆွေးနွေးကြ ...အောင်ပါ"

"ဆိုပါ"

"သမီးကို ဦးလွန်းဘော်တို့ ဆန္ဒအရ ဒီမှာပဲ ထားမယ်။ ဒါပေ ...် ဒေါ်အိုဇာနဲ့ မထားနိုင်ဘူး"

"ပြောပြီးပါပကော... မောင်မြင့်ထိုက်ဟာ သူ့ကိုယ်သူ သေ ...်ဆိုတာ သိလို့ ကြိုတင်စီစဉ်ခဲ့တာပါဆို"

"ကဲ...ဒေါ်အိုဇာနဲ့ ညို့သမီးကို ညို့မထားနိုင်ပါဘူး ဆိုရင် ..."

"ဝတ်လုံဦးလွန်းဘော်ရဲ့ အစီအစဉ်ကို မနာခံရင် ပုန်းညက် ...က် အမွေတစ်ပြားမှ မရစေရဘူးလို့ မောင်မြင့်ထိုက်ရဲ့ စည်း ...းချက်ထဲမှာပါတာ အမာတင် အသိပဲ"

"ခက်တာပဲ။ သမီး ဆယ့်ရှစ်နှစ်ပြည့်ဖို့ကလည်း တစ်နှစ်ကျော် ...င် လိုသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိုဇာနဲ့ကတော့ ဆက်ထားရမှာပဲ၊ တခြား ဘာဆန္ဒ ရှိ သေးလဲ ပြောပါ"

"ပြောစရာတော့ ရှိနေပါတယ်။ ညို့ပေါ်မှာ ဘစ်မျိုးမြင်မှာစိုး လို့ပါ"

"ဆွေးနွေးပါ၊ ရပါတယ်"

"ညို့ ငွေသိပ်လိုနေတယ်၊ ကိုယ်တိုင် ပရိုဂျူဆာလုပ်တဲ့ ကား အတွက် ငွေက မရှိမဖြစ် လိုအပ်နေပါတယ်"

"ဒီတော့..."

"ဒီတော့ ငွေတစ်သိန်းလောက် ညို့ကို ချေးကြပါ။ ကား ဆင်ဆာ ကျပြီးတာနဲ့ ဘွတ်ကင်တွေ လက်ခံပြီး ပြန်ဆပ်ပါ့မယ်"

"ဦးမှာ ဒီလောက် ငွေသိမ်းထားလောက်အောင် မရှိပါဘူး ကွယ်"

"အို...ဦးလွန်းဘော်ဆီက ချေးတာ မဟုတ်ပါဘူး။ ပုန်းညက်ရ မယ့် အမွေထဲက ခဏလောက် လှည့်တဲ့သဘောပါ။ တကယ်တို့ အကျပ်အတည်း တွေ့နေရလို့ပါ။ အမှုက ဖြစ်လိုက်တော့ လက်ခံပြီး သား ကားတွေက မပြတ်သေးဘူး။ နောက်ထပ်လည်း ကျဲသွား တယ်။ ဒါကြောင့်ပါ"

"ဝမ်းနည်းပါတယ်ကွယ်။ မောင်မြင့်ထိုက် မှာသွားတာက သူ့ ခံစားမှုအားလုံး သူ့သမီးတစ်ယောက်တည်းသာ ရခွင့်ရှိစေရမယ်တဲ့"

"ဟင်း..."

"အားလုံး ပုန်းညက်နာမည်နဲ့ လွှဲပြီးပြီ။ အသက်မပြည့်သေးလို့ သာ..."





"ကိုယ့်မိန်းမပေါ်မှာ ဒီလောက် စေတနာနည်းတဲ့ ယောကျ်ား ညို့သတ်မိတာ နောင်တမရဘူး"

ညို့က အော်ပြောသည်။ အသံတွေက တုန်နေသည်။ မျက်နှာ ။ နီနေသည်။

အကယ်ဒမီရှော့ဖြစ်အောင် သရုပ်ဆောင်နိုင်သော ညို့၏ ဝိတ် ကားပေါ်မှ အမူအရာထက်ပင်...

ယခု ညို့၏ အမူအရာက ပိုမိုပီပြင်နေပေသေးသည်။

"ဒါဖြင့် ပုန်းညက်သေရင် ဘယ်သူရမှာလဲ"

ညို့က မွန်နေသည်။ ဦးလွန်းဘော်က တည်ငြိမ်လေးနက် စွာ...ပြုံးရင်း...

"ပုန်းညက်ဟာ ကလေးပဲ ရှိပါသေးတယ်ကွယ်။ သူ မသေ ခင်ရအောင် ဦးလေးတို့အားလုံး ပုန်းညက်ကို ခြံဝိုင်းထားပါတယ် အဘတင်"

"သိပါတယ်။ တမင် အမြင်ကတ်လို့ မေးပစ်တာပါ။ ပုန်းညက် ဟာ ညို့ရဲ့သမီးပါ"

ဦးလွန်းဘော်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ကဲ...ဒါဖြင့် ညို့က ဘာလုပ်ရမှာလဲ ဦးလွန်းဘော်၊ ဦးကုသနဲ့ ဒေါ်အိုဇာတို့ ကပြနေကြတဲ့ ဇာတ်ရှုပ်ကြီးရဲ့ ဇာတ်ထုပ်ထဲမှာ ညို့ကို ဘယ်နေရာက ထားကြမှာလဲ"

"ဘယ်နေရာကမှ နေစရာမလိုပါဘူး"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



“ညို့…ကြိုက်သလောက် နေပြီး ပြန်သွားပါ။ ကလေးကို ဒီမှာ ထားရမယ်။ သူ ဆယ့်ရှစ်နှစ် ပြည့်ပြီးတဲ့အခါကျတော့ သူ့ဒွေးမလေး ပုန်းညက်ဖြူ သူ့အမေကိုသူ ကြိုက်သလောက် ပေးလို့ ရပါပြီ”

ညို့မှာ အံကို တင်းတင်းကြိတ်ပြီး အပေါ်သွားနှင့် အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။ နဖူးပြင်ပေါ်မှ စို့နေသော ချွေးများကို တို့သုတ်လိုက်သည်။

ဒေါသများ၊ မခံချင်စိတ်များဖြင့် ညို့နှလုံးသားများ ဆတ်ဆတ်ခုန်နေသည်။

“ဒါဖြင့် တစ်ခုတော့ ကတိပေးပါ”

“ပြောပါ အမာတင်”

“ပုန်းညက်ဖြူ ဆယ့်ရှစ်နှစ်ပြည့်ပြီးလို့ ဦးလေးတို့ ဆောင်ရွက်စရာကိစ္စပြီးဆုံးသွားရင်၊ ညို့တို့ သားအမိကြား ဘာမှ ဝင်မရှုပ်ကြပါဘူးလို့”

“စိတ်ချပါ၊ လုံးဝ ဝင်မရှုပ်ပါဘူး။ ပုန်းညက်ဖြူ ဆယ့်ရှစ်နှစ် မပြည့်ခင်မှာပဲ၊ ကိစ္စတွေအားလုံး ရှင်းသွားမှာပါ အမာတင်”

✻



## အခန်း (၁၂)

ညို့သည် ပုန်းညက်မြိုင်သို့ သူကိုယ်တိုင် ဖုန်းဆက်ပြီး ကိုလွင်ထွန်းနှင့် စကားပြောသည်။ ချက်ချင်းလိုပင် ကိုလွင်ထွန်း ရှင်လန်း ားရှေ့ ရောက်ရှိလာပြီး ညို့ကို တင်ဆောင်လျက် ထွက်ခွာသွားတော့သည်။

ကားပေါ်၌ သူတို့နှစ်ယောက်တည်းသာ…။

ကိုလွမ်းနိုင်လည်း ပါမလာ။

ညို့၏ အစီအစဉ်အတိုင်းသာ ဖြစ်ပါလိမ့်မည်။

ကိုလွင်ထွန်းသည် ညို့ကို ကြိုဆို ခေါ်ဆောင်သွားရခြင်းအတွက် မှုအရာပျက်လောက်အောင် ဖြစ်နေသည်။ သူ့ ဝမ်းသာမှုကို ထိန်းသိမ်းထားနိုင်စွမ်းမရှိရှာ။

ရေဝတီ မြစ်ကမ်းနံဘေးက အစ်ကိုမောင်တို့ အိမ်ကြီးကိုလည်း ပုန်းညက်ဖြူ သဘောကျသည်။

စုစုထွေးတို့ကလည်း ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်ဖြူကလည်း နေခဲ့ချင်သည်။

ညို့ကလည်း ထားခဲ့ပါ၍ ပုန်းညက်ဖြူသည် အိမ်မှာ ကျန်ရစ်ပြီး နံနက်စာ ထမင်းကို သည်အိမ်မှာပင် စားဖြစ်သည်။

"ပုန်းညက် မှိုဟင်းကို ကြိုက်တယ်နော်။ ဝမ်းသာလိုက်တာ စားပါ...ရှေ့"

စုစုထွေးက ဝမ်းသာစိတ်နှင့် အားပါးတရ မှိုများကို ခပ်ခပ် ထည့်ပေးနေသည်။ မြတ်မင်းမောင်က

"ဟော့...ပုန်းညက် မှိုအကြောင်း သိရဲ့လား"

"ဘယ်သိပါ့မလဲ၊ ခုလို မိုးဦးကျမှာ ပေါက်တယ်၊ စားကောင်းတယ် ဒါပဲ သိတယ်"

"အေး..အစ်ကို ပြောပြမယ်၊ နားထောင်"

မြတ်မင်းမောင်က သူတို့နှစ်ယောက်ရှေ့မှာ ထိုင်စားနေရင်းက ပါမောက္ခတစ်ယောက်၏ ရင့်ကျက်တည်ငြိမ်ပုံမျိုးဖြင့် သူ့ မှိုရာဇဝင်ကို စတင်သည်။

"မှိုဆိုတာ ရုက္ခဗေဒ ပညာပိုင်းဆိုင်ရာ အခေါ်အဝေါ်နဲ့ ဆိုရင် 'အန်ဘာရဲလားမျိုးနွယ်စု'ဖြစ်တယ်"

"အန်ဘာရဲလား မျိုးနွယ်စု"

"ဟုတ်တယ်...မှိုကို အခြေခံပြီး သိပ္ပံသုတေသီတွေဟာ နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုကြပြီးတဲ့အခါမှာ လူသားတွေအတွက် ကောင်းကျိုးပြုမယ့် တီထွင်စမ်းသပ်ချက်တစ်ခု အောင်မြင်လာခဲ့တယ်"





ဓာတုဗေဒ အဓိကဘာသာရပ်ကို ယူထားသော်လည်း ရုက္ခဗေဒပညာကိုပါ လေ့လာလိုက်စားထားသော အစ်ကိုမောင်ကို ပုန်းညက်ဖြူ အထင်ကြီးစွာ ကြည့်လိုက်မိသည်။

"ဘယ်လိုအောင်မြင်တာလဲဟင်၊ ဪ... ပဲနယ်ဆလင်ဆေးဆိုတာ အဲဒီကဖော်တာ ဆိုလား ကြားဖူးတယ်"

"ဒါတော့ အစ်ကိုမောင်မသိဘူး။ အင်း မှိုဟာ အန်ဘာရဲလား မျိုးနွယ်စုဆိုတာတော့ သိပြီနော်"

"အင်း.. သိပါပြီ"

"အဲဒါကြောင့် သိပ္ပံပညာရှင်တွေဟာ တို့ဆောင်းဖို့ 'ထီး'ကို တီထွင်..."

"သွား...သူများက အဟုတ်မှတ်လို့"

"ဟား...ဟား...ဟား..."

"ကိုကိုကလည်းလေ... ပုန်းညက်ဆိုရင် စ ဖို့လောက်ပဲအကွက် ချောင်းနေတာ"

ပုန်းညက်ဖြူက မျက်နှာစူနေရသော်လည်း စိတ်ထဲတွင် ပျော်ရွှင်သွားမိသည်။

"စားနော်၊ ပုန်းညက်ကို ကျွေးချင်လို့ စုထွေးကိုယ်တိုင် အကြီးအကျယ် ချက်ထားတာ"

"စုထွေး"

"ဘာလဲ...ကိုကို"

"အကြီးအကျယ် ချက်ထားတယ်ဆို ဟိုဟင်းခွက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းခွက်လဲ"

"ဆင်သားဟင်း"

"သွားစမ်းပါ"

ရယ်မောခြင်းများဖြင့်ပင် စားမြိန်ကြသော ထမင်းပွဲကို ပြ... ဆုံးရုတ်သိမ်းလိုက်ကြရသည်။

"လာ...ပုန်းညက် ခြံထဲဆင်းကြရအောင်"

စုစုထွေး၏နောက်မှ ပုန်းညက်ဖြူ၊ ပုန်းညက်ဖြူ၏နောက်... မြတ်မင်းမောင်။

ညက မိုးရွာထားသဖြင့် ခြံထဲမှာ ရွှံ့စေးများဖြင့် စေးထ... ညက်ချော်နေသည်။

မြတ်မင်းမောင် ခူးပေးသော မိုးမာလကာသီး ပွပွကြွပ်ကြွ... ကြီးကို တဂွမ်းဂွမ်း ကိုက်ရင်း ပုန်းညက်ဖြူ ခပ်သွက်သွက် လှ... လျှောက်နေဆဲ။

"အား...အမေ့"

ပုန်းညက် ဟန်ချက်လွတ်သွားသည်။ ဘယ်လိုမှ ထိန်း၍ ... တော့။ ညာခြေက ရွှံ့စေးနှင့်ချော်လျက် ရှေ့သို့ လျှင်မြန်စွာ ထွ... သွားနှင့်သဖြင့် ပုန်းညက်ဖြူ၏ ကိုယ်လေးမှာ ပက်လက်လန် ... ကျလာသည်။

"ဟာ...ဟာ...ဟိတ်..."

ဟူသော အမှတ်မထင် အော်မိသံများနှင့်အတူ မြတ်မင်းမော... က တစ်ချက်လှမ်းခုန်ပြီး ခြေဖျားကုပ်၍ ရွှံ့ပေါ်မှာ ရပ်တည်...





...အောင် ကိုယ်ကို ထိန်းလိုက်ပြီး တစ်ချိန်တည်းမှာပင် လန်လဲကျလာသော ပုန်းညက်ဖြူ၏ ကိုယ်လေးကို လှမ်းပွေ့ဖက်ထားလိုက်သည်။

"အို...အမယ်လေး"

ပုန်းညက်ဖြူ ရုန်းသဖြင့် နှစ်ယောက်လုံး လဲတော့မလို ယိမ်းယိုင်နေလေ...မြတ်မင်းမောင်က ပို၍ တင်းကျပ်စွာ ဖက်ထားရလေ။

"ငြိမ်ငြိမ်နေ...၊ မရုန်းနဲ့လေ"

မြတ်မင်းမောင်က သတိပေးလေမှ ပုန်းညက်ဖြူ ငြိမ်သွားရသည်။ ယိမ်းယိုင်မှုလည်း ရပ်သွားသည်။ ဟန်ချက်လည်း ငြိမ် မှန်သွားပြီ။

"လာ...လာ...ဒီဘက်မှာ မြေမာရှိတယ်"

မြတ်မင်းမောင်က ပုန်းညက်ဖြူကို ဖက်လျက် တွဲလျက်ကပင် ရွှံ့စေးများ ကင်းလွတ်ရာ ကုန်းမြင့်မြင့်လေးသို့ ခေါ်လာသည်။

အဖြစ်အပျက်က စက္ကန့်ပိုင်းကျော်ကျော်၊ တစ်မိနစ် နှစ်မိနစ်ထက် ပို၍ ကြာသည်မဟုတ်ပါသော်လည်း...

"အရိုင်းမလေး၏ ရင်မှာ 'အတွေ့'ဟူသော အာရုံကို ပထမဆုံးအကြိမ် ခံစားရခြင်းမို့ နှလုံးသွေးတို့ ပွက်ပွက်ဆူဝေလေပြီလား မသိ။

နှလုံးသားဆီမှလာသော ပူလောင်ခြင်းသည် အငွေ့အဖြစ်နှင့် တစ်ကိုယ်လုံး ရှိန်းမြန့်ထွေး၍ ချွေးလေးများ စို့တက်လာသည်။

ပန်းနုရောင်ရင့်ရင့် မျက်နှာလေး ဖြစ်နေသည်မှာ ရှက်သွေးဖြာနေရသည်ကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လန့်ကြောက်ခြင်းကြောင့် ခုန်လှုပ်နေသော နှလုံးသား ခံစား မှုထဲတွင် 'သာယာခြင်း'ဆိုသော အသိစိတ်လေးပါ ရောထွေးနေ ကြောင်း ဆယ်ကျော်သက်လေး ပုန်းညက်ဖြူ၏ ရင်မှာ ခံစား ရသည်။

"လန့်သွားလားဟင် ပုန်းညက်၊ ဖြစ်ရလေဟယ်...ကိုကို လည်း အရမ်းပဲ"

"သူ...သူ လဲကျလာလို့ပါ၊ ငါသာ မဆွဲရင် ရွံ့ထဲ ကျသွားမှာ စိုးလို့"

မြတ်မင်းမောင် စကားသံတွင် ယခင်လို ဟာသမဆန်တော့ ယခင်လို ခပ်ရဲရဲမကြည့်တော့ပါဘဲ တစ်ချက်သာ မလုံမလဲ ကြည့် ပြောလိုက်သည်။

သူကြည့်လိုက်သော မျက်ဝန်းထဲမှာ ယခင်က မပေါ်ထွန်း သေးသော အရိပ်အယောင်များ ထင်ဟပ်လျက်ပါ။

"ဟုတ်ပါတယ် စုထွေးရယ်...၊ အစ်ကိုမောင်သာ မဆွဲရင် ပုန်း ညက် ရွံ့ထဲ လဲပြီ"

ကာယကံရှင် နှစ်ဦးလုံးက ကျေနပ်ကြသည် ဆိုပြန်တော့လည်း စုစုထွေး၏ ရင်မှာ ရှင်းလင်းကြည်လင်သွားရပါတော့သည်။

"ပုန်းညက် ခြေဆေးရအောင်နော်၊ လာ"

မြတ်မင်းမောင် ဦးဆောင်သွားသည့်နောက်က လိုက်ရသည် ရာဝင်စဉ့်အိုးကြီးထဲမှ ရေကို ခွက်နှင့် ခပ်ယူပြီး ပုန်းညက်ဖြူ၏ ရွံ့ နေသော ခြေခုံဖွေးဖွေးလေးပေါ်သို့ လောင်းချလိုက်ပါ၍...





"အို...နေပါစေ၊ ငရဲကြီးလိမ့်မယ်"

"ပုန်းညက်ခိုင်းတာမှ မဟုတ်ပဲ။ အစ်ကိုမောင့် စေတနာနဲ့ အစ်ကိုမောင် လုပ်ပေးတာ ငရဲမကြီးပါဘူးဗျာ"

"ဟင့်အင်း...ဟင့်အင်း...ပုန်းညက်ဘာသာ ဆေးမယ်"

သည်တော့လည်း မြတ်မင်းမောင်က ရေတစ်ခွက်ပြီး တစ်ခွက် ခပ်ပေးရှာသည်။ ထိုလိုက်လျှင် ပွဲကျသွားတော့မလောက် နုနုညိုညို ဖြူဖြူဖွေးဖွေး ခြေသလုံးသားလေးများကို မြတ်မင်းမောင် ငေးကြည့် နေမိသည်။

"ရော့...အစ်ကို ဆေးလိုက်ဦး"

မြတ်မင်းမောင်က သူ့ခြေကို ဆေးရင်း...

"ခြေထောက်သုတ်မလား။ စုထွေးကို အဝတ်ယူခိုင်းလိုက်မယ် လေ"

"နေပါစေ၊ ဒီတိုင်း ခြောက်သွားမှာပေါ့"

"ပုန်းညက် လှတာက ခြေဖျားလေးတွေအထိ လှတယ်နော်"

ရွှံ့စဉ်သွားသော ခြေချောင်းဖွေးဖွေးလေးပေါ်မှ ပုလဲရောင် ခြေသည်းလေးများကို ကြည့်ရင်း မြတ်မင်းမောင်က ပြောလိုက် သည်။

ပုန်းညက်ဖြူ၏ ရင်တွင်းသို့ ကြည်နူးသာယာခြင်း ဟူသော သေပြည်အေးလေး ဖြတ်သန်းသွားရသည်။

"စုထွေးရေ... နှီးချောဖျာကြီး သွားယူခဲ့၊ လာ ပုန်းညက်၊ ဘာကျ်နားမှာ ထိုင်ကြ ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပင်စည် စိမ်းစိမ်းမြင့်မြင့်ကြီးနှင့် အကိုင်းများ ကျဲကျဲ ရှင်းရှ ပေါက်သော လဲမှိုပင်ကြီးအောက်တွင် ထိုင်ကြဖို့ နေရာရွေးလိုး သည်။

"ကဲ…ထိုင်ကြ၊ စုထွေး လက်ဖက်သုပ် ယူခဲ့မယ်"

ဖျာခင်းပြီး စုစုထွေး အိမ်တွင်းသို့ ပြန်ဝင်သွားသည်။

"ပုန်းညက်"

"ဟင်…"

"ပုန်းညက်မေမေ ရောက်လာလို့ ပျော်နေပြီလား"

"ပျော်ပါဘူး၊ ဘာမှန်းလဲ မသိဘူး၊ မေမေတို့က ပြဿန တက်နေကြတာပဲ"

"ဟုတ်တယ်။ ဒီကိစ္စကို ကိုင်တွယ်ရတာ အစ်ကိုမောင့် အ ကြီးလည်း တာဝန်ကြီးတယ်။ ဦးနှောက်ခြောက်ရတယ်လို့ ပြော ကြားတယ်။ သြော်…အဲဒါက အရေးမကြီးဘူး"

"ဘာက အရေးကြီးလဲ"

"ပုန်းညက်ကို ဒီအမွေတွေ မလွှဲအပ်ခင်မှာ ပုန်းညက် အသက် အန္တရာယ်ကိုတောင် စိုးရိမ်ရတယ်လို့ ပြောသံ ကြားတ

မမြင်ရသော၊ ဒုက္ခမပေးနိုင်သော သရဲဆိုသည်ကိုသာ ပုန် ညက် ကြောက်တတ်သည်။ 'အန္တရာယ်'ဆိုသည်ကို မကြောက် ကြောက်ရကောင်းမှန်းလည်း နားမလည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ပုန်းညက်ရယ်၊ အစ်ကိုမောင့်ကို အစ်ကို သဘောမထားနိုင်တောင်မှ မိတ်ဆွေလိုသဘောထားပြီး အကူအ လိုရင်တောင်းနော်"





"အစ်ကိုမောင့်ကို အစ်ကိုလို ဘာလို့ သဘောမထားနိုင်ရမှာ

"ဒါဆို ဝမ်းသာစရာပေါ့"

"ပုန်းညက်ဘဝက အမြဲတစ်ယောက်တည်း နေခဲ့ရတာ၊ ပြီး တော့ မိန်းကလေး ဘော်ဒါတွေချည်း။ ဒါကြောင့် အစ်ကိုမောင်နဲ့ တွေ့ရတာ ပုန်းညက်ပျော်တယ်။ ခင်လည်း သိပ်ခင်တာပဲ"

အရိုးခံမလေး ပုန်းညက်ဖြူ၏ စကားကို မြတ်မင်းမောင်မှာ ကြည်နူးခြင်းတို့ ချယ်လှယ်ထားသော ရင်ဖြင့် ခံယူမိသည်။

"သြော်…အစ်ကိုမောင်"

"ဟင်…"

"ပုန်းညက်မှာ မောင်လေးတစ်ယောက် ရှိတယ်လို့ ပြောတယ်။ မောင်ထွန်းထိုက်တဲ့၊ အဲဒါ အစ်ကိုမောင် သိလားဟင်"

"ကြားတော့ ကြားဖူးတယ်။ အန်ကယ်ဦးမြင့်ထိုက်ရဲ့ နောက် မိန်းထောင် အမျိုးသမီးနဲ့ ရတဲ့ ကလေးတဲ့"

"ဟုတ်တယ်…ဟုတ်တယ်"

"သူ့အဘိုးအဘွား ဆုံးသွားတော့ မိုးကုတ်ဘက်မှာ ပျက်စီး နေသလိုလို ကြားတယ်။ အသေအချာတော့ မသိဘူး"

"အဲဒီ မောင်လေးကိုလည်း တွေ့ရမယ်၊ အစ်ကိုမောင်က ပုန်း ညက်ဖြူရဲ့ အစ်ကိုအရင်းဖြစ်မယ်ဆိုရင် သိပ်ပျော်မှာပဲနော်။ ပုန်း ညက်ဘဝမှာ အဲဒီလို အစ်ကိုတွေမောင်တွေနဲ့ နေချင်လိုက်တာ"

"အစ်ကိုမောင်ကလည်း ပုန်းညက်ဘဝရဲ့ လိုအပ်ချက်မှန်သမျှ တွေကို ဖြည့်ပေးချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်သော မျက်ဝန်းချင်း ထိခတ်ရာမှ ဖူးပွင့်လာ အပြုံးလေး တစ်စုံ...

စုစုထွေး၏ ရေနွေးကြမ်းနှင့် လက်ဖက်ကို စားကြရင်းလ မျက်ဝန်းချင်းက မကြာခဏ ထိခတ်မိကြသည်။ သည့်အခါတွင်လ မလုံမလဲ အပြုံးလေးများက ငုံဖူးလာကြပြန်သည်သာ။

"ဦးကုသတောင် ရောက်လာပြီ"

"ဟုတ်လား၊ အဲဒီ အဘိုးကြီးကို ပုန်းညက် မုန်းတယ်"

"အမယ်...သူက ညို့နဲ့ တွေ့ချင်လို့တဲ့၊ ဘဘကတောင် ဘာလိုလဲလို့ ပြောနေသေးတယ်"

"ဟုတ်လား"

"ညို့က သိပ်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီး၊ သိပ်လည်း တယ်။ အဲ...ပုန်းညက် စိတ်မဆိုးနဲ့နော်"

"ဘာကိုလဲ"

"မာနလည်း ကြီးပုံရတယ်။ အဲဒီလို မြင့်မြတ်တဲ့ မိ တစ်ယောက်ကိုများ သူလို ခြံစောင့်အဘိုးကြီးက တွေ့ချင် သတဲ့...ဟင်း...ဟင်း..."

"မဟုတ်ဘူး စုထွေးရဲ့။ ဦးကုသနဲ့ မေမေက တခြားလူ မ ဘူး"

"ဘယ်လို"

"မေမေ့ ပထွေး"

"ဟယ်"

စုစုထွေး ပါးစပ်လေး ပွင့်ဟသွားသည်။





မြတ်မင်းမောင်ကလည်း အံ့သြလွန်းစွာ ပုန်းညက်ဖြူကို ကြည့် သည်။ သူတို့နှစ်ယောက် အံ့သြပုံချင်း တူညီသော်လည်း အခြေခံ ကြောင်းရင်းချင်းက မတူညီကြ...

စုစုထွေးက တကယ်မသိသူ။

"ပုန်းညက်ဖြူကို ဒါတွေ ဘယ်သူက ပြောတာလဲ။ ဖေဖေက စ်ကိုမောင်ကိုတောင် မပြောရဘူးလို့ ပိတ်ထားတာ"

"မေမေကိုယ်တိုင်က ပြောတာ"

"ဟင်..."

"ဖေဖေတို့ ဖြစ်စေချင်တာက အတိတ်ဟောင်းက အကြောင်း တွေရော၊ လက်ရှိ ပုန်းညက်မြိုင်ကိစ္စနဲ့ သူဌေးကုန်းက ခြံကြီး ကြောင်းပါ၊ ပုန်းညက်ကို ဘာမှ မသိစေချင်ကြဘူး။ ညို့ဟာ ကြောင့် ပြောရတာပါလိမ့်"

"ဒီလို အစ်ကိုမောင်"

"အင်း..."

"မေမေက ဒေါ်အိုဇာကို မသင်္ကာဘူး။ မေမေ့အမေနဲ့ မရ ာ ဦးကုသဟာ ဒေါ်မဲဇာဆိုတဲ့ အဘွားကြီးရဲ့ ယောကျ်ား"

"အစ်ကိုမောင်တို့ သိတယ်လေ"

"အခု ဒေါ်အိုဇာဟာ...ဟိုတုန်းက ဒေါ်မဲဇာလို့ မေမေက ထင် တယ်။ မေမေ့စိတ်မှာ သံသယတွေ ဝင်နေလို့ ပုန်းညက်ကို အစစ ရာ သတိထားဖို့ပြောကြားရင်းက ပြောပြတာ..."

"ဒေါ်မဲဇာ သေတာ ကြာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ သေတာလဲ"

"အဲဒါတွေတော့ အစ်ကိုမောင်တို့လည်း မသိမီခဲ့ဘူး၊ ပုန်း ညက်ရယ်။ ကြားဖူးတာပဲ ရှိပါတယ်"

"ဟုတ်တယ်၊ ဘဘဦးလွန်းဘော်က စုထွေးတို့ကိုလည်း မှာထားတယ်။ ပုန်းညက်ကို ဘာမှ မပြောရဘူး။ စကားမရှုပ်ရဘူးတဲ့"

"စိတ်ရှုပ်ပါတယ် စုထွေးရာ"

"ပျော်ပျော်နေပါ။ အစ်ကိုမောင်တို့ ကူညီမှာပေါ့"

"ဒါဖြင့် အစ်ကိုမောင် သိတာတွေ ပြောပြ"

"အစ်ကိုမောင်ကိုယ်တိုင် ဘာမှ မသိသေးတာ"

"ဟင်…အစ်ကိုမောင် လျှို့တာ"

"မလျှို့ပါဘူးကွာ၊ တကယ်ပါ"

လူကြီးတို့ချင်းပင် ရှင်းမရနိုင်အောင် ရှုပ်ထွေးဆဲ ပြဿနာများကို မေ့လျော့ပစ်လိုက်ကြကာ တခြားသော စကားများဖြင့် လက်ဖက်ဝိုင်းကို မြိုင်ဆိုင်စေသည်။

ရက်ကန်းစင်တွင် ချည်မျှင်များ ယှက်သွယ်၍ အထည် ရက်ရန် စတင် စင်တင်ပြီးသည်နှင့် ကြိုးကလေးများ ကူးစက် ယှက်သွယ်၍ နိုင်မြဲအောင် ရက်လုပ်သည်သို့ပင်…

သံယောဇဉ် ကြိုးမျှင်လေးများဖြင့် မေတ္တာချို့ထည်ကြီး ပြီးစီးအောင် ရက်လုပ်တော့မည့် ပုန်းညက်ဖြူနှင့် မြတ်မင်းမောင်တို့၏ သံယောဇဉ် ကြိုးမျှင်လေးများ စတင် စင်တင်သောနေ့…

✻





မြတ်မင်းမောင်မှာ မိခင်မရှိ၊ သားအဖနှစ်ယောက်တည်း။ ချောင်လည်ရုံသာ၊ မချမ်းသာ။

စုစုထွေးမှာ မုံရွာတစ်ဖက်ကမ်း ယင်းမာပင် ဇာတိဖြစ်သည်။ ဦးလွန်းဘော်၏ ညီအရင်းမှ မွေးဖွားသူ၊ မိသားစုများသည် ဖခင် သေဆုံးသွား၍ ဘကြီးအရင်းထံ လာရောက်ခိုလှုံရင်း ကျောင်းနေရမှ သူလည်း ဆယ်တန်း…

ဤအိမ်တွင် ဦးလွန်းဘော်၏ တပည့်နှစ်ယောက် ရှေ့နေပေါက်စများနှင့် ထမင်းချက် အဒေါ်ကြီးတို့သာ ရှိကြသည်။

စုစုထွေးမှာ အလိုက်သိတတ်သူမို့ အိမ်ပေါ်-ပြေးတက် အလုပ်ကူညီပေးလိုက်၊ ပုန်းညက်တို့နား လာလိုက်နှင့် သူ အလုပ် ရှုပ်နေသည်။ ယခုတစ်ပတ် သူပြန်ဆင်းလာချိန်တွင်…

"ဘဘခေါ်နေတယ်။ အပေါ်တက်လာကြတဲ့"

ခြံတွင်းမှ အိမ်ပေါ်သို့ အပြန်လမ်းတွင်…

"ညနေမှ ပြန်ပါလား ပုန်းညက်ရယ်…ဖေဖေ့ကို ပြောပါ လားကောင်"

"ပုန်းညက်လည်း ဒီမှာ ပျော်ပါတယ်။ ပြောကြည့်ပါ့မယ်၊ အစ်ကိုမောင်သာ ညနေကျ လိုက်ပို့နော်"

မြတ်မင်းမောင်က စကားသံမထွက်နိုင်လောက်အောင် ကြည်နူးမှုများနှင့် ပီတိဆီးလျှက် ပြုံးပြုံးကြီးသာ ခေါင်းညိတ်ပြရှာသည်။

သို့ပါသော်လည်း သူတို့နှစ်ဦး၏ ဆန္ဒ မပြည့်ဝခဲ့…

"ကဲ သား…ပုန်းညက်ကို ပြန်လိုက်ပို့တော့။ စုစုထွေးလည်း လိုက်သွား…"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းမောင်က ပုန်းညက်ဖြူသို့ မျှော်လင့်စွာ ကြည့်လိုက်သည်။

တကယ်တမ်းကျတော့လည်း ပုန်းညက်ဖြူမှာ သူတို့နှစ်ဦး ၏ ရင်တွင်းမှ တူညီသော ဆန္ဒများကို မဖွင့်ထုတ်ရဲတော့ပါ။

မြတ်မင်းမောင်ကသာ...

"ပုန်းညက်က စုထွေးနဲ့ နေချင်သေးတယ်တဲ့ ဖေဖေ"

"မဖြစ်ဘူးသား...ခုပဲ ဖုန်းလာတယ်၊ ပုန်းညက်ဖြူကို ပြန် ပို့လိုက်ပါတော့တဲ့။"

"ဘယ်သူကလဲ"

"ပုန်းညက်အတွက် တာဝန်အရှိဆုံးဆိုတဲ့ ပုဂ္ဂိုလ်က..."

"အဲဒီပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ ဘဘ၊ ပုန်းညက်သိပါရစေ"

"ပုန်းညက်ဖြူရဲ့ အရင်းနှီးဆုံး ဆွေမျိုးပါ၊ အချိန်တန်တော့ သိရမှာပေါ့ကွယ်"

"အို...ပုန်းညက်သိချင်တယ်"

"ဘဘမှာ ပြောခွင့်မရှိလို့ပါ"

"အဲဒီလူက ဘယ်မှာနေတာလဲ၊ ဘယ်ကဖုန်းဆက်တာလဲဟင်"

ဆန္ဒစောလွန်းစွာ မေးနေသော ပုန်းညက်ဖြူသို့ ဦးလွန်းဘော်က တည်ငြိမ် ကြင်နာစွာ ကြည့်လိုက်ပြီး...

"မန္တလေးကပါ...သူက မန္တလေးမှာ နေတယ်၊ ဘဘကို ဒီထက် ပိုမမေးပါနဲ့တော့ကွယ်။ ကဲ...ကဲ...သွားကြတော့..."

စုစုထွေးကို မခင်လို့တော့ မဟုတ်ပါ။ စုစုထွေး ပါရှိလာခြင်း





အတွက် မြတ်မင်းမောင်ရော ပုန်းညက်ဖြူပါ ကျဉ်းကျပ်သလို ရှိနေသည်။

သည်လိုနှင့် ပုန်းညက်ဖြူ မပျော်ပိုက်ရာ ပုန်းညက်မြို့သို့ ရောက်ရှိလာခဲ့ရတော့သည်။

ယခုအချိန်ထိ...

ကိုလွင်ထွန်းနှင့် ညို့တို့ ရိပ်သာသို့ ပြန်လည် ရောက်ရှိမလာကြသေး။

"အစ်ကို လာလည်ဦးနော်"

"ပုန်းညက်လည်း ဖုန်းဆက်နော်"

စသော သံယောဇဉ် စကားလေးများ သွယ်မျှင်လျက် နှုတ်ဆက် ပြီး ခွဲခွာကြသည်။

ပုန်းညက်ဖြူကို စိတ်ပူစိုးရိမ်စွာဖြင့် မျှော်လင့်တကြီး စောင့်နေရှာသော ဒေါ်အိုဇာမှာ ပုန်းညက်ဖြူကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုရှာပါသတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ညို့နှင့် မနေ့က ခွဲခွာပြီးသည်မှစ၍ နောက်တစ်နေ့ ဖြစ်လာသော ယနေ့ နံနက်ဦးထိ ပုန်းညက်နှင့် မဆုံရသေး။

"ပုန်းညက်အိပ်နေတုန်း မေမေတက်လာသေးလား"

"သူကိုယ်တိုင်လည်း အိပ်ရာက မနိုးသေးဘူး"

"မေမေ ပုန်းညက်ပေါ်မှာ သိပ်ရက်စက်တာပဲနော်"

"အို… ကိုယ့်မိခင်ကို ဒီလို မပြောရဘူးလေ။ ညို့မှာ ပြဿနာတွေ ရှိတယ်။ တွေဝေ တွေးတောစရာတွေ များတယ်၊ ဒါကြောင့် ကလေးကို့ ဥပက္ခာပြုထားသလိုဖြစ်နေတာ့ ခွင့်လွှတ်လိုက်ပါ။ ညို့ဟာ ကလေးကို ချစ်ရှာပါတယ်"

"မေမေ ပုန်းညက်ကို ချစ်တာ ကြီးကြီး ဘယ်လိုလုပ်သိလဲ"

"သြော်…မိခင်ဆိုတာ ကိုယ့်သားသမီးပေါ်မှာ လှိုက်လှိုက်လှဲလှဲချစ်ကြတာချည်းပဲပေါ့ကွယ်"

"ဖေဖေရှိတုန်းကဆို ပုန်းညက်ကို သိပ်ဂရုစိုက်တာပဲ"





"သြော်…"

"ပုန်းညက်ကိုလည်း သိပ်ချစ်တာပဲ"

"အင်း…"

"ဖေဖေဟာ မေမေ့ကို ဘာလို့ သတ်ဝစ်ချင်ရတာလဲ မသိဘူးနော်"

"ဟင်…ဒါနဲ့ ညို့က သတ်ပစ်တာဆို…"

"အားလုံးအမြင်မှာတော့ ဒီလိုပေါ့။ ဒါပေမယ့် မေမေသာ မပစ်မိရင် ဖေဖေက မေမေ့ကို ဓားနဲ့ ထိုးသတ်မှာ ကြီးကြီးရဲ့"

ယင်း အကြောင်းအရာကို ကြားရလေသူတိုင်းထံမှ မြင်တွေ့ခဲ့ရဖူးသော သံသယမျက်ဝန်းများဖြင့်ပင် ဒေါ်အိုဇာက ပုန်းညက်ဖြူကို ငေးကြည့်နေသည်။ နှုတ်ကဖြင့် ဘာမှ ဝင်ဝေဖန်ချက် မပေးပါ။

"ကြီးကြီး"

"ဟင်…"

"မေမေ ဘာလုပ်နေလဲ သွားကြည့်ပေးစမ်းပါ"

"ကြည့်ရုံပဲလား၊ ဘာပြောပေးရမလဲဟင်"

"ပုန်းညက် နိုးနေပြီလို့လာတွေ့စမ်းပါလို့၊ အို…ဒီလို ပြောရင် စိတ်ဆိုးချင် စိတ်ဆိုးသွားမှာ"

"ကောင်းပြီ၊ ကလေးက လာတွေ့စေချင်နေပါတယ်လို့… ကြီးကြီးအနေနဲ့ပဲ ကြားဝင်ပြောပေးမယ်လေ။ သူ စိတ်ဆိုးရင်လည်း ကြီးကြီးကိုပဲ ဆိုးပစေပေါ့…"

ဒေါ်အိုဇာ ထွက်သွားသောအခါ ဖွယ်ဖွယ်ရာရာ ပြင်ထားသော နံနက်စာကို ပုန်းညက်ဖြူက ဆက်လက် စားသောက်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာမှာ ညို့အပေါ်သို့ တက်လာ၍ သူ့သမီးလေးကို တွေ့စေလိုသော ဆန္ဒနှင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"အို…ညို့တို့ ဘာဖြစ်နေကြပါလိမ့်"

ရိပ်သာ၏ ဆင်ဝင်အောက် ဂျစ်ကားဘေးတွင် ဖြစ်ပါ၏။

ကိုလွင်ထွန်းက ကားပေါ်မှာ…စတီယာရင် နောက်မှာ၊ ညို့က အောက်မှ ရပ်လျက်…

ညို့ဘေးတွင် ကိုလွှမ်းနိုင်…

ကိုလွှမ်းနိုင်မှာ အသားဖြူသူမို့ ဒေါသသွေးတို့ ဆူဝေနေသော သူ့မျက်နှာနီနီကြီးကို အလွယ်တကူ မြင်သာနေရသည်။

"ကျွန်တော် မပါရင် မမညို့ သွားကို မသွားရဘူးဗျာ"

"မမှာ ပြဿနာတွေ တက်နေရတဲ့အထဲကွာ…၊ နေခဲ့စမ်းပါဆိုနေမှ…"

"မနေဘူးဗျာ"

"မောင်မောင်နော်၊ မင်း ညို့အကြောင်း သိတယ်မဟုတ် လား"

"သိတယ်…သိတယ်…သိလွန်းလို့ ခက်နေတယ်။ လွှမ်းနိုင်ကို ခေါ်ရင် ခက်သွားမယ်နော်"

"မောင်မောင်"

"လုပ်မနေနဲ့။ ထားရဲထားခဲ့ကြည့်။ မောင်မောင် သိသမျှ တွေ…"

"ကဲ…ကဲ…လာ အခန်းထဲ ကြွစမ်းပါဦး၊ ကိုလွင်ထွန်း ခဏလေး နော်"





ကားပေါ်မှ ကိုလွင်ထွန်းကို လက်ကာပြပြီး ကိုလွှမ်းနိုင် ၏ လက်ကို ဆွဲလျက် အောက်ဆုံးထပ်ရှိ ညို့၏ သီးသန့် ဧည့်ခန်းတွင်းသို့ ဝင်သွားကြသည်။

ဒေါ်အိုဇာမှာ ဘာမှ မပြောသာတော့ပါ၍ လှေကားကွေ့လေးမှာ ခပ်ကွယ်ကွယ် ရပ်စောင့်နေရပါ၏။

မကြာပါ။ အချိန် ဘာမှ မကြာလိုက်ပါ။ ဆယ်မိနစ်မျှလောက်သာ။

ညို့က အခန်းတွင်းမှ သွက်လက်စွာ ထွက်လာသည်။

ကိုလွှမ်းနိုင်က စောစောကပုံမျိုး မဟုတ်တော့။ မာန်ကျိုး သွားလေပြီ။

မျှော်လင့်ခြင်း ကင်းမဲ့ရာအရပ်သို့ သွားနေရသူတစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် သူ လေးကန်စွာ လှမ်းထွက်လာသည်။ သူတို့ အိပ်ခန်းရှိရာ အလယ်ထပ်သို့ ဒေါ်အိုဇာ ဘေးမှ ဖြတ်လျက် တက်သွားသည်။

ဒေါ်အိုဇာကိုမြင်သော်လည်း သူသိပုံမရ၊ သူ့စိတ်အာရုံတို့သည် သူ့ကိုယ်မှ ဖယ်ခွာလျက် လွင့်ပြန့် ပြေးခွာသွားနေပုံ ရ၏။

ညို့ကမူ…

ကြော့ကြော့လေးပင် ကိုလွင်ထွန်း၏ဘေးမှ ဝင်ထိုင်လျက် သူတို့ကား ထွက်သွားကြလေပြီ။

ဒေါ်အိုဇာ ဘာမှ ပြောခွင့်မရလိုက်တော့။

"ဩော်…ညို့သည် ကိုလွှမ်းနိုင်လို သန်စွမ်း ဖျတ်လတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်လွယ်သော လူငယ်လေးကိုပင် ချက်ချင်း ညှိုးကျသွားအောင်...

ညှို့သည် ညှို့သွားခဲ့လေပြီတည်း။

❋

"နံပါတ်သုံးလား။ အင်း...သူတို့ ထွက်သွားကြပြီ။ သူ့ဓွေးကုန်းကိုတဲ့။ လိုက်သွား...ဒါပဲ"

တယ်လီဖုန်းဆက်သူ၏ တီးတိုးသံကို ဒေါ်အိုဇာကောင်းစွာကြားလိုက်ရသည်။ အံ့ဩစိတ်ကြောင့် ဘာမှ မလှုပ်ရှားနိုင်မီ သူက ဒေါ်အိုဇာဘက် လှည့်လာသည်။

လူငယ်တစ်ဦးပါပဲ။ ဆံပင်ရှည်ရှည်နှင့် နေကာမျက်မှန် တပ်လျက်...။

ပထမ သူ မျက်နှာပျက်သွားသည်။ ဒေါ်အိုဇာသို့ တစ်စုံတစ်ခုပြောကြားတော့မည်ပြုပြီးမှ ခပ်တင်းတင်းပင် အောက်ထပ်သို့ ဆင်းသွားသည်။

"ရုတ်တရက် ဆုံးဖြတ်ချက်ချရဲ့သူ လူငယ်လေးမှာ ဘယ်သူများပါလိမ့်"

ညှို့နှင့် ပတ်သက်သည်ကတော့ အမှန်။

ညှို့၏ မိတ်ဆွေလား။

ညှို့၏ ရန်သူလေလားသာ မကွဲပြား။

ဒေါ်အိုဇာ့အတွက် ညှို့၏ကိစ္စက ကိစ္စမရှိ။ သူ တာဝန်ယူထားရသော ပုန်းညက်ကိုသာ စိတ်မဆင်းရဲအောင် ဘယ်သို့ ဖြေရပါ့မလဲ ဟူသော အတွေးများဖြင့် လှမ်းတက်လာရသည်။ ဒေါ်အိုဇာကို ပုန်းညက်ဖြူက လှေကားထိပ်မှ စောင့်ကြည့်ရင်းက...

"မေမေက ဘာပြောသွားလဲဟင်"

"အင်..."

"မေမေထွက်သွားပြီ။ ကားနဲ့။ ပုန်းညက်မြင်လိုက်တယ်"

"ကြီးကြီး မမီလိုက်တော့ဘူး"

"ဟာ...ကြီးကြီးဆင်းသွားတာ ကြာပြီပဲ"

"ဟို...မီး...မီးဖိုထဲ ခဏဝင်မိလို့"

"ကြီးကြီးက သိပ်ညံ့တာပဲ"

ပုန်းညက်ဖြူက ငြူငြူစူစူပြောရင်း အခန်းတွင်းသို့ ဝင်သွားတော့သည်။

ဒေါ်အိုဇာမှာ သူ့အပြစ်ဖြစ်သွားရသည့်အတွက် သူတို့သားအမိကြားတွင် ဘာပြဿနာမှ မဝင်သည့်အဖြစ်ကို ကျေနပ်စွာ ခံယူသော အသွင်သဏ္ဌာန်များဖြင့် စားပြီးသား ပန်းကန်များကို သိမ်းဆည်း နေရှာပါ၏။

"လူရှုပ်နေလား၊ ဖုန်းဆက်ချင်လို့"

"မရှုပ်ပါဘူး။ ခုန တစ်ယောက်ပြောပြီး ဆင်းသွားပြီ။ ဘယ်ကို ဆက်မှာလဲဟင် ကလေး"

"ဘဘ ဦးလွန်းဘော်အိမ်"

"ဟင်..."







www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမကြိုက်၍ ဦးလွန်းဘော်ကို တိုင်ပြီး အလုပ် ထွက်ခိုင်း တော့မလို့လားဟူသော စိုးရိမ်စိတ်ကြောင့် ဒေါ်အိုဇာ မျက်နှာလေး ငယ်သွားရှာသည်ဟု ပုန်းညက်ဖြူ ထင်လိုက်မိပါ၍...

"ဟျင်းလို့ အစ်ကိုမြတ်မင်းမောင်ဆီ ဆက်မလို့ပါ"

"ဖြည်းဖြည်းဆင်းနော်"

သုံးနှစ်ရွယ်လေးကို သတိပေးသလိုပြောရင်း အလယ်ထပ် ပုန်းညက်ဖြူ ဆင်းသွားသည်အထိ လိုက်ကြည့်နေရှာသော ဒေါ်အို ဇာမှာ ပြန်လှည့်ဝင်လာပြီး...

ပုန်းညက်ဖြူ...အလယ်မှ အနှစ်များသာ ဝိုက်ကော်စားသွား ကျန်ရစ်သော အနားသားအကာ ကြွက်ဥကြော် ခြောက် ခြောက် မနေ့က ကျန်သော ထမင်းကြမ်းခဲလေးကို မနက်စာအဖြစ်နှင့် ထို စားနေသည်။

"မြတ်မင်းမောင် မန္တလေးတက္ကသိုလ်သို့ ကျောင်းတက် သွားပြီ"

ဟူသော အဖြေကြောင့် ချက်ချင်းလိုပင် ပြန်တက်လာသော ပုန်းညက်ဖြူမှာ နောက်ဖက်ခန်း ကြမ်းပြင်တွင် ထိုင်ခုံလေး ထမင်းကြမ်းထိုင်စားနေသော ဒေါ်အိုဇာသို့...

"အို...ကြီးကြီးကလည်း ဟင်းတွေ ထည့်စားလေ၊ ဘာ နှယ်... ပုန်းညက် ကျန်တဲ့ ကြွက်ဥကြော်ကို စားနေရတာလဲ"

"ရပါတယ် ကလေးရယ်၊ ဗိုက်ပြည့်သွားရင် ပြီးတာပါပဲ"

"ဟာ...မဟုတ်သေးပါဘူး၊ ကြီးကြီးကို ကြည့်ရတာ ပုန်းညက် သနားလာပြီ"





"သနားလာပြီ"

ဆိုသော စကားသံလေးသည် ဒေါ်အိုဇာ၏ မျက်နှာပြင်သို့ အပြုံးများ တင်ပေးလိုက်သည်သို့ပါ။

ဒေါ်အိုဇာ၏ ရုပ်သွင်မှာ မြင်ရစလောက် အရုပ်မဆိုးတော့။

ရှုံ့ရှာစိတ်နှင့် ကြည့်စဉ်က ကြောက်စရာအသွင် မြင်ရပါသော် လည်း...

ကြင်နာစိတ်နှင့် ကြည့်သည့်အခါ ဒေါ်အိုဇာ၏ အမြင်ဆိုးများ သွင့်ပြယ်ရလေပြီ။

စေတနာကောင်းခြင်း၊ ကြင်နာတတ်ခြင်း ဟူသော စိတ်နှလုံး အကြည်ဓာတ်များသည် ဒေါ်အိုဇာ၏ မျက်နှာတွင် ဟပ်ထင်နေပါ ၏။

"ကြီးကြီး"

"ရှင်..."

"ခု ကြီးကြီး ဘာလုပ်မလို့လဲ"

"ဘာခိုင်းချင်လို့လဲ"

"ပြောစမ်းပါ၊ ဘာလုပ်မှာလဲလို့"

"ထမင်းဟင်း ချက်ပြီးပြီ၊ ကလေးရဲ့ အဝတ်လေးတွေ လျှော်ဖို့ ပါတယ်"

"ဟာ...မလျှော်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ပုန်းညက် အားနာတယ်။ တစ်ယောက်ယောက်ကို ခိုင်းပါ။ မို...အားနာတယ်လို့ ပြောတာ မှားတယ်။ ကြီးကြီးကို သနားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မလျှော်နဲ့နော်”

ဒေါ်အိုဇာက နှစ်မြိုက်စွာ ပြုံးရင်း ခေါင်းညိတ်ပြရှာသည်။

“ကဲ... အဝတ်မလျှော်ရရင် ကြီးကြီး ဘာလုပ်ပေးရမယ်ပြော...”

“ပုန်းညက် ပျင်းတယ်”

ဒေါ်အိုဇာက ပြုံးရုံမကတော့၊ ရယ်မောလျက်...

“ပြောလေ၊ ပုန်းညက် ပျော်အောင် ကြီးကြီး ကဲ ဘာလုပ်ပေးရမှာလဲလို့”

“ဒီလိုလုပ်မယ်”

“အင်း...”

“ကြီးကြီးနဲ့ ပုန်းညက် လျှောက်လည်ရအောင်”

“ဘယ်ကိုလဲ”

“မန္တလေးတက္ကသိုလ်ရောက်ဖူးလား”

“အထဲတော့ မရောက်ဖူးဘူး။ အပြင်ကတော့ မြင်ဖူးပါတယ်”

“အဲဒီကို သွားလည်ရအောင်”

ဒေါ်အိုဇာက တည်ငြိမ်စွာ ပြုံးလိုက်သည်။ မြတ်မင်းမောင်ထံ သူသွားလိုခြင်း ဖြစ်ပါ၏။ ဤနေရာနှင့် မန္တလေးသည် အဝေးကြီး။ မန္တလေးတက္ကသိုလ်သည် အကျယ်ကြီး ဆိုသည်ကို သည်ကလေး မတွေးတတ်။

မြတ်မင်းမောင်နှင့် တွေ့လိုစိတ်သာ သူ့မှာ ရှိနေသည်။

“ဘယ်ဖြစ်မလဲ ကလေးရယ်။ ပုန်းညက်မေမေက ဖြစ်ဖြစ် ဦးလွန်းဘော်ကဖြစ်ဖြစ် လိုက်ပို့လိုက်ပါဆိုတဲ့ အမိန့်ရမှ ကြီးကြီး





လိုက်ပို့လို့ ဖြစ်မှာပေါ့ကွယ်”

“ဒါဖြင့် ပုန်းညက် ဘာလုပ်ရမှာလဲလို့”

ဒေါ်အိုဇာက ပြုံးလျက် ပုန်းညက်ဖြူကို ကြည့်လိုက်ပြီး...

“ကလေးက ဒီအခန်းထဲမှာ နေရတာကို စိတ်ကျဉ်းကျပ်တယ်လို့ ထင်နေတာ မဟုတ်လား”

“အင်းပေါ့”

“ဒါဖြင့် ခြံထဲရယ်၊ ရေဝတီ ရေချိုးဆိပ်ရယ်အထိတော့ သွားလို့ရမယ်ထင်ပါတယ်”

“ဟာ...အဲဒီမှာ ရေချိုးရရင် ကောင်းမယ်”

“မဟုတ်တာကွယ်”

“ဒါဖြင့်လည်း လမ်းလျှောက်ကြရအောင်”

“ကောင်းတယ်။ ကလေး အဝတ်လဲ။ ကြီးကြီး ထုတ်ပေးမယ်၊ အနီးနားမှာဆိုတော့ ညို့ပြန်လာရင်လည်း မြင်သာနိုင်တာပေါ့ကလေး”

မှန်တင်ခုံရှေ့မှာ အမြန်နည်း၊ အကျဉ်းနည်းဖြင့် အလှပြင်နေသော ပုန်းညက်ဖြူကို ဒေါ်အိုဇာ ငေးကြည့်နေမိသည်။

ဖူးပွင့်စ ပန်းဖြူဖြူလေး တစ်ပွင့်လို သန့်သန့်ရှင်းရှင်း နုနု ဦးဦးသား လှနေသော ပုန်းညက်ဖြူမှာ အပြစ်ကင်းစင်သောမျက်နှာလေးနှင့် ပြုံးလိုက်ရင်း...

“လာ...ကြီးကြီး၊ သွားစို့”

သစ်မြစ်အိုများ ယှက်ဖြာနေသလို ခြောက်ညိုရှုံ့တွန့်နေသော ဒေါ်အိုဇာ၏ မီးလောင်ပြင်လက်ကို အားပါးတရ ဆုပ်ကိုင်ပြီး ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ပုန်းညက်ဖြူမှာ မြူးမြူးကြွကြွလေး ထွက်လာပါတော့သည်။

ဒေါ်အိုဇာက အခန်းတံခါးများကို လုံခြုံအောင် ပိတ်ဆီးရ
သေးသည်။

သူတို့နှစ်ယောက် ပုန်းညက်မြိုင်၏ အလယ်ထပ် ရောက်
တွင် ခုတင်ပေါ်၌ အားလျော့စွာ ခွေအိပ်နေသော ကိုလွမ်းနိုင်ကို
အခန်းတံခါး ဖွင့်ထား၍ မြင်ကြရပါ၏။

အောက်ဆုံးထပ်တွင် လူသူများ ရှင်းတိတ်နေလေသည်
နောက်ထပ် ဧည့်သစ် လက်မခံ။ အခန်းများ ရှင်းထားပြီ။

ပုန်းညက်မြိုင်၏ ပြင်ပအရောက်တွင်ဖြင့် ကင်မရာ ကိုင်ထ
သော လူတစ်ယောက်ကို တွေ့ရသည်။

သူသည် စောစောကလိုပင် နေကာမျက်မှန် တပ်ဆင်ထား
ဆံရှည်ဝဲဝဲနှင့် တယ်လီဖုန်းစင်ဘေးတွင် ဒေါ်အိုဇာ မြင်ခဲ့ရသော
သူငယ်။

သူက ဒေါ်အိုဇာတို့ နှစ်ယောက်ကို ရှေ့တည့်တည့်မှစ၍
တိုက်။ နောက်ခိုင်းသွားသည်အထိ မျက်စိတစ်ဆုံး လိုက်ကြည့်ရ
ကျန်ရစ်ခဲ့ပါတော့သည်။

"ဒီသူငယ်ဟာ ဘယ်သူပါလိမ့်။ သူ့မှာ အကြံအစည် တစ်
တော့ ရှိတာ အမှန်ပဲ။ သူတစ်စုံတစ်ခုအတွက် ဆောင်ရွက်နေ
လည်း သေချာတယ်"

ဒေါ်အိုဇာမှာ သည်သို့ တွေးရင်း ရွှင်မြူးစွာ လျှောက်သွားသော
ပုန်းညက်ဖြူ၏နောက်မှ လိုက်ခဲ့ရပါတော့သည်။

*



## အခန်း (၁၄)

မင်းဝံတောင်တန်း၏ အထက်ဆီမှာ မိုးငွေ့မိုးစက်များ တွယ်
နားခိုနေသော တိမ်ညိုတို့သည် အစုလိုက်အအုံလိုက် ဆိုင်းဖွဲ့နေကြ
သည်။

မိုးမကြွေမီ ဖြတ်တိုက်လာသော လေသည် မိုးငွေ့မိုးမှုန်လေး
ပါရှိလာ၍ သိပ်သည်းစိမ့်မြနေပေသည်။

ရောဝတီပေါ်တွင် လှိုင်းတို့ မြူးလာပြီ။

ပြက်ပြက်ထင်ထင် မြင်ရသော စစ်ကိုင်းတံတားကြီးပင် သည်
ရာမှ ကြည့်လျှင် မှုန်ဝါးဝါးဖြစ်သွားလေပြီ။

ဝန်းကျင်တစ်ခုလုံး အုံ့ပျညိုမှိုင်းလာလေပြီမို့ ဒေါ်အိုဇာက...

"မိုးရွာတော့မယ် ပြန်ကြစို့နော်"

"ဟင့်အင်း...ပုန်းညက် မေးတာတွေလည်း အပြည့်အစုံ ပြော
ပြသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးသိသမျှ ပြောပြပြီးပြီပဲ"

"ဟင်...အဲဒါက ပုန်းညက် သိပြီးသားတွေချည်းပဲ ဥစ္စာ"

ဖြူဖြူရှုရှုလေး ပြောလိုက်ပုံက ချစ်စရာလေးပါ။ ဒေါ်အိုဇာမှ ပုန်းညက်ဖြူကို ချစ်မြတ်နိုးစွာ စိုက်ကြည့်နေသည်။ သူ့မိခင်ပေါ်တွ မဆိုးရတိုင်း ဒေါ်အိုဇာကို ဆိုးနေရှာသည်ဟု တွေးနေလေသလာ ပင်။

"ကဲ...လာပါ ကလေးရယ်။ ရိပ်သာကို လျှောက်ရဦးမယ့် အ နဲ့ဆို မိုးက လွတ်ရုံလေးပဲ ရှိမှာ...လာနော်"

"ပြောမပြဘူးဆိုရင်တော့ မိုးစိုပစေ...၊ ဒီမှာပဲ နေခဲ့မယ် ကြီးကြီးသွားတော့"

ဒေါ်အိုဇာမှာ ခွင့်လွှတ်စွာ ကြည့်လိုက်ပြီး ပုန်းညက်ဖြူ၏ လ နုနုလေးကို ဆွဲလျက်...

"ကဲ...ကဲ...လာ...ကြီးကြီး သိသမျှ ပြောပြမယ်။ ကြီးကြီး ပြ ပြတယ်လို ညို့အပါအဝင် ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော်..."

"မပြောဘူး စိတ်ချ"

"ကဲ...လာ...ဒါဖြင့် သွားကြစို့"

မိုးရွာတော့မည်မို့ ပုန်းညက်မြိုင် တည်းခိုရိပ်သာသို့ ခပ် သွ သွက်လေး လှမ်းလျှောက်ခဲ့ရသည်။

မီးလောင်ခဲ့သော ဒဏ်ရာမှအပ ကျန်းမာရေးကောင်းသေ ဒေါ်အိုဇာမှာ သူ့အသက်အရွယ်နှင့် မလိုက်ဖက်လောက်အောင်သ သွက်လက် ဖျတ်လတ်စွာ လျှောက်နိုင်ပါ၏။





မိုးသည် သူ့ကို ရှောင်ပြေးလေသော ဒေါ်အိုဇာနှင့် ပုန်းညက် ဖြူကို မမီမီအောင် လိုက်၍ ဖြန်းပက်သလို ရုတ်တရက်ကြီး ရွာချ လိုက်တော့သည်။

မိုးနှင့်အပြိုင်ပြေးပြီး မလွတ်တလွတ်လေး မိသွားသဖြင့် ကိုယ် မှာ မိုးရေစက်လေးများ သီးခိုပါရှိလာသည်ကို ပုန်းညက်ဖြူက သဘောကျနှစ်ခြိုက်စွာ ရယ်မောရင်း ပုန်းညက်မြိုင်၏ အပေါ်ဆုံး ထပ်သို့ တက်ခဲ့ရပါတော့သည်။

"ကဲ...ပြောတော့"

"အို...နေပါဦး၊ မိုးတွေ စိုနေတာ လဲပါဦး"

"ဟင့်အင်း...မလဲချင်ဘူး"

"အအေးမိကုန်မှာပေါ့ ကလေးရယ်"

ဒေါ်အိုဇာမှာ ပုန်းညက်ဖြူ၏ မျက်နှာလေးကို မော့ယူလိုက် ပြီး မျက်နှာပေါ်မှ ရေစက်များကို အဝတ်လေးနှင့် ယုယုယယ တို့ သုတ်ပေးသည်။ ဆံပင်ကို ရေသုတ်ပြီး ဟဲဒရိုင်ယာနှင့် လေပူမှုတ် ၍ ခြောက်စေသည်။ ဘလောက်(စ်)နှင့် ဘရာစီယာ ထဘီပါ လဲစေ ပြီးမှ...

"ကဲ...အိပ်ရာထဲ ခဏလှဲ၊ ကြီးကြီး ကော်ဖီပူပူလေး တစ် ခွက် ဖျော်တိုက်မယ်။ ပြီးမှ ထမင်းစားကြတာပေါ့"

"ဟာ...ကြီးကြီးကလည်း ပုန်းညက် သိချင်လှပြီဆိုမှ ဘာမှ စားချင်ဘူး"

"အေး...အေး...ခဏလေး. .ခဏလေး..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာက ကော်ဖီတစ်ခွက်ကို ကမန်းကတန်း ဖျော်ပြီး ပုန်းညက်ဖြူနားမှာ ထိုင်ရင်း ဇာတ်လမ်းစရသည်။

"ကြီးကြီးလည်း အဝတ်လဲဦးလေ"

"ရတယ်...ရတယ်..."

တဘက်ဟောင်းလေးနှင့်သာ တို့သုတ်ရင်း...

"ကြီးကြီးဟာ ...ဒီစစ်ကိုင်းခရိုင်က စည်တီးရွာ ဇာတိပဲ၊ စည်တီးတို့၊ ဆွမ်းချက်တို့ ဆိုတဲ့ ဘုရားကျွန်ရွာတွေလေ။ ဒါပေမဲ့ ခုတော့လည်း ပပျောက်ကုန်ပါပြီ။ ကြီးကြီးတို့ ညို့တို့တွေဟာလည်း ဘုရားကျွန် မျိုးဆက်တွေ မဟုတ်ကြပါဘူး"

"ဟင်...ကြီးကြီးက မေမေ့ကို သိတယ်လား"

"သိတာပေါ့ကွယ်...ကြီးကြီး အားလုံးကို သိပါတယ်"

ပုန်းညက်ဖြူမှာ အိပ်ရာက ခုန်ထပြီး ဒေါ်အိုဇာကို အနီး ကပ်ကြည့်နေလိုက်မိသည်။ ဒေါ်အိုဇာ့ထံမှ စကားများကို သူ စိတ်ဝင်စားလွန်းစွာ မျှော်လင့်နေရှာပါသည်။

"ဒါပေမယ့် ဒီလို ကလေး။ ကြီးကြီးသိတာက သူတို့ရဲ့ အကြောင်း... သူတို့ရဲ့ ပြင်ပ လှုပ်ရှားမှုတွေကိုသာပါ။ သူတို့တွေရဲ့ အတွင်းရေးကိုတော့ ကြီးကြီး သိခွင့်မရှိဘူးပေါ့"

"အင်းပါ...မေမေနဲ့ ကြီးကြီးနဲ့ သိတယ်လားဟင်၊ အရင်ရုပ် [illegible] မေမေက မှတ်မိမှာနော်"

"ဟင့်အင်း...မမှတ်မိနိုင်ပါဘူး။ သူတို့ရွာက ထွက်သွားတော့ ညို့က ငယ်ငယ်လေး ရှိသေးတာပဲ၊ ကြီးကြီးက သူ့ အမေ...သူ့အဖေများနဲ့မှ ရွယ်တူ"





"သြော်...ဟုတ်မှာပေါ့နော်၊ ပြောပါဦး"

"ညို့တို့အမေမှာ သမီးလေးနှစ်ယောက်ရှိတယ်။ သိပ် ချောတယ်"

"ကျန်တဲ့တစ်ယောက်ရော..."

"ဆုံးသွားပြီ"

"သြော်..."

"မမြို့ဟာ အဲ... မမြို့ဆိုတာ ညို့အမေ၊ ညို့ရဲ့ ငယ်နာမည်က 'အမာတင်' သူ့အစ်မက 'အမာရီ'"

ဦးလွန်းဘော်တို့ထံမှလည်း ညို့၏ အမည်သည် အမာတင်ဖြစ်င်။ ဒေါ်အိုဇာသိသည်ဆိုခြင်းမှာ မှန်ကန်သော အထောက်အထားပါ။

မမြို့က မှဆိုးမ။ ဆင်းရဲရှာတော့ အဲဒီ သူဌေးကုန်းက တိုက်ကြီးမှာ အဝတ်လျှော်၊ ရေခပ်၊ ထင်းခွဲစတဲ့ အလုပ်ကြမ်းတွေ လာလာလုပ်[illegible]းရင်းနဲ့၊ အဲဒီအိမ်မှာ အိမ်ရဲ့ လက်ပါးစေ ဆိုပေမယ့် အတော်လေး [illegible]ဇာအာဏာရှိတဲ့ ဦးကုသက ကောက်ယူလိုက်တာ"

"ဦးကုသက အဲဒီတုန်းက လူပျိုကြီးလား"

"မဟုတ်ဘူး၊ ဒေါ်မဲဇာဆိုတဲ့ အဘွားကြီးကို ကွာပစ်ပြီး မမြို့ကို ကောက်ယူလိုက်တာ"

"အဲဒီ ဒေါ်မဲဇာရော"

"မင်းကွန်းဘက်မှာ ဆုံးသွားရှာပြီ"

ပုန်းညက်ဖြူမှာ သူ့မိခင် စွပ်စွဲထားသည့်အတိုင်း ဒေါ်အိုဇာ



www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါ်မဲဇာများလားဟူသော စူးစမ်းစိတ်ဖြင့် စူးစိုက်စွာ ကြည့်လိုက်မိသည်။

ဒေါ်အိုဇာမှာ ပကတိ တည်ငြိမ်နေသည်။ ဘာအကြောင်းကို သက်သေပြရမည်မှန်း မသိသော်လည်း ပုန်းညက်ဖြူမှာ ဒေါ်အိုဇာကို စိတ်ချသည်။ သူ့စကားများ မှန်ကန်တိကျပေလိမ့်မည်ဟု ယုံကြည်နေမိသည်။

"ဦးကုသ မမြို့ကို ယူတုန်းကတော့ ညို့က ငယ်ငယ်လေး ပေါ့။ ဒီအိမ်မှာပဲ ကြီးပြင်းလာတယ်"

"အဲဒီတုန်းက ကြီးကြီးရော"

"ကြီးကြီးကတော့ စည်တီးရွာမှာပဲပေါ့။ ဒါပေမယ့် ရွာကို သူတို့ သတင်းတွေဟာ အမြဲရောက်ရောက်လာပါတယ်။ ဦးအောင်သာ တို့က မြေပိုင်ရှင် သူဌေးကြီးတွေမို့ သူတို့အိမ်က လှုပ်ရှားသမျှ ကျော်ကြားတယ်လေ"

"ဟုတ်ကဲ့"

"မမြို့ရဲ့ သမီးအငယ်ဟာ ဆယ့်လေးနှစ်သမီးနဲ့... အဲ... အဲလေ ဟုတ်ပါဘူး။ အငယ်က အမာတင်ပဲ။ ညို့ပဲ၊ အကြီး... အကြီး"

ဒေါ်အိုဇာက သူ၏ မှားယွင်းမှုကို အမြန်ဆုံး ပြင်ဆင်လိုက်သည်။ သူ့မှားယွင်းမှုသည် ပုန်းညက်ဖြူ၏မိခင် အမာတင်၏ သိက္ခာကို ကျဆင်းတော့မလိုဖြစ်သွား၍ အမြန်ဆုံး ပြန်လည် ပြင်ဆင်သည်။

"အင်း...အကြီးမက ဆယ့်လေးနှစ်နဲ့ ချစ်သူနောက် လိုက်သွားပြီး အဆက်အသွယ်ပြတ်ပြီး...နောက်တော့ သေဆုံးသွားတယ်လို့ သိကြရတယ်"



"ကဲ...ဆက်ပြောပါဦး"

"ပြောရမယ်ဆိုရင်တော့ ကလေးရဲ့ မေမေဟာ သိတဲ့ အတိုင်း သိပ်လှတယ်မဟုတ်လား၊ ဒီတော့ မောင်မြင့်ထိုက်က ကြိုက်တာပေါ့"

"ထုံးစံအတိုင်း သူဌေးသားနဲ့ အိမ်ရဲ့ လက်ပါးစေသမီး သဘောမတူနိုင်ဘူးဆိုပြီး မိုးကုတ်က သူဌေးသမီးတစ်ယောက်နဲ့ ပေးစားကြတယ်"

"ဟုတ်ကဲ့"

"အဲဒီအချိန်မှာ အမာတင့်ဆီမှာ ကိုယ်ဝန်ရှိနေပြီ။ ကလေးပေါ့။ ပုန်းညက်ပေါ့"

"အို..."

"ဦးအောင်သာတို့ဟာ ချစ်သူချင်း ခွဲပစ်ရုံတင် မဟုတ်ဘူး။ မမြို့ကိုသားအမိကိုပါ နှင်ထုတ်လိုက်တယ်"

"ဦးကုသကရော"

"သူက တကယ့်တစ်ပါးကျွန်ပဲ။ သူများမြေပါလို့ ကျွန်လုပ်နေရတယ်ဆိုတာသာ မှန်ရင် ဦးကုသဟာ ဟိုဘဝက ဦးအောင်သာတို့ရဲ့ ကြွေးမကင်းခဲ့လို့ပဲ"

"အင်း ..ပြောပါဦး ကြီးကြီး"

"ဦးကုသက လိုက်မသွားဘူးလေ။ မမြို့ရဲ့ သမီး နှစ်ယောက်လုံး မတည်ငြိမ်ဆတ်ဆော့မှုကြောင့် သူ့ပါ အပြောအဆို အမြဲအရှုံခံရတယ်ဆိုပြီး သူကပါ ဝိုင်းနှင်ထုတ်လိုက်တယ်"





www.burmeseclassic.com

www.burmeseclassic.com



"အို..."

"အမာတင်ဟာ ကလေးကို ဒုက္ခများစွာကြားထဲက မွေးဖွား ခဲ့ရရှာတယ်"

ပုန်းညက်မှာ သူမှတ်မိနိုင်သည့်အရွယ်ထိ ငယ်စဉ်က ဖြစ်ရပ်များကို ပြန်လည် တွေးဆကြည့်နေမိသည်။

"အဲ...ဒီမှာတော့ မောင်မြင့်ထိုက်ဟာ ဘွဲ့ရတဲ့အထိ ပညာသင်တယ်။ ဓနီးဆုံးတယ်၊ သူ့သားကို မိုးကုတ်ခေါ်သွားကြတယ်။ သူ့ မိဘတွေ ဆုံးတယ်။ နောက်ဆုံး သူတစ်ယောက်တည်း ကျန်တဲ့ဘဝ ရောက်တော့ ညို့ဟာ ရုပ်ရှင်မင်းသမီး ဖြစ်နေပြီ။ မောင်ထွန်းထိုက် ဆိုတဲ့ သူ့သားလေးကတော့ ဆုံးသွားရှာပါပြီ"

"ဟုတ်လို့လား ကြီးကြီး"

"ဟုတ်လို့ပေါ့။ ဒါကြောင့် အမွေတွေကို သူ့ရဲ့ တစ်ဦးတည်း သမီးလေးကို ပေးခဲ့တာ ကြည့်ပေ့ါ"

ပုန်းညက်ဖြူ တွေတွေလေး ဖြစ်သွားရပါပြီ။

"ညို့ဟာ မောင်မြင့်ထိုက်နဲ့ ပြန်ပြီး မတွေ့ခင်မှာ တခြား အိမ်ထောင်ရှိခဲ့ပေမယ့် ကလေးအတွက်... ပုန်းညက်အတွက် ငဲ့ကွက်ပြီး မောင်မြင့်ထိုက်ဟာ ညို့ကို ပြန်လက်ထပ်ဖြစ်ခဲ့တာ။ ဒီမှာ ကလေး ..."

"ရှင်..."

"ကလေးငယ်ငယ်က ဘယ်လို နေခဲ့ထိုင်ခဲ့ရတယ်ဆိုတာ ရော မှတ်မိ‌ေသာ ဟင်"





"ပုန်းညက် ငယ်ငယ်က သူများတွေနဲ့ နေရတယ်။ ဟုတ်တယ် ကြီးကြီးရယ်..."

"အင်း..."

"ပုန်းညက် နည်းနည်းလေး ကြီးတော့ အဲ... ငါးနှစ်၊ ခြောက်နှစ်လောက်ဆိုပါတော့။ အဲဒီအခါမှာတော့ ပုန်းညက်ကို သူများတွေဆီ ကနေပြီး အဘွားဒေါ်မြို့က လာခေါ်သွားတယ်"

"အရင် နေခဲ့ရတဲ့ သူစိမ်းတွေဟာ ဘယ်သူတွေလဲဆိုတာ ကလေး မှတ်မိလား ဟင်"

"သိပ်မမှတ်မိဘူး ကြီးကြီးရဲ့"

"နေရတာရော ပျော်တယ်လို့ ထင်လား"

"မပျော်ဘူးထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဘွားလာခေါ်လို့ လိုက်သွားရတဲ့နေ့ကို သိပ်ပျော်သွားတာ မှတ်မိနေတယ် ကြီးကြီးရဲ့"

"ကလေးနေခဲ့ရတဲ့ အိမ်မှာ လူတွေ အများကြီးလား"

"များတယ်ထင်တာပဲ၊ အိမ်က ကျဉ်းကျဉ်း၊ ဆင်းလည်း ဆင်းရဲပုံ ရတယ်"

"အိမ်ရှင်တွေရဲ့ နာမည်ရော မှတ်မိလားဟင်"

"အိမ်ရှင်တွေရဲ့နာမည်... နေဦး၊ ပုန်းညက် စဉ်းစားကြည့်ဦးမယ်နော်"

ပုန်းညက်ဖြူမှာ မျက်မှောင်လေးကုတ်၊ မျက်ဝန်းလေး ရွှေပြီး အတိတ်ဝေးမှုမှ ဖြစ်ရပ်များကို အရအမိ သူ ပြန်လည် စုစည်းယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာ၏ အကြည့်များ စူးရဲလာသည်။ သူ့ကိုယ်ခန္ဓာပါ တောင့်မတ် တက်ကြွလာသည်။ ပုန်းညက်ဖြူထံမှ အဖြေကိုသာ သူဆန္ဒစောစွာ စောင့်စားလျက် ရှိသည်။ သူ့လက်ရှိအဖြစ်ကို မေ့သွားခိုက် သူ၏ အဘွားအိုဟန်ပင် ပျောက်ကွယ်ပြီး လူလတ်ပိုင်းတို့၏ တက်ကြွဟန်မျိုးကို မြင်လိုက်ရသည်။

ပုန်းညက်ဖြူက တွေးနေသည်။

ဒေါ်အိုဇာက ဆန္ဒစောနေသည်။

ဘေးဘီကို သူတို့ သတိမထားမိကြ။

အခန်းဝတွင် ဦးကောင်းဇံ ရောက်ရှိနေသည်ကို သူတို့ မသိကြ။

ထူးခြားမှုများဖြင့် ပြောင်းလဲနေသော ဒေါ်အိုဇာကို ဦးကောင်းဇံ က အံ့သြစွာဖြင့် စောင့်ကြည့်နေပါ၏။ သူ့အသံ၊ သူ့ စကားများကို တိတ်တခိုး စောင့်ကြည့်ရင်း လေ့လာမှတ်သားနေမိတော့သည်။

"သတိမရတော့ဘူး ကြီးကြီးရယ်၊ ပုန်းညက်က သိပ်ငယ်သေးတယ်လေ။ အဲဒီအိမ်က ခေါ်သွားပြီးမှ ပုန်းညက် ကျောင်းတက်ရတာ"

"သူတို့ ဘာလုပ်ကြတယ်ဆိုတာရော မသိဘူးလား၊ ဥပဓာ ဈေးရောင်းသလား၊ ရုံးသွားသလား"

"ဟင့်အင်း...အဲဒါတွေလည်း မသိဘူး"

ဒေါ်အိုဇာ အားလျှော့သွားသလို နဂိုပုံစံအတိုင်း ပြန်ဖြစ် သွားသည်။ တောင့်မတ်မှုများ ပြေလျှော့သွားသည်။





"ကဲ...ပြောပါဦး၊ မမြို့က ဘယ်ခေါ်သွားလဲ"

"မေမေ့ဆီ"

"ဟင်...ဒါတော့ ညို့က ဘယ်မှာလဲ"

"ရန်ကုန်မှာ"

"အို...အစက ကလေးနေရတာ ရန်ကုန်မှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ထင်တာပဲ။ ကားအကြာကြီးစီးပြီးမှ မေမေရှိတဲ့ ရန်ကုန်ကို ရောက်တာ"

"အင်း...အင်း...ရန်ကုန်ရောက်ပြီးတော့ ဘာဖြစ်လဲဟင်"

"မေမေနဲ့လည်း မနေရသေးဘူး။ အဘွားနဲ့ တောင်ဥက္ကလာမှာ နေရတယ်။ အဘွားကလည်း ယောကျ်ားနဲ့ပဲ"

"သြော်...မမြို့က နောက်အိမ်ထောင်ပြုတယ်လား"

"ဟုတ်မှာပေါ့။ အဲဒီနှစ်က ပုန်းညက်ကို ကျောင်းအပ်တယ်။ နောက်ကျသွားလို့တဲ့ မနေရဘူး။ နောင်နှစ်မှ နေရတယ်"

"စနေကတည်းက အဲဒီ လသာ ၂ မှာ ဘော်ဒါပဲလား"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

"ကလေး...ကလေးရဲ့ ဖေဖေနဲ့ရော ဘယ်တော့မှ ပြန်တွေ့ရသလဲဟင်...ပြောစမ်းပါဦးကွယ်"

ဒေါ်အိုဇာ၏ စကားသံမှာ မောဟန်ပါနေသည်။ လောလွန်း၍ ဆန္ဒစောလွန်း၍၊ သိချင်လွန်း၍ ဖြစ်နေမှန်း ပုန်းညက်ဖြူပင် ကဲခတ်တတ်လာလေပြီ။

"ကြီးကြီးကလည်း ပုန်းညက်ကို သိချင်တာတွေ ပြောပြပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတဲ့ဥစ္စာကို ကြီးကြီးကပဲ ပြန်မေးနေပြီ"

"သြော်...ဟော်...ဟော်... ကြီးကြီးသိတာတွေ ပြောပြီးပြီကွယ်။ ကဲ...ပြောစမ်းပါဦးနော်"

ဒေါ်အိုဇာက ပြုံးရွှင်လျက် ပုန်းညက်ဖြူ၏ လက်ကလေးကို ဆွဲ၍ ချော့မော့မေးမြန်းသည်။

"ပုန်းညက် ငါးတန်းလောက်ရောက်မှ ထင်တာပဲ"

"ကလေး ဖေဖေကရော ကလေးကို ချစ်ရဲ့လားကွယ်"

"အို...သိပ်ချစ်တာပေါ့။ သမီးကို ချစ်လို့ ညို့ကို ပြန်ပြီး လက်ထပ်တာတဲ့"

"ဟင်း..."

"ဒေါ်အိုဇာက သိသိသာသာကြီးပင် သက်ပြင်းချလိုက် သည်။

"ဖေဖေက ပုန်းညက်ကို ဘော်ဒါထားတာ မကြိုက်ဘူး၊ အိမ်မှာပဲ မိသားစုအတူ ထားချင်တယ်"

"ကလေးကရော"

"နေချင်တာပေါ့၊ ဖေဖေနဲ့ မေမေနဲ့ နေချင်တာပေါ့ ကြီးကြီးရဲ့"

"အို...ကွယ်"

"ဒါပေမယ့်...မေမေကလေ...သူက ရုပ်ရှင်ရိုက်ဖို့ နယ်ထွက်တယ်။ သမီးနဲ့ အဖေနဲ့ မဖြစ်ပါဘူး။ ဘော်ဒါပဲထား၊ ဆယ်တန်းအောင်မှ ပြန်ခေါ်လို့ ပြောပြီးသား သဘောတူပြီး သားပါ"

"သမီး ဖေဖေက ညို့ရုပ်ရှင်ရိုက်တာ ကြိုက်ရဲ့လား"

"အို...ဘယ်ကြိုက်ပါ့မလဲ။ မရိုက်ပါနဲ့ ပြောပေမယ့် မေမေ





သူ့ရဲ့ အောင်မြင်နေတဲ့ အနုပညာကို မစွန့်လွှတ်နိုင်ဘူးတဲ့"

"သြော်...အဲဒါတော့လည်း ဟုတ်ပါတယ်"

"ပုန်းညက် ဆယ်တန်းဖြေပြီး ဖေဖေ...မေမေတို့နဲ့ နေရခါ နီးမှ ဒီလိုဖြစ်သွားရတယ် ကြီးကြီးရယ်..."

ပုန်းညက်ဖြူ၏ ကြည်ကြည်လွဲ့လွဲ့ မျက်ဝန်းလေးမှာ မျက်ရည်ကြည်လေးများဖြင့် ဝေသီလာသည်။ အပြင်တွင် ညိုနေသော မိုးနှင့်အပြိုင် ပုန်းညက်ဖြူ၏ မျက်နှာလေး ညိုလာသည်။ မျက်ရည်မိုးများ သွန်ကျလာတော့မလို နှုတ်ခမ်းလေးပါ မဲ့လာပါ၍...

"အို...ကလေးရယ်"

ဒေါ်အိုဇာက ပုန်းညက်ဖြူ၏ လက်မောင်းလေးကို ဆွဲထူလိုက်ပြီး...

"ကဲ...ကဲ...ဒါတွေ မတွေးနဲ့။ ကြီးကြီးလည်း မမေးတော့ပါဘူး။ ထမင်းစားကြစို့နော်၊ ကလေးကြိုက်တဲ့ ကြက်ရင်ပုံသားလေး ကြီးကြီးကြော်ထားတယ်။ လာ...လာ...ထ... ကလေး"

ပုန်းညက်ဖြူ၏ မျက်ရည်လေးတစ်စက် ကြွေသွားမည်ကို ဒေါ်အိုဇာ ကြောက်လန့်သွားပုံ ရသည်။ သည်ကလေးကို ပျော်အောင် ပြုစုဖို့ တာဝန်ယူထားရလေသူမဟုတ်ပါလား...

ချက်ချင်း ထမင်းဝိုင်းက ဖြစ်သွားသည်။ လမ်းလျှောက် ပြေးသွားခဲ့ရ၍ ဆာလောင်လာသော ပုန်းညက်ဖြူမှာ ထမင်းကို ကောင်းစွာ စားဝင်လေမှ ဒေါ်အိုဇာ သက်ပြင်းချနိုင်တော့သည်။

"သြော်...ကလေးသာသာ အရွယ်လေး မဟုတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



အခန်း၀မှ ဦးကောင်းဇံသည် ဒေါ်အိုဇာကိုသာ သဲကြီး မဲကြီး ချောင်းကြည့်ပြီးနောက် အခန်းတွင်းသို့ သူ၀င်ရောက်မလာတော့ ပါဘဲ အောက်ထပ်သို့ ပြန်လည်ဆင်းသွားတော့သည်။

ယင်းအဖြစ်ကို ဒေါ်အိုဇာ လုံး၀မသိလိုက်...

ဦးကောင်းဇံသည် ဒေါ်အိုဇာနှင့်ပတ်သက်၍ လေးလံသော သံသယများစွာကို ဤနေရာမှ သယ်ယူ၍ ပြန်လည်ဆင်းသွား ဖြစ်သည့်အကြောင်းကိုသာ ဒေါ်အိုဇာ စောစီးစွာ သိရှိခွင့်ရပါလျှင်...

❋

# အခန်း (၁၅)

"ဟေး...ပုန်းညက်"

"ဟယ်...အစ်ကိုမောင်"

မြတ်မင်းမောင်သည် ပုန်းညက်ပင်အောက်သို့ ပြေး၀င်လာ သည်။

စောစောက မိုးရွာထားသဖြင့် မြေများ သိပ်သည်းနေသည်။ ပုန်းညက်ဖြူ ထိုင်နေသော ပုန်းညက်ပင်ကြီးအောက်မှာ မိုးခြွေ၍ ကြွေနေသော ၀တ်ဆံ၀ါနှင့် ပုန်းညက်ပွင့်ဖြူဖြူများသည် ပြန့်ကြွေ နေပေသည်။ '၀ါဆိုလ' သို့ရောက်ပြီမို့ ပုန်းညက်ပန်းတို့သည် အပင် ထက်မှာ ငုံတချို့ ပွင့်တချို့ပါ။ သင်းမြသော ရနံ့လေးများက ၀န်းကျင် မှာ လွင့်ပျံ့နေသည်။

"ပုန်းညက်မြိုင် တည်းခိုရိပ်သာကြီးရဲ့ ရှေ့... ပုန်းညက်ပင် အောက်မှာ ထိုင်နေတဲ့ ပုန်းညက်ဖြူဟာ... ကြွေနေတဲ့ ပုန်းညက်ပွင့် လေးတွေကို..."





www.burmeseclassic.com

www.burmeseclassic.com



"အို…အစ်ကိုမောင့်စကားကလည်း ပုန်းညက်ချည်းပဲ"

"ဟုတ်တယ်လေ၊ ပုန်းညက်အဖြစ်က ဟို…ဘာ ပုံပြင်လို ဖြ
နေပြီ"

"ဘာ…ဘာပုံပြင်လဲ"

"ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်ကြီးကို စိုးစံတဲ့ ဘာ
မင်းကြီးဟာ ရေထဲမှာ မျောလာတဲ့ ဘာမှန်းမသိတဲ့ ဘာသီးကြီး
ဆယ်စေပြီး ဘာဓားကြီးနဲ့ ခွဲလိုက်တာ အထဲမှာ ဘာမှ မရှိဘူးတဲ့"

"ကြည့်ပါလား။ သူလာရင် မဟုတ်တာတွေက စပြီး ပြော

လှမ်းထုသော လက်သီးနုလေးကို ဆွဲယူထားရင်းက…

"တကယ်တော့ ဒီပုန်းညက်ပင်ကြီးတွေကနေပြီး ပုန်းည
ဖြစ်လာတာ"

"ဘာ…"

"သြော်…ဒီနေရာမှာ ဟိုနှစ်ပေါင်းများစွာကတည်းက ပုန်း
ညက်ပင်ကြီးတွေ အစဉ်အဆက် ရှိခဲ့တယ်။ ဒါကြောင့် ဒီစံအိမ်
ဆောက်တော့ ပုန်းညက်စံအိမ်ဖြစ်ရော၊ မူလပိုင်ရှင် မိဖုရား
အသက်ခံရပြီးနောက် ခုလို တည်းခိုရိပ်သာကြီး ဖြစ်လာတော့လည်း
ပုန်းညက်မြိုင်ဖြစ်ရော"

"ရှည်လိုက်တာ။ ဒါတွေနဲ့ ပုန်းညက်နဲ့က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ပုန်းညက်မေမေက ဒီပုန်းညက်ပင်ကြီး
အောက်မှာ ပုန်းညက်ဖေဖေနဲ့ တိတ်တခိုးချစ်ခဲ့ရတာတဲ့။ ပြီးတော့
ပုန်းညက်ကို မွေးတာ။ ဝါဆိုလ ပုန်းညက်တွေ ပွင့်တဲ့ အချိန်





ဒါကြောင့် ပုန်းညက်ဖြူဆိုတဲ့ နာမည်လေး ပေးခဲ့တာတဲ့ဗျ"

"ဒါတွေ အစ်ကို ဘယ်လိုလုပ်သိလဲ"

"ပုန်းညက်ရဲ့ ဖေဖေနဲ့ မေမေရဲ့ ကြေကွဲစရာဇာတ်လမ်းကို
အစ်ကို့မေမေ မသေခင်က ခဏခဏ ပြောပြဖူးတယ်"

"ဟင်…"

"ဖေဖေကတော့ တကယ်ပဲ။ ဘာမှကို မေးလို့ မရဘူး"

"ဘာမေးစရာလိုတော့လဲ၊ ပုန်းညက်ပင်၊ ပုန်းညက်ပွင့်၊ ပုန်း
ညက်စံအိမ် ဇာတ်လမ်းစုံတွေ သူသိနေပြီပဲ"

"ပုန်းညက်"

"ဟင်…"

"ပုန်းညက်ရဲ့ ဖေဖေနဲ့ မေမေတို့ ငယ်ငယ်က ချစ်စကား လေး
တွေ' ဆိုခဲ့ကြတာလည်း ဒီပုန်းညက်ပင်ကြီးအောက်မှာပဲ ဖြစ်မယ်
ထင်တယ်နော်"

"ဘယ်သိမလဲ၊ သတ္တိရှိရင် မေမေ့ကို မေးကြည့်ပါလား"

"မလုပ်ပါနဲ့ ညို့ကိုတော့ ကြောက်ပါတယ်။ အဲ…ညို့လို့ ခေါ်
တာလည်း ခွင့်လွှတ်နော်…၊ သူ့ရဲ့ အနုပညာ နာမည်ဆိုတော့ လူ
တိုင်း ခေါ်သလို လိုက်ခေါ်နေမိတာပါ"

"အင်းပါ။ ဒီမှာ ပုန်းညက်ကို ဘယ်လိုက်ပို့ဦးမှာလဲ။ ဟို နေ့က
လေးမှာ လျှောက်လည်ရတာ ပျော်လိုက်တာနော်"

"တကယ်လား ပုန်းညက်ရယ်"

"တကယ်ပျော်တာ။ ဒါပေမယ့်…မန္တလေး ညဈေးတန်း မက်

www.burmeseclassic.com

www.burmeseclassic.com



နေလို့ အပြန်နောက်ကျသွားတယ်မဟုတ်လား။ အဲဒါ မလွယ်ကြော ဖြစ်သွားပြီ”

“ဒေါ်အိုဇာကြီးကရော၊ ဦးကောင်းဇံကရော ပုန်းညက် မတွေ့ ရတော့ဘူးတဲ့”

“ဟောဗျာ…ညို့က အဲ…ပုန်းညက် မေမေကရော”

“မေမေတစ်ယောက် ဘာဖြစ်နေလဲ မသိပါဘူး။ မန်နေရှ ကိုလွင်ထွန်းနဲ့ သွားလိုက်၊ လာလိုက်နဲ့ အလုပ်တွေကို ရှုပ်နေတာ မေမေက ရပါတယ်။ ပုန်းညက်ထွက်လည်လည်း ဘာမှပြောမှာ မဟုတ်ပါဘူး”

“ဒါဖြင့်လည်း သွားကြတာပေ့ါ။ ပုန်းညက် ဘယ်သွားချင်လဲ စဉ်းစားထားလေ”

“ဟင်… ပုန်းညက် မစဉ်းစားတတ်ဘူး။ အစ်ကိုမောင် လိုက် တဲ့ဆီ သွားမှာပဲ”

“ကောင်းပြီ။ ဒါဖြင့် သန်ဘက်ခါ ဆန်းဒေးမှာ သွားလည်ကြ အစ်ကို နေရာရှာလိုက်မယ်နော်”

ပုန်းညက်ဖြူက ကြည်ကြည်ရွှင်ရွှင်လေး ခေါင်းညိတ်ပြလိုက် သည်။

“ဧည့်ခန်းမှာ သွားထိုင်မလား”

“ဒီမှာပဲ ကောင်းပါတယ်”

“အစ်ကိုမောင့်သဘောပဲ”

“ဟိုနေ့တွေက မိုးရွာလို့ အထဲမှာ စကားပြောရတာပါ။





ပုန်းညက်ပင်အောက်က ခုံတန်းလေးမှာ ပြောရတာ ပိုပြီး လွတ်လပ် အေးငြိမ်းပါတယ်လေ”

“ပုန်းညက်လည်း လွတ်လပ်ချင်တယ်။ ပုန်းညက်ဘဝကို ဘာ လို့ ချုပ်နှောင်ထားကြတာလည်း မသိဘူးနော်”

ပုန်းညက်ဖြူက သူ့အသက်အရွယ်နှင့် လိုက်ဖက် ဒွန်တွဲလျက် ရှိသော အတွေးအခေါ်လေးများကို ဆက်လက် ပြောကြားနေသည်။

“ရန်ကုန်မှာတုန်းကလည်း ဘော်ဒါနေရတယ်။ စည်းကမ်း ကြီးလိုက်တာ။ ဒီမှာကျပြန်တော့လည်း ဒီရိပ်သာကြီးထဲမှာ၊ စိတ် ညစ်စရာပဲ အစ်ကိုမောင်ရယ်”

ပုန်းညက်ဖြူက မျက်နှာလေး မော့ပြီး ပြောရင်း…

“ဟိုးမှာ ကြည့်စမ်း အစ်ကို၊ ငှက်လေးတွေ ပျံနေလိုက်ကြတာ”

“သူတို့တွေမှာတောင် အတောင်အလက်စုံရင် လွတ်လပ်ခွင့် ဆိုတာ ရှိတယ်။ ကောင်းကင်လွင်ပြင်ကျယ်ကြီးရဲ့ ခရီးသည်လေး တွေအဖြစ်နဲ့ ဘယ်လော က်များ ပျော်လိုက်ကြမလဲနော်။ ပုန်းညက် သူတို့လို ဖြစ်ချင်လိုက်တာ”

မြတ်မင်းမောင်မှာ လွတ်လပ်မှုကို တောင့်တနေသော ပုန်း ညက်ဖြူ၏ မျှော်လင့်မှု မျက်နှာလေးကို ငေးကြည့်နေရင်းက ပြော တော့မည့်စကားများကိုပင် ပြောမထွက်နိုင်အောင် ရှိသွားရပါပြီ။

“အစ်ကိုမောင်”

“ဗျာ…”

“အစ်ကိုတို့ နေရတာ သိပ်ပျော်စရာကောင်းတာပဲနော်…။ ဘားလည်းရှိ၊ မောင်းခွင့်လည်း ရှိတော့ ‘လွတ်လပ်မှုနဲ့ လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



မှု’ပေါင်းပြီး ဟိုးက ငှက်ကလေးတွေလိုဖြစ်ရော...”

မြတ်မင်းမောင်မှာ ဆံပင်လေးများ ဖြာဝေမှု နောက်ခံထားသည့် ပုန်းညက်ဖြူ၏ မျက်နှာနုနုဖြူဖြူလေးကို ငေးစိုက်ကြည့်နေမိသည်။

သူသည် အရာအားလုံးကို မေ့လျော့သွားသည်။ သူ့ အာရုံစူးစိုက်မှုသည် ပုန်းညက်ဖြူ၏ မျက်နှာလှလှလေး ရှိရာ တစ်နေရာတည်းမှာသာ ကျရောက်နေသည်။

“အစ်ကိုမောင်ကလည်း...အစ်ကိုမောင် လာရင် အပြင်က အကြောင်းအရာလေးတွေ ကြားရနေကျမို့ သူ့ကို မျှော်နေတာသိလား။ ခုတော့ ဘာမှလည်း မပြောဘူး၊ ပုန်းညက်ကိုပဲ ဘာလို့ စိုက်ကြည့်နေတာလဲ”

“ပုန်းညက်ရယ်”

မြတ်မင်းမောင်မှာ မတ်တတ်ရပ်လိုက်ပြီး ပုန်းညက်ပင်စည်ကြီးကို လက်နှင့် ထောက်လိုက်သည်။ ပုန်းညက်ဖြူကို အနီးကပ်ငုံ့ကြည့်ပြီး...

“အစ်ကိုမောင့်မှာ ပြောစရာစကားတွေ ပါလာပါတယ်။ အများကြီးပါ။ ရင်နဲ့ အပြည့်ပါကွယ်။ ဒါပေမယ့် အစ်ကိုမောင် မပြောရက်လောက်အောင် ဖြစ်သွားရပြီကွယ်”

“ဘာဖြစ်လို့လဲ”

“လွတ်လပ်မှုကို မျှော်လင့်နေတဲ့ ပုန်းညက်အတွက် အစ်ကို့စကားဟာ အခွင့်အရေးယူသလိုများ ဖြစ်သွားမလားလို့ပါ”





ပုန်းညက်ဖြူမှာ မြတ်မင်းမောင်၏ မျက်နှာကို မော့ကြည့်လိုက်မိသည်။

အသိဉာဏ်ဖြင့် ကြိုတင်တွေးဆနိုင်ခြင်း မရှိသော်လည်း သဘာဝအလျောက် ဖွံ့ဖြိုးလာသော အသည်းနှလုံးသည် တစ်စုံတစ်ခုသော အကြောင်းအရာကို ခံယူနိုင်ခြင်း၊ တုံ့ပြန်နိုင်ခြင်း စွမ်းအင်များ ရှိလာသည်။

ယင်းစွမ်းအင်သည် ချစ်ခြင်းမေတ္တာတရားဆိုသည်များကို ပုန်းညက်ဖြူ မသိရှိ နားမလည်သေးပါသော်လည်း...

သူ့နှလုံးသားသစ်ကလေးမှာ ခံစားတတ်လာပြီ။

“ပုန်းညက်ရယ်...အစ်ကိုမောင့်ကို စိတ်ဆိုးချင် ဆိုးတော့ကွယ်၊ အစ်ကိုမောင့်အနေနဲ့ မပြောသင့်မှန်း သိပေမယ့် ရင်ထဲက ပေါက်ကွဲငင်အန်လာတဲ့ အရာမို့ ပြောပါရစေတော့...

“အစ်ကို...ပုန်းညက်ကို သိပ်ချစ်ပါတယ်”

“အို...အစ်ကိုမောင်ကလည်း”

သူ့ကိုယ်သူ ဘာပြောဖြစ်လိုက်မှန်းပင် ပုန်းညက် မသိတော့။

ရှက်လန့်ခြင်း၊ ကြည်နူးခြင်း၊ ရွံ့ကြောက်ခြင်း ...စသော ခံစားမှုများသည် နှလုံးသားဗဟိုနေရာမှာ စုပုံခံစားလိုက်ရပြီး နောက် တစ်ကိုယ်လုံးသို့ ပြန့်နှံ့လာလေသလားပင်။

ရင်ခုန်ခြင်းနှင့် ရှိန်းမြ ပူနွေးခြင်းတို့ ရောယှက်ခံစားလာရသည်။ သက်ဖျားလေးများကမူ အေးစက်လာသည်။

ဩော်...နှလုံးသားသစ်ကလေးမှာ ဦးဦးဆုံးသော ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



သစ်ဖြစ်တွန်းချိန်၏ ဝေဒနာလေးများပါတကား။

“အစ်ကိုမောင် ဒီစကားပြောချင်တာ ကြာပါပြီ။ မသင့်ဘူးထင်လို့ ကျိတ်မြိုနေခဲ့ပါတယ်။ ဒါပေမယ့် ပုန်းညက်ရယ်... ဝေဒနာဆိုတာ သိမ်းဆည်းထားလို့ရတဲ့ အရာလည်း မဟုတ်တော့၊ ဒီနေ့မှာ ပြောဖြစ်ရပါပြီ။ အဲဒါဟာ ဘာကိုမှ မမျှော်လင့်တဲ့ အစ်ကိုရဲ့ သန့်စင်မွန်မြတ်တဲ့ မေတ္တာသက်သက်ပါဆိုတာကိုတော့ ပုန်းညက်ယုံပါ”

“မသင့်ဘူးထင်လို့”

“ဘာကိုမှ မမျှော်လင့်တဲ့...”

ဆိုသော စကားများ၏ ဦးတည်ရာ လမ်းကြောင်းကို ပုန်းညက်ဖြူ မသိ၊ မမြင်၊ မတွေးတတ်နိုင်ပါသော်လည်း သူ၏ ရင်ထဲမှ ဝေဒနာဆိုသည်များကိုဖြင့် နားလည်နေနှင့်ပါလား။

“ပုန်းညက်”

“အင်...”

“အစ်ကိုမောင့်အပေါ်မှာ တလွဲထင်မှာ သိပ်စိုးရိမ်တာပဲ”

“ဘာကိုလဲ”

“အစ်ကိုမောင့်မေတ္တာမှာ မသင်္ကာမှုတွေ ရောထွေးခံရမှာ စိုးရိမ်တယ်”

“ဘာပြောမှန်းလဲ မသိဘူး”

အရိုးခံ မျက်နှာလေးနှင့် ပြောလိုက်ပုံလေးကြောင့် မြတ်မင်းမောင်၏ ရင်မှာ ခိုက်သွားအောင် ခံစားလိုက်ရသည်။

“ဒီလိုပါ ပုန်းညက်ရယ်...ပုန်းညက်က မကြာခင်မှာ သိပ် ချမ်းသာတော့မယ် မိန်းကလေးမဟုတ်လား၊ ဒါကို မျှော်လင့်ပြီး ပုန်းညက်ရဲ့ မေတ္တာကို တောင်းခံတာပါလို့ ထင်သွားမှာစိုး...”





“တော်ပါ၊ လူတွေက ပုန်းညက်ကို သူဌေး...သူဌေးနဲ့၊ ဒီမှာဖြင့် ငွေတစ်ရာပြည့်အောင်တောင် ရှိတာ မဟုတ်ဘူး။ သူ့အိတ်ထဲမှာ ရာတန်အထပ်လိုက်နဲ့ ကားနဲ့၊ သွား ချင်တာသွား၊ သုံးချင်တာသုံး အစ်ကိုမောင်ကမှ သူဌေး”

“ဟင်...”

မြတ်မင်းမောင် အားပါးတရ ရယ်မောမိသည်။ ပုန်းညက်ဖြူမှာ လှလွန်းသူလေးသာ မဟုတ်သေး... ပြောပုံကလည်း သိပ်ကို ချစ်စရာကောင်းသည်ပါ။

“ဒါဖြင့် အစ်ကိုမောင်ရဲ့ မေတ္တာမှာ သံသယ မဝင်ဘူးပေါ့နော်... ပုန်းညက်ဖြူ”

ပုန်းညက်ဖြူ ခေါင်းညိတ်ပြမိသည်။

“အစ်ကိုမောင့်မေတ္တာကို ယုံကြည်တယ်ဆိုလို့ ဝမ်းသာ မဆုံးနိုင်အောင်ပါပဲ ပုန်းညက်ရယ်၊ ယုံကြည်ရုံနဲ့ မပြီးသေးဘူးနော်”

“ဟင်...”

“လက်ခံဖို့လည်း လိုလိမ့်ဦးမယ်။ ပြီးတော့ တုံ့ပြန်ဖို့လည်း လိုပါတယ် အချစ်ရယ်”

မြတ်မင်းမောင်က ပုန်းညက်ဖြူ၏ လက်ကလေးကို ဆွဲပြီး ခုံတန်းမှာ အနီးကပ် ပြန်ထိုင်လိုက်သည်။ သူတို့နှစ်ဦးကြားသို့ ပုန်းညက်ပွင့်လေးများ ကြွေကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ်"ဆိုသော အစ်ကိုမောင်၏ အသံသည် ပုန်းညက်ဖြူ၏ နှလုံးသားကို တိုက်ရိုက်စူးနစ်လာသည်။

လေသည် ပုန်းညက်ပွင့်ကို ခြွေသည်။

အစ်ကိုမောင်၏ အသံသည် ပုန်းညက်ဖြူ၏ နှလုံးသားတွင် ဖူးပွင့်စ ချစ်ပန်းဦးကို ခြွေလေပြီလား။

"ပုန်းညက်ရယ် အစ်ကို့ကို စကားပြောပါဦး"

"ဘာပြောရမှန်း မသိတော့ဘူး"

"ဒါနဲ့ ပုန်းညက်ပဲ အစ်ကိုမောင်နဲ့ တွေ့ချင်တယ်ဆို၊ စကားတွေ ပြောချင်တယ်ဆို"

"အို...ဒါက တခြားစကားပြောချင်တာ"

"တခြားစကားထက် ဒီစကားက ပြောလို့ ပိုကောင်းပါတယ် ပုန်းညက်ရဲ့။ ပြောကြည့်စမ်းပါ"

ပုန်းညက်ဖြူ စိတ်မဆိုးမှန်း သိလာ၍ မြတ်မင်းမောင်ထံ ဟာသစကားလေးများ နှော၍ ပြောရဲလာသည်။

"ပုန်းညက်လေ...အစ်ကိုမောင် မလာရင် မျှော်တယ်။ အစ်ကို မောင် လာရင် ပျော်တယ်။ အစ်ကိုမောင်နဲ့ စကားတွေ ပြောချင်တယ်၊ လျှောက်လည်ချင်တယ်။ အစ်ကိုမောင်နဲ့ နေရတဲ့ အချိန်လေး ကုန်သွားမှာ နှမြောတယ်... အဲဒါ ပုန်းညက်ရဲ့ ရင်ထဲက ဆန္ဒအကုန် ပဲ အစ်ကိုမောင်၊ အစ်ကိုမောင်ပြောစေချင်သလိုမျိုး မပြောရဲဘူး အို...မပြောရဲဘူးဆိုတာထက် မချစ်ရဲဘူးလား မသိပါဘူး"

ရင်ထဲမှ ဆန္ဒမှန်ကို တင်ပြရှာသော ချစ်သူလေး၏ မျက်နှာကို မြတ်မင်းမောင်မှာ အနီးကပ် စိုက်ကြည့်နေမိသည်။

သူ့နှလုံးသားမှာ ချစ်ခြင်းမေတ္တာတရားတို့သည်သာ ပြည့်လျှမ်းနေရသည်မဟုတ်ပါသေး။ ကြင်နာသနားရခြင်း ဆိုသော ကရုဏာခံစားမှုများပါ ရင်မှာ ရောနှောလာသည်။

"အချစ်ရယ်...ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ အဖြေပေးဖို့ အေးအေးဆေးဆေး စဉ်းစားပါတော့ကွယ်"

"ဟင်..."

"အစ်ကိုမောင် မတောင်းခံရက်တော့ပါဘူးလေ၊ အစ်ကို့ မေတ္တာကို ပေးဆက်ခွင့်ရတာကိုပဲ ကျေနပ်ပါပြီ ညီမရယ်"

ကရုဏာပါသော ချစ်ခြင်းမေတ္တာတို့သည် ကြည်ဖြူ ကျေနပ်နိုင်ခြင်း ခွင့်လွှတ်လိုက်လျောနိုင်ခြင်းများကိုလည်း ဖြစ်ထွန်းစေနိုင်သည်တကား။

"အစ်ကိုမောင်"

"ဟင်..."

"စိတ်ညစ်စရာတွေကို မပြောကြဘဲ ပုန်းညက်တို့ အရင်လိုပဲ နေကြရအောင်ပါနော်"

"ပုန်းညက်သဘောပါ။ ဒါပေမယ့် ချစ်တယ်ဆိုတာ စိတ်ညစ်စရာ အရာတော့ မဟုတ်ပါဘူးလေ"

ရင်ခုန်ရခြင်းဝေဒနာမှ ထွက်ရာလမ်းကို ရှာကြံ၍ ပြောလိုက်ပါသော်လည်း သူ၏ အဖြေစကားကြားရသည်တွင် ပုန်းညက်ဖြူ ဘာဆက်ပြောရမှန်း မသိတော့ပါ။







www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက် စဉ်းစားပြီးမှ ခေါင်းညိတ်ပါလေ။ အစ်ကိုမောင့်ကို အချစ်မပေးနိုင်ရင်နေပါ။ အမုန်းတော့ မယူပါရစေနဲ့"

"အမုန်း"

သူ့ကို ဘာကြောင့် မုန်းရမှာလဲ ဟူသော အတွေးကြည့်လေးနှင့် ကြည့်မိသည်။ နှုတ်ကဖြင့် ဘာမှ မပြောဖြစ်ပါ။

သိုက်မြို့တွင်းမှ အာကာသ လေဟာပြင်ကျယ်ကြီးတွင်း၌ သက်ဆင်းပျံဝဲစ ငှက်ပျိုမလေးတစ်ယောက်လို ပုန်းညက်ဖြူမှာ အရာရာတိုင်းကို ဘာမျှ မသိရှိသေးသူသာပါ။

အမျိုးသမီးငယ်တို့၏ ဘော်ဒါဆောင်မှာ ကြီးပြင်းရသည့် မိသားစုဆိုသည်နှင့် မနေဖူးခဲ့။ အမျိုးသားတစ်ယောက်နှင့် ရင်းရင်း နှီးနှီး ပြောဖူးဆိုဖူးသည်မှာလည်း ဒါ ပထမဆုံးပါ။

အစဦးဆုံး အတွေ့အကြုံသည် နှလုံးသား တည်သမျှ မပြင် ပျက်တတ်သော ဝေဒနာပါတကား။

"ပုန်းညက်ဖြူ အစ်ကို့ကို မမုန်းဘူးမဟုတ်လားဟင်"

"ဘာလို့ မုန်းရမှာလဲ။ ပုန်းညက် အစ်ကို့ကို သိပ်ခင်နေတာ သိသားနဲ့"

ပုန်းညက်ဖြူ၏ မျက်ဝန်းလေးမှာ အဖြေရှာတွေ့ပါပြီ။ ရှာ အဖြေကို မြတ်မင်းမောင် မတွေ့ဖော်ရက်တော့။

"ပုန်းညက်လေးရယ်၊ အစ်ကို မမေးရက်တော့ပါဘူး။ ပုန်း ညက်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ အဖြေပေးလာမှာကိုပဲ အစ်ကို မောင် စောင့်နေတော့မယ်နော်"





အသည်းနှလုံးဆီမှ ပေါ်ထွန်းလာသော အချစ်၏ အလင်းရောင် သည် ပုန်းညက်ဖြူ၏ မျက်ဝန်းလေးမှာ လင်းလက်နေသည်။

"အစ်ကိုမောင် ပြန်တော့မယ်နော်"

"ဘယ်တော့ လာဦးမှာလဲဟင်"

သူ့မျက်ဝန်းမှ ချစ်နိမိတ်ကလေးများ၊ သူ့ရင်မှ သံယောဇဉ် ကြိုးမျှင်လေးများကို ပုန်းညက်ဖြူကိုယ်တိုင် မမြင်မိ၊ မသိရှိပါဘဲနှင့် ပြောနေခြင်း ဖြစ်ပါ၏။

"အစ်ကိုမောင်ကတော့ ခုတောင် ပြန်ချင်တာ မဟုတ်ဘူး၊ ဒါပေ မယ့်ဟိုမှာ ကြည့်နေကြပြီ"

အပေါ်ထပ်၏ ပြတင်းပေါက်မှာ ဒေါ်အိုဇာ။

တခြားသော ပုန်းညက်ပင်ကြီးဘေးမှာ ဦးကောင်းခိုင်။

"သူတို့တွေကလည်း ပုန်းညက်ကိုပဲ အမြဲလိုက်ကြည့်နေတာပဲ၊ ဘာမှန်းလဲ မသိဘူး"

"ဩော်...စိတ်မချလို့ပေါ့ကွယ်။ အစ်ကိုပြန်မယ်နော်။ လာစေ ချင်တဲ့ အချိန်ကို ဖုန်းဆက်လိုက်လေ... အစ်ကိုမောင်ကတော့ ပုန်း ညက်ရဲ့ ဖုန်းကိုပဲ မျှော်နေမယ်"

သူ့အစ်ကိုမောင်ကို မပြန်စေချင်သေးသော်လည်း မတားသာ၍ ခေါင်းညိတ်ပြလိုက်ရတော့သည်။

"အစ်ကိုမောင်ဟာ ပုန်းညက်အတွက် ဖြစ်ချင်တယ်၊ ပုန်းညက် အနားမှာနေပြီး ပုန်းညက်ရဲ့ ဆန္ဒလေးတွေကို ဖြည့်စွမ်း ပေးချင် တယ်။ ပုန်းညက်ဆီက မေတ္တာတရားမှလွဲပြီး အစ်ကိုမောင် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ပါဘူး ပုန်းညက်။ အဲဒါတွေဟာ အစ်ကို့ ရဲ့ အလုံးစုံသေ ဆန္ဒနဲ့ အဆုံးစွန်သော မျှော်လင့်ချက်တွေပါပဲ အချစ်လေးရယ်။ ကဲ အစ်ကိုမောင်သွားပြီ”

ပုန်းညက်ဖြူကို ပုန်းညက်ပွင့်များကြားမှာ ထားခဲ့ပြီး သူ ကာ ဆီသို့ ပြန်လျှောက်သွားတော့သည်။

ကားထွက်သည့်အခါ ပြုံးလျက် လက်ပြပြီး နှုတ်ဆက်သွ သော်လည်း...

သူ့အပြုံးက မပြည့်စုံပါ...လျော့ရဲ အားနည်းလှလေသည်သ

ဒါကိုပင် ပုန်းညက်ဖြူ၏ ရင်ထဲမှာ ခိုက်သွားလောက်အော သနားလိုက်ရသည့်ဖြစ်ခြင်း။

အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ သီချင်းတစ်ပုဒ်ကို ရွေး ချယ်ပြီး ကက်ဆက်မှာ သွင်းဖွင့်လိုက်သည်။

ပြီးတော့ ပုန်းညက်ဖြူ လှဲလျက် မအိပ်စက်ပါပဲ မျက်လုံးမေ မှိတ်ပြီး မေဆွိ၏ မကြာခင်မှာ ကြင်နာမယ် တေးသွားလေးကို န ထောင်နေမိသည်။

*မကြာခင်မှာ ကြင်နာမယ်...*
*သူ့ကို... အဖြေပေးလိုက်တော့မယ်*
*သနားတဲ့ စိတ်ကလေး...*
*ဘယ်က ဝင်လာတယ်...*
*ရင်မှာ နှောင်တွယ် စိုးမိုးသွားပြီကွယ်...*





ဒေါ်အိုစာသည် မျက်စိစုံမှိတ်ထားသော ပုန်းညက်ဖြူကို နက်နဲ ညွန်းသော အကြည့်များနှင့် ငေးစိုက်ကြည့်နေသည်။

ပြီးတော့ လေးလံလွန်းသော သက်ပြင်းရှည်ကြီးကို ချလျက် ပုန်းညက်ဖြူ၏ အနီးမှ ရှောင်ဖယ်ထွက်သွားတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ကိုလွင်ထွန်းကလေ၊ ညို့ကို သိပ်အထင်သေးတာပဲ"

"အမယ်လေး ညို့ရယ်၊ အထင်ကြီးလွန်းလို့ ခက်နေတာ အထင်မသေးရပါဘူးဗျာ"

"ဒါနဲ့များ ညို့က မေ့သွားမှာပါ၊ ပြန်သွားရင် လွင်ထွန်း ဆိုး ကောင်ကို မှတ်မိမှာတောင် မဟုတ်တော့ပါဘူးနဲ့ တစ်ခါတည်း ကို..."

"ညို့ကို အထင်သေးလို့ မဟုတ်ပါဘူး ညို့ရဲ့၊ မေ့သွား ကြောက်လွန်းလို့ပါ"

"မေ့မှာ ကြောက်ရင် ညို့ရင်ထဲ ဝင်နေလေ၊ ထွန်းဆိုပြီး ကမ္ပည်း ထိုးထားပေးမယ်။ အဟင်း...ဟင်း...ဟင်း"

ညို့က တပ်မက်မှုများ ဖြစ်ထွန်းလာစေရအောင် အမ် အယောင်ပြသော ရယ်သံလေးကို ပြု၍ ကိုလွင်ထွန်း၏ ကိုယ် သူ့ပခုံးစွန်းနှင့် တိုက်ရင်း ပြောလိုက်ခြင်း ဖြစ်ပါ၏။





"ညို့ရယ်"

ကိုလွင်ထွန်း၏ အသံက တိမ်ဝင်သွားသည်။ ညက်ညောသော ဓာတ္တုပါကော်ဇော ခင်း၍ လမ်းရှင်းပေးထားပြီ ဖြစ်ကြောင်း သိပါ သော်လည်း သူမနင်းရဲ၊ မလျှောက်ရဲ။

"ညို့ကလေ၊ အနုပညာအနေနဲ့ အောင်မြင်တယ်ဆိုပေမယ့် ညို့ရဲ့ဘဝကတော့ ကျဆုံးနေပါတယ်။ အထူးသဖြင့်တော့ မေတ္တာ ရေးရာမှာပေါ့လေ၊ ညို့က ချစ်တတ်တယ်။ မေတ္တာတရားကို ငတ် ခွတ်စွာ မျှော်လင့်တယ်။ ဒါပေမယ့်...ညို့နားကို ကပ်လာကြသူ တွေဟာ ညို့ဆီက တစ်စုံတစ်ခုကို လိုချင်ကြလို့ ချည်းပဲ၊ သူတို့ လိုချင်တာ ရရှိပြီးရင် ညို့ကို တစ်ယောက်တည်း ချန်ပြီး ပြန်သွားကြ တာချည်းပါပဲလေ"

ညို့က ကိုလွင်ထွန်း၏ ပခုံးပေါ်သို့ ပါးအပ်၍ မှီချလိုက်သည်။

"ညို့ရဲ့ဘဝ၊ ညို့ရဲ့ ရုပ်ရှင်ကိစ္စတွေကို ရှေ့က ဖန်တီးဆောင် ရွက်ပေးနိုင်မယ့် တကယ့်အဖော်ကောင်းတစ်ယောက်ကို တမ်းတ မိတယ်ရှင်"

ကိုလွင်ထွန်းမှာ ပခုံးပေါ်မှ ညို့ကို ဖယ်လိုက်ရမလား၊ ဖက် လိုက်ရမလား မစဉ်းစားတတ်၊ သူ့ရင်တွေသာ တဒိတ်ဒိတ် ခုန်တိုး လာသည်။ သွေးလည်ပတ်နှုန်း မြန်ဆန်လာသည်။ သူ တောင့်တောင့် ကြီး ထိုင်နေမိဆဲပါ။ နေရာကလည်း မန်နေဂျာ ၏ နားခိုခန်း၊ သူ့ အခန်းမှာ။

"ကိုလွင်ထွန်းက ဒီဟိုတယ်ကြီးတစ်ခုလုံးကို အုပ်ချုပ်နိုင်အောင် သိပ်တော်တာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



အသက် သုံးဆယ်စွန်းစအရွယ် ဖြစ်သော ဇနီးသည်နှင့် ဗျ ရှင်းထားသော ကိုလွင်ထွန်းမှာ လူပျိုရိုင်းလေးလို အူအူအအ မဟုတ်ပါ။ ညို့လက်ကမ်းနေသော အရာကို လှမ်းယူတတ်ပါသေ လည်း...

"ဟို...ကို...ကိုလွှမ်းနိုင်က..."

"အင်...သူက အလကားပါ။ ညို့ဆီက ငွေရယ်၊ အရှိန်အဝ ရယ်၊ လူရယ်ကို ယူချင်လို့ ကပ်နေတာပါ။ သူ့ရင်ထဲမှာ မေတ္တာ တာ ဗလာပါပဲ။ ဒီမှာ ထွန်း"

"အင်..."

"သူ မနက်ဖြန် ပြန်တော့မှာ။ သူ့ကို ပြန်ခိုင်းထားပြီ"

"အို..."

"အဲဒါ ထွန်းကို အားကိုးချင်လို့၊ ထွန်းကသာ ညို့ကို ကူညီ ပေးနိုင်ပါစေလို့ ညို့မျှော်လင့်ရင်း ဆုတောင်းပါတယ်ရှင်"

ညို့က သူ့ရင်ခွင်တွင်းသို့ လုံးလုံးလျားလျား ကျရောက်လာ တော့သည်။

ညို့ချိတ်၏ ထိပ်တွင် ငါးစာကို တင်၍ ဖမ်းယူတော့မည့် အဖြစ်ကို ကိုလွင်ထွန်း သိပါသည်။ မြင်ပါသည်။

ပထမ စားရမည်ဖြစ်သော ငါးစာမှာ ချိုမြိန်ဖွယ်ရာ ဖြစ်လွန်း နေပါ၍...

ဒုတိယ ကျရောက်တော့မည့် ငါးမျှားချိတ် အန္တရာယ်ကို သူ ရင်ဆိုင်ပါတော့မည်ဟု ဆုံးဖြတ်လိုက်မိတော့သည်။





အပြင်တွင် မိုးတို့သည် ညိုရာမှ ရုတ်တရက် ပြိုကျလာသည်။ မိုးသံ၊ လေသံ၊ သစ်ရွက်ကြွေသံတို့သည် ပုန်းညက်မြိုင်ကို န်းဝိုင်း ခြံရံပိတ်ဆည်းထားလေပြီ။

ပုန်းညက်ပင်ကြီး ထိပ်ဖျားဆီမှ ငှက်ဖိုငယ်လေး တစ်ကောင်၏ သိုက်အမြုံသည် မိုးလေ ကြမ်းကြမ်း၏ အရှိန်ကြောင့် ပြတ်ကြွေ င့်စဥ်ကျလာသည်။

ငှက်ဖိုငယ်လည်း ဘဝပျက်ပါသတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မလှပသော ပြည်တော်ပြန်ခရီးကို တစ်ကိုယ်တည်း ပြန်
တော့မည့်အတွက် ကိုလွှမ်းနိုင်၏ မျက်နှာမှာ မကျေချမ်းမှုများ
တင်းမာနေသည်။

"ဖြည်းဖြည်းပေ့ါဗျာ"

သူ့အခန်းသော့ကို ကိုလွင်ထွန်း၏ ကောင်တာစားပွဲပေါ်
ပစ်တင်လိုက်သဖြင့် ကိုလွင်ထွန်းက မထီလေးစားပုံနှင့် ပြောလို
ခြင်းပါ။

ညို့သည် ကိုလွှမ်းနိုင်၏ အခန်းမှသည် ကိုလွင်ထွန်း၏ အခန်း
သို့ ပြောင်းနေခဲ့လေပြီမို့ ကိုယ့်အခန်းတံခါးကို ပိတ်ပြီး ကိုလွှမ်းနိုင်
ပြန်ရပေတော့မည်။

ဧည့်ခန်းတွင် ဦးကောင်းဇံ ထိုင်နေသည်။

ဆံဖြင်ရှည်နှင့် မျက်မှန်နက် မချွတ်သော သူသည်လည်း
ကောင်တာနှင့် မနီးမဝေးမှ တိုင်တစ်တိုင်ကို မှီလျက် စီးကရက်





ရှိုက်နေသည်။ သူ့နေရာက အားလုံးကို မြင်သာ ကြားနေပါ၏။

မကြာမီ နံပါတ်အနီနှင့် အငှားဂျစ်ကားတစ်စင်း ဆိုက်ရောက်
လာသည်။

"ဗွတ်ဘိုင်...နိုင်"

ဧည့်ခန်းတွင် ခြေချိတ်လျက် ညို့က လက်ပြပြီး နှုတ်ဆက်
လိုက်သည်။

ညို့က ပြုံးနေသည်။ ညို့၏ အပြုံးက...

ရန်သူတစ်ရာ၏ ခေါင်းကို ဖြတ်ယူနိုင်ခဲ့သော စစ်ဘီလူး
တစ်ယောက်၏ အောင်မြင်ဝင့်ကြွားသော အပြုံးမျိုး။

"ဟင်း... မလိုပါဘူး။ လွှမ်းနိုင်ဆိုတဲ့ကောင်က သူများပေါ်မှာ
လွှမ်းမိုးအနိုင်ယူရမှ ကျေနပ်တတ်တဲ့ကောင်"

"ဟာ...ဟ"

ညို့က မထေမဲ့မြင် ရယ်လိုက်သည်။

"ခုလည်း ကျုပ် မရှုံးပါဘူး။ ဒါပေမယ့် ကျုပ်ကို ကန်ထုတ်
လိုက်တဲ့အတွက် ခင်ဗျားတို့နှစ်ယောက် ဘယ်လို ပြန်ခံရမယ်ဆိုတာ
စောင့်ကြည့် ဒါပဲ"

သူက သူ့သားရေအိတ်ကြီးကို ဂျစ်ကားပေါ် ပစ်တင်လိုက် ပြီး
ကားပေါ်ကို ခုန်တက်ထိုင်လိုက်သည်။

ကားဆရာသည် ကိုလွှမ်းနိုင်နှင့် သူ့ပစ္စည်းများထက် ကိုလွှမ်း
နိုင်၏ ဒေါသများကို ပိုမိုလေးလံစွာ သယ်ဆောင်သွားရမည်ဖြစ်ပေ
သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေး ဘူတာကြီးနော်...ဆရာ"

"မဟုတ်ဘူး...သူဌေးကုန်းက ဦးကုသဆီကို မောင်း"

ကားက စကားမဆုံးခင် အရှိန်နှင့် ထွက်သွားတော့သည်။ ကိုလွင်ထွန်းက အလန့်တကြား ညို့သို့ ကြည့်လိုက်သည်။

ညို့လည်း မျက်နှာပျက်သွားသည်။

ညို့၏ မျက်နှာတွင် အောင်နိုင်သော အပြုံးများ ပြယ်လွင့် သွားသည်။

စိုးရိမ်ကြောင့်ကြမှုများက ချက်ချင်းပင် အစားထိုး ဝင်ရောက် လာတော့သည်။

ညို့သည် ကိုလွှမ်းနိုင်ကို ကန့်ထုတ်ပြီး ကိုလွင်ထွန်းထံ ကျူး ရစ်ခဲ့လေသည်ဟုသာ တွေးဆရင်း ခပ်ပြုံးပြုံးပင် ဦးကောင်းဇံမှာ အပေါ်ထပ်သို့ တက်သွားသည်။

ကိုလွှမ်းနိုင်ပြောသွားသော စကားနှင့်...ညို့တို့ ပျက်သွား သော မျက်နှာများကို သူမကြားသလို၊ မမြင်သလိုပါတည်း...

ဆံရှည်နှင့်လူကတော့ နေရာမှာ ရပ်မြဲ၊ နားစွင့်မြဲ၊ အကဲ ခတ်မြဲ... ညို့တို့ သူ့ကို သတိမထားမိကြ...

"ဦးလေးဆီကို သူက ဘာကြောင့် သွားရမှာလဲဟင်...ညို့"

ကိုလွင်ထွန်းက ညို့နားမှာ ကပ်ထိုင်ရင်း တီးတိုးမေးလိုက် သည်။

"ဦးကုသဟာ ကိုလွင်ထွန်းရဲ့ ဦးလေး၊ ပြီးတော့ ညို့နဲ့ ပတ် သက်နေသူဆိုတာ သူသိနေပြီလေ"





"အဲဒါ လူတိုင်းသိတာပဲ။ သူက ဘာသွားလုပ်မှာလဲ"

"ညို့တို့လို့ လိုက်ကြမှ ဖြစ်မယ်ထွန်း"

"ဟင်"

"ဒါပေမယ့် ဟိုမှာ ကြည့်စမ်း"

ညို့က ဆံပင်ရှည်နှင့်လူကို မေးငေါ့ရင်း တီးတိုး ပြောလိုက် သည်။

"သူဟာ ညို့နားတစ်ဝိုက်မှာ အမြဲရှိတယ်။ သူ့ကို ညို့ မသင်္ကာ ...ကြာပြီ"

"အို...ဟုတ်လား"

"သူပြဿနာက ဒုတိယ ထားလိုက်၊ နောက်မှ ညို့ ကြည့်ရှင်း ...ယ်။ ခု ညို့တို့ သူဌေးကုန်းကို လိုက်ကြမှ..."

"ညို့"

"နေဦး ထွန်း။ ညို့တို့ တိတ်တဆိတ်ထွက်ကြမှ။ ဘယ်သူမှ ...မြင်နိုင်တဲ့ နောက်ဘက်လမ်းက ထွက်ကြမှဖြစ်မယ်။ မကြာခင် ...ပဲ မှောင်တော့မှာ၊ ညို့တို့ကို ဘယ်သူမှ မြင်နိုင်ကြမှာ မဟုတ် ...။ ကဲ...လာ အခန်းထဲ သွားကြမယ်"

သူတို့ အခန်းတွင်းသို့ ဝင်သွားပြီးလျှင်ပင်၊ လှေကား တစ်ဆစ် ...မှ ဦးကောင်းဇံ ပြန်၍ ပေါ်လာသည်။

သူသည် ညို့တို့ကို ချောင်းကြည့်နေသော်လည်း ညို့တို့ ပြော ...ားသွားသော စကားများ မကြားလိုက်ရသဖြင့် မချင့်မရဲဟန်နှင့် ...နေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးလုပ်နေပြီး သူများစုံတွဲကို ချောင်းကြည့်တာတော့ မကောင်းဘူး ထင်ပါတယ်"

"ဟင်..."

"ကဲ...တက်လေ"

ဆံရှည်နှင့် လူရွယ်က ကြောင်နေသော ဦးကောင်းဖံကို နှိုး ဆော်လိုက်သဖြင့် ဦးကောင်းဖံမှာ ယက်ကန်ယက်ကန်နှင့် အပေါ်သို့ တက်ခဲ့ရသည်။

အလယ်ထပ် လှေကားထိပ်အရောက်တွင်မှ သူ စဉ်းစားမိဟန် ဖြင့်...

"နေပါဦး...မင်းက ငါ့ကို ဘာလို့ အမိန့်ပေးနေရတာလဲ"

"အဟဲ...အမိန့်ပေးတာ မဟုတ်ပါဘူးဗျာ။ မကောင်းလို့ မကောင်း လို့ ပြောတာပါ"

"ဒါက ငါနဲ့ သက်ဆိုင်တဲ့ ရိပ်သာကွ။ မင်းက တည်းခိုတဲ့ ဧည့်သည်ပဲ၊ ငါ့ကို ဘာမှ မင်းပြောပိုင်ခွင့်မရှိဘူး"

"ဘယ်မှာ အမိန့်ပေးလို့လဲ၊ ချောင်းမကြည့်ကောင်းပါဘူးလို့ ပြောတာ..."

"ဒီမှာ... မင်းလည်း ဟိုနေရာမှာရပ်၊ ဒီနေရာမှာ မယောင် မလည် လုပ်လုပ်နေတာ ငါသတိထားမိတာ များပြီ။ မင်း ဘယ်သူ လဲ"

"ကျွန်တော် စိုင်းခမ်း(မ်)လုံပါ"

"ဘယ်မြို့ကလဲ"





"ကျောက်မဲက"

"မင်းက ရှမ်းလား"

"ဒါပေါ့"

"မညာနဲ့ မင်းရုပ်ရော လေသံပါ ရှမ်းနဲ့ လုံးဝမတူဘူး၊ ငါက ရှမ်းပြည်နယ်မှာ နေဖူးတဲ့ကောင်"

"ခက်ပါလား၊ ကဲ... ဦးလေး ရှမ်းစကားတတ်သလား ကျွန်တော် ရှမ်းလို ပြောပြမယ်"

"မတတ်ဘူး"

"ဒါနဲ့များဗျာ၊ ကျွန်တော့်ကို ရှမ်းလေသံ မဟုတ်ဘူးလေး ဘာ လေးနဲ့"

"နေပါဦး၊ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"လာပြီး အနားယူနေတာပါ"

"မင်း အရွယ်က အနားယူရမယ့် အရွယ် မဟုတ်သေးပါဘူး"

"ကျွန်တော်က အလုပ်သိပ်ပင်ပန်းတဲ့ ကောင် ဦးလေးရ"

"ဘာလုပ်လို့လဲ"

"ဦးလေးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့၊ လ-ဝ-ကတို့က ဆိုရင် တော့ ကျွန်တော် ဖြေမှာပေါ့"

"ဒီရိပ်သာမှာ မသင်္ကာတဲ့ လူဆိုရင် ငါ့မှာလည်း မေးပိုင်ခွင့်ရှိ တယ်ကွ။ ငါက ...ဟိုတယ်ပိုင်ရှင် သူဌေးမလေးရဲ့ အတွင်းရေးမှူးပဲ"

"မကြွားပါနဲ့လေ၊ ပုန်းညက်ဖြူတောင် အမွေရဖို့ အချိန်ကို စောင့်နေရတုန်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မင်း ဘယ်က သိလဲ"

"ဒီလိုပေါ့"

"မင်း သိပ်စပ်စပ်စုစု နိုင်ပါလား၊ မှန်တာပြောစမ်း၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ၊ ပြီးတော့ ဒီရိပ်သာမှာ လူစိမ်း ဧည့်သည် လက်မခံတော့ပါဘူးဆိုမှ မင်းရောက်လာတာ"

"ဟုတ်ပါတယ်။ ဒါပေမယ့် ညို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ"

"လွင်ထွန်းနဲ့ မင်းနဲ့ သိသလား"

"ဒီရောက်မှ မြင်ဖူးတာ"

"ဟင်...မင်း...မင်းကို ငါ မသင်္ကာဘူး။ ဒီရိပ်သာမှာ ဆက်ပြီး လက်မခံနိုင်ဘူး"

"ခင်ဗျားမှာ နှင်ထုတ်နိုင်တဲ့ အာဏာလည်း မရှိဘဲနဲ့များ ဗျာ"

"ဘာလို့ မရှိရမှာလဲ"

ဦးကောင်းဇံက ဒေါသထွက်လာသည်။ သူ့တွင် ရှိသော အစွမ်းအစလေးများကို ပြချင်သည်။ မထေမဲ့မြင်စကားမျိုးကို ပြုံးပြုံးလေး ပြောနေသော လူရွယ်ကို ကြည့်ပြီး အသည်းယားလာသည်။ ဤလူရွယ်ကို သူ့အာဏာနှင့် ယခုပင် နှင်ထုတ်ပစ်ချင်လာ၍...

တယ်လီဖုန်းဆီသို့ သူလျှောက်သွားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ဖုန်းဆက်မည်။

'ပုန်းညက်ဖြူ၏ လုံခြုံရေးအတွက် စိတ်မချနိုင်လောက်အောင် မသင်္ကာဖွယ်ရာ လူတစ်ယောက်၊ သည်ရိပ်သာမှာ နှောင့်ယှက်နေပါ၍ ယခုပင် လာရောက်စစ်ဆေးပေးပါရန် စခန်းမှူးသို့ တိုက်ရိုက်





တိုင်ကြားမည်' ဟူသော ရည်ရွယ်ချက်များဖြင့် သူ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်တွင်...

"ဒါ...ဘာလုပ်မလို့လဲ"

"တယ်လီဖုန်းဆက်မလို့"

"ကျွန်တော့်အကြောင်း တစ်ယောက်ယောက်ကို တိုင်ကြားမလို့ မဟုတ်လား။ ဥပမာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လို၊ ရပ်ကွက်ကောင်စီလို နေရာမျိုးကို ဆက်မလို့ မဟုတ်လား"

"ငါ့ဟာငါ ဘယ်ဆက်ဆက်"

သူတို့နှစ်ယောက်၏ ငြင်းခုံသံက ကျယ်လောင်လာသည်။

ဒေါ်အိဇာမှာ အပေါ်ထပ်၏ လှေကားထိပ်မှ ငုံ့ကြည့်နေသည်။

ဒေါသထွက်နေသော ဦးကောင်းဇံ၏ မျက်နှာစာဘက်ကို လှမ်းမြင်နေရသည်။

ဦးကောင်းဇံကတော့ ဒေါသများ ဝေနေ၍ သူ့ကို မမြင်။

မျက်နှာစိမ်း ဧည့်သည်က ဒေါ်အိဇာရှိရာဘက်ကို ကျောခိုင်း၍ ဦးကောင်းဇံကို မျက်နှာမူလျက်...

"တယ်လီဖုန်းကို ပြန်ချထားလိုက်ပါ ဦးကောင်းဇံ"

"ဟင်..."

"ဒီမှာ"

လူရွယ်သည် သူ့ရင်နှင့် ကွယ်၍ တစ်စုံတစ်ခုကို ပြနေသည်။ ဒေါ်အိဇာ ဘာမှန်းမသိရ။

ပထမ ဦးကောင်းဇံက ပေါ့ပေါ့တန်တန် ကြည့်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးခေါင်းကို ညွှတ်၍ လေးလေးနက်နက် ကြည့်သည်။

သူ့ဦးခေါင်း ပြန်မတ်လာသည့်အခါတွင် သူ့မျက်နှာမှာ စော ဆီကနှင့် ဆန့်ကျင်ဘက်သို့ ပြောင်းလဲသွားသည်။

ဦးကောင်းဇံ မျက်လုံးကြီး ပြူးကျယ်သွားပြီး ကြောက်ရွံ့ ကို နှံ့ဟန်နှင့် လူရွယ်ကိုသာ တအံ့တသြ ကြည့်နေတော့သည်။

"ဦးလေး ပါးစပ်ကို ပိတ်ထားစမ်းပါ။ ကျွန်တော်နဲ့ ပတ်သ တဲ့ သတင်းအစအနလေး ထွက်သွားရင် ဦးလေးကို လောကကြီး ခဏလောက်ပဲဖြစ်ဖြစ် အဆက်အသွယ် ဖြတ်ထားလို့ ရတယ်ဆိုတာ သိပြီ မဟုတ်လား"

ဦးကောင်းဇံမှာ ကြောက်ရွံ့စိုးရိမ်သော မျက်နှာကြီးနှင့် ခေါင်းကို အဆက်မပြတ် ညိတ်ပြနေသည်။

ဒေါ်အိုဇာပင် အကြီးအကျယ် တုန်လှုပ်သွားသည်။ နော ဆုတ်၍ ကွယ်နေလိုက်ရသည်။

လူရွယ်က သူ၏ ပစ္စည်းကို ဂျာကင်၏ အတွင်းအိတ် လက်ဝဲရင်အုံဆီသို့ ထိုးထည့်သိမ်းဆည်းလိုက်သည်။

"သေနတ်တစ်လက်များလား"

အလန့်တကြားပင် ပုန်းညက်ဖြူကို နောက်ပြန်လှည့်ကြည့် သည်။ သူစောင့်ရှောက်ရသော မိန်းကလေးအတွက် စိုးရိမ်သွာ မိသည်။

ပုန်းညက်မြိုင် ရိပ်သာတွင်းမှာ မျက်နှာစိမ်း သေနတ်သမား တစ်ယောက် ရောက်နေလေပြီလား။





"ဘာအတွက်ပါလိမ့်"

ဘယ်သူ့ကိုများ အန္တရာယ်ပေးမလို့ပါလိမ့်"

"သူ ဘာရည်ရွယ်ချက်နဲ့ ဒီနေရာကို ရောက်နေရပါလိမ့်"

အဘွားအို၏ အတွေးများသည် ချားရဟတ်ပမာ အဆုံးမှ အစ သို့ ပြန်တွေးရင်း သံသယများစွာဖြင့် လည်ပတ်နေရပါပြီ။

"ဒီတိုင်းနေလို့တော့ မဖြစ်ဘူး"

"ဒီကိစ္စကို...

"ဦးလွန်းဘော်ကိုလည်း တိုင်ရမယ်"

"ဦးကုသကိုလည်း ပြောပြရမယ်"

"အင်း...ကလေးတော့ သိလို့ မဖြစ်ဘူး"

✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သူဌေးကုန်းသို့ ညို့တို့ရောက်ပြီးသည်အထိ ကိုလွှမ်းနိုင် ရောက်
မလာဖြစ်သေး၍ ညို့စိတ်အေးသွားရသည်။

ကတ္တရာခင်းကားလမ်းအတိုင်း လာမည်ဆိုလျှင် ပုန်းညက်မြို့
ရိပ်သာနှင့် သူဌေးကုန်းက တိုက်ကြီးမှာ အတော်လေး ဝေးလံသည်

ပုန်းညက်မြို့၏ နောက်ဘက်ရှိ လှို့ဂှက်အပေါက်မှ ထွက်ပြီး
တောလမ်းအတိုင်း ဖြတ်လမ်းက လာမည်ဆိုပါလျှင် ဘာမှ မဝေး

ဆယ့်ငါးမိနစ်လောက် လျှောက်လျှင် ရောက်နိုင်သည့် နေရာ

ကားလမ်းမှ ကားနှင့်သွားပါလျှင်လည်း လမ်းလျှောက်ရှိ
လောက်နှင့် ပြိုင်တူလောက် ရောက်နိုင်ပါသည်။

"ဟိုလူလည်း မရောက်သေးပါလား ညို့"

"အလကား ညို့ကို ခြိမ်းခြောက်သွားတာ ဖြစ်မှာပေါ့"

"ဦးလေးနဲ့ ပတ်သက်ပြီး သူ့မှာ ခြိမ်းခြောက်စရာ ရှိနေ သိနေ
လို့လား"





"ဘယ်က ရှိရမှာလဲ ထွန်းရယ်၊ အလကား"

ကိုလွင်ထွန်းမှာ ဦးကုသ၏ အစ်မဝမ်းကွဲမှ မွေးဖွားသော သူ
ဦးကုသ၏ တူတစ်ဝမ်းကွဲ တော်စပ်ပါ၏။

ကိုလွင်ထွန်းက တက္ကသိုလ်ပညာအဆင့်ထိ သင်ဖူးခဲ့သည်။ ဘွဲ့
တော့ မရရှိခဲ့။ ကျောင်းနေစဉ် မိန်းမရသည်။ ကလေးတစ်ယောက်
ပြီးမှ မိန်းမနှင့် ကွဲကွာထားသူ။ လူလွတ်တစ်ဦး ဖြစ်ပါ၏။

ဦးမြင့်ထိုက် မသေဆုံးမီက ဤပုန်းညက်မြို့ကို တည်းခိုရိပ်
သာဖွင့်မည်ဟု စတင်စီစဉ် စဉ်ကပင် ကိုလွင်ထွန်းကို မန်နေဂျာခန့်ရန်
သွာထားခဲ့သည်။

ဦးမြင့်ထိုက်၏ သစ္စာရှိ လူယုံတော် ဦးကုသ၏ တူဖြစ်သည်
ဆိုသော အကြောင်းကြောင့်ပင် ဖြစ်ပါ၏။

"ဦးလေး မရှိဘူးနဲ့တူတယ်"

"ရှိမှာပါ။ သူက သေရင်တောင် ဒီအိမ်ကြီးကို ဖက်သေမှာ"

ဦးလေးဖြစ်သူကို ပြောလိုက်သဖြင့် ပထမတော့ ကိုလွင်ထွန်း
ပြုံးသွားသည်။

"သြော်...ညို့နဲ့ ဦးလေးဟာ ပထွေးနဲ့ မယားပါသမီးပဲ။ ငါနဲ့
ဦးလေးနဲ့ ခုလို ရင်းရင်းနှီးနှီးနေခွင့် မရခင်ကတည်းက သူတို့ချင်း
က မုန်းတီးခဲ့ဖူးကြမှာပေါ့လေ"

ညို့အပေါ်တွင် တပ်မက်ချစ်ခင်စိတ်နှင့် ကိုလွင်ထွန်းက ခွင့်
လွှတ်စွာ တွေးမိသည်။

"ဒီခြံပြင်က ခေါ်လို့တော့ ကြားမှာ မဟုတ်ဘူး။ ညို့ ... ဒီ ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ထရံ တံခါးကို ကျော်တက်ပြီး တိုက်ကြီးအောက်က သွားခေါ်ကြ
အောင်နော် ထွန်း"

"ညို့သဘောပဲလေ"

ပထမ ညို့ကို မ,ချီပြီး ဝင်းထရံ တံခါးကို ကျော်တက်စေ
သည်။ ပြီးမှ ကိုလွင်ထွန်းက ကျော်တက်ပြီး ခုန်ချသည်။

"ဘယ်နာသွားသေးလဲဟင်"

"မနာပါဘူး ညို့ရယ်"

"ညို့ကြောင့် ထွန်းမှာ ဘာအနာတရမှ မရစေချင်ဘူး၊ ပြီးတော့
ထွန်းရယ်၊ ညို့စိုးရိမ်မိတာ တစ်ခု ရှိနေတယ်"

ခြံထဲသို့ လက်တွဲပြီး ဝင်သွားကြရင်း ညို့က ပြောလာသည်။
ညို့မှာ ရုပ်ကချည်း လှလွန်းသည်မဟုတ်သေး၊ အသံကလည်း သာယာ
ညင်းပျောင်းသည်။ ကြားရသူတို့၏ စိတ်ကို ညှတ်တိမ်း ယိမ်းယိုင်စေ
နိုင်သော အသံရှင်။

"ဘာစိုးရိမ်ရပြန်ပြီလဲ ညို့ရယ်"

"သြော်...ထွန်း ညို့ကို ဘယ်တော့များ စိတ်ကုန်သွားမလဲလို့"

"ဟင်..."

"ညို့လေ၊ ကိုယ်က ချစ်ရသူ၊ ကိုယ့်ကို ချစ်တဲ့သူနဲ့အတူ နေပြီး
ဘဝကို တည်တည်ငြိမ်ငြိမ်လေး တည်ဆောက်ချင်ပြီ ညို့ရဲ့ အချစ်
ရယ်"

"အို ညို့ရယ်"

"ထွန်းကလေ၊ ညို့ကို တကယ်ချစ်မယ်၊ တကယ် လက်တွဲရဲ





ယ်ဆိုတဲ့နေ့ကို ညို့ မျှော်လင့်နေပါတယ် ထွန်း၊ အဲဒီနေ့လေးကို
ိုင်ဆိုင်ခွင့်ရရင် ညို့နဲ့ ထွန်းနဲ့ လက်ထပ်ကြရအောင်ပါနော်"

မယုံရဲသော အကြည့်များဖြင့် ကိုလွင်ထွန်းမှာ ညို့ကို လှည့်
ကြည့်လိုက်မိသည်။

"လက်ထပ်ပါရစေ ညို့ရယ်"

ဟု သူ့အနေနှင့် တောင်းပန်သည့်တိုင် ငြင်းပယ်ဦပလိမ့်မည်ဟု
မှတ်ယုံကြည်ထားမိရာမှ ယခုလို သူ့ဘက်က စ၍ ပြောလာသည့်
အဖြစ်မို့...

"တကယ်လား ညို့ရယ်၊ ကိုယ်ထင်တာက ညို့ကိုယ့်ကို ပစ်
သွားလိမ့်မယ်လို့ ထင်နေမိတယ်။ ညို့ ကိုယ့်ကို တကယ်လက်ထပ်
မှာလားဟင်"

"ပြောပြီကောကွယ်။ ထွန်း ဒီနေ့ လက်ထပ်ရဲမလား၊ ညို့ကို
တရားဝင် ယူနိုင်မှာလား"

"ဘယ်လို မေးလိုက်တာလဲဗျာ...၊ ညို့ကို ဟိုးအရင်ကတည်း
က တပ်မက် စွဲလမ်းခဲ့ရသူပါ။ ညို့ကို ပိုင်ဆိုင်ခွင့် ရလိမ့်မယ်လို့
ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ဘူး။ ဒါ...ဒါဖြင့် ညို့နဲ့ တရားဝင်
လက်ထပ်ဖို့ ကိုယ် အမြန်ဆုံး စီစဉ်မယ်နော်"

"သြော်...ထွန်း"

"ညို့"

"ညို့ကို လက်ထပ်မယ်ဆိုတာ အဘိုးကြီး မသိစေနဲ့နော်"

"ဘာဖြစ်လို့လဲ ညို့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...သူက ညို့ကို ဘယ်တုန်းကမှ အထင်မကြီးခဲ့ဘူး... ဖျက်မှာစိုးလို့၊ ထွန်းနဲ့ ဝေးရမှာစိုးလို့"

"အမယ်လေး...ညို့ရယ်"

ကိုလွင်ထွန်းက ဖလပ်ပင်ဝိုင်းလေးဘေး အရောက်တွင် ညို့... ချစ်မြတ်နိုးစွာ ဖက်လျက် နမ်းလိုက်သည်။

နိုင်ငံကျော် အကယ်ဒမီ မင်းသမီးတစ်ယောက်ကို ပိုင်ဆိုင်... ရသည်အထိ ချစ်ရလိမ့်မည်ဟု ကိုလွင်ထွန်း အိပ်မက်မျှပင် မမ... ဖူး။ ညို့ကို သူလွမ်းခဲ့သော နှစ်ပေါင်းများစွာကပင် စွဲလမ်းခဲ့သည်...

ယခု ဤညို့သည် သူ့ချစ်သူ၊ သူ့တရားဝင်ဇနီးအဖြစ်မှင့် ... ဆိုင်ရတော့မည် ဆိုပါလား။

ညို့၏ တရားဝင် ခင်ပွန်းလည်း သေဆုံးပြီ။ သူ့ကို ကပ်နေသော... ကိုလွှမ်းနိုင်လည်း လွင့်ပြေးပြီ။ ယခု ညို့က သူ့ကို လက်ထပ်ပါမည်... ဆိုသည့် စကားကို ကိုလွင်ထွန်း ခြွင်းချက်မဲ့ ယုံကြည်မိပါပြီ။

ဤမိန်းမကို သူ ချစ်သည်။ တပ်မက်စွဲလမ်းသည်။ ဤမိန်း... ကို ပိုင်ဆိုင်ခွင့်ရရှိပြီးနောက် ဤမိန်းမနှင့် လက်တွဲလျက် အရာရာ... သူ ရဲဝံ့စွာ ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်သည်။ ညို့ကိုလည်... တစ်ဘဝတာလုံး မခွဲတမ်း ချစ်တော့မည်ဟု သန္နိဋ္ဌာန် ချမိသည်...

ညို့ဘက်ကလည်း သည်သို့ဖြစ်လိမ့်မည်။ ဆန္ဒတူ တုံ့ပြ... လိမ့်မည်ဟု သူ စိတ်ချယုံကြည်ရှာသည်။

သည်သို့သော မျှော်လင့်ခြင်း ယုံကြည်မှုများဖြင့် ညို့၏ လ... ကလေးကို မြတ်မြတ်နိုးနိုး ဆွဲကိုင်တွဲခေါ်လျက်...





သူ့ဒွေးကုန်းပေါ်ရှိ ခြံကျယ်ကြီးအတွင်းသို့ လျှောက်ဝင်ခဲ့ကြည်။ တိုက်ကြီး၏ ဆင်ဝင်အောက်သို့ ကွေ့ချိုးလိုက်လျှင်ပင်...

"ဒါက ဘယ်လိုဖြစ်တာလဲ လွင်ထွန်း"

"အင်..."

မြေကြီးထဲမှ ဖောက်ထွက်လာသလို သူတို့ရှေ့မှ ဘွားခနဲ တွေ့...က်ရသော ဦးကုသ။

"ဘာဖြစ်လို့များ သူ့ကို ဒီအိမ်ခေါ်လာရတာလဲကွ"

"ဦးလေးကလည်း"

ဦးကုသ၏ စကားကြောင့် ညို့ကိုအားနာသွားသလို သနား...းလိုလိုဖြစ်ရ၍ ကိုလွင်ထွန်းက စကားကို ကာဆီး လိုက်ပါသော်...လည်း...

"အရင်တစ်ခါ လာတုန်းကလည်း ငါမောင်းထုတ်ပြီးပြီ၊ အခု ...ကိစ္စ..."

"ဩော်...ဦးကုသရယ်၊ ဟိုတုန်းက အာဃာတတွေ မေ့လိုက်ပါ...တော့လေ၊ ပထွေးနဲ့ မယားပါသမီးဆိုပြီး ကာဆီးထားတဲ့ အမုန်း...ဆိုင်တွေဟာလည်း ဆွေးမြည့်ဖို့ ကောင်းပါပြီရှင်။ အမေလည်း သေ...ပြီ၊ ပုန်းညက်ဖြူတောင် ဒီအရွယ်ရောက်လာပါပြီလေ"

ညို့က ညိုးငယ်တောင်းပန်ဟန်လေးနှင့် ပြောသည်ကို ဦးကုသ ...က ဂရုမထား၊ ရက်စက်တော့မည့် ညို့၏ မျက်ဝန်းများကိုသာ သူ...စိုက်ကြည့်နေသည်။

ညို့သည် တစ်စုံတစ်ရာသော မကောင်းဆိုးဝါး အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သယ်ဆောင်လာပေတော့မည်ဟု ဦးကုသ ကြိုတင် မြင်ချေသည်။

ကိုလွင်ထွန်းကဖြင့် ညို့၏ အပေါ်ယံ တပ်ဆင်ခြုံလွှမ်း ထားသော သနားစရာရုပ်သွင်လေးကိုသာ မြင်နိုင်စွမ်း ရှိသူမို့...

"ဟုတ်သားပဲ ဦးလေးရယ်...ညို့ပြောတာ ဟုတ်ပါတယ်"

"ဘာ...ဟုတ်တာလဲ"

"ဦးလေးရဲ့ အမုန်းတိုင်တွေ ဆွေးဖို့ ကောင်းနေပါပြီ"

"လွင်ထွန်း...မင်းတော့ ခက်ဦးမယ်"

"သူပြောချင်တာ ပြောပါစေတော့ ထွန်းရယ်"

ညို့က နှိမ့်ချ ရိုကျိုးဟန် လေသံလေးနှင့် ခေါင်းငုံ့၍ ပြောလိုက်သည်။ ကိုလွင်ထွန်း၏ ရင်ထဲမှာ၊ ညို့သို့ သနားကြင်နာရသော စိတ်များ ပျံ့နှံ့ပြည့်လျှမ်းလာရသည်။

"အရင်တစ်ခါ ညို့လာတုန်းကလည်း မောင်ဘုတ်လို့ ပြေးခဲ့ရပြီးပါပြီ။ ညို့ အာဃာတ မထားခဲ့ပါဘူး"

"အမာတင်ရယ်၊ နင့် အကြောင်းများ"

"ကဲပါလေ...မကျေနပ်ရင်လည်း ပြန်ကြပါစို့ ထွန်းရယ်။ ဒါကြောင့် ပြောပါပကော၊ ညို့ဟာ ဘယ်နေရာမှ မအောင်မြင်တဲ့ မိန်းမပါလို့"

"ဟင်း...ဟင်း"

အံကြိတ်ရင်း ဟင်းလိုက်သော ဦးကုသကို ကိုလွင်ထွန်းက ဒေါသနှင့် ကြည့်လိုက်မိသည်။ မိန်းမလှတစ်ယောက်က သည်





လောက် တောင်းပန်နေပါလျက်နဲ့ မာန်မာန တင်းလွန်းသော ဦးကုသပါလား။

"သူ လာပြီးသွားပြီလား မေးခဲ့ပါ"

ညို့က လေသံတိုးလေးနှင့် မေးပြီး ဖြည်းဖြည်းလေး လှည့်ထွက်သွားသည်။

ပိတ်ကားပေါ်မှာ ညို့ သည်အမူအရာမျိုး လုပ်လျှင် လူတိုင်းက သနားကြရသည်။ သူ့ပရိသတ်တိုင်း ခံစားခဲ့ကြရသော သနား ကြင်နာမှုများ အားလုံးကို တစ်ပေါင်းတစ်စည်းတည်း စုစည်း၍ ကိုလွင်ထွန်း ညို့ကို သနားနေမိသည်။

သည်သို့သော သနားစိတ် ချစ်မြတ်နိုးစိတ်၊ တပ်မက်စိတ်များသည် ကိုလွင်ထွန်းအတွက် ခွန်အားများ ဖြစ်လာရသည်။

ယင်းခွန်အားသည်ကား ဤမိန်းမအတွက် အရာအားလုံးကို လုပ်ဆောင်ပေးရဲ ဘ ခွန်အားများသာ ဖြစ်ချေပါသတည်း။

"ဟိုဟာမ ဘာပြောသွားတာလဲ"

"ဩော်...ဦးလေးကလည်းဗျာ"

"မင်းတော့ ဒုက္ခလှလှကြီး တွေ့တော့မယ်နော် လွင်ထွန်း။ ကဲ...ပြောစမ်း၊ ခု ဘာလာလုပ်တာလဲ"

"ဟို... ဟို... လွှမ်းနိုင်ဆိုတဲ့ကောင်၊ ဦးလေးဆီ လာသွားသလား"

"သူက ငါ့ဆီ ဘာကြောင့် လာရမှာလဲ"

"မလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မလာပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒီကို ဘာဆိုင်လို့ ဘာလာလုပ်ရမှာလဲ"

"သူဒွေးကုန်းကို သွားမယ်လို့ ပြောသွားတာပဲ"

"ဒီကောင်ဟာ အစကဲ မောင်မြင့်ထိုက်ရဲ့ တပည့်ပဲ။ အဲဒီကတည်းက ညို့နဲ့ မရှင်းဘူးလို့ မောင်မြင့်ထိုက်က ငါ့ကို ပြောဖူးခဲ့ဖူးတယ်။ မောင်မြင့်ထိုက် ဒီကိုလာတုန်းက လွမ်းနိုင်ဆိုတဲ့ ကောင်တစ်ခါ ပါလာဖူးတယ်။ ဒါပဲ၊ ငါနဲ့ ပတ်သက်စရာ ဘာမှ မရှိပါဘူး"

"ဒါဖြင့်လည်း ပြီးရောလေ၊ ကျွန်တော် ပြန်မယ်"

"ဟေ့ကောင်...လွင်ထွန်း"

"ဗျာ...ဦးလေး"

"ဟိုဟာမ ငွေသိပ်လိုနေတယ်။ ဦးလွန်းဘော်ဆီ တောင်းတာ ဟိုက မပေးဘူး။ မင်းဆီက ငွေတွေလည်း စာရင်းအတိုင်း အတိအကျ ရှိပစေနော်"

"ဟာ...စိတ်ချပါ...ဦးလေးကလည်း"

"အေး...အလုပ်ပေါ်မှာသစ္စာရှိ၊ ဒါပဲ"

ကိုလွင်ထွန်းမှာ အလုပ်သွင်းပေးထားသော ဦးကုသကိုပင် နှုတ်မှုန်းချင်လာသည်။ လူကြီးတန်မဲ့နှင့် တစ်ချိန်က မယားပါ သမီးလေး တစ်ယောက်အပေါ် သည့်လောက် အာဃာတကြီး၊ မကြီးသင့်တော့ပါဟု တွေးပြီး ပြန်လှည့်ထွက်လာလေမှ...

"နေစမ်းပါဦး... လွမ်းနိုင်ဆိုတဲ့ကောင်က ငါ့ဆီ ဘာလာ လုပ်မှာလဲ"





"မသိဘူး၊ အဲဒီလို ပြောသွားလို့"

"အင်း... ညို့နဲ့ ပတ်သက်ပြီး တစ်ခုခု လျှို့ဝှက်ထားတာ ငါ့ကို ခွင့်ပြောမလို့ ထင်တယ်"

ဆက်ပြောနေပါလျှင်လည်း သူချစ်ညို့ မကောင်းကြောင်း သာ ကြားရတော့မည်မို့ ကိုလွင်ထွန်းမှာ ပြန်လှည့်ကာ ညို့၏ နောက်သို့ အမီ လိုက်လာခဲ့ရပါတော့သည်။

⁕



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

သူဌေးကုန်း၏ ဝန်းကျင်ဝယ် အိမ်ငယ်လေးများကို ဖယ်ရှား နှင်ထုတ်ထားပြီးမို့ တိုက်အိမ်ကြီးမှာ ထီးထီးမြင့်မြင့်ကြီး ဖြစ်နေပါ၏။

ပတ်ဝန်းကျင်မှာ လူသူကင်းရှင်းတိတ်ခြောက်လှသည်။

ဦးကုသမှာ လူသူမဲ့ဝန်းကျင်မှ ကြီးမားသော တိုက်ကြီးအတွင်း ဝယ် တစ်ကိုယ်တည်းနေခြင်းကပင်လျှင် လူတစ်ယောက်၏ သဘာဝ နှင့် အံချော်နေပေသည်။

သူ့သခင်အပေါ် သစ္စာရှိခြင်းဆိုသော အတွင်းစိတ်နှင့် ပန်းပု ထုခြင်းဆိုသော လုပ်ငန်းပေါ်တွင်သာ သူ့ဘဝကို လုံးဝမြှုပ်နှံထား လေသူပါ။

"ဟော...ကားသံကြားပြီ"

ဒဟပ်ပင်အောက် ချုံအကွယ်တွင် နှစ်ဦးသား ဖက်တွယ်ထား ရာမှ ညို့က လူးလဲထရင်း ပြောလိုက်သည်။

"ဟာ...ဟုတ်ပါရဲ့၊ ညို့အတွေးမှန်လိုက်တာ"





ကိုလွှမ်းနိုင်ပါပဲ။ သူရောက်လိမ့်မည်ဟု ညို့က ကြိုတင် တွက် ဆပြီး ဦးကုသ မမြင်သာအောင် တိုက်ကြီး၏ နောက်ဘက်မှ ကွေ့ ဘက်ပြီး စောင့်ပုန်းနေကြခြင်း ဖြစ်ပါ၏။

"ဟဲ့...ဘယ်လိုလဲ"

"ဟုတ်ပါရဲ့၊ ကားခပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်တယ်နော် ညို့..."

သူ့အိတ်ကို ဆွဲလျက် တက်လာသော ကိုလွှမ်းနိုင်ကို ညို့တို့ ကောင်းစွာ မြင်သာနေကြရသည်။ ကိုလွှမ်းနိုင်ကဖြင့် မသိ၊ မမြင်ပါ။

"လာ... ချစ်... ညို့တို့ နောက်ဘက် လှို့ဝှက်အပေါက်က ဝင်ကြမယ်"

ညို့က ကိုလွင်ထွန်း၏ လက်ကို ဆွဲလျက် ဦးဆောင်သွား သည်။

သူ့ကို 'မောင်' 'ချစ်' 'သည်း' 'ထွန်း' ဆိုသော စကားများဖြင့် ပြောတတ်လေသူ ညို့ကို ကိုလွင်ထွန်းမှာ ရူးမတတ် စွဲလမ်းနေရ လေပြီ။ ဤမိန်းမနှင့် ပတ်သက်လာလျှင် ဘာမဆို လုပ်ပေးရဲသော ကြီးမားသည့် စွမ်းပကားများ သူ့ရင်တွင် ဖြစ်ထွန်းနေရလေပြီ ဘည်း...

"ဟင်...လှို့ဝှက်အပေါက်ရှိတာ ညို့ ဘယ်လိုလုပ်သိလဲ"

"ညို့ဟာ ဒီအိမ်မှာ ကြီးပြင်းခဲ့ရတယ်ဆိုတာ မောင်မေ့နေပြီ ထားကွယ်"

"သြော်... ဟုတ်ပါရဲ့၊ မောင်ကသာ ခုမှ တကယ်ထိတွေ့ရတဲ့ သူပါ"

www.burmeseclassic.com

www.burmeseclassic.com



ညို့မှာ ကိုလွင်ထွန်း၏ လက်ကို ဆွဲလျက် အရှေ့ဘက်၏ အဆောင်စွယ်တစ်ခုမှတစ်ဆင့် နောက်ဘေးဘက်သို့ ဝင်ခဲ့ကြသည်။

နံရံတွင် ကြီးမားသော ဗီရိုကြီးတစ်ခု ရှိသည်။ ညို့က ဗီရို၏ နောက်ဘက်သို့ လက်နှိုက်ပြီး ကလန့်တစ်ခုကို ခက်ခဲစွာ ဖြုတ်သည်။ ကိုလွင်ထွန်းပါ ကူညီဆွဲဖြုတ်ပြီးသည့်အခါ ဗီရိုကြီးမှာ တံခါး တစ်ခု သဖွယ် ဆုံလည်နှင့် အလိုလို ရွေ့ပွင့်လာသည်။

"ဒီကနေ အပေါ်ထပ်လည်း တက်လို့ရတယ်။ မြေတိုက်ထဲလည်း သွားလို့ ရတယ်"

"မြေတိုက်ရှိတယ်လား"

"ရှိတယ်၊ သိပ်ပြီး လုံခြုံစိတ်ချရတဲ့ မြေတိုက်ကြီးပေါ့"

အပေါ်ထပ်ဆီသို့ လက်တွဲလျက် တက်လာကြပြီး တီးတိုး ပြောလာကြသည်။

"မြေတိုက်က အကျယ်ကြီးလား၊ ဘာလုပ်ဖို့ ထားတာလဲ ဟင် ညို့"

"သိပ်တော့ မကျယ်ဘူး သည်း။ ဆယ့်ငါးပေ ပတ်လည် လောက် ရှိမယ်။ ဦးအောင်သာတို့ လက်ထက်က သိပ်ချမ်းသာတော့ ငွေသား တွေ သိမ်းတဲ့ ဘဏ်တိုက် အသေးစားလေး ဆိုပါတော့"

"သြော်"

"ဒါပေမယ့် ခုလို လွယ်လွယ်သွားလို့ မရဘူး။ ပြန်ထွက်ဖို့လည်း မလွယ်ဘူး။ ကြီးမားတဲ့ သော့နဲ့ မြဲမြံတဲ့ သံတိုင်ကြီးတွေနဲ့ ကာဆီး ထားတယ်။ အဲဒီသော့တွေက ဦးကုသဆီမှာ ဖြစ်မှာပေါ့။ အောက်မှာ မြေတိုက်ရှိကြောင်း ဘယ်သူမှတောင် မသိကြရဘူး"





ညို့က ရှင်းပြသည်။ သူတို့ အပေါ်ထပ်သို့ ရောက်လာပြီး လှေ ကားတစ်ဆစ်ချိုး မှောင်ရိပ်သို့ ခိုကပ်ပြီးချိန်တွင် အောက်ထပ် ဧည့် ခန်းဆီ၌ ကိုလွှမ်းနိုင်နှင့် ဦးကုသတို့ နေရာတကျရှိပြီး အချေအတင် ဆွေးနွေးနေကြလေပြီ။

"မင်းဟာမ ငါ့တူရဲ့ လက်ထဲမှာ ကျန်ရစ်ခဲ့လို့ မင်း တမင် လာ ပြောတာလား"

"အဘ ဒီလိုထင်မှာပဲ၊ ပြောမှာပဲဆိုတာ သိလို့ ကျွန်တော် ဦးအောင်ကြီးဆီ သွားပြီးမှ ဒီကိုလာခဲ့တာပါ"

"ဦးအောင်ကြီးဆိုတာ ဘယ်သူလဲ"

"ညို့နဲ့ ကားရိုက်ဖို့ မပြတ်သေးတဲ့ ကုမ္ပဏီပိုင်ရှင်ကြီး တစ်ဦးပါ"

"အင်း…"

"သူ့ဆီမှာ အပ်ထားတဲ့ ကျွန်တော့်ရဲ့ ပစ္စည်းသေတ္တာ သွားယူ ခဲ့ပြီ။ အဘကို သက်သေ သက္ကာရနဲ့ ပြဖို့ ကျွန်တော်လာခဲ့တာပါ"

"ညို့နဲ့ ပတ်သက်တာ ငါနဲ့ မဆိုင်ဘူး၊ ကြားလည်း မကြားချင် ဘူး"

"ညို့နဲ့ ပတ်သက်တာ မကြားချင်ပေမယ့် ဦးမြင့်ထိုက်နဲ့ ပတ် သက်တာဆိုရင်တော့ အဘ ကြားချင်မယ်ထင်ပါတယ်"

"ဘာ…"

"ကျွန်တော်ဟာ နာမည်တက်တော့မယ့် မင်းသားတစ်လက်ပါ အဘ။ နာမည်ပျက် မခံနိုင်ဘူး၊ ညို့ရဲ့ ဓာတ်ရှင်ထဲမှာ သနားသေ သေး အဖြစ်နဲ့တောင် မပါနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဘယ်လို"

"ဒါကြောင့် တာကယ်တာဝန်ရှိတဲ့ အဘတို့ပဲ ဦးမြင့်ထိုက်အတွက် ဆက်လက် ရှင်းကြပါ။ ကျွန်တော်ကတော့ ကျွန်တော့်ကို ကန်ထုတ်လိုက်တဲ့ မရွှေညို့ကို လက်စားချေရရင် ကျေနပ်ပြီ ဒါပဲ"

"မင်း ဘာတွေ ပြောနေတာလဲ"

"ညို့ ဦးမြင့်ထိုက်ကို သတ်လိုက်တဲ့ကိစ္စပဲပေါ့ အဘ"

"ဘာ…"

ညို့မှာ ကိုလွင်ထွန်း၏ လက်မောင်းကို အားကိုးတကြီး ဖက်လိုက်ပြီး ပါးချင်းကပ်လျက် တိုးတိတ်ဆိုးသော လေသံလေးနှင့်…

"သူ… သူ… သက်သက် လာညာနေတာပါ အသည်းရယ်… မယုံပါနဲ့နော်"

"မယုံပါဘူး၊ ရုံးကတောင် လွှတ်ပြီးပြီပဲ"

"အင်းနော်"

"အလကားကောင်…မိန်းမလို အတင်းလာပြောနေတာ၊ မောင် သတ်မိလိမ့်မယ်"

ညို့က ပြုံးလျက် ဖက်ပြီး မွှေးလိုက်သည်။ ကိုလွင်ထွန်းက လည်း ညို့၏ ကိုယ်လုံး ထွေးထွေးအိအိလေးကို သိုင်းဖက်ထား သည်။

ညို့မှာ ပြုံးနေရသော်လည်း မျက်လုံးပြူးနေရသည့်အဖြစ်ကို ဖြင့် ကိုလွင်ထွန်းမှာ မသိရှာပါ။





သူတို့နှစ်ဦးမှာ လှေကားပွတ်လုံးတိုင်များ ကြားမှနေ၍ ကို လွှမ်းနိုင်ထုတ်သော ပစ္စည်းများကို စောင့်ကြည့်နေသည်။

ကိုလွင်ထွန်းက ကိုလွှမ်းနိုင်ကိုသာ ရှုံ့ရာစက်ဆုပ်စွာ ကြည့် နေပါသော်လည်း…

ညို့မှာ ချွေးများ ပြန်လာသည်။ နှလုံးသားများ ပွဲကျတော့ မလောက် ပူလောင်စွာ လှုပ်ရှားနေရပါပြီ။

"ဒါ ဘာလဲ"

"ဒါ ဦးမြင့်ထိုက်ရဲ့စာပါ၊ သူ့ချစ်သူဆီ ပြန်လာတော့မယ့် အကြောင်း၊ ညို့ကို ကွာရှင်းခဲ့မည့်အကြောင်း…"

"ဟေ…မောင်မြင့်ထိုက်ရဲ့ချစ်သူ"

"ဟုတ်ပါတယ်၊ ဒါကို ညို့က ခိုးသိမ်းထားခဲ့တာပါ"

"မောင်မြင့်ထိုက်ရဲ့ချစ်သူဆိုတာ ဘယ်…ဘယ်သူတဲ့လဲ"

"ဒါတော့ ကျွန်တော် မသိဘူး၊ ဒီစာသာ ဖတ်ကြည့်ပေါ့။ ပြီး တော့…ဒီမှာ တိပ်ခွေ"

ညို့က မဟန်နိုင်တော့။

လဲကျသွားတော့မလောက် ချောက်ချားရပါပြီ။

"အဘဆီမှာ ကက်ဆက်မရှိဘူးလား"

"ဘယ်ရှိမှာတုံး"

"ခက်တာပဲ"

"ဘာမို့လဲ"

"ညို့ဟာ သူ ကျွန်တော့်ကို ချစ်လွန်းလို့ ဦးမြင့်ထိုက်ကို တမင် ကွက်ဆင်ပြီး သတ်ပစ်လိုက်ကြောင်း…"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး…မဟုတ်ဘူး…သွား…သွား…"

ညို့မှာ သူကိုယ်ပိုင် အသိစိတ်များ လွင့်စဉ်သွားလေပြီ။

မကောင်းဆိုးရွား ဝိညာဉ်ရိုင်းတစ်ခု ပူးကပ်လာသည်သို့ပင် ကြုံးအော်ရင်း လေ့ကားပေါ်မှ ဘွားခနဲ ခုန်ဆင်းလိုက်သည်။

ဘွားခနဲ ပေါ်လာသော ညို့ကို ဦးကုသနှင့် ကိုလွှမ်းနိုင်မှာ မယုံနိုင်လွန်းသော အကြည့်များဖြင့် ကြုံးထကြပြီး ပြူးပြူး ကြောင် ကြောင်ကြီးသာ စိုက်ကြည့်နေကြဆဲ…။

"သေကြ…နင်တို့ပါ သေကြရမယ်"

ညို့လက်မှာ သေနတ်နှင့်…

လိုင်စင်မဲ့ကိုင်ဆောင်နေသော သေနတ်နှင့် ချိန်ရွယ်ထားသော ကိုလွင်ထွန်းမှာ လေ့ကားပေါ်မှ ပြေးဆင်းလာသည်။

"ဟာ…ဟိုမှာ…"

နောက်ကလည်း အသံကြားသည်။ ကိုလွှမ်းနိုင်ကလည်း နောက်ဘက်သို့ လက်ညှိုးညွှန်ပြရင်း အလန့်တကြား အော်လိုက် ပါ၍…

ညို့တစ်ကွက်လွတ်သွားရပြီ။

ကိုလွှမ်းနိုင်က ညို့ကို ခုန်အုပ်ပြီး သေနတ်လုသည်။ သေနတ် က လွင့်ကျသွားပြီး ညို့နှင့် သူနှင့် တပ်လျက်သား လဲကျသွားသည်။

"အမယ်လေး"

ညို့၏ အလန့်တကြားအော်သံနှင့် တစ်ဆက်တည်းလိုပင် ကိုလွင်ထွန်းက ကိုလွှမ်းနိုင်၏ လည်ကုပ်မှ အင်္ကျီကို ဆွဲယူ လူမည်း မျက်နှာကို ထိထိမိမိ လက်သီးနှင့် ထိုးလိုက်သည်။





ညို့က လွတ်ထွက်သွားသည်။

ဦးကုသမှာ ပန်းပုထုလက်စ သစ်သားချောင်းကြီးကို ပြေးကောက် နေဆဲ ညို့လက်မှာ သေနတ်ပြန်ရောက်သွားသည်။

"လက်မြှောက်ထားပါ ဦးကုသ"

"မိစ္ဆာမ…နင် အခုထိ ယုတ်တုန်းပါလား"

"ပါးစပ်ပိတ်ထားစမ်း အဘိုးကြီး၊ သိတယ်မဟုတ်လား၊ တကယ် ပစ်ထည့်လိုက်မှာ"

ဦးကုသ မလှုပ်ရှားရဲတော့။ ညို့၏ လက်ကလေးကွေးရုံနှင့် သူ့အသက် ဆုံးရှုံးရပေတော့မည်ဟု ဦးကုသ သိလာရသည်။ တကယ်လည်း ပစ်မည့်ကောင်မဟု မုန်းတီးစွာသာ စိုက်ကြည့်နေရ သည်။ မလှုပ်ရဲ မပြောရဲတော့။

တစ်ဖက်ရန်ပွဲကလည်း အကြိတ်အနယ်။

အသက်လုရသော သတ်ပုတ်ပွဲမို့ ပြင်းထန်လှသည်။

ညို့မှာ ဦးကုသကို မျက်ခြည်မပြတ် ကြည့်ထားရင်း သေနတ် ပြောင်းဝကို သူတို့ဘက်သို့ ချိန်လိုက်ပါသော်လည်း…

ပစ်ကွင်းထဲသို့ ကိုလွှမ်းနိုင်ချည်း ရောက်မလာနိုင်၊ သားကောင် က လှုပ်ရှားလွန်းနေသည်။

ဦးကုသကိုလည်း အလစ်မပေးရဲ။

ကိုလွင်ထွန်းသာ မှောက်သွားပါလျှင် နှစ်ယောက်တစ်ယောက် နင့်မို့ သူ့အဖို့ မလွယ်၊ သေနတ်ရှိစေကာမူ မလွယ်။

တိုက်ခိုက်ရာမှ နှစ်ယောက်သား ပူးကပ်သွားကြသည်။ ကို လွှမ်းနိုင်က နံရံဘက်သို့ ရောက်သွားသည်နှင့်…



www.burmeseclassic.com

www.burmeseclassic.com



"မောင်...အုတ်ထရံနဲ့ ဆောင့်ပစ်...ဆောင့်ပစ်"

ကိုလွင်ထွန်းကလည်း ယင်းအသံကြား၍ ယင်းအသိ ဝင်လာသည်နှင့် ကိုလွှမ်းနိုင်၏ ပခုံးကို ကိုင်ပြီး အရှိန်နှင့် အုတ်ထရံသို့ တွန်းပို့လိုက်သည်။

ကိုလွှမ်းနိုင်က ငယ်ရွယ်သည်။ ဖျတ်လတ်သည်။ တော်ပေနှင့် ဖလက်မပြ။ ခွေမကျ။

"ထပ်ဆောင့်...ထပ်ဆောင့်..."

ညို့ ကြုံးအော်သည်။

ညို့အတွက်မို့ အကြီးမားဆုံး အားမာန်သည် ကိုလွင်ထွန်းထံမှာ ရောက်ရှိလာသည်။

နောက်ထပ် နှစ်ချက် ဆောင့်အပြီးတွင် ကိုလွှမ်းနိုင်မှာ မတ်တည်နိုင်စွမ်း ရှိတော့။

ခွေကျသွားပြီ။

အသိတရားလည်း မရှိတော့။ မေ့မြောလျက်။

သူ့ခေါင်းမှ သွေးများ စီးယိုလာသည်။

"ဟင်း...မင်းတို့...မင်းတို့ ဒီထဲကို..."

အဘိုးကြီး စကားမဆက်နိုင်တော့။ ဒီထဲကို ဘယ်လို ဝင်လာသလဲဟူသော သူ့မေးခွန်းဆုံးအောင် မပြောနိုင်တော့ပါ။

တကယ် ရက်စက်တော့မည့် ညို့ကို သူကြောက်ရွံ့လွန်းစွာ ကြည့်နေသည်။ စကားသံပင် ထွက်မလာရဲတော့။

သူသေရတော့မည်ဟု သိသူတစ်ယောက်လို ဇောချွေးများ ပြန့်လာသည်။



"ခါးက သော့ထဲမှာ မြေတိုက်ခန်းသော့ ပါသလား"

"ဟင်...ဟင်"

"ဖြေလေ"

ညို့က သေနတ်နှင့် ထိုးချိန်ရင်း ဟောက်လိုက်သည်။

"မြေ...မြေတိုက် မရှိပါဘူး"

"ဟာ...အရေးထဲ ညာနေသေးတယ်။ တကယ်ပစ်လိုက်မယ်။ နှစ်လောင်းပြိုင်သွားမယ်"

သွေးအိုင်မှာ ခေါင်းစိုက်လျက် ငြိမ်သက်နေသော ကိုလွှမ်းနိုင်ကို ကြည့်ပြီး ဦးကုသ တုန်သွားသည်။

သူ့ခါးမှ သော့စုံတွဲကြီးကို ဖြုတ်ယူပြီး ညို့ကို ကမ်းပေးရှာသည်။

"မောင် ယူလိုက်ပါ"

ကိုလွင်ထွန်းက ယူလိုက်ပြီး သူ့ဦးလေးကို ညို့ပစ်သတ်လိုက်လေမလားဟု စိုးရိမ်ကဲသော မျက်ဝန်းဖြင့် ကြည့်နေဆဲ...

"ကဲ...အဘိုးကြီး၊ သူ့ကို ဆွဲခေါ်ခဲ့။ မြေတိုက်ထဲကို ခေါ်ခဲ့"

ဦးကုသမှာ ကိုလွှမ်းနိုင်ကို မနိုင်မနင်း ထူမပြီး ဒရွတ်တိုက်ဆွဲလာသည်။ သွေးများက သူတို့နောက်မှ အတန်းလိုက် လိုက်ပါလာသည်။

ကိုလွင်ထွန်းကပါ သူ့ဦးလေးဘက်မှ ကူတွဲ၍ ဆွဲလာသည်။

ညို့ကဖြင့် သေနတ်ချိန်လျက်နှင့် မြေတိုက်ခန်းထိပ်သို့ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့...ဖွင့်"

သူလက်မှာ သေနတ်ချိန်လျက်နှင့်ပင် သော့ကို ဦးကုသ ပြန်ပစ်ပေးလိုက်သည်။

ပထမ အံဖုံးတံခါးကို ခက်ခဲစွာ ဖွင့်ရသည်။ ပြီးတော့ လှေ သုံးထစ် ဆင်းရပါ၏။ လှေကားအဆုံးမှာ ခိုင်ခန့်သော သံတိုင် စိုက်ထားသည့် မြေတိုက်ခန်း။

"သူ့...သူ့ကို ဒီထဲမှာ ထားမလို့လားဟင်...ဟင်"

"မရှည်နဲ့ ဆွဲချသွား"

ဦးကုသမှာ အခန်းတံခါးဖွင့်ပြီး လှေကားထစ်အတိုင်း မနင်း ကြည့်မကောင်းမြင်မကောင်း ဆင်းသွားရသည်။

"ထွန်း နေခဲ့"

ကိုလွင်ထွန်းပင် ယောင်ယမ်း၍ မြေတိုက်တွင်းသို့ ဆင်း မည့် ခြေလှမ်းများ ရပ်သွားရပါ၏။

"သော့ ပိတ်လိုက်တော့လေ မောင်"

ကိုလွင်ထွန်းက ဦးကုသ ဖွင့်သွားသော သော့ခလောက် သုံးခုကို ပြန်ပိတ်နေဆဲ...

"အမယ်လေး...ငါ့ကို...ငါ့ကို ဒီထဲမှာ ပိတ်...အား...အား"

ဦးကုသ ကြုံးအော်ရှာသည့် အသံက ပြာနှမ်းနေသည်။

"တို့သားအမိ သုံးယောက်ကို တစ်သက်လုံး နှိပ်စက်ခဲ့ ကောင်ကြီးနေခဲ့"

"လွင်ထွန်း...လွင်ထွန်း ငါ့တူရယ်"





ညို့က တုန့်ဆိုင်းဆိုင်း ဖြစ်နေသော ကိုလွင်ထွန်းကို ဆွဲခေါ်ပြီး ပေါ် လှေကားသုံးထစ်ကို တက်လိုက်သည်။

ညို့ကိုယ်တိုင် အံဖုံးတံခါးကို အသေချာ ပိတ်လိုက်ပါပြီတည်း။

ဦးကုသ၏ အော်သံသဲ့သဲ့လေးမှာ ဝေးကွာ ပျောက်ကွယ်သွား သည်။

"သူ...သူသေပြီလားဟင် ညို့"

"လှမ်းနိုင်လား"

"အင်း..."

"မသေပါဘူး၊ ဒီလောက် ဒဏ်ရာလေးနဲ့"

"ဒါဖြင့် သူတို့...သူတို့ကို မြေတိုက်ထဲမှာ..."

ကိုလွင်ထွန်း၏ အသံများ တစ်ဆို့နေသည်။

"ကိစ္စမရှိပါဘူးမောင်၊ လှမ်းနိုင်ဆိုတဲ့ကောင်ကို ခဏ ပါးစပ် တ်ထားတဲ့ သဘောပါ"

ညို့က ဧည့်ခန်းတွင်းမှ ကစဉ့်ကရဲ ဖြစ်နေသော အရာများ ပြန်လည်နေသားကျအောင် လိုက်လုပ်နေသည်။ ကိုလှမ်းနိုင်၊ သည့် ပြသောစာနှင့် တိပ်ခွေကို သူ့အိတ်လေးတွင်းသို့ အမြန် ည့်လိုက်ပြီး သေနတ်ကိုပါ သိမ်းဆည်းလိုက်ပါ၏။

ညို့သည် သူ့လုပ်ရပ်များပေါ်တွင် အာရုံဝင်စားနေသည်။ ဘတလျှင် ဆောင်ရွက်နေရ၍ ကိုလွင်ထွန်းကို မကြည့်အား၊ ကိစ္စများ ပြီးမှသာ ကိုလွင်ထွန်းဘက်သို့ လှည့် နိုင်သည်။

"အို...ညို့ရဲ့ သည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မှုပျက်လွန်းနေသော ကိုလွင်ထွန်း။

ညို့ပေါ်တွင် ကြောက်ရွံ့စိတ်နှင့် စွဲလမ်းစိတ်တို့၏ ပေါင်းစု တံတားအလယ်မှနေ၍ သူ မည်သည့်ဘက်သို့ ဆင်းရပ့်မလဲဟု တွေး နေပုံရသော ကိုလွင်ထွန်းသို့…

"မောင်ဟာလေ၊ တကယ့်ကို ဖျတ်လတ်သွက်လက်တဲ့ ယောက်ျား ကောင်းတစ်ယောက်ပဲကွယ်၊ အင်အားကြီးတဲ့ ရန်သူတစ်ယော က်ကို အပြတ်တိုက်ခိုက်နိုင်တယ်နော်"

ညို့စကား ကြားရတော့ ကိုလွင်ထွန်း ဘဝင်မြင့်ချင်လာသည်။

"အားကိုးထိုက်တဲ့ သည်းရယ်၊ ညို့ချစ်တယ်ကွယ်"

ညို့က ကိုလွင်ထွန်း၏ လက်မောင်းလေးကို သူ့ပါးနှင့် ပွတ်ရင်း ဆက်ပြောနေပါ၏။

"ဒီမှာ သည်း၊ ခုကိစ္စတွေအားလုံး ထွန်း ဘယ်နေရာမှ ဝင်စေရဘူး၊ လွှမ်းနိုင်ကိုတောင် ညို့တီးလိုက်တာပါလို့ ပြောပ့်မယ် ပုန်းညက်မြိုင်ရောက်ရင်လေ ဒီကိစ္စတွေ မောင်နဲ့ ဘာမှ မပတ်သက် ကြောင်း ညို့ကိုယ်တိုင် စာရေးပြီး လက်မှတ်ထိုးပေးထားပ့်မယ် နောက်ဆုံး ညို့သေသွားရင်တောင် မောင့်မှာ အပြစ်မရှိစေရအောင် ပါ"

"ထွန်းရယ်…ညို့လေ၊ ထွန်းကို တမလွန်ထိအောင် ချစ်နေရ တယ် သိလား"

"ညို့ရဲ့ ကိစ္စတွေ အမြန်ဆုံး ရှင်းလင်းပ့်မယ်၊ ပြီးဆုံးသွားတဲ့ အခါကျရင်သာ ညို့သည်းနဲ့ လောကသစ်ကလေးတစ်ခုတည်ဆောက် ရအောင်ပါနော်…"





"အဲဒီလောကသစ်ကလေးမှာ အချစ်တွေ အကြင်နာတွေနဲ့ အရာအားလုံးကို ခြယ်မှုန်းမယ်၊ အမုန်းဆိုတာ မကြားဖူးတဲ့ အရာ ဖြစ်စေနေစေရမယ်ပေါ့"

"ညို့ကို မုန်းမသွားလိုက်ပါနဲ့ ချစ်ရယ်နော်၊ ညို့အပြစ်တွေ ညို့တစ်ယောက်တည်း ခံမှာပါ၊ ထွန်းနဲ့သာ မခွဲပါရစေနဲ့။ ညို့ ဘဝကို ထွန်းရဲ့ ရင်မှာ မြှုပ်နှံခွင့်ပေးနိုင်ပါစေလို့ ညို့ဆုတောင်း နေတော့မှာပဲ"

"ညို့… ညို့ရယ်၊ အို…မောင်လည်း ညို့ကို သိပ်ချစ်ပါတယ် ကွာ"

ကျောက်ဆောင်လို ခိုင်မာသော ကိုလွင်ထွန်း၏ သံသယ ကမ်း ပါးကြီးကို…

ညို့၏ မျက်ရည်စက်ကလေးများနှင့် ညို့၏ ချွဲနွဲ့ညုတာ သော စကားများဖြင့်…

အစိတ်စိတ်အမြွှာမြွှာ ဖြိုခွဲ၍ ပြိုကွဲရပါလေပြီတည်း။

တဒင်္ဂမျှသော တွေဝေမှုများ ပြယ်လွင့်ရပါပြီ။ တပ်မက်လွန်း လှသည့် ညို့၏ တစ်ကိုယ်လုံး သူ့ရင်မှာ တွေးပိုက်လိုက်ရချိန်၌…

အရာအားလုံးသည် သေးမှုန်၍…

"ညို့အတွက်သာ"ဆိုသော အရာသည်သာ…

အကြီးမားဆုံး…အခိုင်မာဆုံး…ဖြစ်သွားရပါပြီတည်း။

နှစ်ဦးသား ဖက်တွယ်လျက် သူ့ဌေးကုန်းတိုက်ကြီး၏ လှေကားမှ တစ်ဆင့် ဆင်းသက်၍ လှို့ဝှက်လမ်းမှ ပြန်လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး၏ အပြန်လမ်းကို မည်သူမျှ မတွေ့ရှိလိုက်ကြပါ ချေ။

သွေးအိုင်တွင်းမှ ကိုလွှမ်းနိုင်…

"ကယ်ကြပါ"ဟု အခါခါ အော်ဟစ်နေမည်ဖြစ်သော ဦးကုသ၏ မြေတိုက်တွင်းမှ အော်သံများကိုမူ…

သူတို့နှစ်ဦးသည် လုံးဝလျစ်လျူရှု၍ ပုန်းညက်မြိုင်သို့သာ လှိုက်ဖိုက်စွာ ပြန်လာခဲ့ကြပါတော့သည်။

❋



## အခန်း (၂၀)

"ကြီးကြီး"

"ရှင်…"

"ပုန်းညက် သူ့ဆီကို ဖုန်းဆက်ရကောင်းမလားဟင်"

"ဘယ်သူ့ဆီလဲ"

"အစ်ကိုမောင့်ဆီပေါ့"

ဒေါ်အိုဇာက ပုန်းညက်ဖြူကို ငေးကြည့်နေသည်။ သူ ဘာဖြေ ရမှန်းမသိ။

"အစ်ကိုမောင်က ပြောတယ် ကြီးကြီးရဲ့"

"အင်း…"

"ပုန်းညက် လာစေချင်ရင် ဖုန်းဆက်လိုက်ပါတဲ့။ သူကတော့ ပုန်းညက်နားမှာပဲ နေချင်တယ်တဲ့"

ဒေါ်အိုဇာ ခေါင်းညိတ်ရသည်။

"ပုန်းညက်ကိုယ်တိုင် ဆက်ရင် မကောင်းဘူး ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာက ဘာမှ မပြောသာ။

"ကြီးကြီး ဖုန်းဆက်ပေးပါလားဟင်၊ ပုန်းညက်က ဆက်ခိုင်းတယ်လို့ မပြောနဲ့နော်၊ ဟိုလေ... ကြားက ကြီးကြီးက ပုန်းညက်နေမကောင်းလို့ လာကြည့်ပေးပါလို့ ပြောရင် ကောင်းမယ်နော်၊ ဟင်...ကောင်းလားဟင်"

လေတိုးခံ စပါးနှံလေးလို ယိမ်းယိုင်ရွေ့လျားနေသော အတွေးလေးများဖြင့် ပုန်းညက်ဖြူက ဟိုပြောသည်ပြော။

သူ့ဆန္ဒက သူ့အစ်ကိုမောင်နှင့် တွေ့ချင်သည်။

သည်သို့လည်း တိုက်ရိုက်ကြီး အစ်ကိုမောင်ကို ဖွင့်မပြောရဲ။ လာလည်း လာစေချင်လှပြီ။ ပုန်းညက်ဖြူ၏ ရင်တွင်း၌ ကွယ်ပုန်းနေသော ဆန္ဒလေးများကို ဒေါ်အိုဇာက မြင်တွေ့ရပြီမို့...

"ကြီးကြီး ဆက်ပေးပါ့မယ်။ ပုန်းညက်ဖြူ နေမကောင်းလို့ လာနိုင်ရင် လာကြည့်ပါ။ ခုဆက်တာ သူမသိဘူးလို့..."

"အင်း... အင်း... ကောင်းတယ်။ အို... ဒါပေမယ့် လာနိုင်ရင်ဆို...သူလာပါ့မလားဟင်"

"ကြီးကြီး ပြောပါ့မယ်လေ"

ဒေါ်အိုဇာ၏ မျက်နှာမှာ တည်ငြိမ်နေပါသော်လည်း ကြောင့်ကြသည့်အသွင်များ ဟပ်ထင်ရောနှောနေသည်။

ပုန်းညက်ဖြူ၏ အလိုကျဆောင်ရွက်ပေးဖို့က သူ့တာဝန်ပါ။

အလယ်ထပ်တွင်ရှိသော တယ်လီဖုန်းစင်မှာ ဒေါ်အိုဇာ ဖုန်းဆက်နေစဉ်...





ညို့အပေါ်ထပ်သို့ တက်သွားသည်။

ဒေါ်အိုဇာ ဖုန်းဆက်ပြီးလျှင်လည်း အပေါ်သို့ ပြန်တက်၍မဖြစ်သေး။

"မေမေ့မှာလေ ကိစ္စတွေ သိပ်များနေလို့၊ ငါ့သမီးလေးနဲ့တောင် အေးအေးဆေးဆေး စကားပြောခွင့်မရတာ ခွင့်လွှတ်ပါနော်"

အစ်ကိုမောင့်ထံမှ သတင်းစကားများကို မျှော်လင့်နေရာမှ... မိခင်နှင့် တွေ့ရပြန်တော့လည်း ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များ ဝဲလာရသည်။

"သမီးလေး"

"မေမေ"

"ငါ့သမီး ဒီအမွေတွေ ရပြီး ချမ်းသာသွားရင် မေမေနဲ့ အတူတူ နေမှာလားဟင်"

"သမီးက နေချင်တာ၊ မေမေက မနေတာ"

ညို့က အသံလေးတွက်အောင် ရယ်လိုက်သည်။ သမီးငယ်ကို ကော်လျက် တစ်ချက်နမ်းပြီးမှ...

"မေမေ့ကို စိတ်ဆိုးနေတယ်ပေါ့လေ"

"မဆိုးပါဘူး"

"ဒီမှာ မေမေပြောမယ်၊ မေမေလည်း ရုပ်ရှင်လုပ်ငန်းကို တကယ်စိတ်ကုန်ပါပြီ။ ဒီမှာပဲ ငါ့သမီးလေးနဲ့ အေးအေးချမ်းချမ်း နေချင်ပါပြီ"

"သမီးတို့ ရန်ကုန်မပြန်ရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဒီမှာနေမှ ဖြစ်မှာပေါ့"

"မေမေကရော

"ပြောပြီကော၊ မေမေ ဒီမှာပဲ သမီးနဲ့ နေချင်ပါတယ်လို့"

"ခုဖြင့် သမီးနဲ့လည်း မနေဘဲနဲ့"

"ပြောပြီကောကွယ်...ကိစ္စများနေလို့ပါလို့၊ ကဲ... မေမေ့ ကိစ္စတွေကို ငါ့သမီးက ရှင်းပေးပြီးရင် မေမေသမီးလေးနားမှာပဲ နေတော့မယ်။ တကယ် မေမေကတိပေးတယ်"

"အို...သမီးက မေမေ့ကိစ္စတွေကို ရှင်းပေးရမယ် ဟုတ်လား"

"ဟုတ်တယ်"

"သမီးက ဘာလုပ်တတ်မှာလဲ"

"ဒီလိုပါသမီး၊ ဦးအောင်ကြီးတို့အဖွဲ့ မေမေနဲ့ လိုက်လာတာ သမီးအသိနော်"

"ရုပ်ရှင်ရိုက်ဖို့ မဟုတ်လား"

"အေး...ဒါပေမယ့်...မေမေနဲ့ သူတို့နဲ့ မပြေလည်ဘူး။ သူတို့ကို အမြန်ဆုံး ရန်ကုန်ပြန်သွားစေချင်တယ်။ မေမေနဲ့ အလုပ်ပြီးပြတ်ပြီ ဆိုတဲ့ စာချုပ်ချုပ်ချင်တယ်။ အဲဒီအတွက် မေမေ့မှာ ဒါလိုတယ်"

ညို့က လက်ကလေး ဝိုင်းပြရင် ဆက်ပြောသည်။

"ဦးလွန်းဘော်ကလည်း မေမေ့ကို မပေးနိုင်ဘူးတဲ့။ ဒီ ရိုပ်သာ အတွက် ဖွင့်ထားတဲ့ ဘဏ်စာရင်း ရှိတယ်။ ငွေသွင်းငွေထုတ်ကိစ္စကို ကိုလွင်ထွန်းက လုပ်ရတယ်။ တရားဝင် ကိုယ်စားလှယ်လွှဲထားတယ်"





"အင်း..."

"သူကိုင်တွယ် လည်ပတ်နေတဲ့ ငွေက ရှစ်သောင်းရှိတယ်"

"အင်း..."

"အဲဒါ သူ့ကို မေမေထုတ်ခိုင်းချင်တယ်၊ ဦးအောင်ကြီးကို ရှ သောင်း လျော်လိုက်ရင် ပြီးပြီ ပြတ်ပြီ။ သူတို့ကိုလည်း ရန်ကုန် အမြ ပြန်သွားစေချင်လို့"

"အဲဒါ သမီးနဲ့ ဘာဆိုင်လဲ။ ဦးလွင်ထွန်း ထုတ်လို့ ရတယ်ဆို"

"ဩော်... နားဝေးလိုက်တာ ပုန်းညက်ရယ်။ သူက အလု သမားပဲ။ ညည်းက သူဌေးပဲ"

"အို..."

ဒီတော့ မေမေပြောမယ်၊ ဦးလွင်ထွန်းကို ငွေများ ထုတ်ယူခွ ပြုတယ်။ ကျွန်မ အမွေရတဲ့အခါ ဒါကို ကျေနပ်စွာ လက်ခံပါတယ ဆိုတဲ့ သမီးရဲ့ လက်ရေးနဲ့ ဟောဒီစာချုပ်မှာရေးပြီး လက်မှတ်ထိုးပေ နော် သမီးလေး"

စာချုပ်ကြီး ဖြန့်တော့ ပုန်းညက်ဖြူ လန့်လာသည်။

"ဘာဘ ဦးလွန်းဘော်က သူမသိဘဲ ဘာမှ မလုပ်ရဘူးတဲ့။ ဖြ ပါ့မလား မေမေ"

ညို့သည် ပုန်းညက်ဖြူကို အကြည့်စိမ်းများနှင့် ကြည့်လိုက သည်။ သူ့မျက်နှာ တင်းမာသွားသည်။ မသိ နားမလည်သော မျက ဝန်းလေးဖြင့် သူ့ကို နားမလည်စွာ ကြည့်နေကြောင်း မြင်တွေ့သွာ လေမှ သူ့ရင်မှ မာန်များ ပြေလျော့သွားသလို မျက်နှာကိုပါ လျှေ လိုက်ပြီး...



www.burmeseclassic.com

"ဒီလိုပါသမီး၊ သမီး ဖေဖေက သမီးအတွက် ထားခဲ့တဲ့ အမွေကို မေမေလည်း မရယူချင်ပါဘူး။ လက်ရှိ အခက်အခဲလေး ဖြေရှင်းရုံပါ"

ညို့က အသင့်ပါလာသော ပတ်ကားဘောလ်ပင်နှိပ်ကို နှိပ်ညှစ်လိုက်ပြီး စာချုပ်ရှေ့မှာ ချလိုက်သည်။

"သမီး မကျေနပ်ရင် မေမေ ခုပဲ သမီးကို စာချုပ်တစ်ခု ပြန်ရေးပေးထားပါ့မယ်၊ သမီး ငွေရှစ်သောင်းကို မေမေက ချေးတာ... ပြန်ဆပ်ပါ့မယ်လို့၊ နောက်ဆုံး သရုပ်ဆောင်ခ မရသေးရင်လည်း ကျောက်ကုန်းက မေမွေ့ရဲ့ တိုက်ကို ရောင်းပေးပါ့ မယ်"

"အို...မေမေကလည်း၊ မလိုပါဘူး"

"ဒါဆိုရင် ခုပဲ ရေးပေးပါ။သမီးရယ်၊ ဒီနေ့ပဲ ကိုလှင်ထွန်းတို့ဘဏ်က ငွေတွေ အကုန်ထုတ်ခိုင်းပြီး ဦးအောင်ကြီးတို့ကို အမြန်ဆုံး ပြန်သွားခိုင်းချင်လို့ပါ"

ညို့မှာ သိပ် အရေးကြီးနေပုံရသည်။ သူ့ရင်ထဲမှ ဆန္ဒ ပြင်းပြမှုများကို အတတ်နိုင်ဆုံး ဖုံးကွယ်၍ သမီးငယ်ကို အပြုံးနှင့် ချော့သည်။ ကျေနပ်အောင် ပါးလေးသို့ နမ်းသည်။

ညို့သည် လူတစ်ယောက် သူ့ဆန္ဒကို ဖြည့်စွမ်းချင်လာအောင် ပြောတတ်၊ ဆိုတတ်၊ ပြတတ်သော အတတ်ပညာတို့၏ အမြင့်မားဆုံး ပါရဂူဘွဲ့ရှင်တစ်ဦးသာတည်း။

ပုန်းညက်ဖြူလို မလည်မဝယ် သမီးငယ်တစ်ယောက်ထံမှ ချေးလိုချင်သော စာချုပ်ကို အလွယ်တကူ ရေးခိုင်းနိုင်ခဲ့ပါပြီ။





သမီး၏ ခွင့်ပြုချက်ဖြင့် သူ့အမေသို့ ငွေထုတ်ပေးရမည့် ကိစ္စကိုလည်း ကိုလှင်ထွန်းအနေနှင့် ဝန်မလေးတော့။ တာဝန်ပျက်ကွက်မှု မရှိနိုင်တော့။

သူကိုယ်တိုင်ပင်လျှင် အရာအားလုံး ညို့မှညို့ ဖြစ်နေလေပြီးသူ။

"ဩော်...သမီး၊ ဒီလို မေမွေ့ကို ရေးပေးလိုက်ရတယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ သမီးကို အမွေလွှဲပေးတဲ့နေ့ကျမှပဲ ဦးလွန်းဘော်ကို ဖွင့်ပြောပြကြတာပေါ့နော်"

"အင်းပါ"

"ကဲ...မေမေ မန္တလေး သွားမလို့။ သမီး ဘာလိုချင်လဲ"

"ရပါတယ်။ နေပါစေ"

"သမီး ကြိုက်တဲ့ ချောကလက် ဝယ်ခဲ့မယ်နော်"

နဖူးလေးကို မွှေးရင်း ပြန်ဆင်းခါနီးတွင်မှ...

"ဒီကိစ္စကို ဒေါ်အိုဇာ လုံးဝမသိစေနဲ့နော် ကြားလား"

တီးတိုးမှာကြား၍ အပြေးအလွှားဆင်းသွားသော ညို့သည် တံခါးကွယ်မှနေ၍ တိတ်တခိုး ချောင်းကြည့်နားထောင်နေသော ဒေါ်အိုဇာကိုဖြင့် လုံးဝမြင်တွေ့မသွားပါ။

✻

www.burmeseclassic.com

## အခန်း (၂၁)

"ပုန်းညက်ဆီကများ ဖုန်းဆက်ခေါ်မလားလို့ အစ်ကိုမော ကျောင်းတောင် မတက်ဘူး"

"ဟင်..."

"ခု ကြီးကြီးဆီက ပုန်းညက်နေမကောင်းဘူးဆိုတော့ အစ် ဖြင့် စိတ်ပူလိုက်ရတာ၊ ခု ဘယ့်နှယ့်နေသေးလဲ"

အလှလေးများ ပြင်ထားမိသော ပုန်းညက်ဖြူ၏ မျက်နှာ မှာ အရှက်လေးများပါ ဆင်မိရပါပြီ။

"ခု နေကောင်းသွားပြီလားဟင်"

"အင်း...နေမကောင်းတာက မနေ့က"

"အစ်ကို ဘာလုပ်ပေးရမလဲ ဟင်"

"နေပါစေတော့"

ခေါင်းလေး ငုံ့ပြီး မျက်လွှာချပြောလိုက်သော ပုန်းညက်ဖြ မြတ်မင်းမောင် ငေးကြည့်နေသည်။





ပထမတော့ တကယ်နေမကောင်း၍ဟု သူထင်သည်။ ယခုတော့ ပုန်းညက်ဖြူကိုယ်တိုင် ဖုန်းမဆက်ရဲ၍ ဒေါ်အိဇာမှ တစ်ဆင့်ဆက်သွယ်ခိုင်းကြောင်း မြတ်မင်းမောင် နားလည်လာရပါပြီ။ ပုန်းညက်ဖြူ၏ နှလုံးသားကို သူမြင်သာပါပြီ။

"ပုန်းညက်ဖြူ"

"ရှင်..."

"အစ်ကိုမောင်ရဲ့ အလာလမ်းမှာလေ... ပုန်းညက်ပန်းလေး တစ်ပွင့်၊ အစ်ကို့ရင်ထဲကို ကြွေကျလာတယ်"

ပုန်းညက်ဖြူမှာ သူ့အစ်ကိုမောင်၏ စကားအဓိပ္ပာယ်ကို နားမလည်ရှာ...

"ပုန်းညက်ဆိုတဲ့ ပန်းလေးရယ်...အစ်ကိုမောင့် ရင်ထဲကနေ လွင့်ကြွေမသွားပါနဲ့တော့ကွယ်နော်"

မြတ်မင်းမောင်က ပုန်းညက်ဖြူ၏ ဘေးမှာ အနီးကပ် လာထိုင်ပြီး လက်ကလေးကို ကိုင်၍ ပြောသည်။

"အစ်ကို...ပုန်းညက်ကို သိပ်ချစ်တာ ယုံပါပြီနော်"

"အချစ်ရဆုံး ပုန်းညက်လေးရဲ့ မေတ္တာဦးကိုလည်း အစ်ကို ပိုင်စိုးရပြီလို့ မှတ်ယူပါစေတော့နော်"

ပုန်းညက်ဖြူ ဘာမှမဖြေဝံ့၊ နှလုံးသားနုနုလေးသည်သာ ဆတ်ဆတ်ခုန် တိုးနေသည်။

"ပုန်းညက် အစ်ကို့ကို စကားမပြောရဲဘူးလားဟင်"

ခေါင်းညိတ်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အသံမဲ့ သင်္ကေတနဲ့ အစ်ကိုမောင့်ကို ချစ်ပါပြီလို့ ခေါင်းညိတ်ပြ"

"အို..."

ရှက်လန့်သံလေး ထွက်ပေါ်လာပါသော်လည်း...

ပုန်းညက်ဖြူ ခေါင်းညိတ်၍ ပြရှာပါသည်။

"အို...ပုန်းညက်ဆိုတဲ့ အစ်ကိုမောင့်ရဲ့ အချစ်ဦးလေးရယ်"

ပုန်းညက်ဖြူ၏ ဦးခေါင်းကို ဆွဲယူပြီး သူ့ပခုံးထက်မှာ မှီကာ နေစေလိုက်သည်။ ပုန်းညက်၏ လက်ခုံလေးကို သူ့ပါးမှာ အပ်ထားသည်။

"သိပ်ချစ်တယ်ကွယ်"

အသံလှိုင်းက ပုန်းညက်ဖြူ၏ နှလုံးသား ဗဟိုကို လာရောက် ရိုက်ခတ်သည်။

"အစ်ကိုမောင့်ကို ချစ်တယ်မဟုတ်လား ဟင်"

သူ့ပခုံးထက်မှာ မှီကပ်ရင်းခေါင်းညိတ်ပြရှာသည်။

"အစ်ကိုမောင် သိပ်ပျော်ရပြီကွယ်"

ပုန်းညက်ဖြူ၏ လက်ကလေးကို ယူ၍ နမ်းလိုက်သည်။ မြတ်မြတ်နိုးနိုး နမ်းခြင်းပါ...

"အစ်ကိုမောင့်ကို စကားပြောပါဦး အချစ်ရဲ့"

"ပုန်းညက် ကြောက်တယ်"

"ဒီလောက်ချောတဲ့ ကောင်ကိုများ ပုန်းညက်ရယ် ကြောက်ရတယ်လား"





ပုန်းညက်ဖြူ ရယ်မိသည်။

"အစ်ကိုမောင်က သရဲကြီးနဲ့ တူနေလို့လား၊ ဟုတ်လား ဟင်"

"သွားပါ...မဟုတ်တာတွေ"

"ချောတမ္ပယ်နော်"

"ဟင်း..."

"ချောရင် ချစ်"

လက်သီးနုလေးနှင့် သူ့ရင်ကို ထုလိုက်သော်လည်း နှလုံးသားဆီမှာ ကြည်နူးမှု ဒဏ်ရာလေးသာ ထင်သွားရသည်။

အပြစ်ပယ်ခံဘဝနှင့်မို့ လောကဆိုသည်မှာ၊ သွေ့ခြောက် ဆိတ်သုဉ်းခြင်းများဖြင့်သာ ဖွဲ့စည်းသည့်အရာဟု ထင်မြင်စ ပြုနေသော ပုန်းညက်ဖြူမှာ...

ချစ်ခြင်းမေတ္တာတရားကြောင့် မိမိ၏ဘဝနှင့် သည်လောကအတွက် လှပကြည်နူးဖွယ်များစွာကို ဖြစ်ထွန်းစေတတ်ပါလား ဟု လက်တွေ့ သိမြင်ခံစားလိုက်ရပါပြီ။

ချစ်သူ၏ ချစ်စကားလေးများ၊ ယုယကြင်နာမှုများ၊ နူးညံ့ညင်သာသော အတွေ့အထိလေးများကြောင့် ဖြစ်ပေါ်လာသော ကြည်နူးချမ်းမြေ့ခြင်း စမ်းရေယဉ်သည် ပုန်းညက်ဖြူ၏ နှလုံးသားရင်ပြင်ကို အေးမြညင်သာစွာ စိမ့်ဖြာ စီးဝင်လာခဲ့ပါပြီ။

"အစ်ကိုမောင်"

"ဟင်..."

"ချောက်လည်းရင် ပုန်းညက်ကို ခေါ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ချစ်ရယ် အစ်ကိုမောင် လျှောက်လည်မှ ပုန်းညက်ကို ခေါ်ရတော့မှာလား၊ ပုန်းညက်လေး သွားချင်တဲ့နေရာ အစ်ကိုမောင် လိုက်ပို့မှာပေါ့။ ပြောပါဦး၊ ပုန်းညက် ဘယ်သွားချင်လို့လဲ"

"နဂိုကတည်းက လျှောက်သွားချင်နေတာ"

"အင်း..."

"ခုဆို အစ်ကိုမောင်နဲ့ ပိုသွားချင်ပြီ"

"ဘယ်ကိုလဲ"

"ဘယ်ကိုဖြစ်ဖြစ်"

မြတ်မင်းမောင် လှိုက်လှဲစွာ ရယ်မောမိသည်။

သွားလိုရာနေရာ၏ ဦးတည်ချက် မရှိ။ လွတ်လပ်ခြင်းဖြင့် ပျော်ရွှင်မှုကိုသာ ရယူချင်သည်ပါ။ ချစ်သူနှင့်သာဆိုလျှင် မိုးကုန် စက်ဝိုင်းလမ်းကို...လိုက်ရှာရမည့်ခရီးကို မနားတမ်း သွားချင်နေသည့် ပုန်းညက်ဖြူ...

"ကဲ...ဒါဖြင့် အခု ဘယ်သွားချင်လဲဟင်"

ဘယ်ကိုဖြစ်ဖြစ်ဟု ပြောမိအံ့ဆဲဆဲတွင် အနောက်ဆီမှ အရိုး တစ်ခုလို မြင်လိုက်ရ၍ လူချင်းခွာလိုက်ရသည်။

ပုန်းညက်ဖြူနှင့် သူ့ အစ်ကိုမောင်မှာ အပေါ်ဆုံးထပ် လေသာဆောင်တွင် ထိုင်နေကြခြင်းပါ...

အတွင်းဘက်ဆီမှ အရိပ်သည် ဝိုပြင်လာသည်။

"ပုန်းညက်"

ညို့ကိုယ်တိုင်ပါလား...





သူ့အဖြစ်ကြောင့် ပုန်းညက်ဖြူမှာ မလုံမလဲနှင့် မိခင်ကို ရှုံ့ထိတ်စွာ ကြည့်မိသည်။

"မေမေ... မန္တလေး သွားမလို့၊ ဒီည ဟိုမှာ အိပ်ဖြစ်လိမ့်မယ်"

"ရုပ်ရှင်ရိုက်ဖို့လား မေမေ"

"မဟုတ်ဘူး သမီး၊ ဦးအောင်ကြီးတို့နဲ့ စာရင်းရှင်းစရာ ရှိလို့..."

"သြော်..."

"မေမေ့ကို ရှာနေမှာ စိုးလို့ တမင်တက်ပြောတာ၊ မြတ်မင်းမောင်ရော လာလည်သလား"

"ဟုတ်ကဲ့ပါ...ခင်ဗျ"

"ကဲ...သွားလိုက်ဦးမယ်"

သမီးနှင့် လူငယ်တစ်ယောက်ဆိုသည့် လက်ရှိ အဖြစ်ကို ညို့ စိတ်ဝင်စားဟန်မပြ။ သာမန်မျှသာ ပြောကြားပြီး အောက်သို့ ပြန်ဆင်းသွားသည်။

အခန်း၀ လှေကားထိပ်နားမှာ ဒေါ်အိုဇာ။

အောက်မှ ကားသံ ကြားရသည်။

ကိုလွင်ထွန်း မောင်းသည့် ဂျစ်ကားနှင့် ညို့ထွက်ခွာသွားသည်ကို အပေါ်စီးမှနေ၍ ချစ်သူနှစ်ဦး ကြည့်မိလေမှ...

ပုန်းညက်ဖြူတို့ ရှိနေရာကို ကောင်းစွာ မြင်သာသည့် နေရာမှ ဦးကောင်းဖုံ...

ပုန်းညက်ပင်ကြီးကို ကွယ်လျက်၊ မသိမသာ အကဲခတ်နေသော ဆံပင်ရှည် မျက်မှန်နက်နှင့် ရှမ်းပြည်နယ်က အနားလာယူနေပါသည် ဆိုသော စိုင်းခမ်း(မ်)လုံ။



www.burmeseclassic.com

www.burmeseclassic.com



ဤလူများကို ပုန်းညက်ဖြူမှာ မြင်တွေ့ပါသော်လည်း မိမိတို့ကို စောင့်ကြည့် အကဲခတ်နေကြခြင်းပါဟု မတွေးတတ်ရှာ...

သူ့ အစ်ကိုမောင်သည်သာ...

"ခုချိန်မှာ ငါ ပုန်းညက်ဖြူကို အပြင်ခေါ်ထုတ်သွားဖို့ မသင့်ဘူး"

"ငါ့ပေါ်မှာ တစ်မျိုး မြင်ကုန်ကြလိမ့်မယ်"

"ငါဟာ သူဌေးလောင်းမလေးမို့ ကြံနေတယ်လို့ အားလုံးက မမြင်ပါစေနဲ့"

"မျှော်လင့်ခြင်း ကင်းမဲ့တဲ့ မေတ္တာစစ်နဲ့ ချစ်တာပါဆိုတာ ပုန်းညက်ဖြူနဲ့အတူ အားလုံးက သိကြပါစေတော့"

"အစ်ကိုမောင်"

"ဟင်..."

"ဘာတွေ တွေးနေတာလဲ ငိုင်လို့"

"ပုန်းညက်အကြောင်းပေါ့"

"ရှေ့မှာ ရှိနေတာ၊ ဘာတွေးစရာလိုလဲ"

"သြော်...'ဟိုဟာ'ပါ"

"ဘယ်ဟာမှ လုပ်မနေနဲ့၊ လျှောက်လည်ရမယ်ဆို"

"အဲ...ဒါကိုပဲ ပြောလို့"

"ဘာလဲလို့"

"ပုန်းညက် မေမေကို ခွင့်မတောင်းလိုက်ရဘဲနဲ့ အစ်ကိုတို့ အပြင်သွားလို့ မကောင်းဘူး ထင်တယ်"





"လုပ်ပြီ"

"ပုန်းညက်ကလေးရယ်၊ အစ်ကိုမောင်က ခဏအလည်သွားကြမှာ မဟုတ်ဘူး။ ဒီကို ပြန်မပို့ရဘဲ တစ်သက်လုံး တွဲပြီး လည်နေချင်တာပါဗျာ"

"အလကား"

"တကယ်ပါ...တကယ့်ကိုပါ ပုန်းညက်ရယ်၊ ချစ်သံယောဇဉ်ကြိုးမျှင်လေးတွေ စတင် ယှက်သွယ်မိတဲ့နေ့မှာ အစ်ကိုမောင်လည်း ဘယ်မလည်ချင်ဘဲ ရှိပါ့မလဲ"

"ဒါဖြင့် ဘာလို့လဲ"

"အောက်မှာ ဦးကောင်းဇံ၊ နောက်မှာ ဒေါ်အိုဇာ"

"ဒါတွေနဲ့ ဘာဆိုင်လို့လဲ"

"သူတို့ဟာ ညို့ကလွဲရင် ပုန်းညက်ဖြူကို တာဝန်ယူနေရတဲ့ အရေးဝင် ပုဂ္ဂိုလ်တွေပါ"

ပုန်းညက်ဖြူ စိတ်ပျက်သွားသည်။

သူ့အစ်ကိုမောင်ကဖြင့် ခေတ်သစ် ကလေးချော့တေးကို ရေးဖွဲ့နိုင်လောက်အောင် ပုန်းညက်ဖြူကို သူချော့မော့ နှစ်သိမ့်နေရသည်။

ရင်ခွင်သစ် အတွေ့အကြုံသစ်တို့ဖြင့် ခံစားနေရရှာသော ဆယ်ကျော်သက်မလေးကို သနားကြင်နာရသော အချစ်များဖြင့် ချစ်ရသွန်းပါပြီ။

ချစ်ပွင့်ဦးတို့ ဖူးဝေရသော အချိန်လေးကို တိုတောင်းစွာ ကုန်လွန်စေရပြီး မြတ်မင်းမောင် ခွဲခွာဖို့ နှုတ်ဆက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမောင် ဘယ်တော့ လာဦးမှာလဲ အချစ်ရယ်"

"ပုန်းညက်က မျှော်နေမှာ"

"တကယ်"

"ခုတောင်မှ မပြန်စေချင်တာ"

"အစ်ကိုမောင်လည်း ဘယ်ပြန်ချင်ပါ့မလဲ၊ မောင်တော့မယ်... ပုန်းညက် ညစာစားဖို့လည်း ဟိုမှာ ဒေါ်အိုဇာက ပြင်နေပြီလေ"

"သွားပါ"

"အစ်ကိုမောင် မေးတာဖြေလေ"

"ဘာလဲ"

"ဘယ်တော့ လာရမှာလဲလို့"

"ဖြေပြီးပါပြီ၊ မျှော်နေပါတယ်ဆိုမှ"

"အချိန်မှ မပေးသေးတာ"

"နက်ဖြန်ပေါ့"

"နက်ဖြန် အစောကြီး လာခဲ့မှာနော်"

"ရတယ်"

"အစ်ကိုမောင်တို့ ရေဝတီကမ်းခြေမှာ လမ်းလျှောက်ကြရအောင်နော်"

"အင်း...စောစောလာနော်"

"သိပ်လာမှာပေါ့အချစ်ရယ်၊ ကဲ...ကိုမောင် သွားပြီနော်"

ဒေါ်အိုဇာကို ကျောပေးလျက် ချစ်သူ၏ လက်ခုံလေးကို တစ်ချက်နမ်းပြီးမှ ပုန်းညက်မြိုင်၏ အပေါ်ဆုံးထပ်မှ မြတ်မင်းမောင် ဆင်းသက်သွားပါတော့သည်။





သူ့ ကားအထွက်မှာ လက်ပြနှုတ်ဆက်ကြပြီး...

ကားလေးဝေး၍...သေး၍...ပျောက်ကွယ်သွားသည်အထိ ပုန်းညက်ဖြူမှာ မျှော်ငေးရင်း ကျန်ရစ်ရသည်။

ချစ်သူ ထိနမ်းသွားသော နေရာလေးများမှာ ဒဏ်ရာ မကျန်စေပါဘဲနှင့် ကိုင်တွယ် ဖွေရှာကြည့်နေမိသည်။

*

ပုန်းညက်ဖြူ၏ ကြည်နူးမှုလေးများ ပကတိအတိုင်း ရှိနေရဆဲအချိန်...

သူ့အစ်ကိုမောင်တစ်ယောက် စစ်ကိုင်းမြို့ရှိ သူ့အိမ်သို့ ပြန်လည်မရောက်ရှိသေးမီ အချိန်အတွင်းမှာ...

ဦးလွန်းဘော်ထံသို့ တယ်လီဖုန်းလာသည်။

ပုန်းညက်ဖြူ၏ အမွေများစွာကို စောင့်ထိန်းပေးနေရသူတစ်ယောက်ဖြစ်ပါလျက်...

သားဖြစ်သူက ပုန်းညက်ဖြူ၏ အချစ်ကို ရယူနိုင်ရန် ချဉ်းကပ်ရာမှ...

ငယ်ရွယ်သော ပုန်းညက်ဖြူမှာ ဦးလွန်းဘော်၏ သားကိုစွဲလမ်းသွားရပြီ။

ယင်းကိစ္စမှာ ဦးလွန်းဘော်လို ပုဂ္ဂိုလ်တစ်ယောက်အနေနှင့် လျော်ကန် မသင့်မြတ်၍ တားမြစ်ပေးသင့်ကြောင်းများကို...

တစ်စုံတစ်ဦးက တင်ပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတစ်စုံတစ်ဦး ဆိုသည်မှာ...

ညို့ဆန္ဒအရ ပြောရသူ ကိုလွင်ထွန်းလား...

ညို့ကိုယ်တိုင်လား...

ဒေါ်အိုဇာလား...

ဦးကောင်းဇံလား...

ရှမ်းပြည်နယ်မှ မျက်နှာစိမ်း ဧည့်သည်လား...

ဤအဖြစ်များကိုဖြင့် ချစ်ကြင်စဦး ချစ်သူနှစ်ယောက်မှာ လုံးဝ မသိရှာကြပါတကား။

✱



## အခန်း (၂၂)

သူဌေးကုန်းသို့ ညို့တို့ ရောက်လာချိန်မှာ လုံးဝ မှောင်နေခဲ့ပါပြီ။

ပထမ မန္တလေးသို့ တကယ်ပင် သွားခဲ့ကြပြီး ဦးအောင်ကြီးနှင့် စာရင်းအပြတ်ရှင်းသည်။

ဦးအောင်ကြီးက မကျေနပ်ချင်ပါသော်လည်း ငွေအပြေ ခြေနိုင်ခဲ့၍ ပြီးပြတ်ခဲ့ရသည်။ ဦးအောင်ကြီးအနေနှင့် နစ်နာ ဆုံးရှုံးရမည် မဟုတ်သော်လည်း သူ ညို့နှင့် မယှဉ်ချင်တော့။ အခြေအတင် ပြဿနာ မတက်ချင်၍ နောက်ဆုတ်ပေးလိုက်ခြင်းသာ။

ညို့အပေါ်တွင်ဖြင့် ကျေနပ်ခြင်းမရှိ။

ညို့နှင့် ကိုလွင်ထွန်းတို့ကိစ္စ ပြီး၍ ပြန်ကြခါနီးတွင်မှ...

"မောင်လွမ်းနိုင်တစ်ယောက် ရန်ကုန်လည်း ပြန်မရောက်ဘူး ဆိုပါလား ညို့ရဲ့"

"အို... ဒါ ညို့နဲ့ ဘာဆိုင်လဲ။ သူ ပုန်းညက်မြို့ကနေ အပြီး ထိုင် ပြန်လည် ထွက်ခွာသွားတာ အားလုံးအသိပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပြောပြီး ခပ်တင်းတင်း ဆင်းလာခဲ့သည်။ ကိုလွမ်းနိုင် သူ့ထံရောက်လာပြီး ဘာတွေ ပြောဆိုသွားခဲ့သည်မသိ။

ညို့ရင်တော့ လေးမိသား။

မန္တလေးမှာ ကားအပ်၊ ရင့ လမ်းထဲက တည်းခိုရိပ်သာ တစ်ခုမှာ အဝင်ပြုပြီး စစ်ကိုင်းဘက်သို့ တိတ်တဆိတ် ပြန်လာခဲ့ကြခြင်း ဖြစ်ပါ၏။

အမှောင်ကို စောင့်ပြီးမှ သူတို့ သူဌေးကုန်းတိုက်ကြီးထဲသို့ ဝင်ရန် စီစဉ်ထားသည်။

"ကိုလွမ်းနိုင်သေပြီလားမသိဘူးနော်"

"သူ့ဒဏ်ရာက မသေနိုင်လောက်ပါဘူး။ တကယ်လို့ သေခဲ့ရင်တောင် မောင့်ကိုယ်စား ညို့သတ်တာပါလို့ ညို့ဝန်ခံမှာပါ".

"ဟင်..."

"တကယ်ပါမောင်ရယ်၊ ညို့ကြောင့် မောင် ဘာမှ မဖြစ်စေရပါဘူး၊ ပြစ်ဒဏ်ခံစရာရှိရင် ညို့တစ်ယောက်တည်း ခံယူသွားမှာပါ"

"ညို့ရယ်"

ညို့၏စကားကို ယုံကြည်စွာဖြင့် ညို့ကို မြတ်နိုးစွာ ဖက်တွယ်လျက် တိုက်ကြီးရှိရာသို့ ပုန်းလျှိုးကွယ်လျှိုး ဝင်ခဲ့ကြရသည်။

"ဒါနဲ့ ကိုလွမ်းနိုင်ပြတဲ့စာနဲ့ တိပ်ခွေကို မောင့်တောင် မပြဘဲ ဘာလို့ ဖျက်ဆီးပစ်လိုက်ရတာလဲ"

"ပြီးဆုံးခဲ့တဲ့ ဇာတ်လမ်းတွေပါ။ ဒီကောင် ညို့ကို သက်သက်ရာကြီပြီး ဒုက္ခပေးချင်လို့ပါ။ ညို့အပေါ် သံသယဝင်ပြန် ပြီလား မောင်ရယ်"





"မဟုတ်ရပါဘူး ညို့ရယ်...၊ မောင် ညို့ကို အသည်းထဲမှာ သည့်ထားချင်လောက်အောင် ချစ်တယ်ဆိုတာ ညို့သိလောက်ပါပြီ။ ညို့ စေတနာအတိုင်းပဲ ဒုက္ခခံစရာရှိရင် မောင်ခံမှာပေါ့"

အောင်မြင်သော အပြုံးကို ညို့က လှလှပပကြီး ပြုံးလိုက်ပြီး တိုက်တွင်းသို့ လျှို့ဝှက်အပေါက်မှပင် ဝင်ခဲ့ကြသည်။

တိုက်ကြီးတစ်ခုလုံးမှာ မည်းမှောင်တိတ်ဆိတ်နေသည်။

သန်းခေါင်ယံတွင် သုသာန်တစပြင်သို့ သွားရလျှင်ပင် သည်မျှ ချောက်ချားမိကြလိမ့်မည်မထင်။

ယခု လူသားနှစ်ယောက်ကို မြေတိုက်တွင်းမှာ ပိတ်လှောင်ထားခဲ့သည်မို့...

သူတို့နှစ်ဦးသည် အသက်ရှင်လျက် မြေတိုက်တွင်းမှ ထွက်ပြီး ညို့တို့ကို ရက်စက်စွာ သတ်ဖြတ်ရန် စောင့်စားနေလေသည်လား။

သို့မဟုတ်...

မွန်းကျပ် ပိတ်လှောင်မှုကြောင့် နှစ်ဦးလုံး သေဆုံးပြီး ညို့တို့ကို အာဃာတကြီးစွာ ကလဲ့စားချေရန် ဝိညာဉ်အဖြစ်နှင့် စောင့်ကြိုနေကြလေသည်လား။

ညို့ကျောထဲက စိမ့်တက်လာသည်။

ကိုလွင်ထွန်းလည်း ကြောက်စိတ်ကြောင့် ချွေးများ စို့ပြန်လာသည်။

မကောင်းမှု ကျူးလွန်ထားခဲ့ရာအရပ်သို့ တစ်ကျော့ပြန်လာမိသော ရာဇဝတ်ကောင်တိုင်း၏ စိတ်မှာ ချောက်လှန့်မှုများကြားတွင် လေးလွန့်သာအောင် ရှိနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့နှင့် ကိုလွင်ထွန်းမှာလည်း တစ်ယောက်ကို တစ်ယောက် အားပြုရင်း အပေါ်ထပ်သို့ တက်ခဲ့ကြရပါ၏။

"မှန်အိမ်ကို အောက်ချထွန်းလေ မောင်"

ညို့က အကွက်စေ့သည်။ လင်းလာမည့် မှန်အိမ် အလင်းရောင်ဖြင့် ပြင်ပမှ သူတို့ကို မြင်သွားနိုင်သည်။ ကိုလွင်ထွန်းက သူပြောသည့်အတိုင်း မီးကို ခပ်မှိန်မှိန် ထွန်းပြီး သံချိတ်မှာ ချိတ်လိုက်သည်။ သူတို့ အမှောင်မှာ ပြန်ကပ်နေလိုက်သည်။

"ကဲ...ဒါဆို ခါတိုင်းလိုပဲ ဒီအိမ်မှာ ဦးကုသ ရှိနေတယ်လို့ အားလုံးက ထင်ကြမှာပဲ"

"မောင်"

"ညို့"

"မြေတိုက်ကို ဖွင့်ရမှာတောင် ညို့ကြောက်လာပြီ"

"အင်း..."

ကိုလွင်ထွန်းက ညို့ကို ဖက်ရင်း သက်ပြင်းရှည်ကြီး ချလိုက်သည်။

"မောင်၊ သူတို့ကို ဒီလိုပဲ ထားလိုက်ကြရရင် ကောင်းမလား ဟင်"

"ဦးလေးမှာ အပြစ်မရှိပါဘူး ညို့ရယ်"

"အမယ်လေး...သူ့ဦးလေးကျတော့ သိတတ်လိုက်တာ"

"ညို့သဘောပဲလေ"

ညို့၏ မာယာမှိုင်းတို့သည် ကိုလွင်ထွန်းအတွက် အမြင်မှန် အားလုံးကို ပိတ်ဆီးမှုန်ဝါးစေလေပြီတည်း။





အမှန်တော့ ကိုလွင်ထွန်းသည် ဦးကုသ၏တူမို့ ဦးကုသတို့၏ အကြံအစည်အတွင်းရေးများကို သိရှိလိုစိတ်နှင့် ညို့ကပ်နေကြောင်း ကိုလွင်ထွန်း တွေးတတ်နိုင်စွမ်း မရှိတော့ပါ။

"မောင်ရယ်"

"ဟင်"

"ညို့ သူတို့ကို ကြည့်လည်း ကြည့်ချင်တယ်၊ ကြည့်လည်း မကြည့်ရဲဘူး"

"ဟုတ်တယ်နော်"

"ဒီလိုရည်ရွယ်တာ မဟုတ်ဘဲ အခြေအနေအပေါ်မှာ မူတည်ပြီး ဖြစ်သွားရတာပါ"

"မောင် သိပါတယ်"

"ကဲပါလေ...ညို့ဟာ ပြဿနာကို ရှောင်ထွက်ပြေးတတ်သူ မဟုတ်ဘူး၊ ရင်ဆိုင်ရဲတဲ့ မိန်းမပါ။ လာ...မောင်၊ ဖြစ် ချင်ရာဖြစ်"

ညို့က ဦးဆောင်၍ အောက်ထပ်သို့ ဆင်းသွားသည်။ အမှောင်ကြားမှာ လက်နှိပ်ဓာတ်မီးငယ်ငယ်လေးကို ခပ်အုပ်အုပ်ဖွင့်ပြီး မြေချ လမ်းကို မြင်သာရုံလေး ဖွင့်ပြီး တရွေ့ရွေ့ သွားကြရသည်။

လျှို့ဝှက်ဗီရိုတံခါးကြီးကို တုန်ယင်သော လက်များနှင့် ခက်ခက်ခဲခဲဖွင့်ပြီး မြေတိုက်လမ်းကို လက်တွဲလျှောက်ခဲ့ကြပါ၏။

"အော်သံလား မောင်...ဟင်"

"ညည်းသံထင်တာပဲ"

အံဖုံးတံခါးကို မဖွင့်မီ နားစွင့်ရင်း ထင်ကြေးပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့က ဒူးထောက်ပြီး အံဖုံးမှာ နားကပ်ထားသည်။

"ဘာသံမှလည်း မကြားရပါလား"

"ခုန အသံတွေက အပြင်က ကြားရတာပဲ"

"ညို့ကြောက်လာပြီ၊ သရဲလားမသိ"

ညို့မှာ... ဦးမြင့်ထိုက်၏ မိန်းမ ခင်နန်းမြင့် မီးနေရင်း အစိမ်း သေခဲ့သည်ဆိုသော နှစ်ပေါင်းများစွာက အကြောင်းအရာကိုပါ ပြန် လည်တွေးမိရင်း ကြက်သီးများထလာသည်။

"သရဲမဟုတ်နိုင်ပါဘူး၊ ကဲ...မထူးတော့ဘူး ညို့... ဖွင့်ကြည့်

အံဖုံးတံခါးကို ဆွဲဖွင့်လိုက်ကြသည်။

မြေတိုက် လှေကားထစ် ဖြူဖြူအတန်းလေးကို ရေးရေး မြင် ရုံမှလွဲ၍ ပိန်းပိတ်အောင် မှောင်နေသည်။

"မီးထိုးကြည့်...မောင်"

အလင်းတန်းလေးက မြေတိုက်ခန်းပေါ်သို့ ဖြာကျလာသည် အင်အားနည်းသော အလင်းရောင် ဖြစ်သော်လည်း အမှောင်တွင် မှာ အားပြည့်စွာ မြင်သာနိုင်သည်။

မြေတိုက်ခန်း၏ သော့ကြီးများက ဝိတ်ခတ်လျက်...

ကြံ့ခိုင်သော သံတိုင်များ နောက်ဆီမှ ဘာဆိုဘာသံမှ မကြား

"သော့ ပါလား ညို့"

"ပါတယ်...ဖွင့်ကြည့်လို့ မဖြစ်ပါဘူး"

လေသံတိုးတိုးနှင့် ပြောကြသော်လည်း လူသားတို့၏ အသံ နှင့် ကျရောက်လာသော အလင်းရောင်တို့ကိုဖြင့် မြေတိုက်တွင် သားကောင်နှစ်ဦးသည် ကြားသိခံစားမိကြပေလိမ့်မည်။





"ဘာသံမှလည်း မကြားရပါလား"

"ဟုတ်တယ်...ညို့၊ သူတို့ လွတ်သွားကြပြီလားမသိ"

"ထွက်ပေါက် မရှိပါဘူး"

"ဒါဖြင့် နှစ်ယောက်လုံး သေပြီထင်တယ် ညို့"

"အို..."

ညို့ အကြီးအကျယ် တုန်လှုပ်သွားသည်။

အံဖုံးတံခါး၏ တစ်ဖက်တစ်ချက်စီတွင် ရှိနေရာမှ ကိုလွင်ထွန်း ထံသို့ ညို့ ကူးလာပြီး ကြောက်လန့်တကြီး ဖက်တွယ်ထားမိသည်။

နားအာရုံဖြင့် အစွမ်းကုန် စူးစိုက်ထားကြပါသော်လည်း...

ဘာသံမျှ မကြားရပါ။

အောက်ဘက်ဆီမှ လေသည်သာ လိုက်တက်လာသည်။

"ညို့...ဘာလုပ်ချင်သလဲ ဟင်"

"မကြောက်နဲ့...မောင် ရှိတယ်၊ မောင်လုပ်ပေးပါ့မယ်"

အချစ်သည် ကြီးမားသော စွမ်းအင်ကို ထုတ်လုပ်နိုင်စွမ်းရှိ ကြောင်း ကိုလွင်ထွန်း လက်တွေ့ပြနေပါပြီ။

"မောင်ရယ်"

ညို့က ကိုလွင်ထွန်းကို ဖက်ပြီး အားမာန်များ သွင်းလိုက်သည် ညို့ပင်...

"ညို့တို့ အောက်ဆင်းကြည့်ကြမယ် မောင်"

"ညို့ဆန္ဒအတိုင်း လုပ်လေ"

"သူတို့ ဘာဖြစ်နေတယ်ဆိုတာ သိပြီးမှ ညို့တို့ တစ်ခုခု စီစဉ် ကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့...ညို့ရဲ့"

ကိုလွင်ထွန်းက ရှေ့မှ ဆင်းနှင့်သည်။ ညို့က သူ့လက်ကို ဆွဲ လျက် နောက်က လိုက်ခဲ့သည်။

မြေတိုက်ခန်း သံတိုင်များ ကာရံထားသည့်ထိပ်သို့ ရောက်လာ ကြသည်။ ထိုသော့ကြီး အခိုင်အမာကို ဖွင့်ပြီးမှ လှေကားသုံးထစ် ဆင်းပြီး မြေတိုက်ခန်းကို ရောက်ရမည်။ သော့က ကိုလွင်ထွန်း၏ ခါးမှာ...

"သတိထား မောင်၊ ဘာသံမှလည်း မကြားရဘူး"

ညို့အသံလေးက တုန်နေသည်။ တိုးနေသည်။ ညက ချမ်း သော်လည်း၊ မြေတိုက်က အေးသော်လည်း... သူတို့နှစ်ဦးမှာ ချွေး ချွေးများ ပြန်နေကြပြီ။

"မီးထိုးကြည့်"

ညို့အမိန့်ဖြင့် လက်တစ်ဆုပ်စာ လက်နှိပ်ဓာတ်မီးငယ်ဖြင့် အောက်ဘက်သို့ ထိုးကြည့်လိုက်သည်။

"ဟင်..."

"ဘာ...ဟာတွေ့လဲ မောင်"

"ဘာမှ မရှိဘူး"

"ဟာ..."

အန္တရာယ်သည် အပြင်များ ရောက်နေပြီလားဟု ညို့က ချောက်ချားစွာ လှည့်ပတ်ကြည့်မိသည်။

ဘာမှ မတွေ့ရလေ...ချောက်ချားလေ။

ဘာမှ မမြင်ရလေ ကြောက်ရွံ့ရလေပါ။





မီးကို ညို့ယူပြီး အခန်းပတ်လည်သို့ ခြေတစ်လှမ်းစာ အကွာမှ နေ၍ မီးထိုးကြည့်သည်။

ထူထဲ ခိုင်ခန့်သော အုတ်နံရံများက မရွေ့မပျက်။

"ဒုက္ခပဲ မောင်ရယ်၊ သူတို့ ဘယ်ရောက်ကုန်ကြပြီလဲ"

"မီးပြန်ထိုးစမ်း ညို့"

ကိုလွင်ထွန်း ကြမ္မာငင်လေပြီ။

သံတိုင်ကို ကိုင်၍ မျက်နှာအပ်ပြီး မမြင်သာသော သူတို့ အောက်တည့်တည့်သို့ ငုံ့အကြည့်တွင်...

"အား..."

မြေတူးသည့် တူရွင်းဂေါ်ပြားကြီးသည် အောက်တည့်တည့် မှ ချုပ်တစ်ပြက်ထိုးထွက်လာပြီး...

ကိုလွင်ထွန်း၏ မေးအောက်လည်မျိုကို တည့်တည့်ကြီး အရှိန် နှင့် ထိုးစိုက်လိုက်ပါပြီ။

ပန်းထွက်လာသော သွေးများနှင့်အတူ ကိုလွင်ထွန်း မျက် လုံးကြီးပြူးပြီး လန်လဲကျလာသည်။

"အမယ်လေး..."

ညို့က ငယ်သံပါအောင် ကြိုးအော်လိုက်မိသည်။

အခန်းထဲဝယ် ပြန်လည်မှောင်ကျသွားခဲ့ပြီ။

"ချွင်...ချွင်...ဝုန်း..."

ဆိုသော သံဂေါ်ပြားနှင့် သံတိုင်များ ရိုက်သံက ပဲ့တင်ထပ်ပါ ညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့မှာ ရမ်းပြီး တိမ်းရှောင်ရင်း နောက်သို့ ဆုတ်ပြေးရသည်

"အား...ဟ...အီး..."

ဆိုသော ကိုလွင်ထွန်း၏ မချိမဆန့် ညည်းညူသံကြီးများ၊ ...
တိုက်တွင်းမှ အသံနက်ကြီးနှင့် အော်သံများ၊ ပွဲတင်သံများကို...

ကျောခိုင်းလျက် အမောဆို့လဲမတတ် ပြေးတက်ခဲ့ပြီး...။

သူဌေးကုန်း တိုက်အိမ်ကြီး၏ အပြင်သို့ ညို့ထွက်ပြေးခဲ့သည်

အကာလ ညအချိန်...လူသူတိတ်ဆိတ်သော တောလမ်း...
တစ်ဆင့် ညို့မှာ အင်အားကုန် ထွက်ပြေးလာခဲ့တော့သည်။

သူ့နောက်ဘက်ဆီမှ သွေးများ၊ အော်သံများက သူ့နောက်သို့...
လိုက်ပါလာသည့်နှယ် ညို့မှာ သေငယ်ဇောနှင့် မေ့မြော လဲ...
ရုံသာ...။

*



## အခန်း (၂၃)

"ကျွန်တော် ဒီကောင်မလေးကို တကယ်ချစ်တာပါ ဖေဖေ"

"မင်းရင်ထဲမှာ ဘယ်လိုပဲရှိရှိ ပုန်းညက်ဖြူနဲ့ ဆက်ပြီး တွဲနေ...
...ယ်ဆိုရင်တော့ ဖေဖေ မင်းကို သားအဖြစ်က စွန့်လွှတ်ရလိမ့်မယ်"

"ဟာ...ဟာ ဘာပြောလိုက်တယ် ဖေဖေ"

"မယုံနိုင်တာ မ ဟုတ်လား၊ မင်းကြားပါတယ်"

"ဒီလောကမှာ ဒီသားအဖပဲ ရှိတာ။ ပုန်းညက်ဖြူကို ချစ်တာ...
...ပေးနဲ့..."

"သား..."

ဦးလွန်းဘော်၏ လိုက်လှဲပြတ်သားသော ခေါ်သံနှင့် စကားသံ...
...းကို မြတ်မင်းမောင် ကြားနာရပါပြီ။

"ဖေဖေဟာ ပုန်းညက်ဖြူအတွက် တာဝန်အရှိဆုံး အမွေ ထိန်း...
...င်ယောက်ပါ။ သူ့မှာ သိန်းနှစ်ဆယ်ထက် မနည်းတဲ့ အမွေတွေကို...
...ဆိုင်ရတော့မယ်။ ဘယ်လိုပုံစံနဲ့ ပေးအပ်မယ်၊ ပစ္စည်းတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာထားတယ်ဆိုတာ ပုန်းညက်ဖြူရဲ့ တာဝန်အရှိဆုံး ပုဂ္ဂိုလ်က ရင် တစ်ယောက်တည်းသော သိရှိသူဟာ ဖေဖေပဲ သား"

"ဟုတ်ကဲ့"

"ဒီလို ချမ်းသာတော့မယ်မှန်းသိလို့ သားနဲ့ နီးစပ်အောင် လု ပေးတယ်ဆိုတာမျိုး အထင်လွဲမခံနိုင်ဘူး၊ တို့သားအဖ နှစ်ယော လုံးလည်း သိက္ခာကျဆင်းစေရမယ့်ကိစ္စ"

"မဟုတ်သေးပါဘူး ဖေဖေ၊ သားတို့နှစ်ယောက်လုံးလည် နားလည်မှု ယူပြီးသားပါ၊ ပုန်းညက်ဖြူကလည်း သားရဲ့ မေတ္တာ နားလည်ပါတယ်။ သူ့ပစ္စည်းကြောင့် ချစ်တာ မဟုတ်ဘူးဆိုတာ လက်ခံပါတယ်"

"ပုန်းညက်ဖြူဟာ သိပ်ငယ်သေးတယ်"

"ဟုတ်ပါတယ်။ သားလည်း သူ့ကို တကယ်ချစ်..."

"မသင့်တော်လွန်းလို့ ဖေဖေ စဉ်းစားဆုံးဖြတ်ပြီးမှ ပြော တာ သား"

"ဖေဖေရယ်"

"ပုန်းညက်ဖြူကို အဆက်ဖြတ်လိုက်ပါ"

"သားတို့လေ..."

"ဒီမှာ သား၊ ဖေဖေဟာ ငွေကြေးထက် သိက္ခာနဲ့ သစ္စာမျိုး ကို ပိုပြီး မြတ်နိုးတဲ့ လွန်းဘော်ပဲ ဖြစ်ပါရစေ။ သားကိုလည်း ဒီလို ဖြစ်စေချင်တယ်"

"ဗျာ..."



"ပုန်းညက်ဖြူနဲ့ ဆက်သွယ်ဦးမယ်ဆိုရင်တော့ ဖေဖေ သားကို အမွေပြတ်ရလိမ့်မယ်။ ဒါပဲသား"

ကျောခိုင်းသွားသော ဦးလွန်းဘော်၏ ရုပ်လွှာမှာ ဝေဝါးလာသည်။

သူ့ကို စောင့်မျှော်နေရှာမည့် ပုန်းညက်ဖြူ၏ ချစ် သနားစရာ မျက်နှာလေးက ပီပြင်လာသည်။

ပြီးတော့လည်း တဖြည်းဖြည်းနှင့် မှုန်မှေးသွားရပြန်သည်။

မြတ်မင်းမောင်၏ အမြင်များ မပီပြင်၊ မကြည်လင်ရသည့် အကြောင်းက သူ့မျက်ဝန်းမှာ မျက်ရည်များ ပြည့်သိပ်ပိတ်ဆီး နေ၍ပါ

*

ပုန်းညက်ဖြူ ညက အိပ်၍ မပျော်။

ယနေ့မနက်တွင် အစ်ကိုမောင်နှင့် တူတူယှဉ်၍ အပြင်သို့ သွားမည့်အကြောင်းများကို တွေးနေ၍ပါ။

အချိန်တို့သာ လွန်မြောက်သွားသည်။ သူ့ကြည်နူးမှု အတွေး လေးများက မပြီးပြတ်သေး။

"ကြီးကြီး...ဒီနေ့ ပုန်းညက်ဖို့ ထမင်းမချက်နဲ့နော်"

"ဟင်...ဘာဖြစ်လို့လဲ"

"ပုန်းညက် လျှောက်လည်မလို့၊ အပြင်မှာပဲ ထမင်းဝယ်စား မလို့"

"အို...ဘယ်ကို သွားမလို့လဲ၊ ညီ့နဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အစ်ကိုမောင်နဲ့"

ဒေါ်အိုဇာ မျက်နှာပျက်သွားသော်လည်း ဘာမှ ဝင်၍ မပြော ဝံ့။

ပုန်းညက်ဖြူမှာ ဆံပင်များကို ခဏခဏ ပြန်ဖြီးသည်။ ကရင်း (မ)ပတ်(ဖ)လေးနှင့် အထပ်ထပ် တို့လိမ်းသည်။

ချစ်သူနှင့် လည်ရမည့်နေ့မှာ အလှဆုံးဖြစ်နေရန် သူ အစွမ်း ကုန်ပြင်ပြီး နာရီကိုသာ မကြာမကြာ ကြည့်နေသည်။

မျှော်ရသော အချိန်တို့သည် ပိုမို၍ ကြာညောင်းနေတတ်သည်။ စက္ကန့်မြည်သံသည်ပင် နှေးကွေးနေသည်ထင်မိသည်။

မျှော်လင့်ရသော အချိန်တို့ ကြာမြင့်လာသည့်အခါ စိုးထင့် ကြောင့်ကြရသည့်စိတ်များအဖြစ်သို့ ပြောင်းလဲလာတော့သည်။

ပုန်းညက်ဖြူမှာ တိုက်မျက်နှာစာ၏ ဝရန်တာမှ ထွက်၍ မျှော် နေမိသည်။

နေသည် တဖြည်းဖြည်း ရင့်လာသည်။ အပူရှိန်က တစ်ဆင့် ထက်တစ်ဆင့် မြင့်မြင့်လာသည်။

ပုန်းညက်ဖြူ၏ ရင်မှာလည်း နေနှင့်အတူပါ။

"တယ်လီဖုန်းလာနေပါတယ် ပုန်းညက်"

"ဟင်...ပုန်းညက်ဆီကိုလား ကြီးကြီး"

"ဟုတ်တယ်"

"ဘယ်သူ့ဆီကလဲ ဟင်"

"ဦးလွန်းဘော်အိမ်ကပါတဲ့"





"ဟာ..."

ပုန်းညက်ဖြူ အလယ်ထပ်သို့ အပြေးကလေး ဆင်းလာသည်။ အစ်ကိုမောင်၏ အသံလေး ကြားရတော့မည်။

"ဟဲလို...ဘယ်သူလဲဟင်၊ ပုန်းညက်ပါ"

"စုထွေးပါ"

"ဟယ်..."

"ကိုကိုက ဖုန်းဆက်ခိုင်းလို့"

"ဟုတ်လား၊ ဘာ...ဘာတဲ့လဲ ဟင်...၊ အစ်ကိုမောင်လေ ပုန်းညက်ကို ဒီမနက် အစောကြီး လာခေါ်မယ်လို့ မှာသွားတယ်။ မျှော်ရတာ သေတော့မယ် စုထွေးရဲ့ သိလား။ ခု လာနေပြီတဲ့လား ဟင်... စုထွေး"

"ပုန်းညက်ရယ်"

ဆန္ဒစောလွန်းသော စကားများကို ဆက်တိုက်ပြောနေပါသဖြင့် စုစုထွေးမှာ ငြိမ်သက်သွားရသည်။ ပြောရမည့် စကားများကို ပြောမထွက်နိုင်အောင် ရှိနေရဆဲ...

"ပြောစမ်းပါ စုထွေးရဲ့။ အပြန်ကျရင် စုထွေးဆီလည်း ဝင်ခဲ့မယ်သိလား"

"ပုန်းညက်"

"ဟင်..."

"ပုန်းညက်"

"ပြောလေ စုထွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မပြောရက်နိုင်အောင်ပါပဲ ပုန်းညက်ရယ်၊ ဒါပေမယ့်လည်း မပြောမဖြစ်လို့ ပြောရတော့မှာပါ"

"ဘာကိုလဲ"

"ကိုကိုကလေ…ပုန်းညက်ဆီကို မလာနိုင်တော့ဘူးတဲ့"

"ဟင်…ဘာဖြစ်လို့လဲ၊ သူ နေမကောင်းလို့လား ဟင်"

"မ…မဟုတ်ဘူး ပုန်းညက်ရယ်"

"ဘာကိုလဲ စုထွေးရဲ့"

"သူ…ကိုကိုကလေ ပုန်းညက်ရဲ့ အချစ်ကို ရနိုင်မလားလို့ စမ်းကြည့်တာပါတဲ့။ သူနဲ့ ပုန်းညက်နဲ့ တကယ်ချစ်လို့ မဖြစ်ပါဘူးတဲ့။ သူလည်း ပုန်းညက်ကို မချစ်ပါဘူးတဲ့။ ဒါကြောင့် သူ့ကိုလည်း မေ့ပစ်လိုက်တော့၊ သူလည်း ပုန်းညက်ဆီ ဘယ်တော့မှ မလာတော့ဘူးတဲ့"

"အို…ဘာ…ဘာ…"

နားနှင့် ဆတ်ဆတ်ကြားရပါလျက် မယုံနိုင်လွန်းပါ။

"သူ…သူ…ရော အစ်ကိုမောင်ရော"

"မရှိဘူး ပုန်းညက်…၊ ဘဘကို ရဲတွေ လာခေါ်သွားလို့ ကိုကိုလည်း လိုက်သွားရတယ်။ ဒါပဲ ပုန်းညက်ရယ်…နော်…"

"အို…စုထွေး"

မရတော့။ တယ်လီဖုန်း ချသွားခဲ့လေပြီ။

"အမယ်လေး…အစ်ကိုမောင်ရယ်"

နင့်နင့်နဲနဲကြီး ခေါ်မိရင်း ပုန်းညက်ဖြူမှာ မျက်ရည်များ ပေါက်ပေါက်ကျလာတော့သည်။





"အစ်ကိုမောင့် ရင်ထဲကို ပုန်းညက်ပန်းလေးတစ်ပွင့် ကြွေကျလာတယ်လို့ ဆိုခဲ့တဲ့ အစ်ကိုမောင်ရယ်… ဒီပုန်းညက်ပွင့်လေးကို ဘာစ်စီး ဖွဲ့ခြေပစ်ရက်တယ်နော် ရှင်…"

ရင်မှာ စကားလုံးလေးတွေ ဖူးပွင့်ဝေနေသည်။ မျက်ဝန်း မှာဖြင့် မျက်ရည်တွေ ကြွေနေရသည်။

အပြင်တွင် မိုးရိပ်တို့ ချက်ချင်း ညို့မှောင်လာသည်။ မကြာမီ မိုးပွင့်လေးများ ကြွေတော့မည်။ မိုးရွာတော့မည်။

ထိုမိုးနှင့်အပြိုင် တခြားသော နေရာမှာ မိုးရွာနှင့်နေပါပြီ။

"ပုန်းညက်ဖြူ၏ မျက်ဝန်းမှ ရွာတဲ့မိုး"

*



www.burmeseclassic.com

## အခန်း (၂၄)

"ကလေးရယ်... ကြီးကြီး မကြည့်ရက်တော့ပါဘူးကွယ်၊ ကြီးကြီး ဘာကူညီပေးရမလဲ ဟင်"

"ပုန်းညက်ရဲ့အဖြစ်ကို ဘယ်သူမှ ကူညီလို့ မရနိုင်ပါဘူး"

သည်အရွယ်တွင် အချစ်၏ ပြဿနာများသည်သာ အကြီးမားဆုံး၊ အထွတ်ထိပ်ရောက်ဆုံး ပြဿနာဟု ခံယူထားတတ်ကြသည်ကို သဘောပေါက်ပြီးသား ဒေါ်အိုဇာက ခေါင်းလေး ညိတ်သည်။

"ကြီးကြီး ကူညီမယ်၊ ကြီးကြီးဟာ ပုန်းညက်အတွက် ကူညီနိုင်မယ့်သူ မဟုတ်သည့်တိုင် ကူညီပေးချင်တဲ့သူပါလို့ ပုန်းညက်လေးနားလည်ပါကွယ်"

"ကြီးကြီး"

"ဟင်..."

"ယောကျ်ားဆိုတာတွေဟာ မကောင်းတဲ့လူတွေလားဟင်"





"ဟေ..."

"ချစ်ဟန်ဆောင်ပြီး ပြန်ပြေးသွားတတ်ကြတယ်လား"

ဒေါ်အိုဇာ ညင်ညင်သာသာပြုံးရင်း...

"အားလုံးတော့ ဒီလို မဟုတ်ပါဘူး"

"ဟုတ်တဲ့လူက ဟုတ်နေတယ်"

"လူဆိုတာ" "ယောကျ်ားဆိုတာ" "မိန်းမဆိုတာ" ဆိုပြီး သိမ်းကျုံးပြောလို့ မရပါဘူး။

အသည်းနှလုံး တစ်ခုစီမှာ ခံစားမှုတစ်ခုစီ၊ ဦးနှောက်တစ်ခုစီမှာ အတွေးတစ်မျိုးစီနဲ့ ရှင်သန်လှုပ်ရှားနေတတ်ကြတာပါ"

"အစ်ကိုမောင့်ကျတော့ ရက်စက်လွန်းပါတယ်"

ဒေါ်အိုဇာမှာ ပုန်းညက်ဖြူကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ မျက်ဝန်းမှ ကြွေနေသည့် မျက်ရည်ဥလေးများကို တစ်စက်ချင်း သူ သို့ကြည့်နေသည်။

ပြီးတော့ ပုန်းညက်ဖြူ၏ မေးစေ့လေးကို မော့ယူပြီး မျက်ရည်ဥလေးများကို ယုယုယယ တို့သုတ်ပေးရှာသည်။

"ပြောပါဦး၊ အစ်ကိုမောင်က ဘာတွေများ ရက်စက်သွားလို့လဲ"

"လာမယ်ဆိုပြီးတော့လည်း မလာဘူး"

ဟန်ပန်နှင့်လေသံက တကယ့်ကလေးလေးအတိုင်း ငိုရင်းဆက်ပြောသည်။

"ပြီးတော့ ပုန်းညက်ကို သိပ်ချစ်တာပဲလို့လည်း ပြောတယ် ကြီးကြီးရဲ့"

www.burmeseclassic.com



ပုန်းညက်ဖြူ အရှိန်ရလာပြီ...ပြောချင်နေသည်။

"အဲဒါ ပုန်းညက်က ပြန်ချစ်ပါတယ်ဆိုတော့လည်း စိတ်ချမ်း ကြည့်တာပါတဲ့။ တကယ်ချစ်လို့ မဖြစ်ပါဘူးတဲ့။ ကြည့်ပါဦး ကြီးကြီး ရဲ့! ဘယ့်လောက် ရက်စက်တဲ့ အစ်ကိုမောင်လဲ... လို့... ဟင့်- ဟင့်...ဟီး...ဟီး...ဟီး"

ပုန်းညက်ဖြူ ငိုချလိုက်သည်။

ဒေါ်အိုဇာက ပုန်းညက်ဖြူ၏ ပခုံးလေးကို ကိုင်ပြီး...

"ပုန်းညက်ဖြူလည်း သူ့ကို ပြန်ပြီး စိတ်နာလိုက်ပေါ့"

"နာတာပေါ့၊ မနာဘဲ နေပါ့မလား"

"အင်း...ကောင်းတာပေါ့၊ စိတ်နာရင် မေ့ပစ်လိုက်၊ သူ့ကို မေ့ ဖျောက်ပစ်လိုက်"

"မေ့လို့လည်း မရဘူး၊ ဖျောက်လို့လည်း မရဘူး"

"ဟင်..."

"စိတ်လည်းနာတယ်"

"အင်း..."

"ပြီးတော့ သူ့ကို သိပ်ပြီးလည်း ချစ်တယ်"

"ဟော"

ဒေါ်အိုဇာ ဘာဆက်ပြောရမှန်းမသိတော့...

ကလေးဆန်လွန်းသော သူ့အတွေး၊ သူ့အပြောလေးများကြောင့် သနားလည်း သနားသည်။ ရယ်လည်း ရယ်ချင်လာမိသည်။

"ကြီးကြီး"

"ရှင်"





"သူ့ကို ခေါ်ပေးပါ။ သူနဲ့ တွေ့ချင်တယ်၊ သူ့ကိုလေ ပုန်းညက် နဲ့တွေ့မယ် ထုပစ်မယ် သိလား"

"အို..."

"နော်...သွားခေါ်ပေးပါနော်"

"သူ ဘယ်လာပါ့မလဲကွယ်။ ပြီးတော့ ပုန်းညက် သူ့ကို မေ့ပစ် လိုက်ပါ။ သူ့ထက်သာတဲ့ မေတ္တာတွေ။ သူ့ထက်သာတဲ့ အရည် အချင်းရှိသူတွေ နောင်ကျရင် ပုန်းညက်နားမှာ ဝိုင်းလာကြမှာပါ"

"ဟင့်အင်း...ဟင့်အင်း..."

"ပုန်းညက်ကို သူရက်စက်သေမယ့် ပုန်းညက် သူ့ကို မေ့လို့ ရ မှာ မဟုတ်ဘူး၊ သူက ပုန်းညက်ရဲ့ အချစ်ဦး"

"အို"

နှစ်သိမ့်မှုဖြင့် ဆုပ်ကိုင်ထားသော သူ့လက်ကလေးကိုပင် ဒေါ်အိုဇာ လွှတ်ချလိုက်မိသည်။

"သူက ပုန်းညက်ရဲ့ အချစ်ဦး"

ပဲ့တင်သံလေးများက ဒေါ်အိုဇာ၏ ရင်ထဲမှာ ဆင့်ကာ၊ ဆင့် ကာ ဝင်ရောက်လာသည်။

"သူက ပုန်းညက်ရဲ့ အချစ်ဦး"

ဒေါ်အိုဇာမှာ ပုန်းညက်ဖြူ၏ အနီးမှ ထလာခဲ့သည်။ ပုန်း ညက်မြိုင်၏ လသာဆောင်သို့ လေးကန်စွာ လျှောက်လာခဲ့မိသည်။

"အချစ်ဦး"

မလှပသော ဒေါ်အိုဇာ၏ မျက်ဝန်းမှာ မျက်ရည်များ စို့ပြည့် လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် မိုးရွာတော့မည်...

အေးမြ လေးလံသော လေသည်...ပုန်းညက်ပင်ကြီးမှ ရွက်ကျင်များကို ခြွေချပစ်နေသည်။

ပုန်းညက်ခိုင်မှ ကြွေကျလာသော ပွင့်ဖတ်ကလေးများ သည်လေအဟုန်တွင် ခိုကိုးရာမဲ့သွားသလို သည်မှ ဟိုမှ ပြေးလွင့်နေကြသည်။

လေက ပို၍ ကြမ်းလာသည်။

ပုန်းညက်ကိုင်းများပင်လျှင် လေနှင်ရာသို့ တိမ်းနွဲ့လှုပ်ခါနေရသည်။

သက်မဲ့ သစ်ပင်ကို လေနှင်လျှင် လှုပ်ခါရတတ်သည်သို့ပင်...

သက်ရှိလူသားတို့၏ နှလုံးသားကိုမူ၊

မေတ္တာ လေပြည်ညင်းကြောင့်လည်း တုန်ခါရသည်။

အမုန်းမုန်တိုင်းကြောင့်လည်း လှုပ်ရှား ကြွေကျရတတ်သည်ပေလား။

❋



အခန်း (၂၅)

"ဒေါ်အိုဇာ"

"ဟင်...ဦးကောင်းဇံ"

"ညို့ရော"

"အို...ကျွန်မ ဘယ်သိမလဲ"

"ဒီမလာဘူးလား"

"မလာပါလား...ဘာဖြစ်လို့လဲ"

"မနေ့ကတည်းက ကိုလွင်ထွန်းရော ညို့ရော ပြန်မလာကြဘူး"

"ဩော်"

ဒေါ်အိုဇာက သူနှင့် မဆိုင်သလို ဦးကောင်းဇံကို ငြိမ်ငြိမ်သက်သက်လေး ကြည့်နေသည်။ ယခုချိန်ထိ ပုန်းညက်မြိုင်၏လေသာဆောင်မှာ သူရပ်နေဆဲ... ပုန်းညက်ဖြူက အခန်းထဲတွင်ငိုနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ဖြူအတွက် ညို့က ကျွန်တော့်ကို ခန့်ပေးထား... လေ"

"သိပါတယ်။ ကျွန်မကိုလည်း ပုန်းညက်ဖြူအတွက် ခန့်... ထားတာပဲ၊ ဒါပေမယ့် ညို့က မဟုတ်ဘူး၊ ဦးလွန်းဘော်က"

"ဟုတ်တယ်၊ သိတယ်၊ ကျွန်တော်တို့ရဲ့ ပုန်းညက်ဖြူက... ရှိပါတယ်။ ကျွန်တော်တို့ အလုပ်ရှင်တွေ၊ ဘာဖြစ်နေကြသလဲ... မသိတာ"

"ဒါ...ကျွန်မတို့နဲ့ မဆိုင်ပါဘူးလေ"

"ဘယ့်နှယ့်မဆိုင်ရမှာလဲ၊ ညို့ပျောက်နေတာ၊ ကျွန်တော်... အတွက် ပြဿနာ၊ ကိုလွင်ထွန်း ပျောက်နေတာ ဦးလွန်းဘော်အတွ... ပြဿနာ၊ အခု ဦးလွန်းဘော်ရော ဘာဖြစ်နေလဲ သိရဲ့လား ဒေါ်အိ... ဇာ"

"ရှင်...ဦးလွန်းဘော် ဘာဖြစ်လို့လဲ"

"ရဲတွေ လာဖမ်းသွားပြီတဲ့"

"အလို...မြတ်စွာဘုရား"

"အဲ...ဒီလိုဗျ၊ ကိုလွင်ထွန်း ရောက်ပလားလို့ ခဏခဏ ဖုန်း... လာတယ်။ ဦးလွန်းဘော်ဆီကို၊ ဒီနေ့မနက်တော့ ကျွန်တော်က... ပြန်ဆက်တယ်။ သူ့တူမလေးက ပြောလိုက်တာပဲ၊ ရဲဌာနက စစ်ဆေး... စရာရှိလို့ လာခေါ်သွားတယ်တဲ့"

"အို...ရဲက ခေါ်သွားတာဆိုရင် ဖမ်းဆီးတာပဲဖြစ်မယ် ထင်... ပါရဲ့။ ဦးလွန်းဘော် ဘာများ ဖြစ်လို့ပါလိမ့်"





"ညို့ပျောက်နေတာလည်း ကျွန်တော့်အတွက် ပြဿနာ"

"သူတို့ ဘယ်သွားမယ် ပြောသွားလဲ"

"မန္တလေးဆိုပြီး သွားကြတာပဲ"

"ဒါဖြင့်လည်း မန္တလေးမှာ ရှိနေမှာပေါ့"

"ဒီမှာ ဒေါ်အိဇာ"

"ဟုတ်ကဲ့"

"ကျွန်တော် ဦးအောင်ကြီးတို့ရှိတဲ့ မန္တလေးရယ်၊ ဦးလွန်းဘော် ...အိမ်၊ စစ်ကိုင်းရယ်ကို လိုက်သွားဦးမယ်၊ အကျိုးအကြောင်း စုံစမ်း ...လိုက်ဦးမယ်"

"ဟုတ်ကဲ့...ကောင်းပါတယ်"

"ပုန်းညက်ဖြူကို သတိထားပြီး စောင့်ရှောက်ထားပါ"

"စိတ်ချပါ"

"ပြီးတော့ ပုန်းညက်မြိုင်မှာလည်း တာဝန်ရှိသူတစ်ယောက် ...မရှိလို့ ကြည့်လိုက်ပါ"

"ကျွန်မနဲ့တော့ မဆိုင်ဘူး၊ ဒါပေမယ့် ကြည့်ထားပေးပါ့မယ် ...လေ"

ဦးကောင်းဇံက ဧရးကြီးသုတ်ပျာ ထွက်သွားသည်။ လှေကား ...ထိပ်နား ရောက်မှ ဒေါ်အိဇာက ပြေးလိုက်လာပြီး...

"ဪ...ဦးကောင်းဇံ"

"အင်း...ဆို"

"ကျွန်မတစ်ခု မေးပါရစေ၊ ဒီမှာတည်းနေတဲ့ ဆံပင်ရှ...ည်နဲ့ ...ျက်မှန်နက် တပ်ထားတဲ့ သူငယ်လည်း မတွေ့တော့...လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့"

"သူ့ကို ဦးကောင်းခံ သိနေပါပြီ။ သူ ဘယ်သူလဲဆိုတာ ကျွန်[illegible] သိပါရစေ"

တယ်လီဖုန်းစင်ရှေ့မှာ ဦးကောင်းခံသို့ တစ်စုံတစ်ခု ထုတ်ပြီး[illegible] ဦးကောင်းခံ၏ ပါးစပ်ကို ပိတ်ထားနိုင်ခဲ့သော အဖြစ်သို့ ရည်ညွှ[illegible] ပါသည်။

"ကျွန်တော်တော့ သိရပြီ။ ခင်ဗျား မသိချင်ပါနဲ့လေ"

"ကျွန်မ သိပါရစေ"

"ကျွန်တော် မပြောရဲဘူး"

"ပုန်းညက်အတွက် ကျွန်မ စိတ်ပူလို့ပါ ဦးကောင်းခံ"

"ပုန်းညက်ကို အန္တရာယ်ပေးမယ့်လူ မဟုတ်ပါဘူး။ သူဟာ ညို့[illegible] အဲ…အို…ကျွန်တော် ပြောလို့ မဖြစ်ပါဘူး"

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ သိပါရစေရှင်…"

"ဒီမယ် ဒေါ်အိုဇာ၊ ညို့ကိုယ်တိုင်က ဒီအဘွားကြီးကို မသက်[illegible] ပါဘူးလို့ ပြောထား ကြည့်ထားခိုင်းတာ၊ ကျွန်တော် အမှတ်ရပြီ[illegible] ကျွန်တော်ဟာ ညို့ရဲ့ လူယုံ၊ ခင်ဗျားကို ဘာမှမပြောနိုင်ဘူး၊ ဒါဲ"

စောစောဆီက ပြေလည်နေသော ဦးကောင်းခံမှာ ဒေါ[illegible] ခြေသံများနှင့် လှေကားထစ်များကို နင်းပြီး သူ ဆင်းသွားတော့[illegible] သည်။

ဒေါ်အိုဇာသို့ မယုံသင်္ကာလွန်းသော အကြည့်များနှင့် ကြည့်[illegible] သွားပါသေးသည်။





ဒေါ်အိုဇာမှာ လှေကားထိပ်၌ တောင့်မတ်စွာ ရပ်ပြီး ကျန်ရစ်[illegible]သည်။

သူ့အတွေးအာရုံမှာ ချာချာလည် ဝဲနေသည်။ လှေကား ပွတ်လုံး [illegible]ိုင်ကို ကြမ်းတမ်းစွာ ဆုပ်ကိုင်ပြီး အံကို ခဲထားသည်။

ပြီးတော့ တစ်စုံတစ်ခုကို သူ ဆုံးဖြတ်ချက် ချလိုက်သလို ပုန်း[illegible]ညက်ဖြူ၏ အခန်းတွင်းသို့ ဖျတ်လတ်စွာ ဝင်သွားတော့သည်။

အသက်ခြောက်ဆယ့်နှစ်နှစ်ရွယ် အဘွားအို၏ ပုံစံမျိုး မဟုတ်[illegible]သော့။

လက်ပြင် ကုန်းကုန်းကိုင်းကိုင်းကြီးနှင့် နွေးကွေးလေးလံသော [illegible]ခြေလှမ်းများကိုလည်း အသုံးမပြုပါပဲ…

သွက်လက် လျင်မြန်စွာ ဝင်လာပါတော့သည်။

ပုန်းညက်ဖြူက ကိုယ့်အပူ၊ ကိုယ့်အတွေးနှင့်မို့ ဒေါ်အိုဇာကို [illegible]ရေးတယူ စောင့်ကြည့်ဝေဖန်မနေအားပါ။

မီးဖိုကူးတံခါးကို ပိတ်လိုက်သည်။ အုတ်ဖြင့် ဆက်ထားသော [illegible]းဖို၏ အပေါ်မှ ပျဉ်ချပ်များကို လှန်လိုက်သည်။ အုတ်နှစ်ချပ်ကို [illegible] ဆွဲထုတ်လိုက်သည့်အခါ…

"သော့တွဲကြီး တစ်တွဲ"

သူ အလိုရှိသော နံပါတ်နှင့် သော့တစ်ချောင်းကို ကျင်လည်စွာ [illegible]ဖြုတ်ယူ၍ ဘော်လီအိတ်တွင်းမှာ ဝှက်လိုက်သည်။

ကျန်သော့တွဲများကို နေရာတကျ ပြန်သိမ်းပြီး ထွက်လာခဲ့[illegible]သည်။

"တံခါးတွေ ဘာလို့ ပိတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး အပြင်ခဏလေး သွားမလို့"

"သွားလေ"

"ကလေးကို စိတ်မချလို့ တံခါးတွေ ပိတ်ထားရစ်ခဲ့မလို့"

"အို…ထားခဲ့ပါ"

"မဟုတ်ဘူး။ ကလေး မသိဘူး"

"သိပါတယ်"

"အို…ဒီအချိန်ဟာ ပုန်းညက်မြို့မှာ သိပ်ပြီး အရေးကြီးနေ အချိန်ဖြစ်နေပြီ ပုန်းညက်ဖြူ"

"ဟင်…"

"တံခါးတွေ ပိတ်ခဲ့မှ ဖြစ်မယ်"

ဒေါ်အိုဇာက အရေးတကြီး အပြေးအလွှား တံခါးများ ပိတ် ပြီး…

"လာ…ဒီတံခါးကြီးကို အတွင်းက ဂျက်ထိုးထား၊ ကြီးကြီး လာ ခေါ်မှ ဖွင့်နော်"

"အင်း…အင်း…"

"ကြီးကြီးအသံက လွဲလို့ ဘယ်သူက ဖွင့်ခိုင်းခိုင်း မဖွင့်နဲ့နော် ကြားလား၊ ပုန်းညက်ဖြူ"

"အင်းပါဆို"

အတွင်းမှ ဂျက်ထိုးလိုက်သံ ကြားရလေမှ ဒေါ်အိုဇာမှာ ဒေ ကားမှ ပြေး၍ ဆင်းခဲ့တော့သည်။

ပုန်းညက်မြို့တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။





ဒေါ်အိုဇာသည် အိတ်တွင်းမှ သော့ကို ယူလျက် အခန်းတံခါး ကို ခပ်တည်တည်၊ ခပ်မြန်မြန်ဖွင့်ပြီး အတွင်းသို့ လေ၏ အလျင်နှုန်း သို့ အမြန်ဆုံးနည်းနှင့် ဝင်လိုက်သည်။

"ညို့၏ အခန်း"

အတွင်းမှာ ပစ္စည်းများ ပွနေသည်။ ခုတင်ပေါ်တွင်လည်း အိပ် ပြီးစ အိပ်ရာလို ဖရိုဖရဲ။

ပထမ အိပ်ရာကို ရှာသည်။ မွေ့ရာအောက်၊

ခေါင်းအုံးအောက်။

ပြီးတော့ ပွင့်နေသော ဗီရိုတွင်းမှ အဝတ်များ တစ်ခုပြီး တစ်ခု ဖွေရှာသည်။

နောက် မှန်တင်ခုံ၊ စာရေးစားပွဲအနှံ့ရှာသည်။ ခုတင်အောက် ရေချိုးခန်းပါမကျန် ရှာသည်။

ဘာမှမတွေ့!

ဒေါ်အိုဇာ၏ မျက်နှာမှာ ချွေးပြန်လာသည်။ တစ်စုံတစ်ခုသော ယလွန်စသည် ညို့၏ အခန်းမှာ ကျိန်းသေ ကျန်ရစ်ရမည်ဟု သူ့ တွက်ကိန်းကို အကောင်အထည် မဖော်နိုင်ဘဲ ရှိရသည်။

နောက်ဆုံးအဖြစ်နှင့် ဗီရိုအောက်ဆင့် အံဝှက်ကို လှန်ဖွင့် လိုက်သည့်အခါ…

"ကြည့်စမ်း။ ကလေးက လက်မှတ်ထိုးပေးထားတယ်။ အို သိသာပိုင်ငွေတွေလည်း အကုန်ထုတ်သွားပါရောလား"

"ဒါဆို သူတို့ လစ်ကြပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာမှာ ဖျတ်လတ်စွာ ထလိုက်ပါသော်လည်း အားပျော့သွားသလို ရှိရသည်။

သူ လိုချင်သော သဲလွန်စက မတွေ့၊

"တောက်... ဒီကောင်မနဲ့ ငါရင်ဆိုင်ပြီး အပြတ်ရှင်းတော့မယ်လို့ ဆုံးဖြတ်ပြီးမှ..."

"သူက လက်ဦးသွားပြန်ပြီလား"

"အမာတင်ရယ် နင်လွတ်သွားပြန်ပြီလား"

ဒေါ်အိုဇာမှာ နာကြည်းစွာ ပြောကြားပြီး အခန်းတွင်းမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ရပါပြီ။

⁂



## အခန်း (၂၆)

"ကလေး၊ ကြီးကြီးပါ။ တံခါးဖွင့်ပါ"

"ဖွင့်ထားတယ်"

"ဟင်..."

"ဝင်ခဲ့လေ ကြီးကြီး"

အသေအချာမှာထားပါလျက်နှင့် သွားတုန်းက ပိတ်ထားသော တံခါး အခု ပွင့်နေနှင့်လေပြီ။

စေ့ထားသော တံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့သည်နှင့်...

"ဟာ... ကြီးကြီး၊ မျက်လုံး..."

ပုန်းညက်ဖြူက အံ့သြတကြီး လက်ညှိုးညွှန်၍ ပြောလိုက်သည်။ သူ့စကား မဆက်နိုင်မီမှာပင် ရှေ့မှမှန်ကို ဒေါ်အိုဇာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ကြီးမားသော လှိုင်းဝှက်ဖုံးကွယ်မှုတစ်ခုသည် ပေါ်ပေါက်ခဲ့ရလေပြီ။

မျက်လုံးကြီးတစ်ဖက်ကို ရွဲ့နေအောင် ပလာစတာနှင့် ဆွဲဖွင့်ပြီး မိတ်ကပ်လုပ်ထားခဲ့သည့် မျက်နှာမှာ ချွေးများ၊ အပြေးအလွှားများကြောင့် ကွာကျသွားခဲ့ရလေပြီ။

ဒေါ်အိုဇာ၏ မျက်လုံးအစုံမှာ သာမန်မျက်လုံးဖြစ်လာသည်။

မိန်းမရွယ်တစ်ယောက်၏ ကြည်လင်သော မျက်ဝန်းအ အထင်းသား ပေါ်လာတော့သည်။

"ဆံပင်တုပါ ချွတ်လိုက်စမ်း"

နောက်ဘက်ဆီမှ အသံကြောင့် ဒေါ်အိုဇာ ခုန်လှည့်လိုက်သည်။

ညို့...။

သူ့လက်မှာ သေနတ်နှင့်။

ဒေါ်အိုဇာ အကြီးအကျယ် တုန်လှုပ်သွားသည်။

ညို့က သည်သို့ လက်ဦးသွားပေလိမ့်မည်ဟု သူ မထင်ခဲ့။

အမုန်းတီးဆုံးသော အကြည့်များနှင့် ညို့ကို သူစိုက်ကြည့်ရင်း ဆံဖြူများ ရောထွေးနေသော ဆံပင်တုကြီးကို ဖြုတ်ချလိုက်သည်။

မျက်နှာပေါ်မှ အမာရွတ်အချို့ကိုလည်း တွန်းဖျက်လိုက်သည်။

"ဟာ...ဟာ...အမယ်လေး..."

သည်တစ်ခါ လန့်ရသူက ညို့။

သူ့ ခြေတစ်လှမ်းစာပင် နောက်ဆုတ်သွားသည်။ သေနတ်ချိန် ထားသော လက်တို့ တုန်လာသည်။





"ငါ ဘယ်သူလဲဟင်"

"အ...အမာ...ရီ..."

"အေး...နင့်အစ်မ အမာရီပဲ"

"ဩ...နင်မသေသေးဘဲကိုး"

"အေး...နင့်ကို လက်စားချေဖို့ ငါသေရွာက ထလာတာ"

"ကောင်းပြီ၊ နှစ်ခါပြန်သေစေရမှာပေါ့။ အမာရီရယ်"

ညို့က သေနတ်ကို တည့်မတ်စွာ ချိန်လိုက်သည်။ လက်ညှိုးကို ပစ်ကွင်းထဲထည့်လိုက်သည်။

"အို...ကြီးကြီးကို မသတ်ပါနဲ့။ မသတ်ပါနဲ့။ မေမေရဲ့"

ခုတင်ပေါ်မှ ပုန်းညက်က ပြေးထွက်လာပြီး သူ့မိခင်ထံမှ သေနတ်ကို လုသည်။

သွေးက ပြောလေသည်။

ပုန်းညက်ဖြူမှာ သူ့ တကယ့် ကြီးကြီးဖြစ်လာသော ဒေါ်အိုဇာ (ခေါ်) အမာရီကို ညို့သတ်ပစ်လိုက်မှာ အလွန်အမင်း စိုးရိမ်သည်။ အလန့်လန့် အထိတ်ထိတ်နှင့် ဆွဲနေရှာသည်။

"ဖယ်စမ်း... ပုန်းညက်"

"မဖယ်ဘူး၊ ကြီးကြီးကို မသတ်ရဘူး"

"ဟင်...အားလုံးကို သတ်မယ်။ နင်တို့နှစ်ယောက်လုံး..."

"အမယ်လေး..."

ပုန်းညက်နှင့် ညို့တို့ လုံးထွေးနေသည့်ကြားသို့ အမာရီ ခုန်ဝင်လာသည်။ စတင်တိုက်ခိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်က ကြမ်းပြင်သို့ လွင့်စဉ်ကျသွားခဲ့လေပြီ။

ပုန်းညက်ဖြူက ဘေးသို့ ရောက်သွားသည်။

မိန်းမသားနှစ်ယောက်သည် ပြင်းထန်စွာ လုံးထွေးသတ်ပုတ်နေကြလေပြီ။

ကြမ်းပြင်ပေါ်သို့ ဖက်လျက်သား လဲကျသည်။ သေနတ်နှင့်က လက်တစ်ကမ်းစာ။

"သမီး...သမီး သူ့ကို ရိုက်"

"မေမေ့ကို သေနတ်ယူပေး"

အောက်မှရောက်နေသော ညို့က အသံကုန်အော်သည်။

ပုန်းညက်ဖြူ ဘာလုပ်ရမှန်းမသိ။

"သေနတ်ကို ကောက်လိုက်...ကောက်လိုက်"

ညို့၏ စကားအတိုင်း ပုန်းညက်ဖြူက သေနတ်ကို ကောက်ယူလိုက်သည်။

"ပေး...ပေး"

"မပေးနဲ့ကလေး၊ မပေးနဲ့"

မျှတသော အင်အားချင်းမို့ တစ်ယောက်နှင့်တစ်ယောက် အသေအကြေ တွန်းထိုးရုန်းကန်နေကြရသည်။

"သမီးလေး...ပေး"

"ဘာသမီးလဲ ဟင်...ဘာသမီးလဲ"

အမာရီက အပေါ်စီးရသွားပြီး ညို့ကို တစ်ချက်ဆွဲဆောင့်ရင်း ကြုံးအော်လိုက်သည်။





"အမယ်လေး..."

ပုန်းညက်ဖြူမှာ သေနတ်ကို ပိုက်လျက် မျက်စိ စုံမှိတ်ပြီး ကြုံးအော်လိုက်သည်။

ပုန်းညက်ဖြူ၏ အော်သံကြောင့် အမာရီ အာရုံလွင့်သွားသည်။ ရန်သူက တစ်ကွက်ကျော်သွားသည်။

သူ့လက်မှ ပွတ်ထွက်ပြီး ညို့ထပြေးနိုင်သည်။

အမာရီမှာလည်း ကြုံးထပြီး စာကြည့်စားပွဲပေါ်မှာ အသင့်ရှိနေသော ပစ္စည်းများထဲမှ ဆွဲမိဆွဲရာ အဝတ်အုပ်ဆောင်းနှင့် သစ်သားမီးတိုင်ကို ပြောင်းပြန်ကိုင်ပြီး ညို့နောက်မှ ပြေးလိုက်သည်။ ခြေသုံးလှမ်းစာမျှသာ ကွာသော ညို့ကို လက်တစ်လှမ်းစာအကွာမီလာသည်နှင့်...

လက်မှ သစ်သားမီးကိုင်အောက်ထိုင်သစ်သားနှင့် တအား လွှဲ၍ ရိုက်ချလိုက်တော့သည်။

"အ...အား"

"အမယ်လေး..."

"ဒုန်း...ခွမ်း"

ဆိုသော ညို့နှင့် ပုန်းညက်ဖြူတို့ အော်သံ၊ မီးအိမ်မီးလုံးကွဲသံတို့ တစ်ဆက်တည်း ပေါ်လာသည်။

သွေးများ ဖြာကျလာသော ခေါင်းနေရာကို လက်နှင့်အုပ်ကိုင်ရင်း ညို့ ယိမ်းထိုးစွာ ခြေလှမ်းနေသည်။

မှုးဝေနေသော ညို့မှာ ဘာကိုမှ မြင်ပုံမရတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ အရှိန်နှင့် ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

ကြမ်းပြင်ပေါ်သို့ မဟုတ်။

ဆွေးနေသော ပြတင်းပေါက်၏ ဘောင်ပေါ်မှာ ကန့်လန့်ဖြတ်ကြီး...

"ဖျစ်...ဖျစ်...ဖျစ်...ကျွီ"

ဆိုသော အသံများကလည်း တစ်ဆက်တည်းလို ပေါ်လာပြီး—

ပုန်းညက်ဖြူနှင့် အမာရီတို့ ကြောင်၍ ကြည့်နေမိကြစဉ်မှာပင်...

ညို့ တွန်းတိုက်လိုက်သော အရှိန်နှင့် ဆွေးမြည့်နေသော ကျွန်း ပြတင်းတံခါးကြီးမှာ ပွဲကျသွားတော့သည်။

တံခါးနှင့်အတူ ညို့မှာ မြင့်မားသော ပုန်းညက်မြိုင်၏ သုံးထပ် ပေါ်မှ အောက်သို့ ဇောက်ထိုးကြီး အရှိန်နှင့်ကျသွားခဲ့ပါပြီ။

"အမယ်လေး...သေပါပြီ"

"မေမေ သေပါပြီ"

ပုန်းညက်ဖြူက ကြိုး၍ အော်လိုက်သည်။

သူ့လက်မှာ သေနတ်ကို မြဲမြံစွာ ဆုပ်ကိုင်ရင်း မျက်စိစုံမှိတ်ပြီး ငယ်သံပါအောင် အော်နေရှာသည်။

ဒေါ်အမာရီက ပုန်းညက်ဖြူထံမှ သေနတ်ကို ခက်ခဲစွာ ဆွဲလုယူလိုက်သည်။

"အို...အို သေနတ်ပေး...ပေး"

ကြောက်ရွံ့စွာ အော်ဟောင်းနေသော ပုန်းညက်ဖြူကို သေနတ်





နှင့် ချိန်ရွယ်ထားရင်း အမာရီ အောက်သို့ ငုံ့စောင်းကြည့်လိုက်သည်။

"အို..."

သူ မကြည့်ရဲတော့။ သွေးများရဲနေသည့်အလယ်တွင်...

လှလွန်းသော ညို့မှာ ငြိမ်သက်လျက်...

ဒေါ်အမာရီက သေနတ်ကို အောက်သို့ လွှင့်ပစ်လိုက်သည်။

ရန်ရှင်းသွားပြီဟု သိသော ပုန်းညက်ဖြူမှာ သူ့မိခင်ကို ကြည့်ရန် ပြေးထွက်လာသည်။

ပုန်းညက်ဖြူကို ဒေါ်အမာရီက ဆီးပွေ့လိုက်ရင်း...

"မကြည့်ပါနဲ့တော့ ကလေးရယ်"

'ဟင် မေမေ...မေမေသေပြီလားကြီးကြီး၊ ကြီးကြီးကြောင့် အို...ပုန်းညက် ကြည့်ပါရစေ"

"မကြည့်နဲ့...မကြည့်နဲ့တော့ကွယ်၊ သူ သေပါပြီ"

"ဟာ...အမယ်လေး"

"ကြီးကြီးဟာ ကလေးရဲ့ မေမေကို သတ်ပစ်လိုက်သူရယ်လို့ ပုန်းညက်ဖြူရဲ့ ဘဝမှာ ဘယ်သောအခါမှ နာကြည်းစရာ... နောင်တ စရာ ဖြစ်လာမှာ မဟုတ်ပါဘူး... သ... သမီးလေးရယ်"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သူဌေးကုန်း စံအိမ်ကြီး၏ အစေအပါးအဖြစ် ဒေါ်မြို့ ရောက်လာစဉ်က အမာရီနှင့် အမာတင် ညီအစ်မနှစ်ယောက်မှာ ကလေးသာသာ အရွယ်လေးသာ။

"မမြို့၊ ခင်ဗျားသမီးတွေ ထိန်းထားဦး၊ ကျုပ် ထရိုက်မိလိမ့်မယ်နော်'

ပထွေးဖြစ်သူ ဦးကုသက တစ်ချက်မျှ မျက်နှာသာမပေးခဲ့။

သူဌေးကုန်း စံအိမ်ကြီး၏ အရှင်သခင်များ မျက်စိနောက်အောင် ဆော့မိကြလျှင် အမာရီတို့ ညီအစ်မမှာ ကျောကော့နေအောင် အရိုက်ခံရတတ်သည်။

ဒေါ်မြို့က ဝင်မဆွဲရဲ။ ကြွနှားတိရစ္ဆာန်များကို ရိုက်သလိုမညှာမတာ ရိုက်တတ်သော ဦးကုသကို အမာရီ ကြောက်သည်။

ဒီနေရာ မသွားနဲ့ဆိုလျှင် မသွား။ ဒါ မစားနဲ့ဆိုလျှင် မစားဒါလုပ်ဆိုလျှင် တိတိကျကျ။ အမာရီက လိုက်နာရသည်။





အမာတင်ကဖြင့် သူလုပ်ချင်ရာ လုပ်သည်။ အရိုက်ခံရသောအခါလည်း အော်ကြီးဟစ်ကျယ် ငိုပစ်လိုက်သည်။ ထပ်ပြီးလည်းလုပ်ရဲသည်။ ရိုက်လျှင်လည်း ပေခံသည်။

အရှက်မရှိ။ အကြောက်မရှိ။

အမာရီနှင့်က ဆန့်ကျင်ဘက်ပါ။

ညီအစ်မ နှစ်ယောက်လုံး ဖွေးဖွေးစင်စင်လေးတွေ ဖြစ်ပြီး ကြီးလာလေ လှလာကြလေပါ။

ညီမ့်ဖြစ်လာမည့် အမာတင်က ပို၍ပင် လှသေးသည်။ ဖွံ့ထွားလာသော ကိုယ်လုံးက အချိုးကျလှသည်။ စကားပြောလျှင်လည်းအမူအရာလေးနှင့် မျက်နှာပေးနှင့် ပြောတတ်သည်။ ဟန်ကောင်းသည်။ မာန်ရှိသည်။ ကောက်ကျစ်တတ်ပြီး တစ်ကိုယ်ကောင်း ဆန်သော ဗီဇစိတ်များ ရှိလေသူပါ။

အမာရီကဖြင့် ကြီးလာလေ အိမ်တွင်းကုပ်လေ၊ ရိုးသား သည်။ စိတ်ကောင်းရှိသည်။ ကျစ်လျစ်သိပ်သည်းသည်။ မိခင်နှင့် ညီမလေးပေါ်မှာ ထာဝရ ညှာတာရှာသည်။

အမာရီက အိမ်ကုပ်လေ၊ အမာတင်က လမ်းထွက်လေ ဖြစ်လာသည်။

. သူ့ဝါသနာက ပွဲအလွန်ကြိုက်သည်။ ဘယ်လိုတားတား မရ၊ အရိုက်ခံပြီး အငြိမ့်ပွဲများကို ကြည့်တတ်သည်။ ဇာတ်ဆို မိုးအလင်း။

သည်သို့နှင့်…

နောက်ဆုံးတွင် အငြိမ့်ထောင်ဆရာ ဆိုသော မန္တလေးသား



www.burmeseclassic.com

www.burmeseclassic.com



မယားကြီးရှိသူ လူလည်တစ်ယောက်နှင့် ခိုးရာနောက် လိုက်ပြေး သွားခဲ့သည်။

သည်အချိန်က အမာတင်မှာ ဆယ့်လေးနှစ်သာသာ ကလေး သာ။

ညီမငယ်အတွက် အရှက်ရခြင်းနှင့်အတူ နှမြောစိတ်၊ လွမ်း ဆွတ်စိတ်များဖြင့် ကျိတ်၍ မျက်ရည်ကျရသော အမာရီအတွက်

"သွားပစေ၊ ဒင်းမိုက်ပြစ်နဲ့ ဒင်း၊ ငိုမနေနဲ့"

ဒေါ်မြို့က ပြတ်သားသည်လား၊ ရက်စက်သည်လား မပြော တတ်၊ မျက်ရည်တစ်ပေါက်မှ မကျ။ စွန့်လွှတ်လိုက်ပါပြီဟု သူဌေး ကုန်းရှိ သူဌေးမင်းများ နားသို့ ပေါက်ကြားအောင်အထိ သတင်း လွှင့်နေပါ၏။

ဤအချိန် အတောအတွင်းမှာ ရန်ကုန်တက္ကသိုလ်၌ ပညာသင် ယူနေသော 'ကိုမြင့်ထိုက်'မှာ ကျောင်းပိတ်၍ အိမ်သို့ ပြန်လာ ချိန်ပါ။

အမာရီ၏ အလှကို မြင်လာသည်။

အမာရီ၏ ဘဝကို မြင်လာသည်။

အမာရီ၏ အလှသည် ကိုမြင့်ထိုက်ကို စွဲလမ်းစေခဲ့သည်။ ဤ အလှအပလေးကို မြတ်နိုးချင်လာသည်။

အမာရီ၏ ဘဝသည် ကိုမြင့်ထိုက်ကို သနားကရုဏာများ ဖြစ်ထွန်းလာစေရအောင် သရုပ်ဆောင်နေသည်သို့ပါ။

"အမာရီကသာ ငိုနေ၊ ဟိုညီမကတော့ သူ့ချစ်သူနဲ့ ပျော်နေ မှာပေါ့"





ခြံတွင်းမှ မြက်များကို ပေါင်းသင်ရင်း မျက်ရည်ကျမိသော အမာရီနားသို့ ကိုမြင့်ထိုက် ရောက်လာသည်။

"သူ...ညီမလေး ပျော်မှာ မဟုတ်ပါဘူး အစ်ကိုရယ်"

"အို...ပျော်နေမှာပေါ့။ ဘာလို့ မပျော်ရမှာလဲ"

"သူ့...သူ့ယောက်ျားက မယားကြီးနဲ့တဲ့"

"ဒါပေမယ့်...သူ့ကို ကောင်းကောင်းမွန်မွန် ထားမှာပါ"

"အမေကလည်း မခေါ်ဘူး၊ အစ်ကိုပြောသလို ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ"

"အမာရီ"

"ရှင်..."

"ညီမကို အစ်ကို သနားတယ်"

"ဟုတ်...ဟုတ်ကဲ့၊ ဟို...ကျွန်မ သွားတော့မယ်"

"နေပါဦးကွယ်"

"ခိုင်းစရာရှိရင် ပြောပါ။ သွားလုပ်ပေးပါ့မယ်"

"ခိုင်းစရာ မရှိဘူး၊ ပြောစရာပဲ ရှိတယ်"

အမာရီ ထိုင်သလို ကိုမြင့်ထိုက်က မြေကြီးပေါ်မှာပင် ငုတ် တုတ်လေး ထိုင်ပြီး အနီးကပ်လာသည်။

"ညီမကို သနားရာက အစ်ကို ချစ်လာပြီ"

"အို..."

"နေပါဦး...နေပါဦး ရီရယ်၊ အစ်ကို့စကား ဆုံးအောင် ပြော ပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ဟင့်အင်း... ဦးကုသ မြင်ရင် ကျွန်မကိုသတ်ပါ လိမ့်မယ်ရှင်"

"အို...ဘာလို့ သတ်ရမှာလဲ"

"အိမ်ပေါ်တောင် မတက်ရဘူးတဲ့။ အခုလို အစ်ကိုနဲ့ နေတာ တွေ့ရင် အို...ကျွန်မကြောက်တယ်"

"ဦးကုသကို အစ်ကိုပိုင်ပါတယ်။ ဒီမှာ ရီရယ်၊ အစ်ကို အတန် တန် စဉ်းစားပြီးမှ ဒီစကားပြောတာပါ။ ညီမကို တကယ်ချစ်တာ"

"အစ်ကိုရယ်"

"ရှ"

"ကျွန်မကို သနားတယ်ဆိုရင် ကျွန်မ သွားပါရစေတော့နော်၊ ကျွန်မ...ကျွန်မ ကြောက်လွန်းလို့ပါရှင်၊ တောင်းပန်ပါတယ်"

အမာရီ ထွက်ပြေးလာခဲ့သည်။

ဝါးခမောက်လေးပင် လွင့်ကျ ကျန်ရစ်သည်။ ပြန်၍ မကောက်မိ၊ သတိမရ။

ရန်သူတစ်ယောက်ထံမှ အသက်လု၍ ပြေးခဲ့ရသူလို မောဟိုက် နေရပါသော်လည်း...

ရင်မှာ ကြောက်ရွံ့သည်လား၊ ကြည်နူးသည်လား၊ နှစ်ခုလုံး များ ခံစားနေရသည်လား အမာရီ မသိတော့။

မိမိ၏ တဲအိမ်တွင်းရှိ အပေါက်ငယ်မှ သူ့ကို ပြန်ချောင်းကြည့် မိသည်။

သူတို့တဲလေးဆီသို့ ငေးမျှော်ကြည့်နေသော ကိုမြင့်ထိုက်ကို မြင်လိုက်ရသည်။





အမာရီ သနားသွားမိသည်။

မရနိုင်သောအရာဟူ၍ မရှိသော သူတစ်ယောက်ကိုမှ အမာရီ ဘာကြောင့်များ သနားနေမိပါလိမ့်။

သူပြောသလို ချစ်ခြင်းမေတ္တာဆိုသည်မှာ သနားရာကများ ခဲ့လေသည်လား။

နောက်ရက်များတွင်လည်း ရှောင်၍ မလွတ်တော့။

အမာရီ ကြောက်သည်ဆို၍ သူ့မိဘများ မရှိချိန် ဦးကုသကို အမင် သူအပြင်သို့ စေလွှတ်ပြီးလေမှ...

အမာရီသို့ ချစ်စကားလေးများ စမ်းရေစီးသည့်နှယ် အဆက် ပြတ် ပြောတတ်လေသော အစ်ကိုသို့...

"ရီအစ်ကို့ကို ချစ်ပါတယ်ရှင်၊ ဒါပေမယ့်...ရီနဲ့ အစ်ကိုတို့ရဲ့ ဘဝက ခြားနားလွန်းပါတယ်"

"ဂုဏ်ပကာသနဆိုတာက ပြင်ပက သတ်မှတ်မှုပါ ရီ"

"မေတ္တာတရား ဆိုတာက ရင်ထဲက ဖြစ်တဲ့ ခံစားမှုပါ။ သီး ခြားစီပါ။ အစ်ကိုချစ်သလို ရီပြန်ချစ်ရင် မေတ္တာနယ်မြေမှာ ပြီး ပြည့်စုံပါပြီလေ"

"ဘယ်ပြီးပါ့မလဲ အစ်ကိုရယ်...၊ ရီလို အောက်တန်းစား တစ်ယောက်နဲ့..."

"တော်ပါ ရီရယ်၊ မပြောရဘူး"

ကိုမြင့်ထိုက်က ဖက်ပွေ့ရင်း ပါးစပ်ကို ပိတ်ပစ်လိုက်သည်။

"အစ်ကို ဘာပြောပြော၊ ရီ့ကို အကြီးတို့က ဘာနည်းနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကြမှ မဟုတ်ပါဘူး၊ တစ်နေ့ကျရင် ရီပဲ ရင်ကွဲနာကျရမှာ ဒါ အစ်ကိုရယ်"

"ရီ ပြောချင်တာတွေ ပြော၊ ဒါပေမယ့်...အစ်ကို မေးတာ တစ်ခုတည်း ဖြေစမ်းပါ ရီ"

"ဘာများလဲ အစ်ကိုရယ်"

"ရီ အစ်ကို့ကို ချစ်သလား"

"သိပ်ချစ်ပါတယ်ရှင်၊ ဒါပေမယ့်..."

"တော်ပြီ ရီ၊ ဒါပေမယ့်ဆိုတာ မဆက်နဲ့တော့၊ အစ်ကို ချင်တာ ဒါ တစ်ခုတည်း..."

"အို...အစ်ကိုရယ်"

"အစ်ကို ယောကျ်ားပါ ရီ၊ နောက်ပိုင်းကိစ္စတွေကို အစ် တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းယူမယ်၊ အစ်ကို့အချစ်ဦး ဘာ မပူနဲ့နော်"

"အစ်ကို့အချစ်ဦး"

"အစ်ကို့ အချစ်ဦး...တဲ့"

*

အမာရီ၏ တစ်ဘဝလုံး ထိုနေ့ကလို ရင်ခုန် လှုပ်ရှားခြင်းမျိုး ဒုတိယအကြိမ် ထပ်၍ ဖြစ်မလာတော့။

ဦးအောင်သာတို့အားလုံး ကျောက်ဆည်ဝေဘူတောင်မှာ အလှူကြီးလှူသော နေ့ကပါ။





အားလုံး သွားကြသည်။ ချက်ပြုတ် လုပ်ကိုင်ဖို့ ဒေါ်မြို့တို့ ဦးကုသတို့ပါ လိုက်သွားကြရပါ၏။

ထုံးစံအတိုင်း အမာရီက သွတဲလေးထဲမှာ တစ်ယောက်တည်း။

"ရီ"

"ဟာ...အစ်ကို"

"လာ...လာ...အစ်ကိုနဲ့ အမြန်လိုက်ခဲ့"

"လာစမ်းပါ ရီရယ်၊ အမြန်သွားစရာရှိလို့၊ အရေးကြီးတဲ့ ကိစ္စ ရှိလို့"

"အို...နေ...နေပါဦး၊ အိမ်က လူတွေ..."

"မကြောက်ပါနဲ့ အစ်ကို စီစဉ်ခဲ့ပြီးပါပြီ။ ဪ... အဝတ် ကောင်းကောင်းလေး လဲလိုက်ဦး"

ကိုမြင့်ထိုက်ပြောလေမှ ဟောင်းနွမ်းနေသော အဝတ်များကို အမာရီ သတိထားမိသည်။ ကျူထရံကာထားသည့် အခန်းလေးထဲ ဝင်ပြီး ဖာတွင်းမှ အမာရီ၏ အကြိုက်ဆုံး အဝါရောင် ဝတ်စုံလေးကို ထုတ်လိုက်သည်။ အဖိုးမတန်သော ရှန်သားနှင့် ချည်လုံချည် ဖြစ် သော်လည်း အသစ်ကလေးမို့ အမာရီ လှသွားသည်။

ရေချိုးပြီးသား သနပ်ခါး ထူထူကြားကြားလေးကို တို့ဖတ် ဝါနှင့် ပွတ်ညှိလိုက်သည့်အခါ ဝင်းစိုသော အသားလေးထဲ စိမ့်ဝင် သွားပြီး ညီညာညက်ညောသွားသည်။

ချစ်သူ ခေါ်ရာသို့လည်း လိုက်ရမည်။ အမြန်လည်း ပြေးဆင် ရပါ၍ အမာရီ လက်ကလေးများ တုန်နေသည်။ အပြောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



အမှားမှား လုပ်ပြီးမှ ထွက်ခဲ့ရသည်။

"သိပ်လှပါလား ရီရယ်…၊ လာ…လာ…ကားပေါ်တက်"

ဂျစ်ကားကို ကိုမြင့်ထိုက်ကိုယ်တိုင် မောင်းသည်။ အမာရီ ဘေးမှ။

သူဌေးကုန်း စံအိမ်ကုန်းမြင့်ကြီးဆီမှ ကားနှင့် ဆင်းလာရသည် မထင်။

ရွက်ကြွေလေးများ လေမှ ပျံဝဲလွင့်စဉ် ကျလာရသည်သို့ပင် အမာရီ၏ နှလုံးသားလေးများ လွင့်ပျံ၍ မိမိပါ လေမှာ ပျံဝဲ သွားရပါလေပြီလား။

"ရီ…အစ်ကို့ အချစ်ဦးလေး…"

"ရီ့ကိုဘယ်ခေါ်သွားမှာလဲ၊ ရီကြောက်လိုက်တာ အစ်ကိုရယ်"

"ဘာကို ကြောက်တာလဲ"

"လူကြီးတွေ သိရင် ရီသေအောင် အရိုက်ခံ ရပါ။ ပြီးတော့ အစ်ကို့ကိုလည်း ကြောက်တယ်"

"ဟား…ဟား…ရီလေးရယ်၊ အစ်ကို့ကို ဘာလို့ ကြောက်ရမှာ လဲ။ ကြည့်စမ်း၊ ဘယ်လောက် ချစ်စရာကောင်းတဲ့ အစ်ကိုလဲလို့ ဒီဘက်တိုးစမ်းပါ"

မျက်လုံးလေးများ ဝိုင်းဝိုင်းလည်အောင် ကြောက်ရွံ့နေမိသည့် ကြားက အမာရီ ပြုံးရပါပြီ။ ချစ်သူနားသို့ ရွှေ့တိုး ထိုင်မိသည်။

"တစ်အိမ်လုံး မိုးချုပ်မှ ပြန်လာကြမှာ။ အစ်ကိုလည်း မနက်က ဝိုင်းပြီး ညှိခံပေးနေတာပါ"





"ဟုတ်ကဲ့…"

"မန္တလေးက အစ်ကို့သူငယ်ချင်းတွေကို တမင်လာခေါ်ဖို့ မှာ ထားရတာ။ သူငယ်ချင်းတွေနဲ့ လျှောက်လည်ဦးမယ် ဆိုပြီး လစ် ထွက်ခဲ့တာ"

"အဲဒီသူငယ်ချင်းတွေရော"

"ဩော်…ရီရယ်၊ ဒီကောင်တွေ ထားပစ်ခဲ့ပြီပေါ့"

ကားက မန္တလေးဘက်သို့ ဦးတည်ထွက်လာသည်။ စစ်ကိုင်း တံတားကြီးကို ကျော်ဖြတ်ခဲ့ပြီ။ ထနောင်းပင်တန်းများသည် ကား လမ်းဘေးမှာ လှပစွာ စီတန်းနေကြပါ၏။

"ရီ"

"ရှင်…အစ်ကို"

"အစ်ကို့ကို ချစ်လားဟင်"

"သိပ်ချစ်ပါတယ်၊ ရီလေ အစ်ကို့ကို ဘယ်လောက်ထိ အောင် ချစ်လဲဆိုရင်…အို…"

"ဟေး…ပြောလေ"

"မပြောတတ်အောင် ချစ်တယ်"

"ဟင်…"

"တကယ်ပါ အစ်ကို။ ရင်ထဲမှာ ရှိတဲ့ အချစ်တွေသာများများ လာလို့ ပေါက်ကွဲတတ်ရင် ရီရင့်တွေ ကွဲထွက်ကုန်ပါပြီရှင်"

"ကြည့်စမ်း…ဒါများ မပြောတတ်ဘူးတဲ့"

"တကယ်ခံစားရတာကို ပြောမိတာပါ။ ဒါပေမယ့် အစ်ကိုရယ် ရီသိပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုသိတာလဲ"

"တစ်နေ့ကျရင် ရီ တကယ်ရင်ကွဲပြီး ကျန်ရစ်ရမှာပါ။ အစ်ကို ရီ့လို မိန်းကလေးကို ယူနိုင်မှာ မဟုတ်ပါဘူး"

"အင်း…ပြော…ပြော"

"အစ်ကိုက ရီ့ကို တကယ်ချစ်တာပဲ ထားဦး"

"ထားပါပြီတဲ့ဗျာ"

"ယူနိုင်တယ်ပဲ ထားပါဦး"

"နှစ်ခုလုံး ထားပြီးပါပြီဗျာ"

"အစ်ကိုရယ် မနောက်ပါနဲ့၊ ရီ တကယ်ပြောနေတာပါ။ အစ်ကို့ဘက်က အဲဒီနှစ်ချက်လုံး ပြည့်ဝတယ်ထား၊ အဘတို့ အကြီးတို့က ရီ့ကို နှင်ထုတ်ကြမှာပါရှင်"

အမာရီမှာ ပျော်နေရာက ကြေကွဲလာမိသည်။ မျက်ရည်လေးများ ဝဲတက်လာတော့သည်။

"အစ်ကိုနဲ့ တွေ့တိုင်း အဲဒီစကားလေးတွေပဲ အမြဲပြော။ အမြဲ မျက်ရည်ကျ၊ အမြဲ ဝမ်းနည်းအားငယ်နေရရှာတဲ့ အစ်ကိုရဲ့ အချစ်ဦးလေးရယ်…ဒီမှာရီ"

"ရှင် အစ်ကို"

"အခု ရီ့ကို ဘယ်ခေါ်သွားမှာလဲ သိလား"

"ဘယ်သိပါ့မလဲ အစ်ကိုရယ်"

"ရုံးကို…တရားရုံးကို"

"ရှင်…ဘာ…ဘာ အစ်ကို"

✻



ကိုမြင့်ထိုက်၏ အချစ်ဆုံး အားအကိုးရဆုံး၊ နှုတ်အလုံဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်သော 'ကျော်ဆန်းမောင်'၏ တိတ်တဆိတ် စီစဉ်ထားချက်အရ…

ထိုနေ့က…

အမာရီနှင့် ကိုမြင့်ထိုက်တို့ နှစ်ဦးသဘောတူ တရားရုံးမှာ သက်မှတ်ရေးထိုး လက်ထပ်ကြသည်။

ဘယ်မှ မရောက်ဖူး…

ဘာတွေ့အကြုံမှ မရှိဖူးသော အမာရီမှာ…

မမျှော်လင့်နိုင်လွန်းသော ဖြစ်ရပ်နှင့်…

ချစ်သူ၏ ကြီးမား မြင့်မြတ်သော ယုံကြည်စိတ်ချစေမှုများ ကြောင့်…

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေမိသည်။ 'အမာရီ'ဟူ သော မညီမညာသည့် လက်မှတ်လေးကို မနည်း ရေးထိုးရသည်။

အပြန်လမ်းတွင်…

"ကဲ…ရီ၊ အစ်ကို့မေတ္တာကို ယုံကြည်သွားပြီ မဟုတ်လား၊ အစ်ကို့သစ္စာတရားကို စိတ်ချသွားပြီမဟုတ်လားဟင်၊ ဘယ်သူကမှ ခွဲပစ်လို့ မရဘူးဆိုတာလည်း ရီနားလည်သွားပြီမဟုတ်လား ဟင်၊ အခု ရီဟာ၊ အစ်ကိုရဲ့ တရားဝင်ဇနီးလေး"

"အစ်ကို…အို…ရီ သိပ်ချစ်ရတဲ့ အစ်ကိုရယ်"

"ကဲ… အခုလို လုပ်လိုက်တာက ရီ့ရင်ထဲက အားငယ်ကြေကွဲနေတဲ့စိတ်တွေ ပျောက်အောင်၊ ပြီးတော့…အစ်ကို့ မေတ္တာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တင်ရှိနေတဲ့ သံသယစိတ်တွေ ဖယ်ခွာသွားရအောင် လုပ်ထားနိုင်တာပါရီ"

"ရီ နားလည်ပါပြီ အသက်ရယ်"

"တကယ် အတူနေကြမှာတော့ အစ်ကိုဘွဲ့ရပြီးမှပေါ့"

"ရီလည်း ဒီလိုပဲ ဖြစ်ချင်ပါတယ် အစ်ကို"

"အစ်ကို ဘွဲ့ရပြီးရင် ရီနဲ့ လက်ထပ်ပြီးကြောင်း တရားဝင်ကြေညာမယ်။ အိမ်က အမွေပြတ်စွန့်လွှတ်ပါစေ။ အစ်ကို့ပညာနဲ့ ရီ့ကို တစ်သက်လုံး ရှာကျွေးမယ်"

"အမယ်လေး...အစ်ကိုရယ်"

"ခုတော့ ဒီကိစ္စကို အစ်ကိုတို့ ကွယ်မြှုပ်ထားကြမှ ဖြစ်မယ်နော်...ရီ၊ ဘယ်သူမှ သိကြလို့ မဖြစ်သေးဘူး"

"ဟုတ်တယ်...အစ်ကို၊ ကြိုသာသိရင်တော့ ဒုက္ခလှလှကြီး တွေ့ကြမှာပဲ"

"အင်း..."

"ရီ့ဘက်က စိတ်ချအစ်ကို၊ အစ်ကိုနဲ့ အတူမနေရမချင်း ဟောဒီလက်ထပ်စာချုပ်လေးကို ရီ့ရင်ထဲမှာ ဝှက်မြှုပ်ထားမယ်"

"ကောင်းတယ်...ရီ"

"အစ်ကိုနဲ့ ပြန်မဆုံမချင်း ဘယ်တော့မှ မပေါ်စေရဘူး၊ ဘယ်သူမှ မသိစေရဘူး၊ ရီ အစ်ကို့ကို ကတိပေးပါတယ်ရှင်"

"ဝမ်းသာပါတယ် ရီရယ်၊ အစ်ကိုကတော့ ရီ ခုလို အစ်ကို့အပေါ်မှာ ယုံကြည်စိတ်ချသွားတာကိုပဲ ဝမ်းသာလှပါပြီဗျာ"





"ယုံပါပြီ အစ်ကိုရယ်၊ သံသယစကားတွေ ပြောမိတဲ့ ရီ့ကိုလည်း ခွင့်လွှတ်ပါနော်။ အစ်ကို ဘွဲ့ရမယ့် အချိန်ကို ရီလေ...ယုံကြည်စိတ်ချစွာနဲ့ ဝမ်းပန်းတသာ မျှော်နေနိုင်ခွင့်ရပါပြီ။ ရီရဲ့ ကျေးဇူးရှင်အချစ်ဦးရယ်"

"ရီ"

"အစ်ကို"

"ကျောင်းဖွင့်တော့မယ်၊ အစ်ကို ပြန်ရတော့မယ်ကွယ်။ ဒါပေမယ့် အစ်ကို သီး ၊င်းကျွတ်ကျောင်းပိတ်တာနဲ့ ချက်ချင်း ပြန်ခဲ့မယ်...သိလား"

"ရီ ဝမ်းသာရပြီဆိုပေမယ့် အစ်ကို့ကို သိပ်လွမ်းမှာပဲကွင်"

"အစ်ကိုလည်း ဒီလိုပဲပေါ့။ ချစ်ရယ်"

"အို...ဘယ်သွားမှာလဲ အစ်ကို၊ အိမ်က ဒီဘက်လမ်းလေ"

"အစ်ကိုတို့ရဲ့ ပုန်းညက်မြိုင်ခြံကြီးထဲမှာ သွားပြီး စကားပြောကြရအောင်ပါနော်"

✻

အင်း၁ခေတ် မိဖုရားငယ် တစ်ပါး၏ စံအိမ်ကြီးရှေ့မှ အကြီးဆုံး ပုန်းညက်ပင်ကြီးအောက်မှာ ဖျာဟောင်း...တစ်ချပ် ခင်းထားသည်။

ဖျာပေါ်မှာ ပုန်းညက်ပွင့်တွေ။

ပုန်းညက်ပွင့်တွေပေါ်မှာ အမာရီ။



www.burmeseclassic.com

www.burmeseclassic.com



အမာရီ့ပေါ်မှာ ပုန်းညက်ပွင့်တွေ၊

ပန်းပွင့်များနှယ် နူဦးသစ်လွင်သော အလှနှင့်။

ပွင့်ဖတ်ပေါ်မှ မိုးရေစက်လေးများလို အေးမြသန့်စင်နေသော အချစ်ဦး၏ အရိုးသားဆုံး မျက်နှာလေးကို ကိုမြင့်ထိုက် နမ်းရှိုက်လိုက်မိသည်။

သင်းပျံ့သော ပုန်းညက်ပန်း၏ အနံ့များနှင့်အတူ ချစ်သူ၏ ကိုယ်သင်းနံ့လေးများက ကိုမြင့်ထိုက်၏ ရင်ကို ပြည့်ပြည့်ဝဝ နွေးမြခြင်း၊ အေးမြခြင်းများကို ပေးစွမ်းစေခဲ့ပါပြီ။

"မိုးရွာတော့မယ်ထင်တယ် အစ်ကို"

"မရွာသေးပါဘူး"

အမာရီ၏ မျက်နှာလေးကို ဘေးနားမှ မော့ကြည့်လျက် ငုံ့ကြည့်ရင်း ပြောနေပါ၍...

"သူကဖြင့် ကောင်းကင်ကြီးကို ကျောခိုင်းထားပြီးတော့..."

ကိုမြင့်ထိုက်က လှိုက်လှဲစွာ ပြုံးလိုက်သည်။

"ဟိုး မိုးပေါ်ကို ကြည့်စမ်းအစ်ကို၊ တိမ်ညိုတွေ ပြိုကျလာတော့မယ်"

"ပြိုပါစေ"

"အိုး..."

"ကောင်းကင်ကြီးပါ ပြိုကျလာရင် ပိုတောင် ကောင်းသေး"

ရယ်မောနေသော မျက်နှာလေးနှစ်ခု ထိကပ်သွားကြပြန်သည်။





ညိုမှောင်နေသော ကောင်းကင်ပြင်ကြီးအောက် ပန်းကမ္ဘာလေးပေါ်မှ ချစ်သူနှစ်ယောက်ပေါ်သို့...

ကောင်းကင်ကြီးဖြင့် ပြိုကျမလာ။

မိုးရေစက်များ သွန်ကျလာသည်။

ပထမတော့ ပုန်းညက်ပင်ရိပ်ကို ခိုကပ်၍ နှစ်ယောက်သား ဖက်လျက် ပုန်းနေကြပါသေးသည်။

မရတော့။

သစ်ရွက်များ၏ အကြို၊ သစ်ကိုင်းများ၏ အကြားမှ မိုးစက်၊ မိုးပွင့်တို့သည် ချစ်သူနှစ်ဦးကို တစ်ပေါက်ချင်း၊ တစ်စက်ချင်း သွန်ချခြင်းဖြင့် ရွှဲရွှဲစိုစေတော့သည်။

"ပျော်စရာကြီးနော် အစ်ကို"

ချစ်သူ့ရင်ခွင်မှာ ပုန်းခိုရင်း ရယ်ရယ်မောမော ပြောမိသည်။

ကိုမြင့်ထိုက်က လှလွန်းသော မျက်နှာလေးပေါ်မှ မိုးရေစက်များကို သပ်ချပေးရင်း...

"အစ်ကို့ချစ်ဦးလေး အအေးမိလိမ့်မယ်။ လာ...အစ်ကိုတို့ အိမ်ကြီးမှာ မိုးခိုကြရအောင်နော်"

နှစ်ယောက်သား လက်တွဲလျက် သွယ်စီးကျနေသော မိုးရေဘန်းများအောက်မှ ဖြတ်ပြေးလာခဲ့ကြသည်။

ရယ်စရာမဟုတ်ပါဘဲနှင့် အသံလေးများ ထွက်အောင် အော်ရယ်မိကြသည်။

ပတ်ဝန်းကျင်မှာ မိုးစက်...သစ်ပင်... ကောင်းကင်နှင့်သည်သာ သက်မဲ့အရာရှိပါ၍ သက်ရှိလူသား ချစ်သူနှစ်ဦး...



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်၏ ဧကရာဇ်နှင့် ဧကရီ ဖြစ်နေကြပေသည်။

အဖိုးအနှဲ့ထိုက်တန်လှသော ရတနာဖြစ်သည့် လွတ်လပ်ခြင်းကိုပါ သူတို့ စိုးမိုးပိုင်ဆိုင်ရယူနိုင်နေကြပါ၏။

သူဌေးကုန်းတိုက်ကြီး၏ ဖြတ်လမ်းဆုံးရှိ လှိုဏ်ဂူအပေါက်မှ ဝင်ရောက်ခဲ့ကြသည်။

အိုဟောင်းနေသော်လည်း ခိုင်ခန့်လွန်းသော ကျွန်း လှေကားကြီးအတိုင်း တက်ကောင်းကောင်းနှင့် ထိပ်ဆုံးထပ်သို့ တိုင်တက်ခဲ့ကြသည်။

ရှေးယခင် ဘုရင်မင်းမြတ်၏ ချစ်မြတ်နိုးခြင်း ခံခဲ့ရသော မိဖုရားငယ်တစ်ပါး၏ အဆောင်တော်...

နှောင်သောအခါတွင် 'ပုန်းညက်ဖြူ' ဟူသော 'သူတို့၏ သမီးလေး' ပိုင်ဆိုင်စိုးစံရမည့်အခန်းမှာ သူတို့နားခိုမိကြသည်။

ဘာတွေ့အကြုံမှ မရှိသော အမာရီမှာ ဘာကိုမှ ကြိုတင်နားလည်နိုင်စွမ်း မရှိရှာပါ၍...

ချမ်းချမ်းနှင့် ချစ်ရလွန်းသော အချစ်ဦးကိုသာ အားပါးတရ ဖက်ထားမိသည်။

တစ်မိုးလုံး ပြိုကျလာပြီလားဟု ထင်မှတ်ရအောင် မိုးက သည်းသည်းထန်ထန် ရွာသွန်းလာသည်။

မည်သည့်အသံမှ ထိုးဖောက်မလာနိုင်အောင် မိုးသံနှင့် လေသံတို့က ပိတ်ဆီးထားလေပြီ။

ကြမ်းတမ်းသော ရာသီဥတု၏ အလယ် လူသူမဲ့သော အိမ်ကြီး





အတွင်းမှ နှစ်ယောက်တည်းသော ဆန့်ကျင်ဘက် လူသားနှစ်ဦး။

ဤနှစ်ဦးကလည်း အချစ်ကြီးချစ်ကြသော အချစ်ဦးများ၊

ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို မေ့လျော့ကာ လိုက်လျောခြင်း၊ ပေးဆက်ခြင်း၊ ရယူခြင်းဆိုသော မိန်းမော မူးမေ့ဖွယ် ကမ္ဘာငယ်လေး အတွင်းမှာ...

*

ချစ်ရသော ရက်ထက် လွမ်းရသော နေ့များက အဆတစ်ရာမက ပိုမိုရှည်ဝေးနေရသည်။

ချစ်ဦး ပြန်သွားခဲ့သည်မှာ သုံးလကျော်ခဲ့ပါပြီ။

သည်အတွင်းစာလေးများနှင့်သာ နှစ်သိမ့်နေရသည်။

'စာလေးများ'ဆိုပါသော်လည်း အမာရီ့ထံသို့ တိုက်ရိုက် ရေးသော စာမဟုတ်ပါ။ ကိုမြင့်ထိုက် မရေးရဲပါ။ အိမ်ကြီးဆီမှ တစ်ဆင့်လာရမည်ဖြစ်သော စာမို့ အမာရီလည်း လက်မခံရဲပါ။ သိသွားကြမည်ကို အသတ်ခံရမှာလောက် အမာရီ ကြောက်ပါသည်။

'ဦးလေးကုသနှင့် အမေ မမြို့'

ဟူသော သီးခြားစာထဲတွင် သူအိမ်သို့ ဘယ်သို့လွမ်းရကြောင်း၊ သီတင်းကျွတ်ကျောင်းပိတ်သည်နှင့် ပြန်လာခဲ့မည် ဖြစ်ကြောင်းများကို အမာရီ သိသာပါစေရန် သွယ်ဝိုက်သော နည်းနှင့် ရေးပို့ရှာသည်။

သီတင်းကျွတ်တော့မည်။

အချစ်ဦး ပြန်လာတော့မည်။

အမာရီ ပျော်ရပါသည်။ မျှော်ရသော အချိန်များကိုလည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှည်ချင်တော့။ တန်ခိုးရှင်သာ ဖြစ်ပါလျှင် နေတွေ၊ လတွေကို ထွက်ချည် ဝင်ချည် ရွှေ့ပစ်ပြီး အချိန်များကို ချုံ့ပစ်ချင်လှပါသည်။

အမာရီ မျှော်ရလွန်းသော အချိန်သည်သာ ရောက်လာခဲ့သည်။

အချစ်ဦးက ရောက်မလာခဲ့…

ဦးကုသကို စိတ်ချစွာ အပ်နှံပြီး ဦးအောင်သာနှင့် ဒေါ်ခွန်းအိမ်တို့သည်သာ ရန်ကုန်မြို့သို့ ဆင်းသွားခဲ့ကြသည်။ သူတို့ ပြန်လာတော့ တန်ဆောင်တိုင်ပွဲပင် ပြီးဆုံးနေပါပြီ။

ရွှေကျောင်းပိတ်ရက်တွင်မှ ပြန်လာတော့မည့်အကြောင်း ပြောနေသံ ကြားရသည်။

"ဆောင်းနှင်းတို့ရယ်…လွှင့်ပြယ်ပေးပါတော့"

"ရွှေဦးရယ်…အမြန်ရောက်လာပါတော့ကွယ်"

အမာရီ တမ်းတနေသော ရာသီတို့ မလည်ပတ်မရောက်ရှိလာမီ ပြဿနာတစ်ရပ်သည် အမာရီ့ထံ ခက်ထန် ရက်စက်စွာ ရောက်လာခဲ့ပါပြီတည်း။

"မိအမာရီ ငါ့ကို မှန်မှန်ပြောစမ်း၊ နင့်ကြည့်ရတာ ငါအကဲ မရှေ့တော့ဘူး"

"ကျွန်မ…ဘာဖြစ်လို့လဲ၊ အမေရဲ့၊ ဘာမှ မဖြစ်ပါဘူး"

အလွမ်းရုပ်ကို အပြုံးနှင့် ဖုံးအုပ်ပြီး ဖြေမိသည်။ အမေက စူးရှနက်နဲစွာ ကြည့်ပြီး ပြတ်သားသော အမေးတစ်ခုကို မေးလိုက်သည်။

"နင့်မှာ မပေါ့ပါးတော့ဘူး မဟုတ်လား"

"အမယ်လေး…"





"ပြောစမ်း၊ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်မ မသိဘူး"

"ဟင် ဘာမသိရမှာလဲ။ နင့်ကိုယ်နင် အသိဆုံး ဖြစ်ရမှာပေါ့။ မစားနိုင်မသောက်နိုင်နဲ့ တဝေ့ဝေ့အန်နေတာ။ ငါမသိဘဲ နေပါ့လား။ နင်တို့ကို ငါမွေးလာခဲ့တာ"

အမာရီ ဘာမှ မဖြေနိုင်။ သည်းထန်စွာ ငိုကျွေးရုံမှ တစ်ပါး…

"အမိုက်မ ခွေးထက်မိုက်တဲ့ ကောင်မ၊ သူဌေးသားကို ယုံစားတယ်။ နင့်ကို လွယ်လွယ်ရလို့ ကျောရရုံ ကြံသွားတာဟဲ့ ခွေးမရဲ့"

"မဟုတ်ဘူး… အစ်ကိုက… ကျွန်မကို တကယ်ချစ်ရှာတာပါ အမေရယ်…အစ်ကိုသိရင်လေ"

"အောင်မယ်လေးနော်… ဒင်း…ဒင်းက ထင်နေသေးတယ်။ သည်း အကောင် ညည်းကို တမင်ရှောင်ချင်လို့ ဒီကျောင်းပိတ်ရက်မှာ ပြန်မလာနိုင်ဘဲ သူ့မိဘတွေကို မှာလိုက်တာဟဲ့…"

အမေပြောလေမှ သံသယ ဆိုသော မြူငွေ့တို့သည် ချစ်လှပါသည် ဆိုသော အစ်ကို့မေတ္တာပေါ်တွင် လွှင့်ပျံ့အုပ်မိုး လာခဲ့ရသည်။

"ဟို အငယ် ကောင်မကို ငါစွန့်ပစ်လိုက်တာ နင်မြင်တယ် မဟုတ်လား၊ အေး…နင်လည်း ဗိုက်တစ်လုံးနဲ့ ဆင်း၊ ကိုယ့် ဇာတ်ကိုယ်ရှင်း"

နောက်ဆုံး စီရင်ချက်က သည်မျှသာ…

အမာရီမှာ အမာတင်လို ကိုယ့်ဇာတ်ကို ကိုယ်ရှင်းတတ်သူ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းများ ရှိလျှင် မသွားရဲ၊ မပြောရဲ၊ မဆိုရဲသော သစ္စာ နည်းသည့် မိန်းကလေးပါ။

ဤမျှ ကြီးမားလေးလံသော ပြဿနာကြီးကို ဘယ်လိုနည်းနှင့် ရင်ဆိုင်ဖြေရှင်းရမည်ဆိုသည်ကို တွေးပင် မတွေးရဲခဲ့သူပါ။

"အစ်ကိုရယ်...ကျွန်မရဲ့ ဒုက္ခတွေကို မြင်လှည့်ပါဦး"

ဟုသာ အခါခါ တမ်းတရရင်း မျက်ရည်သည်သာ အားကိုးရာ လို သူ့ဝန်းကျင်မှာ ထာဝရ စိမ့်စိုနေခဲ့ရသည်။

အစ်ကိုနှင့်သာ အချစ်ကြီး ချစ်ခဲ့ရသည်။ အစ်ကို့လိပ်စာကို မမေးခဲ့မိ။ မေးရကောင်းမှန်းလည်း နားမလည်ခဲ့။ ယခုမှဖြင့် မမေးဝံ့ တော့ပါ၍...

"အမေရယ်... ဦးလေးကုသဆီက အစ်ကို့လိပ်စာလေး မေး ပေးပါ။ ပြီးတော့ ...ကျွန်မကို လိုက်ပို့ပေးပါ"

"ဟား...ဟား...ဟား..."

ဒေါ်မြို့က ရက်စက်သော အကြည့်များနှင့် ကြည့်ပြီး အော် ရယ်လိုက်သည်။

"တိရစ္ဆာန်မ။ ခုထိ သူ့ကောင်ကို ယုံတုန်း"

ချစ်ဦးဆိုသော အစ်ကိုနှင့် တွေ့ဆုံခွင့်ရရေးဆိုသော မျှော်လင့် ချက်မှာ သည်မျှနှင့်သာ ပြီးဆုံးသွားခဲ့ရပါပြီ။

အမာရီ၏ အပူမီးပွားသည် အမေ့ကိုပါ ကူးစက် လောင်ကျွမ်း ခဲ့ပါပြီ။

အဖြစ်မှန်ကို သိရှိသွားသော ပထွေးဦးကုသမှာ ဒေါ်မြို့ကို ရိုက်ပုတ်သည်အထိ အပြစ်တင်သည်။





မော့တောင် မကြည့်ထိုက်တဲ့သူနှင့်မှ ဖြစ်ရမလား။

မယားပါ သမီးနှစ်ယောက်အတွက် ရှက်လှချည်ရဲ့ဟု ဒေါ်မြို့ ကို ပက်ပက်စက်စက် ရင့်ရင့်သီးသီး ပြောလာသည်။

ဒေါ်မြို့ကလည်း မခံ။ ရန်ပွဲသည် ကြီးမားကျယ်ပြန့်လာခဲ့ရ သည်။

"ငါတော့...ငါရဲ့ အရှင်သခင်တွေနဲ့ ဒီစံအိမ်ကြီးကို ဘယ်တော့ မှ စွန့်ပြီး ထွက်မသွားနိုင်ဘူး၊ မင်းနောက်လည်း မလိုက်နိုင်ဘူး၊ မင်းတို့ သားအမိသာ ဒီအိမ်က ထွက်သွားကြ"

ဟု အပြတ်ပြောလာသည်။

နောက်ဆုံးမှာ ဦးကုသသို့လည်း စိတ်နာသည်။ သမီးကြီး၏ ပြဿနာကိုလည်း သူဝင်ပါမှ ဖြစ်ရတော့မည်ဟူသော နားလည် စိတ် များဖြင့်...

သူဌေးကုန်း စံအိမ်ကြီး အရှင်သခင်တို့၏ မျိုးဆက်သွေးလေး ကို ရင်မှာ သယ်ပိုးရင်း အမာရီတို့ သားအမိနှစ်ယောက်မှာ ဤ စံအိမ်ကြီးကို နာကြည်းကြေကွဲစွာဖြင့် စွန့်ခွာ ထွက်ပြေးခဲ့ကြရပါ သတည်း။

✣

"အောင်မယ်...တယ်ဟုတ်ကြပါလား၊ ကျွန်မ ဒီမှာရှိတယ်ဆို ဘယ်လိုလုပ် သိလာလဲ"

အမာတင်က ခပ်ငေါ့ငေါ့စကားများဖြင့် အမေနှင့် အစ်မကို ဆီးကြိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကုန်း စံအိမ်ကြီးမှ ဆယ့်လေးနှစ်ကျော်အရွယ်တွင် ထွက်ပြေးသွားစဉ်က အငြိမ့်ထောင်ဆရာဆိုသူနှင့် အမာတင် ပေါင်းသင်းနေခြင်း မဟုတ်တော့။

နောက်တစ်ယောက်နှင့် ဖြစ်နေပြီ။

အမာတင်တို့ ချောင်လည်နေပုံ ရပါ၏။ သူ့ခင်ပွန်းက မြစ်ဝကျွန်းပေါ်သွား သင်္ဘောများပေါ်တွင် ထမင်းနှင့် လက်ဖက်ရည်ဆိုင် လိုက်လံရောင်းချနေသော သူ၊ သူ့ထက် အသက်ကြီးသည်ဟု ဆိုပါ၏။

"ကျွန်မက သင်္ဘောပတ်နဲ့ လိုက်ချင်လည်း လိုက်သွားတာပဲ။ မလိုက်ချင်လည်း နေခဲ့တာပဲ။ အခု 'တေးချစ်သူ' ဝိုင်းမှာ အဆိုတော် ဖြစ်နေပြီလေ။ ကျွန်မသီချင်းတွေ။ မကြားကြဘူးလား။ အဆိုတော် 'ညို့' ဆိုတာ ကျွန်မပေါ့"

မိတ်ဆွေတစ်ဦးကို သူ့အောင်မြင်မှုများဖြင့် ဆီးကြို ကြွားဝါသလို အမာတင်က မိခင်နှင့် အစ်မကို သာမန်မျှသာ ကြိုဆိုသည်။

"ဘာလာလုပ်ကြတာလဲ"

"ဘာကူညီရမလဲ"

"ဒီမှာ ဘယ်လောက် ကြာမလဲ"

"ဘာကိစ္စရှိကြလို့လဲ"

ဟူသော မိသားစုစိတ်ဓာတ်နှင့် ဆီးကြိုခြင်း မပြုပါ။

"သြော်... တို့ သားအမိကလည်း သူ့ကို စွန့်ပစ်ထားကြတယ်လေ။ သူလည်း စိတ်နာနေရှာမှာပေါ့"





အမာရီက ညီမဘက်မှ ကြင်ကြင်နာနာ တွေးပေးရှာပါသည်။

သူ့ကိုလည်း ရွာမှာ ဆွေမျိုးတစ်ယောက်ကတွေ့ခဲ့ကြောင်း ထမင်းခေါ်ကျွေးလိုက်ကြောင်း ပြန်ပြောချက်အရ သူနေထိုင်သော တောင်ဥက္ကလာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်ခြင်းပါ။

"ကဲ...အမာတင်"

ဒေါ်မြို့က ပြတ်သားစွာပင် စကားစရသည်။

"ညည်းကို ငါစွန့်ပစ်ထားတဲ့အတွက် ညည်းစိတ်နာချင်လည်း နာပါ။ ခုလာတာ ငါ့အတွက် မဟုတ်ပါဘူး၊ ညည်း အစ်မ ကိစ္စပါ"

"သူ ဘာဖြစ်လို့လဲ"

"ဗိုက်ကြီးနေလို့ပေါ့"

အောက်တန်းစားဘဝမှာ ကျင်လည်ခဲ့ရသော ဒေါ်မြို့သည် သမီးနှစ်ယောက်ကို ချဉ်ချဉ်နှင့် ပေါ်ထင် ရိုင်းပျစွာ ပြောချလိုက်သည်။

"ရှက်တတ်လိုက်တာ သူ့ပြင်မရှိဘူး၊ ဒီလိုတော့လည်း ဖြစ်ထွန်းလာသား"

အမာတင်က ပေါ့သွမ်းသော စကားများဖြင့် ဟားပစ်နေပြီးမှ အတပ်သိသည်သို့ပင်။

"ဝိုင်ရှင်က မယူဘူးတဲ့လား"

"ဟုတ်တယ်လေ၊ ဒါကြောင့်ပေါ့"

"ဘယ်သူနဲ့ ဖြစ်တာလဲ"

"သူဌေးမင်းနဲ့ပေါ့တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးအောင်သာနဲ့လား"

"ဟဲ့..."

ခပ်ပေါ့ပေါ့ ပြောနေသော အမာတင့်ကို ကြည့်ပြီး ဒေါ်မြို့က အလန့်တကြားပင် စကားဆက်ရပါ၏။

"မြင့်ထိုက်နဲ့ပါ"

"ကိုမြင့်ထိုက်"

သည်တော့မှ အမာတင် အံ့သြသွားလေသလားမသိ။ စကားများကို အလေးအနက် စတင်ပြောကြားလာသည်။

"သူ အပိုင်ကြံရင် ကိုယ်လည်း အပိုင်ချုပစ်လေ၊ မပေါင်းချင်နေ့ မိုက်ပြပြီး တရားဝင် ယူနိုင်းပေါ့။ ပြီးတော့ အမွေတွေတောင်း၊ သူတို့သွေးပဲ"

"အဲဒီလို မဖြစ်လို့ပေါ့အေ"

အမာရီမှာ သူ့အစ်ကို၏ မေတ္တာကို ယုံကြည်၍ မျှော်လင့်စွာဖြင့် ပေးထားသည့်ကတိအတိုင်း လက်ထပ်စာချုပ်လေးကို ကွယ်မြှုပ်ထားပါမည်။ အစ်ကို့ကိုသာ တွေ့ခွင့်ရပါစေဟု ကျိတ်၍ ဆုတောင်းနေရှာသည်။

အမာတင်ကမူ...

"လူချင်းသာ လဲပစ်လိုက်ချင်တယ်။ နေစမ်းပါဦး ကိုမြင့်ထိုက်က ဘယ်မှာလဲ"

"ကျောင်းတက်တုန်း၊ ပြန်မလာဘူး"

"သူ့အဆောင်မှာ နေမှာပေါ့"

"ဘယ်သိပါ့မလဲ အမာတင်ရယ်...။ ဘယ်လိုလုပ် ရှာမလဲ"





"ရတယ်၊ တွေ့အောင် ရှာပြမယ်။ ရန်ကုန်မှာ ကျွန်မ အလည် ဖြစ်နေပါပြီ အမေရဲ့"

သူ့စကားအတိုင်း အမှန်ပင် အမာတင် ရှာဖွေနိုင်ခဲ့ပါသည်။

သူ့သိချင်းဆိုသောဝိုင်းမှ မန္တလေးသား မိတ်ဆွေတစ်ယောက် ၏ အကူအညီဖြင့် ကိုမြင့်ထိုက် နေထိုင်သွားခဲ့ရာ အဓိပတိ လမ်းမကြီးဘေးမှ ပင်းယဆောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သွားရောက် ရှာဖွေနိုင်ခဲ့ပါ၏။

"ကိုမြင့်ထိုက် စစ်ကိုင်းသို့ ပြန်သွားပြီ။ မန္တလေးတက္ကသိုလ်မှာ ပြောင်းတက်ဖို့ အပြီး ပြန်သွားတာ ကြာပြီ"

ဆိုသော အဖြေကို ရရှိလာခဲ့သည်။

"အရင်တုန်းက တမင်ကြီးကျယ်ပြီး ရန်ကုန်ဆင်းထားတာ၊ ခုတော့ နင်တို့ ရန်ကုန် ဆင်းသွားကြပြီဆိုတာ သူ့အိမ်က တစ်ဆင့်သိလို့ မန္တလေး ပြန်ပြေးတာ နေမှာပေါ့ အမာရီရယ်။ နင့် ကောင်က နင့်ကို တမင်ရှောင်ပြေးနေတာပါ။ ငိုမနေစမ်းနဲ့"

အချစ်ဦးပေါ်တွင် ယုံကြည်ဆဲ မျှော်လင့်ဆဲ ဖြစ်ပါသော်လည်း လက်တွေ့က သူတို့ ပြောသလိုဖြစ်နေရသည်။

"အစ်ကိုရယ်၊ အစ်ကိုနဲ့ တွေ့ချင်လိုက်တာ"

"အစ်ကို့ပါးစပ်က နင့်ကို မယူနိုင်ပါဘူးလို့ ပြောမှ ကျွန်မ ယုံပါရစေရှင်"

"အစ်ကိုများ ဒီလို တကယ်ရက်စက်ခဲ့ရင်...အို...အစ်ကိုနဲ့တွေ့ချင်တာ တစ်ခုက လွဲပြီး ကျွန်မ ဘာမှ မတွေးတတ်ဘူး။ မလုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အမေနဲ့ အမာတင် စီစဉ်ပေးသမျှ နာခံရတော့မယ့် ဘဝပါ”

အမာရီ၏ ဘဝတစ်ခုလုံး မျက်ရည်တဲမှာ နစ်နေသည်။

ဆယ်ယူကယ်တင်ပေးမည့် အချစ်ဦးဆိုသော အစ်ကို၏ အရိပ်အယောင်သော်မှ မမြင်ရ။

အမာတင်နှင့် အမေတို့ ဦးဆောင် ညွှန်ပြ ကူးခတ်ခိုင်းသည့်အတိုင်း အမာရီမှာ မောဟိုက်နွမ်းလျစွာဖြင့် ပင်ပန်းဟကြီး ကူးခတ်ခဲ့ရပါပြီတည်း။

✳

“မိန်းကလေးဟဲ့”

တောလက်သည်တစ်ယောက်နှင့် ဖြစ်သလို မွေးဖွားခဲ့ရသည့်မို့ အမာရီမှာ အသက်ပါသွားမတတ်…မေ့မြောမတတ် ဝေဒနာကို ပြင်းထန်စွာ ခံစားနေရဆဲ…

“သမီးလေး…”

ဆိုသော ကိုယ့်ရင်သွေး၊ အစ်ကို့သွေး၊ ကိုယ့်ကိုယ်ပွားလေး ဆိုသော အသိက အမာရီ၏ ပျောက်ဆုံး ကုန်ခန်းသွားသော အားအင်များကို နှစ်ဆမျှ ပြန်လည် ရရှိစေခဲ့ရပါပြီ။

“အမေရယ်…ကျွန်မ သမီးလေးကို ကြည့်ပါရစေ”

“အမယ်လေး အဖြစ်သည်းမနေနဲ့၊ ဟိုမှာ လုပ်တုန်း ကိုင်တုန်း”

အမေက အမာတင်လိုပင် ရက်စက် ပြတ်သားသော စိတ်ရှိသူသာ…





ကိုမြင့်ထိုက်နှင့် ဖြစ်ခဲ့ပြီး ကိုယ့်ဘက်ကချည်း အနာခံလိုက်ရမှုအတွက် သူဌေးကုန်း စံအိမ်ကြီးနှင့်ရောပြီး အမာရီ့ အပေါ်တွင်ပါ ဒေါ်မြို့က မကျေမချမ်းသံနှော၍ အစဉ်ပြောလေ့ ရှိခဲ့သည်။

အမာရီ ဘာမှ ဆက်မပြောငံ့တော့။

“အူဝဲ…အူဝဲ…”

ဆိုသော ဖေးခိုက်သံလေးနှင့် ပထမဆုံး အော်ငိုလိုက်သော သမီးလေး၏ အသံသည်…

အမာရီ၏ ရင်သို့ အကြောင်နာများစွာကို သယ်သွင်းလာသည် သို့ပါ။

“အချစ်”ဆိုသော ပူလောင်ခြင်းအရာ မဟုတ်ပါ။

“မေတ္တာ”ဆိုသော အေးမြခြင်း၏ အခြေခံ “ကရုဏာ” တရားကို ခိုင်မြဲစွာ စတင်တည်ဆောက်လိုက်ခြင်းပါ။

ကရုဏာ ပါသော အေးမြသည့် ချစ်မေတ္တာတို့သည် အမာရီ၏ ရင်မှာ ချက်ချင်း ပြည့်လျှမ်းလာရသည်။

အသည်းနှလုံး မဆွေးသမျှ၊ တည်ရှိနေတော့မည့် မိခင်တို့၏ ထာဝရ ချစ်ခြင်းမေတ္တာ…

✳

ညိုညိုသင်းသင်း ရနံ့လေးများဖြင့် နီနီထွေးထွေး ချစ်သမီးလေး၏ ပါးနုနုလေးကို ဖွဖွလေး နမ်းရှိုက်လိုက်မိသည်။

လွန့်သွားသော သမီးလေး နှစ်ခြိုက်စွာ ပြန်လည် အိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



ပါစေရန် ရင်ခွင်မှာ ရှုရှုလေး ပြန်လည် ပွေ့သိပ်ထားမိသည်။

အဘမဲ့ သမီးလေးသို့...ချစ်ရသော၊ သနားရသော၊ ရင်ထဲမှ မေတ္တာတို့သည် ဆွဲဆန့်ထုတ်ယူ၍ ရသောအရာသာဆိုပါလျှင်...

စကြဝဠာသာ ဆုံးချင်ဆုံးသွားမည်။ မိမိ၏ ရင်ထဲမှ မေတ္တာတရားက မကုန်ဆုံးနိုင်ပါဟု သမီးလေးကို ပွေ့ဖက်ငုံ့ကြည့်ရင်း အမာရီ တွေးနေမိသည်။

"ကဲ...ကလေးလည်း လလဲပြီ၊ အမာတင်ပြန်မှ ဖြစ်တော့မယ်"

"ဟုတ်ပါတယ် အမေ။ သူ့ခမျာ သမီးကိုယ်ဝန် ငါးလကတည်းက ဒီ ဒဟတ်တောရွာလေးမှာ လိုက်နေရရှာတာ။ ပြန်ပါစေလေ"

"တို့သားအမိတော့ ညည်း နို့ခန်းချိန်လောက်မှပဲ ပြန်ကြတာပေါ့"

"ရှင်..."

"နို့ရည်စက်လက် ကျနေတာ၊ ရပ်သွားအောင် လုပ်ပြီးမှ ပြန်လိုက်လို့ ဖြစ်မှာပေါ့"

အမေ ဘာပြောပါလိမ့်ဟု နားမလည်နိုင်စွာဖြင့် အမာရီမှာ သမီးလေးကို ပွေ့ဖက်ရင်း ငေးကြည့်နေမိသည်။

"အမာတင် ပြန်ရင် ကလေးကို ထည့်လိုက်ရမယ်လေ"

"အို..."

အလန့်တကြားပင် သမီးလေးကို ဖက်ထားလိုက်မိသည်။

"အမာတင်လည်း တောမှာ လေးလလုံး လာနေရတာ ညည်း





ကြောင့်၊ သူ ကလေးလာမွေးတယ်လို့ ကြေညာပြီး အပြန်မှာ သူနဲ့အတူ ကလေးပါသွားမှ ဖြစ်မှာပေါ့"

"သမီးလေး...သမီးလေးကို ကျွန်မ မထည့်လိုက်ပါရစေနဲ့အမေရယ်"

"ဘာ..."

"ကျွန်မတို့ပါ အတူပြန်လိုက်သွားကြရင်ရော"

"တယ်...ငါ မပြောလိုက်ချင်ဘူး"

အမေက အံနှင့် မျက်စောင်းကို တစ်ခါတည်း ခဲရင်း မပြောလိုက်ချင်ဘူးသာ ဆိုသည်။ ပြောလိုက်သည်က...

"ညည်းက ကလေးကို မခွဲချင်ရအောင် ညည်းမှာ ပြစရာ ဘယ်မှာလဲ...လင်"

အမာရီ၏ မျက်ရည်ပေါက်များ အနီးဖြူဖြူလေးပေါ်မှာ ကျရောက်စွန်းထင်းလာသည်။

"အမာတင်က လင်ရှိတယ်၊ သူမွေးလာတဲ့ ကလေးဆိုရင် ကိစ္စကာ ပြတ်နေပြီ"

"အမေ"

အမာရီက မာန်ဝင်လာသော လေသံနှင့် ဒေါ်မြို့ကို ခေါ်လိုက်ပြီး...

"ကျွန်မ သမီးလေးနဲ့ ကျွန်မ အတူနေရအောင် ပြစရာယောက်ျား ရှိရမယ်ပေါ့ ဟုတ်လား၊ အမေ"

"အဲဒါ ဘယ်သူ့ကို ပြရမှာလဲ၊ ဘယ်သူတွေက ကြည့်ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်ဝန်းကျင်ဆိုတာ ကျွန်မတို့ကို ခဏလေးပဲ စိတ်ဝင်စားကြမှာပါအမေ။ နောက်ပြီးရင် သူတို့ကိစ္စတွေနဲ့ သူတို့လမ်း သူတို့သွားကြမှာပါ"

"ကျွန်မကို ချီးမွမ်းရင်လည်း ခဏလေးပဲ၊ ချီးမွမ်းနိုင်အားကြမယ်၊ ကဲ့ရဲ့ရင်လည်း ဒီလိုပဲ နေမှာပါ"

"ကျွန်မကို ခဏလေးသာ စိတ်ဝင်စားကြမယ့် အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်ဆိုတာကို ကျွန်မ မကြောက်တော့ဘူး၊ ဂရုမစိုက်တော့ဘူးအမေ"

"ကျွန်မ သမီးလေးကို ကျွန်မရင်ခွင်မှာ ပိုက်ပြီး တလောကလုံးကို ရင်ဆိုင်ရဲတယ်အမေရဲ့"

မိခင် တိရစ္ဆာန်တို့သည်ပင်လျှင် ကိုယ့်ရင်သွေးအတွက် ကိုယ်ထက် အင်အားများစွာကြီးသော ရန်သူကို တိုက်ခိုက်ရဲသော စွမ်းပကား ရှိတတ်ကြသည်။

အမာရီ၏ ရင်မှာ တစ်လောကလုံး... လူ့အသိုင်းအဝိုင်းကြီးဆိုသော အသိုက်မြုံကြီး တစ်ခုံလုံးနှင့် ရင်ဆိုင်တိုက်ခိုက်ရဲသော သတ္တိများ ရှိလာခဲ့ပါပြီ။

"သူများတွေအတွက် ကျွန်မရဲ့ ရင်ကို အကွဲမခံနိုင်ဘူး၊ ကျွန်မသမီးလေးကို ဘယ်သူ့မှ မပေးရက်ဘူး၊ မပေးနိုင်ဘူး"

"ဖြန်း..."

ဆိုသော အသံနှင့်အတူ အမာရီ၏ သွေးနုနုပါးတစ်ဖက်လုံး ပူထူသွားရသည်။





"ဟင်... လူမဆန်တဲ့ကောင်နဲ့ ရတဲ့ ကလေးကိုများ ညည်းက မက်မောနေရသေးသလား"

"ညည်း ကလေးကို ညည်းက မွေးချင်ရင် ညည်းနေဖို့ စားဖို့ စရိတ်ကို ဟိုအယုတ်တမာကောင်က ပေးမလား။ ဒါဆို တို့သားအမိ ညည်းကို ထားခဲ့ရုံပဲ"

"နင်...အသုံးမကျလို့ နင့်ကြောင့် ငါ့လင်နဲ့ ငါလည်း ကွဲခဲ့ရတယ်။ အမာတင်လည်း သူ့လင်ကို ခဏပစ်ထားပြီး ဒီမှာ လာနေရတယ်။ တို့တွေ နေဖို့၊ စားဖို့ ညည်း သမီးတော်ကို မွေးဖွားဖို့ စရိတ်တွေ သူ့လင်က ပို့ပေးရတယ်"

"ငါ့ကြောင့် သူတို့တွေ ဘယ်လို ဒုက္ခရောက်နေတယ်ဆိုတာ းမလည်ဘူး"

"တမ်းတလိုက်ရတဲ့ သူ့အစ်ကို၊ ချစ်လိုက်ရတဲ့ သူ့အယုတ်တမာ းဆက်သွေး"

"ဟော့...ဒီမှာ အမာရီ"

"မြန်မာပြည်မှာ လင်မရှိဘဲ ကလေးမွေးရရိုး ထုံးတမ်းစဉ်လာ ရှိသေးဘူး။ ကာယကံရှင် မဟုတ်တောင် တစ်ယောက်ယောက်က မည်ဝင်ခံပေးရတာ ဓမ္မတာပဲ"

"ညည်းအရှက်မရှိလို့ နေရဲတယ်ထား၊ ညည်းသမီးအတွက် ဖေဆိုတာတော့ ပြစရာ ရှိရမှာပေါ့။ အဖေအမည်မတပ်နိုင်ဘဲ ယ်လိုလုပ် လူလုပ်မလဲ။ ဘယ်လိုလုပ်ပြီး ညည်းသမီး ကျောင်းနေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမာရီ ဘာမှ မပြောနိုင်တော့ပါ။ အမေ့စကားကြောင့် ဖြစ် ထွန်းလာသော အားမာန်များသည်လည်း ရေစီးသန်သည့် ဘေးမှ ကမ်းပါးများလို ပြိုပျက်ကြွေကျ လွင့်မျောရပါလေပြီ။

အမာတင်သည် သားအမိနှစ်ယောက်၏ ပြောစကားများကို မျက်မာန်တင်းတင်းနှင့်သာ ကြည့်နေသည်။ ဘာမှ ဝင်မပြော။

“မလုပ်ပါနဲ့ အမေရယ်”

ဟုလည်း ပါးရိုက်ခံရစဉ်က ဝင်၍မဆွဲ။

အမေနှင့် ညီမသည် အမာရီလို စွဲစွဲမြဲမြဲ နှစ်နှစ်နဲ့နဲ့ ခံစားတတ် သော အသည်းနှလုံးမျိုး မရှိကြ။

“ဒုက္ခပေးတဲ့ကောင်မ”

ဟူသော အမြင်မျိုးများ ရှိနေကြကြောင်း အမာရီ သိပါသည်။

သူ့အဖြစ်ကလည်း အမေပြောသည့်အတိုင်း ဟုတ်နေသည်။ မှန်နေပါသည်။

သားအမိနှစ်ယောက်စာ ရပ်တည်ရေးအတွက် ဒီလောကမှာ နေရာ မရှိနိုင်ပါလား။ ဖေးမ ကူတွဲပေးမည့်လူ မရှိပါလား။ အင်အား ဟူ၍ မြူတစ်မှုန်စာမှ မရှိသော ဘဝတွင် သူတို့ စီစဉ်သမျှသာ နာခံ ရတော့မည်ဖြစ်ကြောင်း အမာရီ နားလည်လာရပါပြီ။

အမာတင် ပြန်သည့်နေ့က...

သမီးလေးကို ရင်ခွင်ထဲမှ ဆွဲခေါ်သွားသည်ဟု မမြင်။

မိမိ၏ နှလုံး သည်းပွတ်များကို ကြမ်းတမ်းစွာ ဆွဲနုတ် ယူငင် သွားသည်သို့ပင် ခံစားလိုက်ရကြောင်း ကောင်းစွာ မှတ်မိနေပါသေး သည်။





သမီးလေးနှင့် နေရချိန်က တစ်လတာမျှသာ ဖြစ်ပါသော် လည်း...

ကမ္ဘာတည်စကပင် ယှဉ်တွဲ၍ နေလာခဲ့ရသည်သို့ပင် ချစ် သံယောဇဉ်တို့က ကျောက်စိုင်လို ခိုင်မြဲလှသည်။

ချစ်တတ်သော မိခင်ချင်းသာ ကိုယ်ချင်းစာတတ်ကြပါစေတော့...။

“ကဲ...ကျွန်မ ဒါလေးကို ခေါ်သွားပြီး ပိုကနေ လမ်းစရိတ် ပြန်ပို့လိုက်တော့မှ အမေတို့ လိုက်လာကြပေါ့။ ဟုတ်လား”

အမာတင်က သမီးလေးကို သက်မဲ့ပစ္စည်းတစ်ခုလိုပင် မညှာ မတာ သယ်မ သွားသည်ကို...

အမာရီမှာ အသည်းများ ကြွေကျမတတ်ရင်နာရပါသော်လည်း...

မတားဝံ့။

မပြောဝံ့။

မမှာဝံ့ပါဘဲနှင့်သာ ကြောင်တောင်ကြည့်ရင်း ကျန်ရစ်ရ သည်။

အမာရီသည် ရင်နှင့်အောင် ချစ်ရလွန်းသော သမီးလေး အတွက် တစ်ခုတည်းသော အရာကိုသာ ပေးလိုက်နိုင်ပါသည်။

အချစ်ဦး၏ ရင်သွေးမို့ သင်္ကေတလေးအဖြစ် ‘ပုန်းညက်ဖြူ’ ဟူသော အမည်လေး။

❋

သည်အတွင်း ဘာသံတင်းစကားလေးမျှ မကြားသိရ။

တစ်လကျော်လေမှ ငွေကျပ် လေးဆယ်နှင့် စာတစ်စောင် ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ ပြန်လာခဲ့ဖို့အကြောင်း။

အမာရီ ဖျတ်ဖျတ်လူး သိချင်လွန်းခဲ့သော ချစ်သမီးလေး ပုန်းညက်ဖြူ၏ အကြောင်းအရာ စာတစ်လုံးစာမျှ ပါမလာ။

"အမေရယ် ကျွန်မသမီးလေးအကြောင်း စာထဲထည့်မရေးတာတော့ ရက်စက်လွန်းပါတယ်"

"ဟိုရောက်ရင် တွေ့ရတော့မှာပဲ အေ"

အမေ့စကားအတိုင်း ရေလမ်းခရီးကို သင်္ဘောစီး၍ လာခဲ့ပြီး တောင်ဥက္ကလာပနေအိမ်သို့ ပြန်အရောက်တွင်...

"ငါလည်း ဂရုစိုက်ပါတယ်၊ နင့်သမီးကိုက မကျန်းမာတာ ဒီရောက်ပြီး တစ်ပတ်လောက်ကပဲ ဆုံးသွားတယ်"

"အေးပေါ့၊ သူ့ကံပေါ့။ တစ်ဒုက္ခအေးသွားတာပေါ့"

ကြားကြပါရဲ့လားရှင်။ အသည်းနှလုံးတစ်ခုလုံး ကြွေကျသွားသည့်အဖြစ်ကိုများ ပြောလိုက်တာ ပေါ့ပေါ့တန်တန်။ သူတို့ မခံစားလေတိုင်း...

အမေနှင့် ညီမကို ကြေကွဲနာကြည်းစွာသာ ကြည့်နေမိသည်။

ဘာမှ မပြောမိ။

ပြောနိုင်သည့် အင်အားလည်း မရှိတော့ပါ။

"သမီးလေးရယ်..."

"ပုန်းညက်ဖြူဆိုတဲ့ မေမေရဲ့ အသည်းလေးရယ်..."

ဟူသော ရင်တွင်းမှ တမ်းတစကားများသည်သာ ရင်မှာ ထပ်ကျော့ရင်း...





ခြောက်ခန်းခြင်း ကင်းမဲ့စွာဖြင့် ထာဝရ စီးသွယ်နေသော မျက်ရည်များအကြားမှ အမာရီဆိုသော မိန်းကလေးမှာ...

✻

တစ်လကျော်မျှသာ နေရသော သမီးလေးအတွက် အသည်းကွဲမတတ် ခံစားနေရသော မိခင်မျိုး ရှိသလို...

အနှစ်နှစ်ဆယ်နီးပါး နေရစေကာမူ ရင်ထဲ၌ စွဲလမ်းခြင်း မရှိသော ဒေါ်မြို့လို မိခင်မျိုးလည်း ရှိတတ်ကြပါလား။

"ဟိုကောင်မက မဆိုးဘူး။ ဖန်တီးတတ်တယ်"

"ဘယ်သူ့မှ ဒုက္ခမပေးဘူး"

"ဘယ်သူ ဘာဖြစ်ဖြစ် သူ့တက်လမ်း သူရှာတတ်တယ်။ ကြည့်နေ ဒီကောင်မ ထွန်းပေါက်ဦးမှာ။ အင်္ဂလိပ်စာတောင် ထမင်းစားရေသောက်လောက် တတ်အောင် သင်နေတယ် ဆိုပဲ"

ဒေါ်မြို့က သမီးငယ်ကို ချီးမြှောက်နေခြင်းသည် အမာရီကို နှိမ့်ချနေခြင်းနှင့်အတူတူပါပင်။

သင်္ဘောတွင် ထမင်းရောင်းကျွေးနေသော ယောကျ်ားနှင့် ကွဲသွားသည်။

'ညို့'ဆိုသော အဆိုတော်ဘဝဖြင့် တေးလောကတွင်ကျင်လည်ရင်း လူပေါင်းစုံနှင့် တွဲနေသည်။ ညဥ့်သန်းခေါင်တိုင်လေမှ ကားအမျိုးမျိုးနှင့် လာလာပို့တတ်ကြသည်။

အမာတင် ပျက်စီးစပြုနေပြီဖြစ်သော်လည်း ငွေကြေးသုံးနိုင်၍ ဒေါ်မြို့က ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တငိုငို တငိုင်ငိုင် ဖြစ်သော သမီးကြီးကိုဖြင့် ဖေးမရမည့်အစား နှိမ့်ချစကား ဆိုတတ်လေသော အမေ။

တစ်ဖက်က အမာတင်ဆိုသော ဘဝဖြင့် ပျက်စီး ကျဆုံးစပြု နေသော်လည်း...

“ညို့”ဆိုသော အမည်ဖြင့် အနုပညာနယ်တွင် တစ်နေ့ ဟိုး နာမည်ကြီးလာခဲ့လေပြီ...

နောက်ဆုံးတွင် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်တစ်ယောက်၏ တရား မဝင်သော ဇနီးသည်အဖြစ်နှင့် လက်ခံပေါင်းသင်းရင်း... ညို့ တစ်ယောက် ရုပ်ရှင်နယ်သို့ ခြေလှမ်းနေစအချိန်တွင်...

✻

ထာဝရ မျက်ရည်စိုနစ်နေရသော မျက်ဝန်းအမြင်မှုပင် မကြည် လင်သေးသလား။

မြင်လိုရာကိုပင် မြင်နေမိတာလား...

“အို...အစ်ကိုလာနေတယ်လို့ ငါ့မျက်စိထဲမှာ မြင်နေရပါလား”

“ငါရူးနေပြီလား”

မိမိ၏ အတွေးများနှင့် အမြင်များမှာ သံသယနွံထဲ၌ ကျွံနေ သည်။

“ရီ...အစ်ကိုလေ...ဘာကြောင့်ပြီး ကြည့်နေတာလဲ”

“ဟင်...ဟင်”

“အစ်ကိုလေ...ရီ့ကို နှံ့နေအောင်ရှာ ကြာလှပြီ၊ ခုမှ...”





“အ...အစ်ကို...အမယ်လေး အစ်ကိုရယ်”

တစ်ယောက်တည်း အိမ်စောင့်နေရချိန်မို့ ကိုမြင့်ထိုက်ကို အမာရီ ပြေးပြီး ဖက်လိုက်မိသည်။ ကျိတ်မြိုထားသမျှ အားပါးတရ ဖွင့်ငိုချလိုက်မိတော့သည်။

“ဝိန်သွားလိုက်တာ အချစ်ဦးရယ်”

အမာရီ ဘာမှ မပြောနိုင်တော့၊ ရင်ပွင့်ကွဲမတတ်သာ ရှိုက်ငိုနေ မိသည်။

“ခု ဘယ်သူနဲ့ နေသလဲဟင်”

“အ...အမာတင်နဲ့”

“ရီ အိမ်ထောင်ပြုသေးလား”

“မေးရက်တယ်နော်”

“ရီ့ကို ယုံပြီးသားပါ။ ဒါပေမယ့် အခြေအနေအရ တစ်ယောက် ယောက်ကိုများ လက်ထပ်လိုက်ရသလားလို့၊ ဒါနဲ့ ရီ...”

“အစ်ကို”

“သူ့ငွေးကုန်း စံအိမ်က ထွက်သွားရတုန်းက ရီ့မှာ ကိုယ်ဝန် ပါသွားတယ်ဆို...အဲဒါရော မွေးဖြစ်သလား၊ သားလား သမီးလား။ ရှိလားဟင်”

အစ်ကိုပွေ့ပိုက်ထားသော သူ့ရင်ခွင်တွင်းမှပင်...

လွန်ခဲ့သော သုံးနှစ်ဆီက သမီးလေးကို မွေးဖွားခဲ့ရပုံ၊ သမီး လေးနှင့် ခွဲလိုက်ရပြီး သေဆုံးသွားရကြောင်းများနှင့် ခံစားခဲ့ရလွန်း သော မေတ္တာဝေဒနာများအကြောင်းကို မျက်ရည်များ ရှိုက်သံများ နှင့် ရောယှက်ပြီး ပြောပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်...သမီးလေးက ချစ်ဦးလိုပဲ သိပ်လှတယ်လား၊ သနား စရာ နှမြောစရာကောင်းလိုက်တာနော်ကွယ်"

"အစ်ကိုသာ မြင်ရင် သိပ်ချစ်မှာ၊ နာမည် ဘယ်လိုပေးထားလဲ သိလား"

"ဟင်...ပြောပါဦး"

"ပုန်းညက်ဖြူ"

"ပုန်းညက်ဖြူ"

"ဟုတ်တယ်အစ်ကို၊ သမီးလေး ရီရဲ့ ရင်ထဲကို ရောက်လာတဲ့ နေ့ဟာ ပုန်းညက်ပန်းတွေ အစ်ကိုကိုယ်တိုင် ခူးခြွေပြီး ရီ့ကို ပုန်း ညက်ပွင့်တွေ ကြားမှာ ထားခဲ့တဲ့ နေ့လေးပဲ မဟုတ်လား ရီ့အချစ်ဆုံး ရယ်"

"မှတ်မိပါတယ်ကွယ်...အစ်ကို ကောင်းကောင်းကြီး မှတ်မိပါ တယ်"

နှစ်ယောက်သား တင်းကျပ်စွာ ဖက်ပွေ့ထားမိကြသည်။ သုံးနှစ်တာ ကွဲကွာခဲ့ရသော အဖြစ်မျိုး နောက်ထပ်ဖြစ်ရမှာ ကြောက် ရွံ့စွာဖြင့်ပါ...

"ကဲ...ရီရယ်...သမီးလေး ကံဆိုးရှာတယ်လို့ပဲ သဘောထား ပါတော့။ တိတ်တော့နော်...နောက် ဘယ်တော့မှ မျက်ရည် မကျရ အောင် အစ်ကို ချစ်ဦးရဲ့ မျက်ရည်တွေကို သုတ်ပေးမယ်။ ခုချိန်က စပြီး အစ်ကို့အချစ်ဦးရဲ့ ဘဝလေး ငြိမ်းအေးရတော့မှာပါကွယ်"

"အစ်ကို ဘာပြောတယ်"



"အစ်ကို ရီ့ကို လာခေါ်တာ၊ ရီ့ကို တရားဝင် ဇနီးအဖြစ်နဲ့ အစ်ကို့တစ်သက်လုံး မြတ်မြတ်နိုးနိုးပေါင်းမယ်"

"အစ်ကို့ကို ဟိုတုန်းကတည်းကလည်း အပြစ်မမြင်ရက်အောင် ယုံခဲ့ပါတယ်။ အခုလည်း ယုံပါတယ်။ ရီ့ကိုသာ နောက် တစ်ခါ ဒီလို အဖြစ်မျိုးနဲ့ ပစ်ထားခဲ့ရင်တော့..."

"တော်...တော်တော့ ချစ်ဦးရယ်၊ ခု တစ်ခါတည်း ရီ့ကို ခေါ် သွားဖို့ လာခဲ့တဲ့ အစ်ကိုမြင့်ထိုက်ပါ ရီ၊ ရီသာ လိုက်နိုင် မလိုက်နိုင် ဆုံးဖြတ်ပါ"

"ရီ့အမေနဲ့ အမာတင်ကို စိတ်နာနေချိန်ပါအစ်ကို၊ သူတို့ဆီမှာ ကပ်စားနေရတဲ့ ဘဝမှာ သူတို့ ကြည်ဖြူမှ..."

"တော်... တော်တော့ရီ... ကဲလာ... ခုပဲ တစ်ခါတည်း လိုက်ခဲ့ တော့ ချစ်ဦးရယ်..."

အမာရီဆိုသော မိန်းကလေး၏ မျက်ဝန်းမှ ထာဝရ ရွာသွန်း နေခဲ့ရသော မျက်ရည်မိုးကို စဲစေ...တိတ်စေခဲ့သော အချစ်ဦး ဆိုတဲ့ အစ်ကိုရယ်...

✽

အမာရီ့ဘဝ၏ လှပဆုံးသော အချိန်များကို ပြင်ဦးလွင်တွင် ကုန်လွန်ခဲ့ရသည်။

သစ်တောလမ်း၊ ကုန်းမြင့်သာလေးပေါ် မှတိုက်နီနီလေးတစ်လုံး နှင့် ပန်းပေါင်းစုံ ပွင့်ဖူးသော ခြံကျယ်ကြီး၏ အလယ်တွင် ကိုမြင့် ထိုက်၏ တရားဝင်ဇနီးအဖြစ်နှင့် တင့်တင်တယ်တယ် နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူမှုန်တို့ ပိတ်ဖုံးလွှေရှိသော ပြင်ဦးလွင်၏ ဆောင်းညများကို အချစ်ဆုံး အချစ်ဦး၏ ရင်ခွင်မှာ ခိုလှုံခွင့်ရခဲ့သည်။

"သမီးလေးသာ ရှိရင် ခုဆို လေးနှစ်ပြည့်ပြီနော် အစ်ကို"

"အေးကွယ်...အစ်ကိုလည်း တွေးလိုက်တိုင်း စိတ်မကောင်းပါဘူး"

"သမီးလေး ပုန်းညက်ဖြူသာ ရှိနေရင် ရီတို့နှစ်ယောက်ရဲ့ ဘဝဟာ ပြည့်ပြည့်စုံစုံကြီးကို သာယာသွားမှာပဲနော်"

"အေးပေါ့ကွယ်"

အမာရီမှာ ပုန်းညက်ဖြူကို မွေးဖွားစဉ်က ဖြစ်သလို မွေးဖွားခဲ့ရသည်မို့ သားအိမ် ချွတ်ယွင်းသွားခဲ့ရသည်။ သည်အတွက် သူ့တစ်သက်မှာ ဘယ်သောအခါမှ နောက်ထပ်ကလေး မရနိုင်တော့ပါ။

"အစ်ကိုတို့နှစ်ယောက်ရဲ့ ရင်သွေးဆိုတာ ဘယ်သောအခါမှ ရလာနိုင်တော့မှ မဟုတ်ဘူး။ ကြာရင် ရီများ ငြီးငွေ့စိတ်ပျက်သွားမလားလို့"

"ဩော်...ရီ့အချစ်ဦး အစ်ကိုရယ်...၊ ဒီစကားမျိုးကို ရီက ဇပြာရမှာပါရှင်"

"မျက်ရည်ထဲမှာ နစ်နေရတဲ့ ဒုက္ခသည်မကို...နန်းပလ္လင်မှာ စံစားနေရသလို...ကောင်းစားနေရတဲ့ အစ်ကို့ရဲ့ ကျေးဇူးတွေကို ရီ့ဆယ်သက် ပြန်ဆပ်တောင် မကုန်နိုင်အောင်ပါရှင်"

ကြမ္မာရိုင်းမုန်တိုင်း မမွှေမီအထိ အချစ်ဆုံး အချစ်ဦး နှစ်ယောက်၏ ဘဝလေးမှာ နှင်းပွင့်များနှယ် အေးမြသန့်စင်လျက်ပါ။





အမှန်တော့...အများသိနေသလို အမာရီနှင့် ပေါင်းသင်းနေသည်ကို ဦးအောင်သာတို့က လိုက်ခေါ်ပြီး တခြားအမျိုးသမီးနှင့် ပေးစားခဲ့သည်ဆိုခြင်းမှာ မဟုတ်ပါ။

အမာရီတို့ကို သူဌေးကုန်းစံအိမ်ကြီးမှ နှင်ထုတ်လိုက်ပြီး နောက်မှ ကိုမြင့်ထိုက်ကို လိုက်ခေါ်ခဲ့ကြခြင်းဖြစ်ပါ၏

အမာရီတွင် ကိုယ်ဝန်ပါသွားသည် ဆိုသည်ကို သိကြသည်နှင့် သူတို့သားကို အတင်းလိုက်ခေါ်ပြီး သူတို့ သဘောတူသူနှင့် ပေးစားခဲ့ကြခြင်းသာ ဖြစ်ပါ၏။

ကံဆိုးချင်တော့...

ကိုမြင့်ထိုက်၏ ချစ်သူမဟုတ်သော ဇနီးသည်မှာ သေဆုံးခဲ့ရသည်။ သားလေးကို မိုးကုတ်သို့ ခေါ်ယူသွားကြသည်။

ကိုယ့်ရင်မှ လွယ်မမွေးရသော ဖခင်မို့လားမသိ။ မွေးကင်းစ သားလေး ခေါ်သွားကြသည်ကို မထိခိုက်လှ။ အမာရီ့လို မဟုတ်။

မောင်ထွန်းထိုက်မည်သော သားလေး မမွေးဖွားမီမှာပင် အိမ်ရှိ အစေအပါးတို့မှတစ်ဆင့် ကိုမြင့်ထိုက် သိခွင့်ရသည်။

အမာရီတစ်ယောက် ကိုယ်ဝန်ရှိနေကြောင်း၊ ပထွေးက နှင်ချ၊ သူ့အမေက ရိုက်နှင့်၊ ဒုက္ခသည်မလေး အမာရီ ငိုနေခဲ့ရပုံလေးများကို ပြန်လည် ကြားသိရစဉ်ကပင် ရင်နင့်အောင် သနားမိလှပါသော်လည်း ကိုမြင့်ထိုက် ဘာမှ မတတ်နိုင်ခဲ့ပါ။

နောက်ပိုင်းတွင် သားနှင့် မယားနှင့်ဆိုသော နှောင်ကြိုးများ လွတ်ပြေလေမှ ညို့ဆိုသော အမာတင်မှတစ်ဆင့် လိုက်လံစုံစမ်းရှာဖွေနိုင်ခဲ့ခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်စီစဉ်တိုင်း မဖြစ်ပါလား"

ဟူသော အသိတရားများဖြင့် သားပေါ်တွင် ခွင့်လွှတ်စွာ မြင်လာကြပြီးသော်လည်း အမာရီလို အောက်တန်းစားမျိုးကိုဖြင့် အိမ်ကို ခေါ်မလာရဟု ဦးအောင်သာက အမိန့်ဆင့်ခဲ့သည်။

ကိုမြင့်ထိုက်ကိုဖြင့် ဝင်စေ ထွက်စေခဲ့ပါသည်။ ပြင်ဦးလွင်တွင် မြင်းနှင့်၊ တိုက်နှင့်၊ ကားနှင့် တင့်တင့်တယ်တယ် နေစေခဲ့ပါ၏။

B.A., B.L ဟူသော ဥပဒေဘွဲ့ရရှိပြီးသော ကိုမြင့်ထိုက်မှာ အင်္ဂလန်ပြန် ဝတ်လုံတော်ရကြီး 'ဦးလွန်းဘော်'နှင့် ညှိနှိုင်း ပညာယူကာ ပြင်ဦးလွင်မှာ နာမည်ထွက်စ ရှေ့နေတစ်ဦး ဖြစ်လာခဲ့သည်။

"ရီ ချမ်းချမ်းသာသာ နေရအောင် ငှားပေးထားတဲ့ အခိုင်းအစေတွေက ဘာလုပ်ဖို့လဲ"

မီးဖိုထဲတွင် တွေ့နေရသော ဖနီးသည်ကို အပြင်မှ ပြန်လာသော ကိုမြင့်ထိုက်က မျက်နှာထားတင်းတင်းနှင့် ပြောလိုက် သည်။

ဤမျက်နှာထား၏ နောက်ကွယ်၌ ထုထည်ကြီးမားလွန်းသော စေတနာ အစိုင်အခဲကြီး ရှိနေကြောင်း အမာရီ သိပါသည်။

"အစ်ကိုရဲ့ ပင်လယ်လို ကျယ်တဲ့ စေတနာ လွင်ပြင်ကြီးထဲကို ရီရဲ့ စေတနာရေစက်လေးတစ်စက် ပြန်မကျရတော့ဘူးတဲ့လား။ ဒီမှာ အစ်ကိုစားဖို့ မုန့်တီ လုပ်နေတာရှင့် သိရဲ့လား"

"ဟုတ်လား။ အစ်ကိုက မုန့်တီ သိပ်ကြိုက်တာ"

"ဒါကြောင့်ပေါ့လို့"

"မုန့်တီ မစားခင် ရင်လေး အေးသွားအောင်"

အကြင်နာ အနမ်းလေးများ မျက်နှာအနှံ့ ကျရောက်လာသည်။





နှင်းရည်စိမ်ထားသော နှလုံးသားလေးဆီသို့ ကြည်နူးမှု စမ်းရေလေးများ ဖြတ်သန်းစီးဆင်းလာပြန်သည်။

အမာရီ၏ ဘဝလေး သည်မျှ ငြိမ်အေးချမ်းမြေ့နေချိန်တွင်...

လေနီကြမ်းနှင့် မုန်တိုင်းလမ်းကို တီထွင် ဆောက်လုပ်ပြီး နောက် လှျောက်နိုင်းရန် ရောက်ရှိလာသူက...

'အမာတင်...

သို့မဟုတ်...

ညို့...

✻

ရုပ်ရှင်ကုမ္ပဏီနှင့် ဒါရိုက်တာတို့ မျက်စိကျလေ့ရှိသော မြို့။

အသွားအလာ လွယ်ကူသောနေရာ။

လှပသော ရှုခင်းများစွာ ရှိသော အရပ်ဖြစ်သည့်...

ပြင်ဦးလွင်သို့ ညို့တို့ ရုပ်ရှင်အဖွဲ့ ရောက်ရှိလာခဲ့သည်။

စိတ်နာနာနှင့် အမာရီသည် နှစ်အတော်ကြာသည့် တိုင်အောင် အမေနှင့် ညီမဖြစ်သူကို အဆက်ဖြတ်ထားခဲ့သည်။

ဒေါ်မြို့က အရင်ရောက်လာခဲ့သည်။

ဘယ်လောက်ဟုတ်တဲ့ ဒေါ်မြို့လဲ။

မြေးရသည့်အရွယ် အသက်ငါးဆယ်နားနီးမှ သူကလည်း အိမ်ထောင်ပြုပြန်သတဲ့။ သူ့ထက် ဆယ်နှစ်လောက်ငယ်သော ရုံးစာရေးလေးတစ်ယောက်နှင့်အတူ သမီးနှင့် သမက်ထံ ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တဲ့ သမီး၊ သူ ဒုက္ခရောက်တုန်းက အမေဖြင့် လင်နဲ့ အကွဲခံပြီး သူ့နောက်လိုက်ခဲ့ရတယ်။ သူ့အရှက်ကို ဖုံးပေးခဲ့ရတယ်"

"ဟင်း… သူ့ငွေးကတော်ဖြစ်တော့ မအေကို လှည့်တောင် ကြည့်ဖော် မရဘူး"

ဒေါ်မြို့ဘက်က ကြည့်လျှင်တော့လည်း မှန်နေပါသည်။ အမာရီက ရက်စက်ရာကျနေပါသည်။

ပြီးတော့လည်း မိခင်…

ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်က အလွန်အဖြစ်နှင့်သာ မိခင်ကို တောင်းပန်ခဲ့ပါသည်။

ကိုမြင့်ထိုက် ကြည်ဖြူစွာ ပေးခိုင်းခဲ့သော ငွေတစ်ထောင်နှင့် အမေကို ထိုင်၍ ကန်တော့ခဲ့ပါသည်။

ဒေါ်မြို့လည်း ကျေကျေနပ်နပ်ပင် ပြန်သွားသည်။ သားအမိချင်း တခြားစီဖြစ်နေသော်လည်း အမာရီ၏ သတင်းကို ဒေါ်မြို့က ညို့ထံ သွား၍ ပို့ပေးခဲ့သည်။

ယင်းသို့ဖြင့် ညို့တစ်ယောက် အမာရီ့ထံ ရောက်ရှိလာခဲ့ခြင်း ပါ။

"နင် တော်တော် နံမည်ကြီးနေပြီ။ ရုပ်ရှင်တစ်ကားကို ငွေ တစ်သောင်းတောင် ရတယ်ဆိုတော့ ဘယ်ဆိုးလို့လဲ အမာတင်"

"ရုပ်ရှင်ရိုက်ရတာ သိပ်ပင်ပန်းပါတယ်။ ခုလိုပဲ ခရီး လျှောက် သွားနေရတာ နင့်လို ဘယ်စည်းစိမ်ရှိပါ့မလဲ အမာရီရယ်"

အမာရီ၏ ပြည့်စုံကြွယ်ဝမှုများကို သူ့ဘဝနှင့် နှိုင်းယှဉ် တင်ပြလာသည်။





ကိုမြင့်ထိုက်ကလည်း ချစ်ဇနီးကို ချစ်သည့်ဇာနှင့် ညို့ကို အရေးတယူ ဆက်ဆံပါသည်။ တစ်ချိန်က သူ့အိမ်မှ အစေအပါး မလေးများဟု သဘောမထားရှာပါ။

ညို့ သူတို့အိမ်တွင် နေထိုင်သော သုံးရက်အတွင်းမှာ သူတို့ ဇနီးမောင်နှံ၏ ဆက်ဆံရေးကို မြင်ရသည်။

ခင်ပွန်းချစ်၊ ဇနီးချစ်မျိုးသာမက မောင်ချစ်၊ နှမချစ်လို ဖြူလွင် သန့်စင်သော အကြင်နာများဖြင့် တစ်ယောက်နှင့် တစ်ယောက် ဖေးမကြ၊ ကူညီကြ၊ ညှာတာကြနှင့်…။

"ကိုမြင့်ထိုက်ဟာ တကယ် ယောကျ်ားကောင်းပီသတဲ့ လူပဲ"

"ငါတွေ့ခဲ့ရတဲ့ ယောကျ်ားတွေရဲ့ ရင်ထဲမှာ မေတ္တာဆိုတာ ရှာမရခဲ့ဘူး၊ အချစ်သာ ရှိခဲ့ကြတယ်။ ဒီအချစ်ဟာလည်း အပူချစ်၊ တဏှာချစ်၊ တပ်မက်ချစ်များနဲ့သာ ငါ့ကို ပထမပိုင်း အရူးအမူး စွဲလမ်းပြီး အချိန်တန်တော့လည်း ငါ့ကို တစ်ယောက်တည်း ချန်ပြီး ပြန်သွားခဲ့ကြတယ်"

"ကိုမြင့်ထိုက်လို ကြွယ်ဝမှုနဲ့…"

"ကိုမြင့်ထိုက်လို မေတ္တာမှန်တဲ့ ယောကျ်ားမြတ်မျိုးကို ငါ ပိုင်ဆိုင်ခွင့်များ ရခဲ့ရင်…"

ညို့ရင်ထဲမှ တမ်းတမှုများကို ညို့အပြန်တွင် စတင်၍ အကောင်အထည် ဖော်ပါတော့သတည်း။

※



www.burmeseclassic.com

www.burmeseclassic.com



"သူရှိရင် ရှုပ်နေမယ်၊ သိပ်တာဝန်ကြီးမယ်ဆိုပြီး အမေနဲ့ ကျွန်မ တိုင်ပင်ပြီး သူများကို ပေးပစ်ခဲ့တဲ့ ပုန်းညက်ဖြူကို ကျွန်မ ပြန်လိုချင်တယ် အမေ"

"ဟဲ့...ဘာလုပ်ဖို့တုံး"

"ပုန်းညက်ဖြူ ကျွန်မတို့ လက်ထဲမှာ ရှိနေခြင်းဟာ ဦးအောင်သာနဲ့ ဒေါ်ခွန်းအိမ်တို့ရဲ့ အမွေကို ဆုပ်ကိုင်ထားတာနဲ့ တူတူပဲ"

"ဟင်..."

ဒေါ်မြို့လည်း တွေးမိလာသည်။ သူ့မျက်ဝန်းမှာ လောဘရောင်ခြည်များကြောင့် ရွှန်းလက်လာပါ၏။

"အေး...ဟို ခင်နန်းမြင့်နဲ့ ရတဲ့ ကလေးကလည်း သေပြီ ဆိုတော့ ပုန်းညက်ဖြူဟာ သူဌေးကုန်းစံအိမ်ကြီးရဲ့ တစ်ဦးတည်းသော မျိုးနွယ်ဆက်ပဲ"

"ဒါကြောင့်ပေါ့"

"သူ့အမေနဲ့ အဖေကို ပြန်ပေးလိုက်မှာလား"

"ပြန်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ အမွေသမီးကလည်း သိတဲ့အတိုင်း သူဌေးကတော်ဖြစ်သွားလို့ ကျွန်မတို့ကိုလှည့်တောင် ကြည့်ချင်တာ မဟုတ်ဘူး၊ ဒီက သွားလို့သာ"

"ဒီကောင်မက နဂိုတည်းက မလှုပ်တလှုပ်ပါ"

"အမွေသမီးဘက်က လိုက်မပြောစမ်းပါနဲ့ အမေရာ၊ သူတို့နှစ်ယောက်လုံးကလည်း ပုန်းညက်ဖြူဆိုတာကို မေ့နေကြပါပြီ။ သူ့အဖေကဆို မြင်တောင်မြင်ဖူးတာ မဟုတ်ဘူး"

"အင်း"





"ဒီတော့ အမေ လိုက်စုံစမ်းစမ်းပါ။ နေရာသိမှ ကျွန်မပါ လိုက်ခေါ်မယ်"

"အေးပါ... ညည်းက နေရာတကာ သွားလို့ ဖြစ်တာမှ မဟုတ်ပဲ။ လူတွေက တရှုန်းရှုန်း လိုက်ကြည့်နေတာ"

"အင်း...မင်းသမီး လုပ်ရတာ နာမယ်ကြီးတုန်းသာပေါ့။ ပုန်းညက်ဖြူကို ရမှ ကျွန်မ တစ်သက်စံရမှာ"

"အေးပါ...ငါရအောင် စုံစမ်းပါ့မယ်"

ဒေါ်မြို့သည် သူ့နောက်အိမ်ထောင် ကိုသိန်းအောင်ဆိုသူနှင့် အတူ ခြေရာခံခဲ့သည်။

ပထမဆုံး ပေးပစ်ခဲ့သော တောင်ဥက္ကလာအိမ်တွင် မရှိတော့။ မမွေးနိုင်တော့၍ သူတို့မြို့မှ သူ့အဒေါ်တစ်ယောက်က မွေးစားလိုပါသည်ဟု ဆို၍ ပေးပစ်ခဲ့သည်။

ယခု ဤအဒေါ်၏ လိပ်စာကို ရပြီ။

ဤအဒေါ်ဆိုသူမှာလည်း စီးပွားပျက်နေချိန်မို့ ကလေးကို ပြန်လည်ခေါ်ယူရန် မခဲယဉ်းနိုင်တော့ကြောင်း ကြိုတင် သိခဲ့ရသည့်အတိုင်းပင်...

"သုံးဆယ်မြို့"မှသည် ရန်ကုန်မြို့သို့...

ညို့နှင့် ဒေါ်မြို့တို့မှာ "ပုန်းညက်ဖြူ"ကို အလွယ်တကူပင် ပြန်လည် ခေါ်ယူလာနိုင်ခဲ့ကြပါတော့သည်။

✻



www.burmeseclassic.com

www.burmeseclassic.com



ညို့၏အစီအစဉ်က တစ်ရက်လောက်နှင့် တစ်လလောက်နှင့် အထမြောက်မည်မဟုတ်မှန်း ညို့ကိုယ်တိုင်လည်း သိပါသည်။

သည်အတွင်း ပုန်းညက်ဖြူကို လသာ (အထက–၂) ဘော်ဒါဆောင်မှာ အပ်နှံခဲ့သည်။

ညို့သည်လည်း ဇာတ်ရုံဘဝမှသည် ခေါင်းဆောင် မင်းသမီးအဖြစ်နှင့် တစ်ရှိန်ထိုး နာမည်ကြီးလာခဲ့သည်။

ကိုယ်ခန္ဓာလှပမှုကို နေ့စဉ် လေ့ကျင့်၍လည်း ကိုယ်လုံးက တစ်နေ့တခြား လှလာသည်။

မိတ်ကပ် တင်တတ်လာ၍ မည်သည့်ရှုထောင့်က ရိုက်ရိုက် ညို့၏မျက်နှာက သိပ်လှနေသည်။

အထွတ်အထိပ်သို့ ရောက်လုနီးပါးသော အောင်မြင်မှုများကို ပိုင်ဆိုင်လျက်...

အနုပညာနယ်တွင် လျှမ်းလျှမ်းတောက် အောင်မြင်နေသော မိန်းမလှတစ်ယောက် လျှောက်လှမ်းနေသော တကယ့်ဘဝကဖြင့်။

ညို့သည် လူ့စည်းဘောင်၏ ပြင်ပသို့ ထွက်၍ မကောင်းတာမှန်သမျှ အကုန်လုပ်သည်။

ဖဲဆို ပိုကာမကိုင်တော့။ ရှိုးပိုင်းတွင် နထောင်သောင်းချီ၍ ရှုံးသည်။ တစ်ခါတစ်ရံ တစ်ညဦးနှင့် ရုပ်ရှင်တစ်ကား ရိုက်ရသော ငွေများကုန်အောင် ရှုံးသွားခဲ့ဖူးသည်။

ငွေရလွန်းသော ညို့အတွက် ငွေက အမြဲလိုနေခဲ့သည်။

ညို့၏ နောက်ပိတ်ဆုံးသော ငွေရှာကြံနည်းက သူ့ထံ ဝိုင်းဝိုင်းလည်အောင် ကပ်နေကြသူများထဲမှ ငွေထွက်လွယ်မည့် သူတစ်ဦးဦးနှင့် တရားမဝင် ပေါင်းသင်းနေလိုက်ခြင်းပင်။

ဤအကုသိုလ်သမားကြီးများသည် ညို့၏ကိစ္စအဝဝကို ဖြေရှင်းပေးပြီးသည်နှင့် သူလည်း ညို့၏ ဝန်းကျင်မှ လွင့်ခါရလေသည်သာ။

သည်သို့ဖြင့်...။

ညို့၏ ပြဿနာသံသရာများ တစ်ခုပြီးတစ်ခု လည်ပတ်နေဆဲတွင် ညို့ ပြင်ဦးလွင်သို့ ပြန်လည်၍ ရောက်ရှိလာခဲ့ပြန်သည်။

“အင်း...သူနဲ့ငါနဲ့ အမြွှာညီအစ်မဆိုလည်း ကောင်းသား”

“အမာရီ့နေရာ ငါလူစားဝင်ပြီး ကိုမြင့်ထိုက်နဲ့ နေလိုက်ရရင် သိန်းများစွာသော အမွေတွေ ငါရမှာ”

“ခုတော့ အမာရီနဲ့ ငါနဲ့ကလည်း အမြွှာညီအစ်မ မဟုတ်တော့ ငါရိုက်ခဲ့တဲ့ ရုပ်ရှင်တွေထဲကလို စိတ်ကူးယဉ်ပြီး ဇာတ်လမ်းဆင်လို့ မရနိုင်ဘူး”

“လက်တွေ့နည်းကို ကျင့်သုံးရမယ်”

“အမာရီကို ဖယ်ထုတ်ရမယ်”

“ပြီးတော့ ပုန်းညက်ဖြူကို အကြောင်းပြပြီး ကိုမြင့်ထိုက် ငါ့ကို လက်ထပ်ဖြစ်အောင် ကြိုးစားရတော့မှာပဲ”

ကောက်ကျစ် ရက်စက်လွန်းသော အကြံအစည်များကို ညို့ ကျိတ်၍ ကြံစည်နေချိန်ထိ...







www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်ဖြူ အသက်ရှင်လျက် ရှိနေသေးကြောင်းကို ညို့ဏ လုံးဝ ဖုံးအုပ်ထားဆဲပါ။

*

မြန်မာပြည်၏ အလှပဆုံးသော တောင်ပေါ်ကားလမ်းများထဲ တွင် တစ်ခုအပါအဝင်ဖြစ်သော မန္တလေး–ပြင်ဦးလွင်ကား လမ်းပေါ် တွင်...

ဖီးယက် ကားနီလေးတစ်စင်းမှာ တောင်ဆင်းလမ်းအတိုင်း မောင်းနှင်လာသည်။

ရှေ့မှ ဒရိုင်ဘာ၊ နောက်ခန်းတွင် အမာရီတစ်ယောက် တည်း။

အမာရီမှာ မန္တလေးသို့ ရောက်ရှိနေသော ခင်ပွန်းထံသို့ လိုက် သွားနေခြင်း ဖြစ်ပါသော်လည်း စိတ်ကမူ...

"အမာတင်တစ်ယောက် အိမ်မှာ ကျန်ရစ်တယ်"

"သူနေလို့မှ အဆင်ပြေရဲ့လား"

ဟု ညီမပေါ်တွင် သက်ညှာ အားနာစိတ်နှင့် တွေးမိသလို၊

"ဒီကောင်မက သိပ်လည်တယ်။ ငါ့အိမ်မှာ တစ်ခုခုများ မကောင်းတာတွေ လုပ်ထားရင် ဒုက္ခ"

ဟုလည်း တွေးတောပူပန်စိတ်များဖြင့် ညီမပေါ်တွင် အဆိုး ထင်လိုက်၊ အကောင်းမြင်လိုက်နှင့် ရှိနေဆဲ...

"ဟော...ရှေ့မှာ လက်တားနေတယ်"





အမျိုးသမီးတစ်ယောက်။

ဒရိုင်ဘာက ကားရှိန်မလျှော့၍...

"ရပ်ပေးလိုက်ပါ ဦးလေးထွန်း။ သူ့မှာ ဘာ အခက်အခဲ ရှိနေလဲ မသိဘူး"

ကားက သူ့ကို ကျော်သွားမှ ရပ်ဖြစ်တော့သည်။

အမျိုးသမီးက ပြေးလိုက်လာသည်။ သားသားနားနား၊ ရိုးရိုး သားသား ပုံထဲကပါ။

အမာရီတို့ အရွယ်လောက်ပင်။

"ကျွန်မ ဘုရားဖူးကားနဲ့ လိုက်လာတာပါ။ ပြင်ဦးလွင်က ပြန် အဆင်းမှာ ကားရပ်ပြီး ခဏတစ်ဖြုတ် ဆင်းကြပါတယ်။ အဲဒီမှာ ကျွန်မ ကျန်ရစ်ခဲ့လို့ပါရှင်။ ကျွန်မ လိုက်ခဲ့ပါရစေ။ သူတို့ လမ်း တစ် နေရာရာမှာ စောင့်ကောင်းစောင့်နေမှာပါ"

"သြော်...လာပါ၊ အဲဒီကားနဲ့ မကြုံလည်း မန္တလေးကတည်းတဲ့ ဆီကို လိုက်ပို့ပေးပါ့မယ်"

"အို... ကျေးဇူးတင်လိုက်တာ၊ သူတော်ကောင်းနဲ့ တွေ့ရတာ ကောင်းလိုက်တာရှင်"

ကားက စတင် လိမ့်ဆင်း ထွက်ခွာလာသည်။

"ဘယ်မြို့က လာတာလဲ"

"ပြည်တစ်ဖက်ကမ်း ပဒေါင်းကပါ၊ ပြည်ဘက်ကို လာရင်း အထက်မြန်မာပြည် ဘုရားဖူးကားထွက်မယ်ဆိုတာနဲ့ လိုက်ခဲ့တာ"

"သြော်..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ခရီးသွားသိပ်ဝါသနာပါတာ။ ဒီလိုပဲ ကြုံသလို သွားနေကျလေ။ ခုထွက်လာတာ အိမ်ကတောင် မသိဘူး"

"ဟုတ်လား"

"ကျေးရူးတင်လိုက်တာ။ အစ်မက မန္တလေးမှာ နေတာလားဟင်"

"မဟုတ်ပါဘူး၊ ပြင်ဦးလွင်မှာနေတာ"

"ခု သွားလည်မှာလား"

"မဟုတ်ပါဘူး၊ ကျွန်မယောက်ျားဆီကို သွားပြီး တူတူပြန်လာကြမှာပါ"

တချို့သော အမျိုးသမီးတို့၏ သဘာဝအတိုင်း စတင်မြင်ရစဉ်ကပင် စိတ်ဝင်စားစိတ်နှင့် သူ့ဘဝနှင့် သူ့နောက်ကြောင်းများကို မေးတတ်ကြသည်။

အမည်ပင် မသိလိုက်ရသော ဤအမျိုးသမီးနှင့်အတူ ကားစီးလာစဉ်မှာပင်…

"ဟာ…ဘရိတ်…ဘရိတ်…ဘရိတ် ဘာဖြစ်ပါလိမ့်"

"ဟင်…"

"ကျွန်တော် အသေအချာ ပြင်ထားတာပါ။ တစ်ယောက်ယောက်ကများ ဖောက်ထား…အို…ဟာ…ဟာ…"

"အား…အမယ်လေး…"

တောင်ဆင်းလမ်းတွင် ဘရိတ်ပေါက်သော ကားတစ်စင်း၏ အဖြစ်မှာ…





ပြင်းလွန်းသော အရှိန်နှင့် မြင့်လွန်းသော နေရာမှ ဦးစိုက်လျက် ထိုးကျလာသည်။

ကစဉ့်ကလျား ကျလာသော ကားသည် ကျောက်တောင်နှင့် တိုက်မိပြီး ဦးပိုင်းတစ်ခုလုံး ပွင့်ကွဲလွင့်စဉ်သွားတော့သည်။

ပန်းထွက်လာသော လောင်စာဓာတ်ဆီများသည် အရှိန်နှင့် အပူအားကြောင့် မီးဟုန်းဟုန်းတောက်ခဲ့ရသည်။

ကားတစ်စင်းလုံး မီးတောက်ကြီး၏ အလယ်မှာ ရှိနေဆဲ…

အမာရီမှာ ပူပြင်းလောင်မြိုက်လွန်းသော ဝေဒနာကို ခံစားနေရပြီး မီးခိုးလုံးများကြားတွင် မှုံးမှဲ့မြော်အံ့ဆဲဆဲတွင် ဆွဲမိဆွဲရာ ဆွဲလိုက်မိသည်။

တံခါး…ကားတံခါး၏ လက်ကိုင်ကို ဆွဲလိုက်မိ၍ တံခါးက ပွင့်ကျသွားသည်။

လူသားတစ်ယောက်၏ အသက်လုရသော နောက်ဆုံးချိန်မှ အကြီးမားဆုံးသော ရုန်းကန်မှုဖြင့် ကားတွင်းမှ လိမ့်ထွက်ခဲ့ သည်။

အမာရီ၏ ကိုယ်ခန္ဓာတစ်ခြမ်းမှာ မီးညွန့်များ တလူလူ တောက်လောင်နေလျက်နှင့်ပင်…

အမာရီမှာ ကြုံးထပြီး တောင်ဆင်းလမ်းအတိုင်း အင်အား ကုန်စွတ်ပြေးမိသည်။

မိမိ၏ ကိုယ်ပေါ်မှ မီးညွန့်များကို ငြိမ်းသတ်ရမည် ဆိုသည်ကိုပင် သတိမရလောက်အောင်ပင် ချောက်ချားစိတ်များဖြင့် ရူးမတတ်လန့်ဖျပ်ရင်း တအားသာ စွတ်၍ ပြေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အောက်ခြေတွင် ယာခင်းစိမ်းစိမ်းလေးကို ဝေဝေဝါးဝါး မြင်လိုက်ရပြီးနောက်တွင်...

အမာရီ ခြေခေါက်၍ လဲကျသွားသည်။

တောင်ကုန်းထိပ်မှသည် အောက်ခြေဆီသို့ တစ်လိမ့်ပြီး တစ်လိမ့် လိမ့်ဆင်းသွားသည်ကိုသာ မှတ်မိလိုက်သည်။

မြေကြီးပေါ်မှာ လိမ့်သွား၍ မီးတောက်သေသွားသော်လည်း ပူလောင် နာကျင်လွန်းသော ဝေဒနာများကို မချိမဆန့် ခံစားနေရသည်ကိုသာ သိလိုက်ရပြီးသည့်နောက်တွင်...

အမာရီ၏ ကိုယ်ခန္ဓာနှင့် အသိဉာဏ်တို့မှာ အဆုံးမရှိသော အရပ်ဆီသို့ ကျောခိုင်းထွက်ခွာသွားကြသည်သို့ပင် ဝေးကွာ ခြားနားခဲ့ရလေပြီတည်း။

❋

ကာယကံရှင် ကိုမြင့်ထိုက်အပါအဝင် မည်သူတစ်ဦး တစ်ယောက်ကမျှ သံသယမဝင်ကြ။

ကားတွင်း၌ မီးကျွမ်းလောင်ခဲ့ရသော အလောင်းနှစ်လောင်းကို ခက်ခဲစွာ မတင်ယူခဲ့ကြရပါ၏။

ယောကျ်ားအလောင်းက ဒရိုင်ဘာ ကိုလှထွန်း။

ကျန်တစ်လောင်းက...

အမာရီ မဟုတ်သော မျက်နှာစိမ်း မိန်းကလေးခရီးသည်။

သို့ပါသော်လည်း...

ဤအလောင်းကို မည်သူကမှ အမာရီ ဟုတ်၊ မဟုတ် စစ်ဆေးမနေကြတော့ပါ။ စစ်ဆေးစရာလည်း အကြောင်းက မရှိ။

သွားစဉ်က နှစ်ယောက်။

သေတော့လည်း နှစ်ယောက်။

လမ်းတွင် ဤမိန်းကလေးကို တင်ခဲ့ပါသည်ဟု သိသော ကိုလှထွန်းမှာလည်း ဘယ်သောအခါမှ ပြန်လည်ပြောပြနိုင်ခြင်း မရှိရှာတော့ပါ။

အလောင်းနှစ်လောင်းလုံးမှာလည်း ရုပ်သွင်ကို မှန်းမိနိုင်ခြင်း မရှိတော့လောက်အောင်ပင် မီးလောင်ကျွမ်းခဲ့လေပြီ။

ယင်းသို့ဖြင့်

ကိုမြင့်ထိုက်မှာ...

သူ့အချစ်ဦး ချစ်ဇနီးလေးအတွက် သူ၏ အသည်းနှလုံးကိုပါ ထပ်တူ မီးရှို့လောင်မြိုက်ခြင်း ခံလိုက်ရသလို ရှိနေရှာသည်။

လောင်စာမီးသည် သူ့အချစ်ဦး၏ ဘဝနှင့် ကိုယ်ခန္ဓာကို ချုပ်ငြိမ်းသွားအောင် လောင်ကျွမ်းခဲ့ပြီဖြစ်သော်လည်း...

သူ့ရင်တွင်းမှ တမ်းတ လွမ်းဆွတ်ကြေကွဲရသော 'ပရိဒေဝ' မီးသည် သူ့အသည်းနှလုံးကို တစ်ကြိမ်တည်းချုပ်ငြိမ်းအောင်လောင်ကျွမ်းခြင်း မဟုတ်ပါဘဲ...

သူ့ အသက်ရှင်နေသမျှ ကာလတစ်လျှောက်လုံး တငွေ့ငွေ့ တမြေ့မြေ့နှင့် ထာဝရပင် သူ့ရင်ကို လောင်မြိုက်နေပေတော့မည်သာ...

❋





www.burmeseclassic.com

www.burmeseclassic.com



ဤယာခင်းအလယ်မှ တဲငယ်လေးအတွင်းမှာ ဒဏ်ရာများစွာနှင့် နာမကျန်းဖြစ်နေရသော အမာရီမှာ...

ဒဏ်ရာအတွက်လည်း သည်မျှ မကြောက်ရွံ့...

မျက်နှာစိမ်းများ အလယ်သို့ ရောက်နေရခြင်းအတွက်လည်း သူ့ကိုယ်သူ မစိုးရိမ်လှ...

သူ့ဒုက္ခ၊ သူ့သောကနှင့်သူ ချောက်ချားမိဆုံးအရာ...

"မိမိကိုယ်မိမိ မည်သူမှန်း မသိခြင်း"

ဆိုသော အဖြစ်ကိုပါတည်း။

"အနာ ဆေးထည့်ရအောင်နော်"

သစ်မြစ်ကို သွေး၍ သစ်ရွက်မှ ညှစ်ယူထားသော အရည်များကို အခုလိုပင် မကြာခဏ လိမ်းကျံရသည်။

"အမေတို့ကို အားနာလှပါပြီ"

"မနာနဲ့၊ မနာနဲ့။ သမီးလေးကို ပြုစုပေးဖို့ ဘုရားသခင်က လွှတ်လိုက်တာ"

ရှမ်းအဘွားအိုသည် ကြင်နာသော အပြုံးဖြင့် အမာရီ မျက်နှာဆီမှ မီးလောင်ဒဏ်ရာများကို ညင်သာစွာ ဆေးတို့ လိမ်းပေးနေသည်။

"အနာတွေတော့ ကျက်ခါနီးပါပြီ"

ကိုယ်ခန္ဓာ၏ ဘယ်ဘက်တစ်ခြမ်းလုံးဆီမှ ပူလောင် နာကျင်နေခဲ့သော အနာတရ ဒဏ်ရာများသည် ချုပ်ခဲ့ပြီ၊ ကျက်ပါပြီ။ ထို နေရာမှာ အရေကွာ၍ အသားနုတက်ခဲ့ပြီ။





မျက်နှာတစ်ခြမ်းနှင့် လက်ခုံတစ်ဖက်နေရာမှာ အဆိုးရွားဆုံးပါ...

ထရံကို မှီထောင်ထားသော လေးထောင့်မှန်လေးကို ယူပြီး ကြည့်မိသည်။

"အို..."

ဒဏ်ရာများကြောင့် ဖူးရောင်နေစဉ်ကထက် အမြင်ဆိုးနေပါပေါ့လား။

မျက်နှာတစ်ခြမ်းလုံး ရှုံ့တွ ညိုခြောက်နေလေပြီ...။

ကျန်မျက်နှာတစ်ခြမ်းမှာမူ တင်းပြည့်ဆဲ၊ အသားအရေ ရွှန်းလက်သော မျက်ဝန်းများနှင့်ပါ။

သို့တစေ...

ဤမျက်နှာမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သော မျက်နှာစိမ်းတစ်ယောက်လို ကိုယ့်ကိုယ်ကိုယ် တွေ့နေရသည်။

"ငါဘယ်သူလဲ"

"ငါ့နာမည်ဘာလဲ"

"အို...ငါ့အိမ်က ဘယ်မှာလဲကွယ်"

✻

ကိုမြင့်ထိုက်မှာ မိမိမချစ်မြတ်နိုးသော မိန်းမတစ်ယောက်နှင့် တစ်နှစ်တာမျှ ပေါင်းဖက်ခဲ့ရဖူးသည်။

အချစ်ရဆုံး အချစ်ဦးနှင့် သုံးနှစ်ကျော်မျှ ပျော်ရွှင်ချမ်းမြေ့

www.burmeseclassic.com

www.burmeseclassic.com



စွာ အတူနေထိုင်ခဲ့ရသည်။

ဤမိန်းမနှစ်ယောက်နှင့် ထိတွေ့ရဖူးသည်မှလွဲ၍ သူ့ဘဝမှာ အခြားသော မိန်းမများနှင့် မနီးစပ်ဖူးခဲ့။

အမျိုးသမီးတို့နှင့် ရင်းနှီးရောဝင်စွာ နေထိုင်တတ်သော ယောကျ်ားမျိုးလည်း မဟုတ်။

သီးသန့် အေးဆေးစွာ နေထိုင်တတ်သော ယောကျ်ားမြတ်တို့ကို ချဉ်းကပ်ရန် ပညာတတ်လွန်းသော...

ညို့သည်...

✻

ညို့မှိုင်းနေသော စစ်ကိုင်းတံတားကြီးကို ဝေးဝေးဆီမှ မြင်လိုက်ရလျှင်ပင် အမာရီမှာ...

မိမိ၏ ဘဝရှေ့တွင် ပိတ်ဆီးကာရံထားသော အမှောင် ကန့်လန့်ကာကြီးပေါ်မှာ ကြယ်ရောင်လေး တစ်ပွင့် လင်းလက်လာသည်သို့ပါ။

"အို...ဒီနေရာကို ငါမှတ်မိတယ်"

"ဒီနေရာကို ငါမှတ်မိတယ်"

"ဒီနေရာကို ငါကောင်းကောင်းသိတယ်"

အတူလိုက်ပါလာသော ရှမ်းအဘွားအို 'ဒေါ်နန်းဟော်' ၏ လက်ကို ဆွဲယူလိုက်ပြီး...

"အမေရယ်... ဟောဒီဘက် လမ်းလေးကို သမီး ကောင်းကောင်း မှတ်မိလာပြီ"





"ဟာ...ဟုတ်လား"

"လာပါ အမေ၊ အမေသွားမယ့် စစ်ကိုင်းကို နောက်မှ သွားပါ။ ဒီဘက်ကို ခဏလိုက်ပို့ပါနော်"

"ရတယ်လေ၊ သမီးပျင်းနေမှာစိုးလို့ အမေနဲ့အတူ ခေါ်လာခဲ့တာ ဟန်ကျပြီပေါ့"

အမာရီမှာ ကိုမြင့်ထိုက်နှင့် ပြန်လည်တွေ့ဆုံပြီး ပြင်ဦးလွင်မှာ ငြိမ်းအေးချမ်းသာစွာ နေထိုင်ခဲ့ရပြီးသည့်အဖြစ်ကို လုံးဝ သတိမရသေးပါဘဲနှင့်...

မိမိငယ်စဉ်က ကျင်လည်သွားလာနေထိုင်ခဲ့ရသော သူဌေးကုန်းစံအိမ်ကြီးရှိရာလမ်းကိုသာ ပြန်လည်မှတ်မိလာသည်။

အမာရီ၏ ရှေ့သို့ ခြေတစ်လှမ်းလှမ်းတိုင်းသည်အမာရီ၏ ဘဝလမ်းကို နောက်ပြန်နင်းလျှောက်နေသည်သို့ပါ။

ပိတ်ဆီးနေသော အသိဉာဏ်များသည် တစ်ထစ်ချင်း တစ်ရစ်ချင်း ပွင့်လင်း ကြည်လင်လာခဲ့ပြီ။

"သူဌေးကုန်းစံအိမ်"

ကြီးကို ဘွားခနဲ ရှေ့မှာ မြင်လိုက်ရလျှင်ပင် အမာရီ၏ ရှေ့မှာ အနီးကပ် ပိတ်ဆီးနေခဲ့သော အနက်ရောင် အမှောင် ကန့်လန့်ကာကြီးသည်လည်း လုံးလုံးလျားလျား ဖွင့်ခွာပြီးသား ဖြစ်သွားခဲ့ပါပြီတည်း။

✻

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟိုတုန်းကတော့ နင်တို့ ညီအစ်မကို ငါသိပ် အမြင်ကတ်ခဲ့တာ။ ခုတော့လည်း နင့်အဖြစ်ကို မြင်ရတော့ ငါ တောင်သနားလာပါပြီ အမာရီရယ်"

ဦးကုသက ထုလက်စ သူ့ပန်းပုရုပ်လုံး သစ်သားကို ချထားရင်း ပြောလိုက်သည်။

ဦးကုသ ထုနေသည့် ပန်းပု၏ ရုပ်သွင်မှာ မပီပြင်သေး၊ ရုပ်လုံးပေါ်မလာခဲ့သေးပါ။

ဘဝပျက်ခဲ့သော အမာရီမှာလည်း ရှေ့ဘဝအတွက် ဘာ ရုပ်လုံးမှ မပီပြင်နိုင်သေးပါလား။

"ကဲ... တို့ ဦးလွန်းဘော်ဆီပဲ သွားကြရမှာပဲ အမာရီ"

ဤသို့ မျက်ရည်ပင်လယ်မှာ ပြန်လည်၍ နစ်နေရမည့်အဖြစ်၊ ကယ်တင်ဆယ်ယူသူ မရှိနိုင်မည့်အဖြစ်ကိုသာ ကြိုတင် သိရှိခွင့်ရပါလျှင်...

ဘာမှ သိခွင့်မရခဲ့သော 'အတိတ်မေ့ဘဝ' ဖြင့် ရှမ်းအဘိုးအိုအဘွားအိုတို့၏ မေတ္တာရိပ်မှာ နေခဲ့ရသည်ကပင် ပိုမို၍ ကောင်းမွန်ပါလိမ့်ဦးမည်ဟု တွေးထင်နေမိသော အမာရီမှာ...

ဦးကုသနှင့်အတူ ဦးလွန်းဘော်ထံသို့ ရောက်ရှိခဲ့ကြပါပြီ။

"အေးကွယ်... စိတ်မကောင်းပါဘူး၊ မောင်မြင့်ထိုက်ရဲ့ အဖြစ်လို့တော့ မပြောနိုင်ပါဘူးလေ"

"ကျွန်မ သဘောပေါက်ပါတယ်ရှင်"

"အမာတင်က သိပ်လည်တယ်လေ၊ အမာရီလည်း သေဆုံးပြီလို့ သူက တစ်ထစ်ချ ယူဆထားသူဆိုတော့..."





"ဟုတ်ပါတယ် ဦးရယ်၊ သူတို့...သူတို့... လက်ထပ်လိုက်ကြပြီဆိုတော့ ကျွန်...ကျွန်မ ဘာတတ်နိုင်တော့မှာလဲရှင်"

"အေးပေါ့ကွယ်"

"ပြီးတော့ ဒီရုပ်ကြီးနဲ့လည်း ကျွန်မယောက်ျားကို..."

"ကဲပါကွယ်...သိပ်ငိုနေတာ မြင်ရတော့ ဦးလည်း စိတ်မကောင်းပါဘူး။ ဪ...ဦးကုသ၊ သူ့ အကြောင်းစုံ သိပြီလား"

"အမာတင်နဲ့ ယူသွားပြီလို့ပဲ ပြောထားရသေးတယ်"

ဦးလွန်းဘော်မှာ ကြေကွဲစွာ ငိုရှိုက်နေသော အမာရီ၏ ကျောလေးကို သပ်ပြီး...

"အမာရီ"

အမာရီ မထူးနိုင်ရှာ။

"မောင်မြင့်ထိုက် အမာတင့်ကို အမြန်ဆုံး လက်ထပ်ဖြစ်ရတဲ့ အကြောင်းက သူ့လက်ထဲမှာ ပုန်းညက်ဖြူ ရှိနေလို့"

"ဟင်...ရှင်...ဘာ...ဦး ဘာပြောလိုက်တယ်"

"ပုန်းညက်ဖြူလေ၊ မင်းတို့ရဲ့ သမီးလေး ရှိသေးတယ်"

"အမယ်လေး... မြတ်စွာဘုရား... သမီး၊ ကျွန်မ သမီးလေး မသေဘူး ဟုတ်လား"

"ဟုတ်တယ် အမာရီ"

"အို...ခုဆို အတော်ကြီးပြီပေါ့"

"ဟုတ်တယ်၊ ကလေးကို ဘော်ဒါမှာထားတယ်။ ဆယ်တန်းဖြေပြီးမှ ပြန်ခေါ်ထားမယ်လို့ မောင်မြင့်ထိုက် ဒီလာတုန်းက ပြောသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သမီးလေး... ကျွန်မ သမီးလေး လူ့ပြည်မှာ ရှိလျက်နဲ့ သေပြီလို့ ဘာလို့များ ညာထားရက်ကြတာလဲ။ ကျွန်မနဲ့ ခွဲထားရက်ကြတာလဲရှင်"

"အမာတင်ဟာ သိပ်ရက်စက်တတ်တဲ့ မိန်းမဆိုတာ အမာရီ အသိပဲ။ ဩော်... စိတ်မကောင်းနေရတဲ့အထဲ ထပ်ပြောရဦးမယ်။ မမြို့လည်း ဆုံးရှာပြီ"

မိခင်ဆိုသော စိတ်ဖြင့်၊ မတွေ့လိုက်ရခြင်း... ထာဝရခွဲခွာရခြင်းများအတွက် ရင်လှိုင်းခတ်ရုံလေး လှုပ်ရှားမိသည်မှလွဲ၍...

ကိုယ့်ရင်သွေး သမီးလေး ပုန်းညက်ဖြူနှင့် ကွဲကွာနေခဲ့ရခြင်းလောက် မခံစားရပါ။

သားသမီးနေရာမှ မိဘသို့ ပြန်၍ချစ်သော မေတ္တာနှင့် မိဘနေရာမှ သားသမီးပေါ်သို့ ကျရောက်လာခဲ့သော မေတ္တာတရားတို့၏ သဘာဝအရ ကွာဟမှုပါတည်း။

"ဦးရယ်..."

ဦးလွန်းဘော်သို့ တိုင်တည်ရင်း မာရီမှာ အားယူရင်း ပြောမိသည်။

"ကျွန်မ ဘဝကလည်း မြင်တဲ့အတိုင်းပါပဲ။ အစ်ကို့ဇနီးအဖြစ်နဲ့လည်း ပွဲလယ်မတင့်တော့ဘူး။ လူထဲသူထဲဝင်ရဲလောက်တဲ့ ရုပ်ရည်မျိုး မဟုတ်တော့ပါဘူး"

"အေးကွယ်...ငါတောင် စိတ်မကောင်းဘူး"

ဦးကုသထံမှ ကြင်နာသံကို ကြားလိုက်ရသည်။





"အစ်ကိုလည်း အမာတင်ကို လက်ထပ်ပြီးနေပါပြီ။ ကျွန်မ ဘဝဟာ အားလုံး ဆုံးရှုံးမှုများနဲ့ နောက်ကျသွားခဲ့ပါပြီလေ"

"အင်း..."

"ဒီတော့ သူတို့နှစ်ယောက်ကို ကျွန်မ မနှောင့်ယှက်လိုတော့ပါဘူး။ ကျွန်မအတွက် အသက်နဲ့လဲပြီး ရင်းရချင် ရင်းရစမ်းပါစေ၊ သိပ်ကြီးမားတဲ့ ကျွန်မရဲ့ ဆန္ဒတစ်ခုကိုတော့ ဖြည့်စွမ်းကူညီပေးပါဦးတို့ရယ်"

"ဘာများလဲကွယ်"

"ကျွန်မသမီးလေး ပုန်းညက်ဖြူကို ကျွန်မ တွေ့ပါရစေ"

✻

ညို့နှင့် ကိုမြင့်ထိုက် လက်ထပ်ပြီးခါမှ ဒေါ်ဒွန်းအိမ် သေဆုံးခဲ့ခြင်းဖြစ်ပါ၏။ ဦးအောင်သာ ရှိစဉ်က ကိုမြင့်ထိုက်မှာ အမာရီနှင့် လက်ထပ်ခဲ့ခြင်းအတွက် သားကိုသာ အိမ်သို့လာစေရသည်။ အမာရီ လာခွင့်မရှိ၊ အမွေကိစ္စ မစဉ်းစားခဲ့...။

ဦးအောင်သာမရှိသည့်နောက်ပိုင်းတွင်ဖြင့် ဒေါ်ဒွန်းအိမ်မှာ သားအတွက် အတွင်းပစ္စည်းနှင့် ပြင်ပ အဆောက်အအုံ၊ မြေများ အားလုံးကို သားသို့ ပေးအပ်ပြီးမှ သေဆုံးခဲ့ခြင်း ဖြစ်ပါ၏။

ဒေါ်ဒွန်းအိမ် သေဆုံးစဉ်က ကိုမြင့်ထိုက် မျက်ရည်ကျသည်ကို မြင်ကြရဖူးသော်လည်း...

ယခုလောက် ကြေကွဲစွာ ငိုရှိုက်ခြင်း မရှိဟု ဦးကုသနှင့်ဦးလွန်းဘော်တို့ ထင်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို တွေ့အောင် ရှာပေးကြပါဗျာ။ ရိုဟာ သိပ်သနားစရာကောင်းလွန်းပါတယ်။ သူ ကျွန်တော့်ကို ခုလို ရှောင်ပုန်းမနေသင့်ဘူး"

"ဩော်...သူ့ဘက်ကလည်း တွေးကြည့်ပါဦးကွယ်။ သူ့ရုပ်ကလည်း မလှပတော့ဘူး၊ မောင်မြင့်ထိုက်ကလည်း အမာတင်နဲ့"

"တော်...ဦးလေး၊ ဒီမိန်းမကို ကျွန်တော် ချစ်လို့ ယူတာ မဟုတ်ဘူး။ မရှောင်နိုင်လို့ ဖြစ်သွားရတာ တစ်ကြောင်း၊ သမီးလေးအတွက် တစ်ကြောင်းပါ"

"အမာရီကတော့ ပုန်းညက်ဖြူကို သိပ်တွေ့ချင်ရှာတယ်ကွယ်..."

"တွေ့ရမယ်၊ တွေ့ရမယ်၊ တွေ့ရုံမဟုတ်ဘူး၊ ကျွန်တော်တို့ မိသားစု သုံးယောက် ပြန်ပြီးတော့ကို ဆုံစည်းရအောင် ကျွန်တော် လုပ်ပြမယ် ဦးလေး"

"ဟင်..."

"ဒီကိစ္စတွေကို ဘယ်သူ့မှ မသိပါစေနဲ့"

"ဘယ်သူမှလည်း မသိကြပါဘူး မောင်မြင့်ထိုက်၊ အမာရီကလည်း သူ့ဘဝကို တိမ်မြှုပ်ထားခိုင်းပါတယ်"

"အင်းဗျာ၊ သိပ်ကံဆိုးတဲ့ မိန်းကလေး"

"မင်းတို့ ကာယကံရှင် နှစ်ယောက်ကလွဲရင် သိသူဟာ ဦးကုသနဲ့ ဦးပဲ။ သားမြတ်မင်းမောင်တောင် ဘာမှ မသိပါဘူး"

"ကျေးဇူးပါပဲ ဦးလေးရယ်။ ကဲ...ကျွန်တော်တို့ ပြန်ကြဖို့ပဲ ရှိတာပေါ့"





အမာရီ နေထိုင်ရာ မန္တလေး-ပြင်ဦးလွင် လမ်းမကြီး၏ လမ်းသွယ် 'စောမွန်လှဘုရား'အနီးတွင် ရှိသော ရှမ်းရွာလေးမှ ဂျစ်ကားတစ်စင်းဖြင့် သုံးယောက်သား ပြန်ထွက်လာခဲ့ကြသည်။

"အမာရီ ဒေါ်နန်းဟေးနှင့် ခရီးထွက်သွားပါသည်။ ဘယ်တော့ ပြန်လာမလဲ မသိပါ"

ဟူသော အဖြေကို ယူဆောင်လျက် လုပ်ဟာသော ရင်ဖြင့် ရင်နင့်စွာ ကိုမြင့်ထိုက်မှာ ကားမောင်း၍ ပြန်လာခဲ့ရခြင်းပါ။

"ကျွန်တော် ရေးခဲ့တဲ့စာကို သူတွေ့ရင် ရီ ကျွန်တော့်ကို အတွေ့ခံမှာပါ"

မျက်နှာပျက်လျက် မျက်ရည်ဝိုင်းနေပါသော်လည်း ကိုမြင့်ထိုက်၏ မျက်ရည်များ နောက်ဆီမှ မျက်ဝန်းတွင် မျှော်လင့် ယုံကြည်မှုများ ပြည့်ဝစွာဖြင့် ပိုင်နိုင်စွာ သူပြောနေသည်။

"ကဲ...ဒီတစ်ခေါက်တော့ ကျွန်တော်ပြောတဲ့ ကိစ္စလေးတွေ ပြီးပြတ်အောင် ဦးလေး ဆောင်ရွက်ပေးပါနော်။ အမြန်ဆုံးပဲ ဆောင်ရွက်ပေးပါ"

"ပုန်းညက်ဖြူ ဆယ့်ရှစ်နှစ် ပြည့်တဲ့နေ့ကျရင် အမွေ အားလုံး လွှဲပြောင်းပေးဖို့ တရားဝင်စာချုပ်စာတမ်း လုပ်ဖို့ မဟုတ်လား"

"ဟုတ်ကဲ့...ဦးလေး"

"မင်းတို့ မိသားစု ပြန်စုစည်းကြဖို့ တရားဝင် လုပ်ဖို့ လိုသေးလား"

"သိပ်လိုပါတယ်ဦးလေးရယ်၊ ကံကြမ္မာဆိုတာ ကျွန်တော်တို့ မြင်နိုင်ကြတာ မဟုတ်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

"ဘာပဲဖြစ်ဖြစ် သမီးလေးအတွက် ကျွန်တော် လွဲပြောင်း ပေး အပ်ထားချင်တယ်"

"ဟုတ်တယ်၊ ညို့ဖြစ်နေတဲ့ မိအမာတင်က သိပ်လည်တာ။ လုပ်ထားတာ မမှားဘူး"

ဦးကုသကပင် ဝင်၍ ထောက်ခံသည်။

"ကောင်းပြီလေ၊ မောင်မြင့်ထိုက်ရဲ့ အမွေအားလုံး ပုန်းညက်ဖြူ ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ခံစားခွင့်ရရှိနိုင်အောင် တရားဥပဒေအတိုင်း ဆောင်ရွက်ပေးဖို့ ဦးလေး တာဝန်ယူပါတယ်။ မင်းသာ စိတ်ချလိုက်ချ ပြန်သွားပါ"

"အိမ်ကိုလည်း စိတ်မချလို့…သမီးအတွက်လည်း ဘာမှ မစီစဉ်ခဲ့ရသေးလို့ ကျွန်တော်ပြန်မှာပါ"

"ကျွန်တော် မကြာခင် ပြန်လာမှာပါ"

"ကျွန်တော့်အချစ်ဦး အမာရီကို တွေ့အောင်ရှာဖို့ ကျွန်တော် အမြန်ဆုံး ပြန်လာခဲ့မှာပါခင်ဗျာ"

※

ထိုအချိန်က ကိုလွှမ်းနိုင်သည် သူဌေး ဦးမြင့်ထိုက်၏ ကိစ္စအဝဝကို တာဝန်ယူရသော မန်နေဂျာ။

ငွေရှိသော ဦးမြင့်ထိုက်နှင့် ညို့နှင့် ရပြီးသည့်နောက်တွင် ရုပ်ရှင်လုပ်ငန်းကို ဝင်သည်။ ထုတ်လုပ်သူအဖြစ် လုပ်ရှားခဲ့သည်။ ရန်ကုန်မြို့တွင် အခြေချဖြစ်ကြသည်။





ပြင်ဦးလွင်တွင် ညို့၏ ညို့ကွင်းမှာ အမိခံလိုက်ရသော ကိုမြင့်ထိုက်မှာ ဤအကြောင်းအရာတစ်ခုတည်းကြောင့် ညို့ကို လက်ထပ်ဖြစ်ခဲ့သည်မဟုတ်သေးပါ။

"သမီးလေး ပုန်းညက်ဖြူ"

အတွက်ပါ အဆင်ပြေစေရန် မိခင်ကိုယ်စား အဒေါ်မိထွေးနှင့် နေဖြစ်ပါစေဟူသော စေတနာကြောင့်လည်း ညို့ကို လက်ထပ်ဖြစ်ခဲ့ခြင်းပါ။

ထိုနေ့က စနေနေ့။

ပုန်းညက်ဖြူကို ညို့၏ တိုက်သို့ ပြန်ခေါ်သိပ်ခဲ့သည်။

ထိုအချိန်က ညို့အိမ်တွင် မရှိ၊ ရုပ်ရှင်ရိုက်ရန် နယ်ထွက်ခဲ့သည်။

ပုန်းညက်ဖြူမှာ အိမ်တွင် ပျော်နေရှာသည်။ ဘော်ဒါဆောင်သို့ မပြန်ချင်ရှာ။

"မကြာတော့ဘူး သမီး။ ၄၁သမီး ဆယ်တန်းဖြေပြီးရင် အိမ်မှာ တူတူနေရတော့မှာပါ။ သမီးလေး ဘာလိုသေးလဲ။ ဘာ ယူသွားဦးမလဲ'

အကြင်နာ ကြီးလွန်းသော ဖခင်ကြီးကို ပုန်းညက်ဖြူမှာ ချစ်မြတ်နိုး လေးစားစွာဖြင့် မော့ကြည့်လိုက်ပြီး…

"ဖေဖေကတော့ သမီးကို သိပ်ချစ်တာပဲနော်"

"ဟင်…"

"မေမေကတော့ သမီးနဲ့ကို ဘယ်တော့မှ တူတူနေဖို့ အချိန်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရတော့မှာပါ သမီး"

"ရှင်..."

"သမီးလေးကို သိပ်ချစ်ရှာတဲ့ သမီးရဲ့ မေမေနဲ့ သမီး အမြဲတမ်း တူတူနေရတော့မှာပါကွယ်"

ဦးမြင့်ထိုက်က သူ့အမိပွာယ်နှင့်သူ ပြောခဲ့သည် မှန်ပါသော်လည်း...

ပုန်းညက်ဖြူမှာဖြင့် သူ့မေမေ ညို့နှင့်သာ သူ့စာမေးပွဲ ပြီးဆုံးချိန်မှာ အတူတကွ နေထိုင်ရတော့မည်ကို ရည်ညွှန်းသည်ဟု ထင်ခဲ့မိသည်။

ရန်ကုန်မှာနေသော ဦးမြင့်ထိုက်မှာ မန္တလေးသို့ မကြာခဏ ပြန်လေ့ရှိသည်။

သူဌေးကုန်း စံအိမ်ကြီးကို ဦးကုသ ကြည့်ရှုစောင့်ရှောက်ထားသည်ကို မကြာမကြာ ပြန်ကြည့်သည်။

ဦးကုသမှာ သူ့အသက်ထက် သူ့သခင်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော အဘိုးကြီးဖြစ်၍...

ဦးလွန်းဘော် သက်သေနှင့် သူတို့၏ အဖိုးတန် ပစ္စည်းအချို့ကို သူဌေးကုန်းစံအိမ်ကြီးရှိ ဦးအောင်သာနှင့် ဒေါ်ဒွန်းအိမ်တို့၏ ပန်းရုပ်ထုထဲမှာပင် မြှုပ်နှံထားခဲ့သည်။ ငွေသားက ဘဏ်မှာ ပုန်းညက်ဖြူ အမည်နှင့်။

ဤကိစ္စကို သိရှိသူမှာ ဦးကုသ၊ ဦးလွန်းဘော်နှင့် ကိုမြင့်ထိုက်တို့ သုံးဦးသာ။





'ပုန်းညက်မြိုင် တည်းခိုရိပ်သာ'ကိုဖြင့် ဦးလွန်းဘော်၏ ထိန်းကွပ်မှုဖြင့် ဦးကုသ၏တူ ကိုလွင်ထွန်းကို အပ်နှင်းထားခဲ့သည်။ အစက ဦးကုသအာမခံထားသည့်အတိုင်း ကိုလွင်ထွန်း မှာ ယုံကြည်စိတ်ချရခြင်း ရှိပါ၏။

ပြင်ဦးလွင်တွင်လည်း အချစ်ဦး အမာရီနှင့်အတူတကွ နေထိုင်ခဲ့ကြသော တိုက်နှင့်ခြံ ရှိသေးသည်။

သည်အတွက် ဦးမြင့်ထိုက်မှာ ရန်ကုန်နှင့် မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်တို့ကို အိမ်ဦးကြမ်းပြင် ဖြစ်နေခဲ့ရသည်။

အချစ်ဦး အမာရီ၏ ရှင်နာကြေကွဲစရာ ဘဝဖြစ်စဉ်များကို အစအဆုံး သိခွင့်ရရှိလာပြီးနောက်တွင်ဖြင့်...

ဦးမြင့်ထိုက်၏ ရင်မှာ ပိုင်နိုင်စွာ ဆုံးဖြတ်ထားခဲ့သည်။

ညို့ကို ကွာရှင်းမည်။

ထိုက်သင့်သော ငွေကြေးပေးလျော်မည်။ ချစ်ဇနီး အမာ ရီနှင့် ပြန်လည် ပေါင်းသင်းမည်။

သူတို့ရင်မှ ပေါက်ဖွားခဲ့သော ပုန်းညက်ဖြူလေးနှင့် မိသားစု သုံးဦး၏ အနာဂတ်လမ်းလေးမှာ ဆူးငြောင့်ခလုတ်ကန်သင်း ရှင်းလျက် ကြည်နူးပျော်ရွှင်ဖွယ်များသည်သာ သူတို့မိသားစု သုံးဦး၏ ဘေးမှာ ဝန်းပတ် ခြံရံလျက်ရှိနေလေမည်သာ။

မျက်နှာတစ်ခြမ်းနှင့် ကိုယ်တစ်ဖက်မှာ အမာရွတ်ကြီးများ ဖြင့် ရုပ်ဆင်းအင်္ဂါ ယိုယွင်းနေရုံမက တစ်ကိုယ်လုံး သုံးမရ၊ ကြည့်မရအောင် ပျက်စီး ဆုံးရှုံးနေပါစေ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦး၏ ရင်ထဲမှာ သူနှင့် သူ့သမီးလေးအပေါ်၌ ချစ်တတ်သော အသည်းနှလုံး ရှိနေသရွေ့...

အမာရီ၏ ဦးနှောက် အသိဉာဏ်မှာ သူတို့သားအဖကို မှတ်မိနေသရွေ့...

အစ်ကိုသည် အမာရီကို အချစ်ဦးအဖြစ်၊ ချစ်ဇနီးအဖြစ်နှင့် ထာဝရ သက်ဆုံးတိုင် ပေါင်းဖက်ပါမည်။

သူတို့မိသားစု ပြန်လည်ဆုံစည်းရအောင် စောင့်နေပါ ဟူသော စာကို အမာရီ ရရှိလောက်ပါပြီ။

သည်အခါတွင် မည်မျှ ဝမ်းသာ လှိုက်လှဲစွာ ကြိုဆိုနေရှာမည်ကို ဦးမြင့်ထိုက် တွေးမိရင်း ပျော်ရွှင်နေရှာသည်။

သူ၏ အစီအစဉ် အထမြောက်ရန်အတွက် ယခု တစ်ခေါက် စစ်ကိုင်းဘက်မှ အပြန်တွင်...

ဦးမြင့်ထိုက်တစ်ယောက် အပူတပြင်း ဆောင်ရွက်နေသည် ကို သိရှိရိပ်မိသူမှာ...

သူ့မန်နေဂျာ ကိုလှမ်းနိုင်။

ထိုအချိန်က...

ညို့နှင့် ကိုလှမ်းနိုင်မှာ ပြေလည်ခါစ။

ညို့သည် ကိုလှမ်းနိုင်ကို စတင်၍ ညို့နေချိန်။

မည်သို့သော အကြောင်းမှန်း မသိပါဘဲနှင့် ဦးမြင့်ထိုက်သည် ညို့ကို ကွာရှင်းပစ်တော့မည်ဟူသော သတင်းစကား တစ်ရပ်သည် ကိုလှမ်းနိုင်ထံမှတစ်ဆင့် ညို့ဆီသို့ မိုးကြိုးစက်ကွင်းတစ်ခုပမာ ရောက်ရှိလာခဲ့သည်။





သူ့ကို ဘယ်သောအခါမှ ပစ်ရက်စရာမရှိနိုင်။ ပုန်းညက်ဖြူ အတွက် အသက်ထက်ဆုံး သူ့ကို ပေါင်းသင်းမည်။

ကိုမြင့်ထိုက်၏ အမွေများအားလုံး သူပါ စံစားရပေလိမ့်မည်ဟု စိတ်ချလက်ချ ရှိနေခဲ့ရာမှ...

"မန္တလေးဘက်က အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ် မလို လို ကြားတယ်။ ဟိုကို ပြန်မယ်ဆိုလားပဲ။ အချစ်ဦးဆီ ပြန်လာမယ် ဆိုတဲ့စာ ကျွန်တော် တွေ့ရတယ်"

"အဲဒါတွေကတော့ မသေချာဘူး"

"သေချာတာတစ်ခုကတော့ ရှိတယ်။ အဲဒါက ဦးမြင့်ထိုက်ဟာ ညို့ကို မကြာခင်မှာ ကွာရှင်းပစ်လိမ့်မယ်"

ယင်း သတင်းစကားများသည် ညို့၏ ရင်တွင်းသို့ ပူလောင် ပြင်းပြစွာ စီးဆင်းလာကြသည်။

"ဘယ်ရမလဲ"

"ဘယ်ရပါ့မလဲ"

ဦးအောင်သာတို့ လက်ထက်က ကြွယ်ဝလာခဲ့တဲ့ စည်းစိမ်တွေ ကို ငါခံစားစံစားခွင့်ရအောင် အမျိုးမျိုး ကြံစည်ရင်းနှီးထားခဲ့ရတာပဲ။

အမာရီ ကား ချောက်ထဲကျအောင် ဘရိတ်ဖောက်ထားခဲ့ရ တယ်။

ပုန်းညက်ဖြူနဲ့ မျှားပြီး ငါ့ရဲ့ အဘတ်ပညာစုံနဲ့ ကိုမြင့်ထိုက် ရဲ့ဘဝ ငါ့လက်ထဲ ရောက်လာအောင် ကြိုးစားခဲ့ရတယ်။

ခုလို အခြေအနေမျိုးရောက်ခါမှ သူပေးမယ့် တစ်ပြောက် ပြားငွေကိုယူပြီး ငါက ဘယ်မှာ ကွာရှင်းပေးနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စည်းစိမ်တွေအားလုံး ငါ့လက်ထဲကို ရောက်စေရမယ်။

ဒီလို ဖြစ်ဖို့ရာလည်း ငါဟာ ကိုမြင့်ထိုက်ရဲ့ တရားဝင်ဇနီးအဖြစ်နဲ့ နေခွင့်ရမှ ခံစားခွင့်ရှိမှာပေါ့။

ကိုမြင့်ထိုက်ရဲ့ တရားဝင်ဇနီးအဖြစ်နဲ့ ကျန်ရစ်ပါမှ ငါ အားလုံး ရရှိနိုင်မယ်မဟုတ်လား။

သူ ငါ့ကို ကွာရှင်းပြီးမှ ငါ့ဘဝထဲက ထွက်မသွားစေရဘူး။

ငါဟာ သူ့ရဲ့ တရားဝင်ဇနီးအဖြစ်နဲ့ ရှိနေလျက်က သူ ထွက်သွားစေရမယ်။

လောကကြီးရဲ့ ပြင်ပရောက်အောင်ကို တစ်ခါတည်း ထွက်သွားစေရမယ်။

*

"ဓာတ်ဝင်ခန်းထဲမှာ လူဆိုးဝတ်မယ့် အင်္ကျီကလည်း ကြီးလှချည်လား မညို့ရဲ့"

"မသိပါဘူး နိုင်ရယ်၊ သူချုပ်ခိုင်းတာပဲ"

ကိုလွှမ်းနိုင်မှာ လှလွန်းသော ညို့ကို တပ်မက်စွာ ကြည့်လိုက်ပြီး...

"ကျွန်တော်လေ မညို့ကိုလည်း သိပ်စွဲနေပြီ။ ဆရာ့ကိုလည်း ကြောက်တယ်ဗျာ"

"အမယ်လေး...သတ္တိနည်းလိုက်တာ။ ပြီးတော့လည်း ဒီ အခြေအနေမျိုး ရောက်နေမှတော့ မညို့တွေ ဘာတွေ လုပ်မနေပါနဲ့တော့"





ညို့က ကိုလွှမ်းနိုင်ကို ညညလေး ကြည့်ပြီး နွဲ့နွဲ့လေး မှီလိုက်သည်။

လက်တွင်းမှ အနက်ရောင်ဝတ်ရုံကြီးကို ကြည့်လိုက်သည်။ မဏ္ဍင်းနစ်များ ဝတ်သလို အင်္ကျီနှင့် ဘောင်းဘီ တစ်ဆက်တည်း တွဲထားပြီး ခေါင်းစွပ်ပါ ပါသည်။

"ဪ...ဒါသွားချုပ်တာ ဘယ်သူမှ မသိပါစေနဲ့တဲ့။ မောင့်ရဲ့ ဆရာက"

"ဘာဖြစ်လို့လဲ"

"သိပါဘူး၊ သူ့မှာ ဘာအကြံအစည်ရှိလဲမှ မသိတာ"

ကိုလွှမ်းနိုင်အတွက် ဤပြဿနာသည် အသေးအဖွဲမို့ ခဏချင်းပင် သူ့ဝန်းကျင်မှ လွင့်စဉ်သွားသည်။ သူသည် ညို့ကိုသာ တပ်မက် မြတ်နိုးစွာ ဖက်ပွေ့ထားပါ၏။

"နိုင်...ညို့ချစ်မောင်ရယ်"

"ဟင်..."

"သူလေ ညို့ကို ရိုးရိုးကွဲကွာခိုင်းရင် တော်ပါရဲ့။ အန္တရာယ် ပေးရင်တော့ ဒုက္ခပဲ"

"မောင်ရှိပါတယ်ဗျာ၊ ညို့အတွက် မောင် ဘာမဆို စွန့်စား ပေးပါ့မယ်။ မောင့်ကိုသာ မုန်းသွား၊ မေ့သွား၊ ပစ်သွားတာမျိုး မဖြစ်ပါနဲ့"

"ဟင်း...ဒါ မိညို့က ပြောရမယ့် စကားပါ မောင်ရယ်"

"ညို့ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့…ကိုကိုမြင့်ထိုက်က ညို့ကို စွန့်ပစ်သွားရင် မောင်က ညို့ကို လက်ထပ်နိုင်မှာလားဟင်"

"အို…ညို့ရယ်၊ ညို့လိုမိန်းမတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရရင် မောင်ဟာ မြန်မာပြည်မှာ ကံအကောင်းဆုံးလူဖြစ်မှာပါ"

"အို…ညို့ရဲ့ချစ်ရယ်။ ညို့ရဲ့ အနုပညာ၊ ညို့ရဲ့ စည်းစိမ်ဥစ္စာနဲ့ ညို့ရဲ့ကိုယ်ခန္ဓာ၊ ညို့ရဲ့ဘဝအားလုံး ညို့အချစ်ဆုံး မောင့်အတွက် ဖြစ်စေရပါ့မယ်ရှင်"

ဝမ်းသာ လှိုက်လှဲလွန်းစိတ်ကြောင့် ညို့မှိုင်းမိနေသော ကိုလွှမ်းနိုင်မှာ စကားပင် မပြောနိုင်တော့ပါ။

ခင်ပွန်းသည်က စွန့်ခွာသွားတော့မည့် သနားစရာ ညို့ ကိုသာ ချစ်မြတ်နိုးစွာ ထွေးပွေ့ဖက်ပိုက်ထားမိသည်။

"သြော်…မောင်၊ နက်ဖြန်ညကျရင် အိမ်မှာ အိပ်ကြဖို့ စီစဉ်ထားနော်။ သန်ဘက်ခါ ရှုတင်အစောကြီးထွက်မယ်…သိလား"

*

ကိုမြင့်ထိုက်မှာ သူ့အကြံအစည်ကို ညို့ ကြိုတင်သိရှိနေပေလိမ့်မည်ဟု လုံးဝ မတွေးထင်မိခဲ့ရှာပါ။

သမီးလေး စာမေးပွဲမပြီးမီအတွင်း အရင်လိုပင် မူမပျက်ရန် အထူးဂရုစိုက်၍ နေပါမည်ဟု သူ့ ဆုံးဖြတ်ချက်များကို…

ဦးလွန်းဘော်နှင့် ဦးကုသသို့ ပြောပြခဲ့ရှာသေးသည်။

ထိုညက…ညို့၏ ကျောက်ကုန်းမှ တိုက်မှာ ဧည့်သည်သုံးဦးပါ





ရှိနေသည်။ ရှုတင်မန်နေဂျာ…ဒေါ်ဂျစ်ကားဆရာနှင့် ကိုလွှမ်းနိုင်။

"ကိုကို…"

အမူအရာ ကျင့်နေပြီး အတော်ကြီး ညဉ့်နက်လေမှ ခုတင်ပေါ်တွင် စာဖတ်နေသော ကိုမြင့်ထိုက်နားသို့ ညို့ကပ်လာပြီး ထုံးစံအတိုင်း ညုညုချွဲချွဲလေး ခေါ်လိုက်သည်။

"ညို့ကို ကူပါဦး။ မနက်ရိုက်ရမယ့် အခန်းက စတူဒီယိုထဲမှာ အင်ဒိုးစင်း… လူဆိုးဝင်လာရင် ညို့က သိပ်လန့်သွားရမယ့်အခန်း ကိုကိုရဲ့"

"အင်း…"

"အဲဒါ ကိုကို ကူညီပါ။ ညို့အမူအရာကို ဝေဖန်ပေးပါ နော်…"

"ကိုကိုက ညို့လောက်မှ ရုပ်ရှင်အတွေ့အကြုံမရှိပဲ"

"အမယ်လေး…အလွယ်လေးပါကိုကိုရာ၊ ကိုကိုက လူဆိုးကြီး လုပ်၊ ညို့ သိပ်ကြောက်သွားတဲ့ ဓာတ်လိုက်မင်းသမီးလေး လုပ်မယ်၊ ပျော်စရာကြီးနော်…ထပါဦး ကိုကိုရဲ့"

ညို့သည် သူ့တွင်ရှိသမျှသော မာယာစွမ်းအင်များကို ယနေ့ည အကုန်လုံး အသုံးချသည်။

ဣန္ဒြေမပျက် လိုက်လျောပေးနေချင်သော အချိန်မို့လည်း ကိုမြင့်ထိုက်ကို ပိုမို၍ စည်းရုံးလို့ လွယ်သည်။

ထိုသို့ဖြင့်…

ညို့၏ အစီအစဉ်အတိုင်း…

ကိုမြင့်ထိုက်သည် ညို့ တိုင်းချုပ်ထားသော ဝတ်ရုံနက်ကြီးကို ဝတ်ရသည်။ အံဝင်ခွင်ကျရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့… သူတို့၏ အခန်းပြင်သို့ ထွက်ရသည်။ ခြံတွင်းသို့ ဆင်းရသည်။

ပြတင်းမှတစ်ဆင့် ကျော်တက်လာကြောင်း ခြေရာထင်အောင် တမင်ညို့ထွင်ထားခဲ့သည်။

လက်ထဲမှာလည်း အသွားတက်လွန်းသော ဓားတစ်လက်ကို ကိုင်လျက် သူ့ခိုင်းစေချက်အတိုင်း မှန်ပြတင်းမှ ကျော်ဝင်ခဲ့ရသည်။

မှန်တင်ခုံရှေ့တွင် အလှပြင်နေဟန်ဖြင့် ထိုင်နေသော ညို့က ရက်စက်စွာ ပြုံးလိုက်သည်။ အားပါးတရ ပြုံးလိုက်သည်။

ကိုမြင့်ထိုက်က ပြတင်းဘောင်ပေါ်မှ ခုန်ချလိုက်လျှင် သူက အလန့်တကြားဖြစ်သွားမည့် ပုံအမူအရာ လုပ်ပြမည်…

ကိုမြင့်ထိုက် ခုန်ချလိုက်ပါပြီ…

ညို့က အလန့်တကြား အမူအရာလုပ်စရာမလိုတော့။ ရက်စက်စွာ ပြုံးလျက်ပင်…

"အမယ်လေး"

ဟူသော အသံဖြင့် တကယ်ပင် စူးစူးဝါးဝါးကြုံး၍ အော်လိုက်သည်။

တစ်ဆက်တည်းမှာပင် လိုင်စင်နှင့် ကိုင်ထားသော သူ့ အံဆွဲထဲမှ သေနတ်ကို ယူပြီး ကိုမြင့်ထိုက်၏ ရင်ဝဆီသို့ နှစ်ချက်ဆင့်၍ ပစ်ထည့်လိုက်ပါသတည်း။

ညို့၏ စူးစူးဝါးဝါးအော်သံနှင့် သေနတ်သံများကြောင့် အိမ်တွင်ရှိနေသော သူများ၊ အသိသက်သေပြုထားသူများ ပြေးလွှားရောက်လာကြသည်။





ပြတင်းပေါက်မှ ကျော်ဝင်ပြီး ညို့ကို ဓားနှင့်ထိုး၍ သတ်ရန် ကြံစည်သော…

ဝတ်ရုံနက်နှင့် လူဆိုး၏ အလောင်းကို မည်သူမှ မတို့ရဲ မကိုင်ရဲကြပါဘဲနှင့် သက်ဆိုင်ရာ ရဲသို့ အကြောင်းကြားကြသည်။

စခန်းနီး၍ အမြန်ရောက်လာသော ရဲရှေ့မှောက်မှာ ဝတ်ရုံနက်ကို ခွာလိုက်သည့်အခါ အားလုံး ဟာခနဲ ဖြစ်သွားကြရသည်။

"ဦးမြင့်ထိုက်ပါလား"

ဤအချိန်တွင် ညို့မှာ ရူးသွပ်တော့မလောက် ချောက်ချား ပူပန်သည့် ဟန်ပန်ကို သရုပ်ဆောင်ထားသည်။

ရုပ်ရှင်ရိုက်ကွင်းမှာသာဆိုပါလျှင် ထပ်ဆင့်အကယ်ဒမီပင် ရနိုင်လောက်သည်။

သည်သို့ဖြင့် အမှုက ရုံးရောက်သည်။

ညို့ကို လူဆိုးဟန်ဆောင်ပြီး သတ်ပစ်ရန် ရည်ရွယ်ချက်နှင့် ရောက်ရှိလာသော ဦးမြင့်ထိုက်ကို…

ညို့က သူ့ခင်ပွန်းမှန်း မသိပါဘဲနှင့် ကိုယ်ပိုင်ကာကွယ်မှုဖြင့် ပစ်သတ်ခဲ့ကြောင်း ရုံးတော်က ယုံကြည်ယူဆ၍…

ညို့ တရားရှင်နှင့် လွတ်ခဲ့သည်။

*

သည့်နောက်ပိုင်းတွင် ညို့မှာ ကိုလွမ်းနိုင်နှင့် တရားဝင်လက်ထပ်ခြင်း မပြုပါသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



ကိုလွှမ်းနိုင်က တစ်ချိန်လုံး ညို့၏အနားမှာ... ညို့အပန်းဖြေနားနေရာ အရပ်သည်လည်း ကိုလွှမ်းနိုင်၏ ရင်ခွင်မှာ...

ကိုလွှမ်းနိုင်သည် ညို့ပေါ်၌ ကြင်နာသော ချစ်ခြင်း မေတ္တာတရားဆိုသည့်ထက် တပ်မက်စွဲလမ်းခြင်းဟူသော အပူ ချစ်ရမ္မက် မေတ္တာတို့သည်သာ လွှန်ကဲလျက်ပါ။

တစ်နေ့နေ့တွင် ညို့သည် သူ့ကို ပစ်ခွာ ကန်ထုတ်ပစ်လေမည်လားဟု ထာဝရ စိုးရိမ်နေရသူပါ။

ဂျင်တစ်ခုပေါ်တွင် ခြေဖုံရပ်နေသလို လည်ပတ်လွန်းသော ညို့ထံသို့ ကိုလွှမ်းနိုင်၏ အာရုံမှာ ထာဝရ စူးစိုက်ထားရသည်။

သည်အတွင်းမှာ ညို့သည် သတိလက်လွတ်ဖြင့် ကိုမြင့်ထိုက်ကို သတ်ပစ်ခဲ့သည့် အစီအစဉ်များအကြောင်းကို ပြောနေစဉ် တိပ်ခွေနှင့် သွင်းယူထားနိုင်ခဲ့သည်။

"သူ"ဟူသော နာမ်စားဖြင့် ဦးမြင့်ထိုက်သည် တစ်စုံတစ်ဦးသို့ ရည်ညွှန်းလျက် လက်ထပ်မည့်အကြောင်း၊ ညို့နှင့် ကွာရှင်းမည့်အကြောင်း အတိုချုံး အရိပ်အမြွက်မျှ စာကို ကိုလွှမ်းနိုင်ရရှိ သိမ်းဆည်းထားခဲ့သည်။ ဦးမြင့်ထိုက် သူ့ကို ကွာရှင်းမည်ဟု သိ၍ သူ လုပ်ကြံခြင်းပါဟု ပေါလွင်ထင်ရှားနေခဲ့သည်။

တစ်နေ့နေ့တွင် ယင်းသက်သေခံနှစ်ခုဖြင့် ညို့ သူ့လက်မှ လွတ်ထွက်မသွားနိုင်အောင် သက်သေခံများအဖြစ်နှင့် ကိုလွှမ်းနိုင်မှာ သိမ်းဆည်း သိုဝှက်ထားနိုင်ခဲ့သည်။

ဤသက်သေခံချက် နှစ်ခုသည် ညို့အတွက် လက်ထိပ် တစ်စုံစာလို လုံလောက်ပေသည်ဟု ကိုလွှမ်းနိုင်ထင်နေဆဲ အချိန်တွင်...





"ပုန်းညက်ဖြူကိုတော့ ဦးကောင်းဇံနဲ့ လွှတ်လိုက်ပြီ ချစ်ရဲ့"

"ဒီတစ်ပတ် ရှုတင်လေးတွေ ပြီးရင် ညို့နဲ့ မောင်နဲ့ လိုက်ပြီး အမွေတွေရအောင် အပိုင်ကြံရမယ်..."

"ပုန်းညက် နာမည်နဲ့ချည်း ထားခဲ့တာဆို"

"ဒီဟာမလေးက ဘာနားလည်မှာလဲ။ ဒီကောင်မလေး ညို့ဆီမှာ ရှိနေအောင် တမင်ကို ကြံစည်တီထွင်ထားရတာပါမောင်၊ ဒီမှာ..."

"ဟင်..."

"ကိုမြင့်ထိုက် မပေးချင်ခဲ့တဲ့ အမွေတွေအားလုံး ညို့ ရအောင် ယူပြမယ်။ ပြီးရင် ညို့နဲ့ ချစ်နဲ့ တစ်သက်လုံး..."

"တကယ်ပဲလား ညို့ရယ်"

"တကယ်ပေါ်င်းက တစ်သိန်း၊ အချစ်ပေါင်းက တစ်သန်း၊ တစ်ကုဋေ၊ မရေတွက်နိုင်အောင်ပါပဲတဲ့ ရှင်ရယ်"

❋

တကယ်တမ်း ညို့တို့ ပုန်းညက်မြိုင် တည်းခိုရိပ်သာသို့ ရောက်ရှိလာကြသည့်အခါ ကိုလွှမ်းနိုင်ကို အခေါက်ကြီး ခေါက်ထားရုံမျှမက...

ညို့သည်...

ကိုလွှမ်းနိုင်၏ အသည်းနှလုံးကို ဆုပ်ဟုံခဲ့သူပြီး လူကို ကန်ထုတ်လိုက်သလို အခံရ ခက်လွန်းစွာ...နာကြည်းလွန်းစွာ ကျန်ရစ်ခဲ့ရသည့်အကြောင်းက...



www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်မြိုင် တည်းခိုရိပ်သာ၏ မန်နေဂျာ ကိုလွင်ထွန်း၏ ရင်ခွင်သို့ ညို့ ကူးပြောင်းသွားခဲ့ခြင်းပါ။

သည်အတွက် ကိုလွှမ်းနိုင်မှာ ညို့၏ လည်တိုင်ကျော့ကို အသက်ထွက်သည်အထိ ညှစ်သတ်ပစ်ချင်လောက်အောင် ရင်တွင်းမှာ ဒေါသမီးတောင်ကြီး ပေါက်ကွဲခဲ့ရသည်။

သို့ပါသော်လည်း ညို့မှာ ကိုလွင်ထွန်း ကားနှင့် ထွက်သွားခါနီး ဆဲဆဲတွင် ကိုလွှမ်းနိုင်ကို အခန်းတွင်းသို့ ခေါ်၍...

"မောင်ဟာလေ၊ ညို့ကို တကယ်ရက်စက်တယ်၊ မောင့် ထက် ပိုပြီး ဒီတောသားကို ညို့က ချစ်မတဲ့လား၊ သူက ဦးကုသရဲ့တူ သူ့ကို ချဉ်းကပ်ပြီးမှ ဦးကုသရဲ့ လျှို့ဝှက်ချက်တွေကို သိရမှာ။ အတွင်းပစ္စည်းတွေကို ရမှာ"

"ခဏလေး သည်းခံစမ်းပါ ချစ်ရယ်၊ ညို့ လှုပ်ရှားနေတာတွေဟာ မောင်အတွက်ပါ။ ပစ္စည်းရပြီးမှ မောင့်ကို ကန်ထုတ်ရင် မောင့် သဘောပါ။ ညို့ကို သတ်ပစ်တောင် လည်စင်းခံပေးမယ့် ညို့ပါ"

"မောင်နဲ့ ညို့တို့ရဲ့ တစ်သက်တာ ချမ်းသာဖို့ ညို့ ခုလို လှုပ်ရှားနေတာကို သဘောထားကြီးကြီးထားစမ်းပါအချစ်ရယ်နော်"

ဟူသော အညုအချွဲများနှင့် တစ်ခါက အခန်းတွင်းမှာ အနမ်းတွေ ဝေနေအောင် ပေးပြီး ချော့ထားခဲ့သည်ကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကျန်ရစ်ခဲ့ရပါသော်လည်း...

နောက်ရက်ပိုင်းတွင် ညို့ တကယ်တင်းမာလာသည်။

သူ့ကို အရင်လို အချိုနှင့် မချော့တော့။





ပြဿနာတွေ ဟက်ခဲ့ကြသည်။

နောက်ဆုံးတွင်...

ကိုလွှမ်းနိုင်၏ လက်ထဲတွင် မိမိကို ဒုက္ခပေးစရာ တစ်စုံတစ်ရာကို ဆုပ်ကိုင်ထားရှိပေလိမ့်မည်ဟု မသိရှိခဲ့သော ညို့မှာ...

ကိုလွှမ်းနိုင်ကို ပုန်းညက်မြိုင်မှ အပြီးတိုင် တွန်းဖယ် နှင်လွှတ်လိုက်ပါတော့သည်။

သည်သို့ဖြင့်...

ကိုလွှမ်းနိုင်မှာ သူ့လမ်းသို့ သူမပြန်ဘဲ သူဌေးကုန်းစံအိမ်မှ ဦးကုသရှိရာသို့ သွားခဲ့သည်။

ကိုလွင်ထွန်းနှင့် ညို့တို့က လိုက်ခဲ့ကြသည်။

သည့်နောက်တွင် သူဌေးကုန်းစံအိမ်ကြီးမှာ သွေးစွန်းခဲ့ရသည်။

ဦးကုသနှင့် လွှမ်းနိုင်တို့ မြေတိုက်တွင်းမှာ ပိတ်လှောင်ခြင်း ခံခဲ့ကြရသည်။

နောက်တစ်ခေါက် ညို့နှင့် ကိုလွင်ထွန်းတို့ ပြန်လည် ရောက်ရှိချိန်တွင်...

မြေတိုက်စံ နှစ်ယောက်၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရပြီး ကိုလွင်ထွန်းမှာ မြေတိုက်ခန်းဝ၌ သွေးအိုင်တွင်းမှာ လဲကျ ကျန်ရစ်ခဲ့သည်။ အမျိုးသားသုံးယောက်လုံးမှာ ကံကြမ္မာဆိုး တွင်းနက်ကြီးထဲမှ မရုန်းနိုင်၊ မတက်နိုင်အောင် ဖြစ်နေကြချိန်တွင်...

လွတ်လာသူက ညို့...။



www.burmeseclassic.com

www.burmeseclassic.com



တိပ်ခွေနှင့်စာကိုလည်း စောစီးစွာကပင် သူဖျက်ဆီးပစ်နိုင်ခဲ့ပြီ။

ရန်သူများ ကိစ္စများကို တစ်ယောက်တည်း ပိုင်နိုင်စွာ ဖြေရှင်းနိုင်ခဲ့ပြီး ပုန်းညက်မြို့သို့ ပြန်လည် ရောက်ရှိနိုင်ခဲ့ပြီ ဖြစ်သော ညို့သည်…

လုံးဝ မထင်မှတ်သော မယုံကြည်နိုင်စရာ ပြဿနာနှင့် မမျှော်လင့်ပါဘဲ တိတိပပကြီး ရင်ဆိုင်လိုက်ရသည်။

သူသေကြောင်းကြံခဲ့သူ သူ့အစ်မအရင်း၊ သူ့ခင်ပွန်း၏ ဇနီးဖြစ်သော…

ဒေါ်အိုဇာခေါ် အမာရီနှင့်…

ပြဿနာရပ်များကို ဖြေရှင်းကြရုံမဟုတ်တော့ပါဘဲ ရင်ဆိုင်တိုက်ခိုက်ကြရသည့်အဖြစ်နှင့်…

ကြုံကြိုက်နေချိန်…

ဖြစ်ပျက်နေချိန်လောက်တွင်…

*



## အခန်း (၂၈)

ကျောက်မဲမြို့မှ လာရောက် အပန်းဖြေနေပါသည်ဆိုသော စိုင်းခမ်း(မ်)လုံ အမည်ခံ ကျော်ရှိန်ထွန်းသည် ညို့ကို ထာဝရ စောင့်ကြပ်နေသူပါ။

တိကျစွာ ပြောရပါလျှင် ညို့ကို ခြေရာခံနေသည့်သူ။ ညို့စတင် ရောက်ရှိချိန်မှစ၍ ချောက်ချားသွားစေရအောင် 'Devil Woman' သီချင်း ဖွင့်ထားခဲ့သူမှာလည်း ကျော်ရှိန်ထွန်းပါ။

ဦးမြင့်ထိုက်ကို ညို့သတ်လိုက်ပါကြောင်း သက်သေသက္ခာရနှင့် ပြရန် ဦးလွန်းဘော်ကိုယ်တိုင် ငှားရမ်းထားခဲ့သော အလွတ်စုံထောက်တစ်ဦးပါ။

ကျော်ရှိန်ထွန်းသည် ယင်းအမှုကို စုံစမ်းထောက်လှမ်းနေသူပါဟု ဒေါ်အိုဇာအမည်ခံ အမာရီပင် မသိရှိ။

သည့်အတွက် ဦးကောင်းဇံက သူ့ကို စစ်ဆေး မေးမြန်းနေချိန်မှာ… သူက စုံထောက်တစ်ဦးပါ။ နှုတ်ပိတ်ထားပါ။ နှုတ်မလုံလျှင် ရဲဌာနသို့ ပို့အပ်ရပါမည်ဟု ခြိမ်းခြောက်လိုက်သည်ကို ဒေါ်အိုဇာ မြင်တွေ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဘော်သည် ဤကိစ္စအတွက် အချက်အလက်ပေါင်းများစွာနှင့် ဆောင်ရွက်ပေးခဲ့သူပါ။

ကိုမြင့်ထိုက်ကို သူ့တူသားငယ်လေးတစ်ယောက်လို သူ ချစ်သည်။ သေဆုံးသွားရခြင်းအတွက် များစွာ နှမြောတသသည်။

ယခုကိစ္စအားလုံးကို ဦးလွန်းဘော်ပင် အားလုံး စီစဉ်ခဲ့သည်။

'တာဝန်အရှိဆုံးပုဂ္ဂိုလ်တစ်ယောက်' က စီစဉ်ညွှန်ကြားနေခြင်းပါ ဟူသည်မှာ ဒေါ်အိုဇာကို သူရည်ညွှန်းခြင်းပါ။

အခွင့်သင့်တိုင်း ဦးလွန်းဘော်နှင့် ဒေါ်အိုဇာတို့ ဆက်သွယ်နှီးနှောကြသည်။

ဦးကုသကိုဖြင့် သူ့ဌေးကုန်းစံအိမ်ကြီး လုံခြုံရေးအတွက်သာ အဓိကထားသည်။

ကျော်ရှိန်ထွန်းသည် ဖျတ်လတ်သွက်လက်သော အားကိုးထိုက်သူတစ်ဦးမို့ ထောက်လှမ်းရေးအတွက် အသုံးချ ငှားရမ်းထားသည်ကိုဖြင့် မည်သူမျှ မသိစေကြရပါ။ ဦးလွန်းဘော် တစ်ဦးတည်း၏ ဆောင်ရွက်ချက်ပါ။

ညို့နှင့် ကိုလွင်ထွန်းတို့နှစ်ယောက် ပျောက်သွားကြသည့်အဖြစ်ကို တစ်ချိန်လုံး စောင့်ကြည့်နေသော ကျော်ရှိန်ထွန်းသိနှင့် လိုက်သည်။

သို့ပါသော်လည်း...

ညို့တို့ လစ်ထွက်သွားကြရာ မလွယ်ပေါက်လမ်းကို သူ မသိ၍...





ရိုးရိုးလမ်းအတိုင်း သူ့ဌေးကုန်းစံအိမ်ကြီးသို့ သူလိုက်ရ၍ များစွာနောက်ကျခဲ့ရသည်။ ညို့လွတ်မြောက်ထွက်ပြေးသွားလေပြီ။

ကျော်ရှိန်ထွန်း ရောက်ရှိချိန်မှာ သူ့ဌေးကုန်းစံအိမ်ကြီး၏ ဘေးဘက်တံခါးပွင့်နေသည်။ ထိုတံခါးမှတစ်ဆင့် အတွင်းသို့ တိတ်တခိုး ဝင်လိုက်မိသည်နှင့် ညည်းညူသံကို စတင်၍ ကြားရသည်။

ကျော်ရှိန်ထွန်းမှာ အသံလာရာကို နားစွင့် ရှာဖွေရင်း မြေတိုက်တွင်းသို့ ဖြည်းဖြည်းချင်း ဆင်းလာနိုင်ခဲ့သည်။

"ဟိုက်...သွေးအိုင်ထဲမှာ"

"ကိုလွင်ထွန်းပါလား"

လှေကားမှ အပြေးဆင်းသွား၍ ထူမသည်။ ရင်ဝကို လက်ကို အုပ်စမ်းသည်။

"အို...သူမသေသေးပါဘူး"

အပေါ်ထပ်ဆီမှ လှုပ်ရှားသော လူသံကို ကြားရ၍ မြေတိုက်တွင်းမှ ကြုံးအော်ကြသည်။

"အပေါ်က ဘယ်သူလဲ...ကယ်ကြပါ"

"ကျုပ်...ကုသပါ"

"ကျွန်တော် လွှမ်းနိုင်ပါ"

ဆိုသော အကူအညီတောင်းသံများကြောင့် ကျော်ရှိန်ထွန်းမှာ ပြင်းပြဖျတ်လတ်စွာ လှုပ်ရှားရသည့် ဤဒုက္ခသည် သုံးယောက်ကို ဤမြေတိုက်တွင်းမှ ကယ်တင်ထုတ်ခေါ်ရန် အပြင်းအထန် ကြိုးစားရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ တယ်လီဖုန်း ဆက်နေလေ့ရှိသော သူ့လက်ထောက် နံပါတ်သုံး ဆိုသူလည်း သူ့ထံ လိုက်လာရန် အပူတပြင်း ချက်ချင်း သတင်းပြေး၍ ပို့ရပါသေးသည်။

သူ၏ အကူအညီဖြင့် ရဲနှင့်ကောင်စီတို့ ရောက်ရှိလာပြီး…

မေးအောက်တွင် ဒဏ်ရာရပြီး သွေးများနှင့် မေ့မြောနေသော ကိုလွင်ထွန်းကို ဆေးရုံပို့ရသည်။

ဒဏ်ရာက ကြီးကျယ်လှသော်လည်း…

အသက်အန္တရာယ် မစိုးရိမ်ရပါ။

သူ့ကို သွေးတစ်ပုလင်းသွင်း၍ ဒဏ်ရာကို သက်သာအောင် ကုသခွင့် အချိန်မီပါသည်။

ကောင်းစွာ သတိရနေပြီဖြစ်သော ကိုလွင်ထွန်းမှာ ညို့၏ ညို့ကွင်းမှ သူမရုန်းနိုင်ပါ၍ ကျေးဇူးရှင်ဦးလေး ဦးကုသအပေါ်တွင် ပြစ်မှားမိပါကြောင်း တောင်းပန်စကား ဆိုနိုင်ရှာပါသည်။

ကိုလွှမ်းနိုင်၏ ဒဏ်ရာမှာ မပြင်းထန်လှပါသော်လည်း ဆေးကုသမှုဖြင့် ခံယူရပါဦးမည်။

ကိုလွှမ်းနိုင်နှင့် ဦးကုသကို ရဲဌာနသို့ ခေါ်သွားပြီး ဓာတ်လမ်းဓာတ်ရှုပ်များကို တစ်စချင်း ရှင်းထုတ်နေကြခြင်းဖြစ်ပါ၏။

"ကျွန်တော် ညို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအားလုံး တစ်ခု မကျန် ဖော်ထုတ်ပါ့မယ်ခင်ဗျာ"

နာကြည်းမှုများ၏ တွန်းအားကြောင့် ပွင့်အန်လာသော ကိုလွှမ်းနိုင်၏ ဖြောင့်ဆိုဝန်ခံချက်များကို သက်ဆိုင်ရာက ရေးမှတ်ယူကြသည်။



ပြီးလျှင် ပုန်းညက်မြို့သို့ သူတို့ သွားကြမည်။

တာဝန်ရှိ ရဲများက ညို့ကို လစ်ထွက်မသွားနိုင်အောင် အဘက်ဘက်သော လမ်းက ဝိတ်ဆို့ ဆီးကာ ထားကြမည်။

ပြီးလျှင် လှပလွန်းသော ညို့ကို လက်ထိပ်ခတ်လျက်ထိုက်တန်သော ပြစ်ဒဏ်ဖြင့် တရားဥပဒေ၏ အဆုံးအမကို ခံယူရန် ရုံးတော်သို့ ပို့ပေးမည်၊ ရင်ဆိုင်စေရမည်ဟူသော…

ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များ ချမှတ်နေချိန်တွင်။

ပုန်းညက်မြို့ တည်းခိုရိပ်သာမှ တယ်လီဖုန်းသတင်း ရောက်လာခဲ့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကြီးကြီးဟာ ဟလေးရဲ့ မေမေကို သတ်ပစ်လိုက်သူရယ်လို့ ပုန်းညက်ဖြူရဲ့ ဘဝမှာ ဘယ်သောအခါမှ နာကြည်းစရာ နောင်တရစရာဖြစ်လာမှာ မဟုတ်ပါဘူး သမီးလေးရယ်...လို့ ပြောခဲ့တဲ့ မေ... မေမေ..."

"အို...ပုန်းညက်ရဲ့ မေမေရယ်"

"မေမေ့ကို သနားတယ်၊ ပုန်းညက် မေမေ့ကို သနားတယ်"

ယင်းစကားစုကို အော်၍ ပြောရင်း ပုန်းညက်ဖြူမှာ လှိုက်လှဲကြေကွဲစွာ ငိုရှိုက်နေရှာပါ၍...

ဒေါ်အိုဇာဟု အမည်ခံခဲ့သော ဒေါ်အမာရီမှာ ပုန်းညက်ဖြူ၏ ပခုံးလေးကို ယုယစွာ ကိုင်ဖက်လိုက်ပြီး...

"သမီး သနားတယ်ဆိုတဲ့ မေမေဟာ သေသွားတဲ့ ညို့ကို ပြောနေတာလား...ဟင်"

"အမယ်လေး...မဟုတ်ဘူး။ ဒီမေမေကို သနားတာ။ သမီးရဲ့ ဟောဒီ မေမေအရင်းကို သနားတာပါ"





ပုန်းညက်ဖြူက ဒေါ်အမာရီ၏ ရင်ဘတ်ဆီမှာ အင်္ကျီစကို ဆုပ်ဆွဲလှုပ်ခါရင်း ငိုပြောနေရှာသည်။ မျက်နှာလေးကလည်း မိခင်ရင်းကို မော့ကြည့်လျက် မိခင်ရင်း၏ ကြီးမားသော မေတ္တာကို ခံယူရန် မျှော်လင့်နေသလိုပါ။

"အမယ်လေး...သမီးလေး...အို...မေမေ့သမီးလေးရယ်"

"မေမေနာမည်ပေးထားခဲ့တဲ့ မေမေရဲ့ပုန်းညက်ဖြူလေးရယ်"

ချစ်သမီးလေး၏ နွမ်းသော မျက်နှာလေးကို တစ်သက်စာ မနမ်းခဲ့ရသမျှ အားပါးတရ ရှိုက်မွှေးလိုက်ရှာသည်။

သားအမိနှစ်ယောက်၏ မျက်ရည်စက်လေးများက ကူးစက်ရောနှောလျက်ပါ။

"မေမေရယ်"

"ဘာလဲ သမီးလေး"

"သြော်...ခုနေများ ဖေဖေရှိရင် ဘယ်လောက်ကောင်း လိုက်မလဲနော်၊ ဖေဖေက သမီးကို သိပ်ချစ်တာ"

အမာရီ၏ နှလုံးသားတွင်းမှ မီးတောင်ငယ်တစ်ခု ပေါက်ကွဲထွက်လာသလို ပူလောင်ပြင်းပြစွာ ခံစားလိုက်ရသည်။

"သြော်...သူသိပ်ချစ်တဲ့ သူ့ရဲ့ အချစ်ဦးဆိုတဲ့ ဇနီးနဲ့ သမီးလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေပါတော့မယ်လို့ ဆုံးဖြတ်ပြီးခါမှ ဖြစ်ရလေခြင်း အစ်ကိုရယ်..."

ဒေါ်အမာရီမှာ သမီးလေးကို အားကိုးရာတစ်ခုလို ဖက်တွယ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာခွံနဲ့ အင်္ဂတေနဲ့ကို ရိုက်ပြီး ကျသေတာ။ မရှုမလှပဲဟော့"

"အလောင်းသယ်ဖို့ ကားလာပြီ"

ဟူသော စကားများကို သားအမိနှစ်ယောက် ကြားလိုက်ကြရသည်။

"သေမှကောင်းတယ်။ သိပ်မုန်းတာပဲ"

"အဲဒီမိန်းမကို သိပ်မုန်းတာပဲ"

"သူ့ကြောင့် မေမေရော ဖေဖေရော..."

ဒေါ်အမာရီမှာ ပုန်းညက်ဖြူ၏ ပါးစပ်လေးကို လှမ်းပိတ်လိုက်သည်။

"တော်...သမီးလေး ဒီလိုမပြောရဘူး၊ သူ့အကုသိုလ်မှာ ကိုယ့်အကုသိုလ်ပါ မပါဝင်စေရဘူး"

"မေမေတောင်မှ သူ့ကို ဒီလို လုပ်လိုက်မိတဲ့အတွက် တရားဥပဒေရဲ့ ဒဏ်ခတ်ခြင်းကို ခံရလိမ့်ဦးမယ်ထင်တယ်"

"ဟင်...မေမေ့ကို ဖမ်းကြဦးမယ်၊ ဟုတ်လား။ ဟုတ်လားဟင်..."

ပုန်းညက်ဖြူက မိခင်ကို ခွဲရဦးတော့မှာပါလားဟူသော အသိကြောင့် ကြောက်ရွံ့စိုးရိမ်စွာ ဖက်တွယ်ရင်း ပြောနေရှာသည်။

"မဖြစ်စေရဘူး၊ ဒေါ်အမာရီ ဘယ်တော့မှ အဖမ်းမခံစေရပါဘူး။ ပုန်းညက်ဖြူ"

သူတို့အနီးမှ အသံတစ်သံ ပေါ်လာပါ၍ သားအမိ နှစ်ယောက်ပြိုင်တူ လှည့်ကြည့်မိကြသည်။ ဦးကောင်းဇံ ဝင်လာသည်။





"ဟင်...ဦးလေးကောင်း"

"ဟုတ်ပါတယ်။ ဒေါ်အမာရီတို့ ညီအစ်မ ဖြစ်နေကြတာ ကျွန်တော် အစအဆုံး မြင်ပါတယ်။ ဒေါ်အမာရီ ခေါင်းကို ရိုက်လိုက်တဲ့ ဒဏ်ရာက ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး။ ဆေးစစ်ချက်လည်း ထွက်လာမှာပါ။ သူ့ဟာသူ မူးပြီး ခွေးနေတဲ့ တံခါးဘောင်ကို အရှိန်နဲ့ မိမိလို့ လိမ့်ကျသွားတာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်နော် ဦးလေးကောင်း"

"စိတ်ချပါ။ ရုံးတော်မှာ မျက်မြင်သက်သေအဖြစ်နဲ့ ကျွန်တော် အကောင်းဆုံး၊ အမှန်ဆုံး ကာကွယ်ထွက်ဆိုပေးပါ့မယ်။ တရားတဲ့ဘက်က ကျွန်တော်လိုက်မယ်"

"အို...ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာ ဦးလေးကောင်းရယ်၊ ဒါဆို ဟောဒီ မေမေ့မှာ ဘာအပြစ်မှ မရှိနိုင်တော့ဘူးပေါ့နော်"

"စိတ်ချ၊ ဘာအပြစ်မှ မရှိစေရဘူး၊ ရှိလည်း မရှိနိုင်ပါဘူးကွယ်"

ဦးကောင်းဇံ၏စကားကြောင့် မျက်ရည်များကြားမှ သားအမိနှစ်ယောက်လုံး လှဲ့လှဲ့လေး ပြုံးနိုင်ကြပါပြီ။

ဒေါ်အမာရီတို့သားအမိရှိနေရာ ပုန်းညက်မြိုင်၏ အောက်ထပ် ဧည့်ခန်းဆောင်သို့ ဦးလွန်းဘော် ဝင်ရောက်လာခဲ့သည်။ တိုက်ပွဲတစ်ခုမှ ပြန်လာသော စစ်သူကြီးတစ်ယောက်၏ ဟန်ပန်မျိုးလိုဖြစ်နေသည်။ အောင်ပွဲရလာသော်လည်း များစွာ နွမ်းလျ ပင်ပန်းလာသည့် သဏ္ဌာန်မျိုးဖြင့် ဦးလွန်းဘော်ကို မြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်...သူ့နောက်တွင်...

မြတ်မင်းမောင်...။

ပထမ ပုန်းညက်ဖြူက သူ့ကို မမြင်သေး။ အခန်းတွင်းသို့ လှမ်းဝင်လာသော သူ့ဖခင် ဦးလွန်းဘော်၏ နောက်သို့ သူ မလိုက်လာရဲ။

အခန်းဝမှနေပြီး မြတ်မင်းမောင်သည် ပုန်းညက်ဖြူကို ငေးကြည့်နေရှာသည်။ ပုန်းညက်ဖြူလို မျက်နှာပြင်အနှံ့ မျက်ရည်စက်လေးများ ခိုသီးနေခြင်း မရှိပါသော်လည်း...

မြတ်မင်းမောင်၏ မျက်ဝန်းမှာ မျက်ရည်များ လျှံနေသည်။ အန်မကျအောင် ယောက်ျားလေးမို့ ထိန်းထားနိုင်စွမ်း ရှိပါ၏။

"အစ်ကိုမောင့် အချစ်ဦးလေးရယ်..."

ရင်ထဲမှ တမ်းတမ်းတတ ခေါ်ဆိုရင်း ပုန်းညက်ဖြူကို သူ ငေးစိုက်ကြည့်နေရှာသည်။

ပုန်းညက်ဖြူနှင့် သူ့နေရာမှာ လက်တစ်ကမ်းစာသာ ကွာဝေးပါသော်လည်း...

'ပုန်းညက်ဖြူ၏ ကြွယ်ဝမှု"

ဟူသော ခနေတောင်တန်းကြီးသည် သူနှင့် သူ့ချစ်သူကြား မှာ မြင့်မားကျယ်ပြန့်စွာ ခြားနား ရပ်တည်နေပါလားဟူသော အသိကြောင့်... မြတ်မင်းမောင်၏ ချစ်တတ်လွန်းသော နှလုံးသားမှာ အားငယ်ဝမ်းနည်းမှုများ၏ အလယ်တွင် နစ်မြုပ်နေရရှာသည်။

"အို..."

နောက်ဆုံးတွင်မှ သူ့ရုပ်သွင်ကို ပုန်းညက်ဖြူ မြင်တွေ့သွားတော့သည်။





ပထမ ချာခနဲ လှည့်ပစ်မိသည်။

မိမိက သည်ယောက် ချစ်မြတ်နိုးပါလျက်နှင့် ရက်ရက်စက် စက်ခွဲခွာရက်သူ သူ့အစ်ကိုမောင်ကို တစ်ကျော့ပြန်၍ နာနာကြည်းကြည်း ကြည့်မိသည်။

ပုန်းညက်ဖြူ၏ မျှ ဝ်ဝန်းမှာ ရက်စက်သူသို့ ကြည့်သော နာကြည်းမှု မျက်ဝန်းဖြစ်ပါသော်လည်း အမုန်းတရားများ ရောယှက်မနေပါပေ။

မြတ်မင်းမောင်၏ မဝံ့မရဲ အမူအရာနှင့် ညှိုးနွမ်းအားငယ်နေသော မျက်နှာကို ကြည့်ပြီး အကြင်နာစိတ်လေးများပင် ပေါ်ထွန်းရောယှက်လာပါသေးသည်။

"အို...ဘာပဲဖြစ်ဖြစ် ငါ သူ့ကို ဒီလောက်ချစ်လျက်နဲ့ သူ... သူ သိပ်ရက်စက်တယ်ကွယ်"

နာကြည်းစိတ်နှင့် ကြေကွဲစိတ်တို့ ရောထွေးနေသည့် မျက်ဝန်းဆီမှ ကြွေကျလာသော ပုန်းညက်ဖြူ၏ မျက်ဝန်းမှ ရွာသော မိုးရေစက်လေးများကို မြတ်မင်းမောင်မှာ မမြင်ရက်ပါဘဲနှင့် ကြည့်နေရသည်။

ချစ်သူ အငိုတိတ်ပါစေရန် သူ့တွင် ချော့ယူ စွမ်းဆောင်နိုင်သော အားမာန်များ ရှိပါလျက်နှင့် ဆောင်ရွက်ခွင့် မရရှိနိုင်ပါလား။

အကြင်နာကြည့်များ။

နာကြည်းသော အကြည့်များ။

ကြေကွဲခြင်း အကြည့်များနှင့်

တမ်းတ ဆွေးမြည့်ရသော အကြည့်များဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးနှစ်ယောက်တို့ အပြန်အလှန် ကြည့်နေကြချိန်တွင်…

"ကဲ…အမာရီရေ၊ ကိစ္စအားလုံးတော့ ကြေကွဲစရာတွေနဲ့ပဲ ပြီးဆုံးသွားခဲ့ပါပြီလေ"

"ဟုတ်ပါတယ်၊ ဦးလေးရယ်"

"အမာရီ့အနေနဲ့ ဘာအပြစ်မှ ကျခံစရာမလိုပါဘူး၊ လက်ရှိစည်းစိမ် ရတနာတွေကို လွှဲပြောင်းရယူပြီး သားအမိနှစ်ယောက် ငြိမ်းအေးချမ်းသာစွာ နေကြဖို့ပဲ ရှိပါတော့တယ်ကွယ်"

"ဩော်… ကျေးဇူးရှင်အစ်ကို့ကို အောက်မေ့လိုက်ပါဘိတော့ ဦးလေးရယ်။ ခုနေများ သူသာရှိရင် ဘယ်လောက်များ ဝမ်းသာလိုက်ရှာမလဲ"

"အေးကွယ်…ဦးလေးကလည်း မောင်မြင့်ထိုက်ကို သိပ်ချစ်တော့ ပိုပြီး စိတ်မကောင်းခြင်း ဖြစ်ရပါတယ်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ အမာရီ"

"ဦးလေးတို့ အပါအဝင် သက်ရှိသတ္တဝါ အားလုံးဟာ သေဆုံးခြင်းဆိုတာနဲ့ မလွဲမသွေ ရင်ဆိုင်ကြရမှာပါပဲလေ၊ တရားနဲ့သာ ဖြေပေတော့ကွယ်"

နူးညံ့သိမ်မွေ့လွန်းသော ဦးလွန်းဘော်၏ သံဝေဂရစရာ တရားမွှမ်းစကားများကို ကြားနာရင်း ဒေါ်အမာရီမှာ သမီးလေးနှင့် မြတ်မင်းမောင်တို့၏ ဆိုးရွားစွာ ကူးစက်နေကြသော ရင်တွင်းဝေဒနာများ ခံစားနေရပုံကို မြင်တွေ့လိုက်ရပါ၍…

"သမီး…သွားလေ၊ ဟိုမှာ သမီးအစ်ကိုမောင်နဲ့ သွားစကားပြောလိုက်ပါဦး"





မြတ်မင်းမောင်၏ နွမ်းမှိန်နေသော မျက်ဝန်းမှာ ချက်ချင်းလိုပင် လင်းလက်လာသည်။

မျှော်လင့်မှုများကြောင့် တောင့်မတ်စွာ သူရပ်လာသည်။

ပုန်းညက်ဖြူမှာ သွားရလေမလား၊ မသွားရလေမလား… ဟူသော စိတ်များဖြင့် ဝေခွဲ၍ မရရှိနိုင်မီမှာပင်…

ဦးလွန်းဘော်က…

"နေပါစေ…အမာရီ၊ ဦးလေးတို့ ပြန်လိုက်ဦးမယ်။ သက်ဆိုင်ရာတွေရဲ့ မေးမြန်းချက်တွေကို အမာရီ့ကိုယ်စား ရှင်းရဦးမယ်"

"ဩော်…"

"ကဲ…ဦးလေးသွားမယ်၊ လာ သား…ပြန်ကြစို့"

ဦးလွန်းဘော်က သွက်လက်စွာ ထွက်သွားသည်။ အခန်းဝမှ သူ့သားကို ကလေးငယ်တစ်ယောက်လိုပင် လက်ကို ဆွဲလျက် ခေါ်ထွက်သွားတော့သည်။

ကိုယ်ခန္ဓာသာ လိုက်ပါသွားရသော်လည်း နောက်ဆုံး ကွယ်ပျောက်သွားရချိန်ထိ မြတ်မင်းမောင်က ပုန်းညက်ဖြူကို ကြည့်သွားရှာသည်။

သူ့ရင်တွင်းမှ တောင်းပန်ခြင်း စကားများစွာသည် သူ့ မျက်ဝန်းမှာ ပုံရိပ်ထင်လျက်ပါ။

ပုန်းညက်ဖြူသည်လည်း မြတ်မင်းမောင် ဖုန်းဆက်နိုင်းခဲ့သော၊ ပြတ်တောက်ခြင်းဟူသော သဘောနှင့် မကိုက်ညီစွာ ဖြစ်သွားရှာသော ချစ်သူ၏ သွင်ပြင်ကြောင့် လက်ဝါးပေါ် မျက်နှာအပ်၍ ငိုကြွေးပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အမာရီမှာ ပုန်းညက်ဖြူ၏ ကျောပြင်လေးကို ညင်သာစွာ သပ်ပြီး ဧည့်ခန်း၏ ပြင်ပသို့ သွက်လက်စွာ ထွက်သွားသည်။

"ကျွန်မ လာခဲ့ဦးမယ် ဦးလေး"

"ဘယ်တော့လဲ"

"ဒီမှာလည်း မနေချင်လို့ မကြာခင်မှာပဲ လာခဲ့မယ်"

"ကောင်းပြီလေ"

မြတ်မင်းမောင်မှာ ယခုမှ အကြောင်းစုံသိရှိခွင့် ရပြီးပါသော်လည်း ဒေါ်အမာရီကိုပင် နှုတ်ဆက်နိုင်စွမ်းအား မရှိတော့ပါဘဲနှင့် ညှိုးနွမ်းလွန်းစွာ ကားကို မောင်း၍ ထွက်သွားရပါတော့သည်။

※



## အခန်း (၃၀)

ပုန်းညက်ဖြူ၏ အမွေများစွာကို စောင့်ထိန်းပေးနေရသူ တစ်ယောက်ဖြစ်ပါလျက်...

သားဖြစ်သူက ပုန်းညက်ဖြူ၏ အချစ်ကို ရယူနိုင်ရန် ချဉ်းကပ်နေသည်မှာ မလျော်ကန်ပါ။

ဦးလွန်းဘော်လို ပုဂ္ဂိုလ်တစ်ယောက်အနေနှင့် မသင့်တော်ပါ၍ တားမြစ်ပေးပါရန်...

ငယ်လွန်းသေးသော ပုန်းညက်ဖြူအတွက် ပုန်းညက်ဖြူဘက်က တင်ပြတောင်းဆိုခဲ့ဖူးသူမှာ...

ဒေါ်အိဇာ အမည်ခံထားသည့် အမာရီကိုယ်တိုင်ပါတည်း။

ယင်းကိစ္စကို ဦးလွန်းဘော်ကိုယ်တိုင်ကလည်း တိတိကျကျ ဆောင်ရွက်ပေးခဲ့သည်။ သူ့သား မြတ်မင်းမောင်ကို ပုန်းညက်ဖြူ၏ အနီးအနားသို့ပင် သွားလာခွင့် မပေးခဲ့သည်အထိ သစ္စာရှိစွာ တားမြစ်ပိတ်ပင်ပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးအနေနဲ့ ကျွန်မရဲ့ ဆန္ဒအတိုင်း လိုက်လျောပေးခဲ့တာ ကျေးဇူးတင်ပါတယ် ဦးလေး"

"ဘာကိုလဲ အမာရီ"

"ကလေးတွေကိစ္စပါ"

"အင်းလေ… သားကလည်း နားထောင်ရှာပါတယ်…ကိစ္စ ပြီး ကြပြီပဲ"

"မပြီးသေးပါဘူး ဦးလေး"

"ဟင်…"

"ကလေးတွေမှာ သိပ်ပြီး ခံစားနေရပါတယ်။ ဒီတော့…"

"အို…မဖြစ်ဘူး အမာရီ၊ ဦးလေးတို့ သားအဖသိက္ခာကျမခံ နိုင်ဘူး"

"ဦးလေးတို့ သိက္ခာကျ မခံနိုင်သလို ကျွန်မသမီးလေး ကြေကွဲ ပူဆွေးနေရတာကိုလည်း ကျွန်မ မကြည့်ရက်နိုင်တော့ပါဘူး"

"ဟင်…"

"သူတို့နှစ်ယောက်ဟာ အချစ်ဦးလေးတွေပါ ဦးလေးရယ်"

"အို…"

"မေတ္တာဆိုတာ ပေးသူက ပေးနိုင်တုန်း ယူသူကလည်း ယူနိုင် ဦးမှပါလေ…ကျွန်မတို့ကို ကြည့်ပါ"

"အေးပါကွယ်"

"အစ်ကိုနဲ့ ကျွန်မဟာ အချစ်ဆုံး အချစ်ဦးတွေ ဖြစ်ခဲ့ကြပေမယ့် ကံကြမ္မာဆိုး သံသရာထဲမှာ တစ်သက်တာ ကြေကွဲမဆုံးနိုင်အောင် ဖြစ်ခဲ့ကြတာ ဦးလေးအသိပါ"





"ဟုတ်ပါတယ်"

"ဒီတော့ သိပ်ချစ်နေကြတဲ့ ကလေးနှစ်ယောက်ရဲ့ အသည်း နှလုံးလေးတွေ အေးငြိမ်းကြပါစေတော့ရှင်…"

"ဟင်…"

"ကျွန်မ သမီးလေးကို မြတ်မင်းမောင်နဲ့ သဘောတူ ကြည်ဖြူ နိုင်သလို ဦးလေးအနေနဲ့လည်း ပုန်းညက်ဖြူကို သမီးချွေးမလေး အဖြစ်နဲ့ လက်ခံလိုက်ပါတော့…"

"ကျွန်မတို့ကြောင့် သူတို့နှစ်ယောက် အထင်အမြင် လွဲမှားနေ ကြရတဲ့ အဖြစ်ကိုလည်း ရှင်းပြလိုက်ပါရစေတော့နော်"

"အားလုံးကို လက်ခံပါလို့ ကျွန်မ ဦးလေးကို အနူးအညွတ်ပဲ တောင်းပန်ပါရစေ"

"ဩော်…အမာရီရယ်…ဦးလေးအနေနဲ့ ဘာများ ငြင်းစရာ ရှိ မှာလဲကွယ်"

"သားကလည်း ပုန်းညက်ဖြူကို တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ချစ်ရှာလို့ သူကြေကွဲစွာ ခံစားနေရတာ ဦးလေးအမြင်ပါ။ အမာရီ ကျေနပ်တယ်ဆိုရင် ဦးလေးအနေနဲ့ ပိုပြီးတောင် ဝမ်းသာရမယ့် ကိစ္စပါလေ…"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ပုန်းညက်လေး...အစ်ကိုမောင့် အချစ်ဦးလေးရယ်..."

"သွားပါ...သူများကို အကြာကြီး နှိပ်စက်ထားပြီးတော့"

"ရနံ့ဆိုတဲ့ တံတိုင်းကြီးခြားထားလို့ အစ်ကို ပုန်းညက်ကို ချစ်ခွင့်မရပါဘူးဆိုတာတွေလည်း အကြောင်းစုံ သိပြီးနေမှ အစ်ကို့ကို သက်သက်ဆိုးချင်ဦး"

"ဆိုးမယ်၊ ဆိုးမယ် တစ်သက်လုံးဆိုးမယ်"

"ချစ်သူရဲ့ ဆိုးနွဲ့ခြင်းကို ခွင့်လွှတ်လိုက်လျှောနေရတာဟာ ကြီးမြတ်တဲ့ မေတ္တာဘာရားရဲ့ ပြယုဂ်တွေပါ ချစ်ရယ်"

"ပုန်းညက်တို့ ပြေလည်သွားကြတာကို စုတွေးအစ အဘကုသ အဆုံး အားလုံးဝမ်းသာနေကြတယ်နော်...အစ်ကိုမောင်"

"ဒါပေါ့၊ ယောက္ခမကြီး ကျေးဇူးပေါ့"

"ဟင်း"

"တကယ်၊ အန်တီ အမာရီ့ကို အစ်ကိုမောင် တကယ် ကြည်ညို လေးစားတယ်။ သူ့ကြောင့် အစ်ကို့ အသည်းနှလုံးလေးကို ပြန်လည် ပိုင်ဆိုင်ခွင့် ရနိုင်ခဲ့တာပါ ပုန်းညက်လေး"





"မေမေဟာ ချစ်ခြင်းမေတ္တာတရားရဲ့ နက်ရှိုင်းမှု...

အဖိုးမဖြတ်နိုင်အောင် ထိုက်တန်ခြင်း ရှိမှုတွေကို သူ သိပ်နားလည်နေရှာပါပြီ။ မေမေဟာ ရုပ်ဆင်းအင်္ဂါချို့တဲ့သွားတာက လွဲရင် တကယ် နှလုံးသားလှတဲ့ မေတ္တာတရား ပြည့်ဝလွှမ်းတဲ့ မိန်းမ တစ်ယောက်ပါ အစ်ကိုမောင်ရယ်"

"ဟုတ်ပါတယ် ပုန်းညက်၊ ဩော်...အန်တီရဲ့ မျက်နှာကိုလည်း မြန်မာပြည်မှာ ပလတ်စတစ် ဆာဂျရီနဲ့ ပြုပြင်လို့ ရနေပါပြီ"

"ဟုတ်လား...တကယ်လား ဟင်"

"တကယ်...အစ်ကို အေးအေးဆေးဆေးတော့ ရန်ကုန် ဆင်းပြီး ဆောင်ရွက်ပေးပါ့မယ်"

"ဟင်... အချိန်မဆွဲရဘူး၊ မေမေ ပြန်လှသွားအောင် ချက်ချင်း လုပ်ပေးရမှာပဲ"

"မအားသေးဘူးဗျ"

"အောင်မယ်...ဘာအလုပ်တွေများ ရှိလို့လဲ ဟင်းနော်"

"တကယ်ရှိတာ...ပုန်းညက်ဖြူဆိုတဲ့ ကောင်မလေးကို အစ်ကိုမောင့် ရင်ထဲမှာ ထားပြီး မအားနိုင်အောင် ချစ်ရဦးမယ်၊ မြတ်နိုးရဦးမယ်၊ ယုယရဦးမယ်...ပြီးတော့..."

"သွား...အစ်ကိုမောင်...လူဆိုးကြီး..."

ပြီးပါပြီ

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

[illegible]-၈-၁၉၈၀



www.burmeseclassic.com